www.burmeseclassic.com

BURMESE CLASSIC .com

# ပင်းကိုသ

မိစ္ဆာဝံဒိုပ်

www.burmeseclassic.com

www.burmeseclassic.com




| | | |
|---|---|---|
| စာမူခွင့်ပြုချက်အမှတ် | – | ၅၀၁၅၃၃၁၂၀၇ |
| မျက်နှာဖုံးခွင့်ပြုချက်အမှတ် | – | ၅၀၀၀၂၂၀၁၀၈ |
| ပုံနှိပ်ထုတ်ဝေခြင်း | – | ပထမအကြိမ်၊ ၂၀၀၈၊ ဧပြီလ |
| ထုတ်ဝေသူ | – | ဦးအေးလွင် (၀၄၁၅၂) ရွှေဥစာပေတိုက် တိုက်–၄၊ အခန်း–၁၀၊ ပြည်တော်သစ်ရိပ်သာ၊ ပုဇွန်တောင်၊ ရန်ကုန်မြို့။ |
| မျက်နှာဖုံးနှင့် အတွင်းပုံနှိပ်သူ | – | ဦးအေးလွင် (၀၈၂၁၀) ရွှေပဒေသာအော့ဖ်ဆက် အမှတ်–၃၁/၃၃၊ ၅၃–လမ်း ဗိုလ်တထောင်မြို့နယ်၊ ရန်ကုန်။ |
| တန်ဖိုး | – | ၉၀၀ ကျပ် |
| အုပ်ရေ | – | ၅၀၀ အုပ် |

ရွှေပဒေသာစာပေ




- လမိုက်ညများတွင် ညည်းညူအော်ဟစ်သံများကို ကြားရသည့် ရှေးဟောင်းအိမ်ကြီး။
- ဥမ္မာဒန္တီမင်းသမီးနှင့် မိစ္ဆာစံဒီ ကြီးမှ မျိုးဆက်ဝိညာဉ်များ။
- ထွက်ရပ်ပေါက်ဘားမဲ့ဆရာတော်ကြီးနှင့် ညောင်ရမ်းမင်းတရားကြီးတို့၏ အထူးပူဇော်။
- ဂမုန်းဘီလူးနှင့် မင်းသားကြီးဂမုန်းတို့၏ တိုက်ပွဲနှင့် ဆန်းကြယ်သည့် ဖြစ်ရပ်များ။
- မိစ္ဆာစံအိမ်ထဲမှ ညဘက်တွင် ထွက်လာသည်ဟု သတင်းကြီးလှသည့် ဝိညာဉ်မိန်းမချောလေး။
- မျာလိပ်နတ်မအောင်ဖြူ၏ ရင့်နှင့်ဖွယ်ရာဘဝဇာတ်ကြောင်းနှင့် ခြေရာ တစ်ထောင်မောင်မဲခေါင်တို့၏ အကြောင်းတို့နှင့်အတူ ...
- ရာဇဝင်ထဲက ဝိညာဉ်၊ သမိုင်းထဲမှ ဝိညာဉ်စံအိမ်များအကြောင်း စသည် စသည်တို့ဖြင့် ... ။

ရွှေပဒေသာစာပေ

www.burmeseclassic.com

www.burmeseclassic.com



လမိုက်ညတွေမှာ ညည်းညူအော်ဟစ်
နေကြတာ သေသွားကြတဲ့
ဝိညာဉ်တွေပဲ ဖြစ်ရမယ်။

(ဦးပိ)





ဟံသာဝတီငါးဆူဒါယကာမင်း
လက်ထပ်မှာ ဘားမဲ့ဆရာတော်ကြီးဟာ
ပဲခူးမြစ်ထဲကနေ ကြေးနီပုရပိုက်
တစ်ဆူကို ရရှိခဲ့တယ်။
ဒီပုရပိုက်ကို နတ်မိကျောင်းက
ကိုက်ချီလာပြီးတော့ ဆရာတော်ကို
ဆက်သခဲ့တာပဲ။

(ဂမ္ဘီရပညာရှင် ဦးစိုးစမ်း)



www.burmeseclassic.com

www.burmeseclassic.com



ငါ့ကိုမီးဖုတ်ပြီး ထန်းရေနဲ့
မြည်းတဲ့လူ အဲဒီလူကို
ကြောက်တယ် ကြောက်တယ်။

(ညောင်ပင်တစ္ဆေ)





ဒီဝိညာဉ်တွေဟာ ဥမ္မာဒန္တီမင်းသမီးရဲ့
အဆက်အနွယ်တွေ သေသွားရာက
မကျွတ်တာပဲဖြစ်မယ် ထင်ပါရဲ့။

(မောင်ဝဏ္ဏ)



www.burmeseclassic.com

www.burmeseclassic.com



ဒီဂမုန်းဥကိုကြည့်လိုက်ရင် ပွဲထဲက ဘီလူးခေါင်း
ပုံသဏ္ဌာန်အတိုင်း အစွယ်နှစ်ချောင်းပါသလို
ထိပ်ပေါ်မှာလည်း အမွှန်ကြီးရှိတယ်။
အဲဒီဂမုန်းကို နန်းတိုင် ဂမုန်းဘီလူးလို့
ခေါ်တယ်။

(မောင်ဝဏ္ဏ)





ဂမုန်းဘီလူးကို မင်းသားကြီးဂမုန်းက နိုင်တယ်၊
မင်းသားကြီးဂမုန်းကိုသာ ပန်းအိုးခြင်းယှဉ်ပြီးတော့
စိုက်ထားလိုက်စမ်းပါ၊
ဂမုန်းဘီလူးဟာ မနေနိုင်ဘဲထွက်ပြေးရတော့တာပါပဲ။

(ဂန္ဓာရီအဘိုးအို)




www.burmeseclassic.com

မအောင်ဖြူသေတဲ့အခါ ဘီလူးမဖြစ်ပြီး
တော့ သူ့ယောကျ်ားကို တန်ခိုးနဲ့ခေါ်ပြီး
ပေါင်းသင်းနေထိုင်ခဲ့တယ်။
လူနဲ့ ဘီလူးညားရာကနေပြီးတော့
သားလေးတစ်ယောက်ဖွားမြင်ခဲ့တယ်။
အဲ့ဒီကလေးကို မြေရာတစ်ထောင်
မောင်မဲခေါင်လို့ ခေါ်တယ်။

(ကြပ်ပြို့ရွာမှ ရာအိမ်မှူးကတော်)








ကျွန်ုပ်သည် မရောက်တာကြာပြီဖြစ်သည့် ဦးလေးတော်သူ ဦးဒီပါနေထိုင်ရာဒေသသို့ ရောက်လာခဲ့သည်။ ကျွန်ုပ်၏အမည်မှာ မောင်ဝဏ္ဏဟုခေါ်၍ ဘွဲ့ရပြီးသည်မှာ ပူပူနွေးနွေးသာရှိသေးကာ အလုပ်အကိုင်မရှိသေးသည့် လူပျိုလူလွတ်တစ်ဦးလည်းဖြစ်သည်။ ကျွန်ုပ်၏ မိဘများမှာ 'ဘုရင့်နောင်'တွင် 'ပင်လယ်ပျော်'အမည်ရှိ ငါးခြောက်ပွဲရုံကို ပိုင်ဆိုင်ကြပြီး 'ဖျာပုံ' 'ကျုံ့ကဒွန်း' အစရှိသည့် မြစ်ဝကျွန်းပေါ်တစ်လျှောက်ရှိ 'ကျား'တောင်တားကြသည့် ကုန်သည်များနှင့် ဆက်သွယ်ကာ ငါးပိငါးခြောက်တို့ကို လက်လီလက်ကားရောင်းချကာ စီးပွားလမ်းဖြောင့်နေကြသည်။

ကျွန်ုပ်မှာမူ မိဘများ၏ လက်ငုတ်လက်ရင်းလုပ်ငန်းဖြစ်သည့် ပွဲရုံလုပ်ငန်းကို လုံးဝစိတ်မဝင်စားခဲ့ချေ။ မိဘနှစ်ပါးကမူ တစ်ဦးတည်း

www.burmeseclassic.com



သောသားဖြစ်သည် ကျွန်ုပ်အား ဘွဲ့ရပြီးသည်နှင့် ပွဲရုံလုပ်ငန်းကိုလွှဲ အပ်ကာ ဦးစီးပြီးလုပ်ရန် တိုက်တွန်းကြသည်။ ကျွန်ုပ်ကမူ လုံးဝ ဝါသနာမပါသည့်အတွက် မိဘများ၏စကားကို ငြင်းဆန်ခဲ့လေသည်။ ကျွန်ုပ်ကား ကုန်သည်လုပ်ငန်းနှင့် အပ်စပ်မည် မဟုတ်မှန်း ကိုယ့် ဘာသာသိရှိပြီးဖြစ်သည်။

ကျွန်ုပ်၏ဝါသနာကား ခရီးသွားခြင်းပင်ဖြစ်သည်။ ထို့အပြင် ဆန်းကြယ်သည့် ဖြစ်ရပ်များ၊ ရှေးဟောင်းပစ္စည်းများကို ရှာဖွေရန် ဝါသနာကလည်း ရှိသေးသည်။ ထို့ကြောင့်လည်း မိဘနှစ်ပါးက အတင်း ပွဲရုံလုပ်ငန်းကို ဦးစီးလုပ်ရန် နားချနေသည့်ကြားထဲက ခွတ်ထွက်လာ ခဲ့ခြင်းဖြစ်သည်။ ကျွန်ုပ်သည် လိုအပ်သည့်ပစ္စည်းပစ္စယတို့ကို ခရီး ဆောင်အိတ်နှင့်ထည့်ကာ ကျွန်ုပ်နေထိုင်ရာ ဘုရင့်နောင်ပွဲရုံမှ တက္ကစီ ငှားကာ မြောက်ဥက္ကလာ 'အောင်မင်္ဂလာ' အဝေးပြေးဂိတ်သို့လာခဲ့ သည်။ အဝေးပြေးဂိတ်မှနေ၍ ညခုနစ်နာရီထွက်မည့် 'ကနောင်မင်း သား' မှန်လုံအမြန်ယာဉ်နှင့် ကြံခင်းသို့ လိုက်ရမည်ဖြစ်သည်။

ကျွန်ုပ်အဝေးပြေးဝင်းထဲရှိ ... ကနောင်မင်းသားကားဂိတ်သို့ ရောက်သည့်အခါ ခြောက်နာရီခွဲတော့မည်ဖြစ်သည်။ မကြာမီ ခုနစ်နာရီ ထိုးသည်နှင့် အဝေးပြေးဂိတ်မှနေ၍ ကနောင်မင်းသား အမြန်ယာဉ် သည် ထွက်ခွာလာတော့သည်။ ကျွန်ုပ်ကား ကားပေါ်တွင် မှေးရင်း လိုက်ပါလာခဲ့သည်။ ကျွန်ုပ်ကားပေါ်တွင် မှေးရင်းက အိပ်ပျော်သွား သည်မှာ အဘယ်မျှကြာခဲ့ပြီမသိ။ တစ်ရေးနိုးကြည့်လိုက်ရာ ပြည်နဝဒေး တံတားသို့ ရောက်လာတော့သည်။ လက်မှနာရီကိုကြည့်လိုက်ရာ ည တစ်နာရီထိုးပြီးလေပြီ။

ဤသို့ဖြင့် နဝဒေးတံတားမှတစ်ဆင့် ပြည်အနောက်ဘက်ကမ်း





ရှိ ပန်းတောင်းမြို့နယ်ထဲသို့ ရောက်လာခဲ့သည်။ သည်မှတစ်ဆင့် 'ဥသျှစ်ပင်' လမ်းဆုံသို့ ရောက်လာခဲ့ပြန်သည်။ 'ဥသျှစ်ပင်' မြို့လေး သည်ကား 'ပုသိမ် မုံရွာ' ကားလမ်းမလေးတွင်တည်ရှိ၍ လမ်းဆုံလည်း ဖြစ်သည်။ ဥသျှစ်ပင်လမ်းဆုံမှနေ၍ ကြံခင်းမြန်အောင်သို့တစ်လမ်း၊ တောင်ကုတ်သို့တစ်လမ်း၊ ပုသိမ်သို့တစ်လမ်း၊ အထက်တွင် မင်းဘူးမှ မုံရွာသွား၍ရသည်။

ကျွန်ုပ်ကား ခရီးဆုံးဖြစ်သည့် ကြံခင်းမြန်အောင်ထိ မလိုက်ဘဲ လမ်းတွင် ဆင်းရမည်ဖြစ်သည့်အတွက် ထပ်၍ အိပ်မပျော်မိအောင် အိပ်ချင်စိတ်ကို ထိန်း၍လိုက်လာခဲ့လေသည်။ ဤသို့ဖြင့် မနက်ငါးနာရီ လောက်တွင် ကျွန်ုပ်ဆင်းရမည့်နေရာသို့ ရောက်လာတော့သည်။ စပယ်ယာအသံကို ကြားလိုက်ရသည်။

"အစ်ကို ... 'ကြပ်ပြို'ရွာကိုရောက်ပြီ ... တစ်ယောက်ဆင်း မယ် ဆရာ ..."

ကျွန်ုပ်လည်း အခြားခရီးများသည်နှင့်ရောထွေး၍ တင်ထား သည့် ခရီးဆောင်အိတ်ကို ယူလိုက်ပြီး ကားပေါ်မှ ဆင်းလာခဲ့သည်။ ကျွန်ုပ်လည်း ဦးလေးရှိရာရွာထဲသို့ မသွားသေးဘဲ ကာလမ်းဘေးတွင်ရှိ သည့် လက်ဖက်ရည်ဆိုင်ထဲသို့ ဝင်လာခဲ့သည်။ စားပွဲထိုးလေးရောက် လာပြီး မေးသည်။

"ဘာသောက်မလဲ အစ်ကို ..."

"လီမွန်တီးပေးကွာ ညီလေး ..."

ကျွန်ုပ်လည်း ဦးနှောက်ကြည်လင်စေရန် လီမွန်တီးတစ်ခွက်ကို မှာလိုက်သည်။ ကျွန်ုပ်ကို လူစိမ်းဖြစ်မှန်း နယ်ခံလူများက သိသော ကြောင့် လှမ်းပြီးအကဲခတ်နေမှန်း သတိပြုမိလိုက်သည်။ ကျွန်ုပ်ရွာထဲ



www.burmeseclassic.com

www.burmeseclassic.com



သို့ သွားခြင်းကား ဦးလေးကို အားနာ၍ဖြစ်သည်။ ကျွန်ုပ် ဦးလေးနေထိုင်ရာ 'ကြပ်ပြို'ရွာသည်ကား ပဲခူးတိုင်းအနောက်ခြမ်းတွင် အဆုံးဖြစ်သည့် 'ပန်းတောင်း' မြို့နယ်တွင် ပါဝင်သကဲ့သို့ ပန်းတောင်းမြို့နယ်အဆုံးလည်းဖြစ်သည်။ 'ကြပ်ပြို'ရွာကို လွန်သည်နှင့် ဧရာဝတီတိုင်းအစနယ်ခြားမှတ်တိုင်ကို တွေ့ရပြီး ကြံခင်းမြို့နယ်အစလည်းဖြစ်သည်။

ကျွန်ုပ်မှာသည့် လီမွန်တီးကို ဆိုင်ရှင်ကိုယ်တိုင် လာချပေးကာ စူးစမ်းလာသည်။

"ငါ့ညီက ဘယ်ကိုသွားမလို့လဲ ... တစ်မျိုးတော့မထင်နဲ့ ... ကူညီစရာရှိရင် ကူညီရအောင်မေးတာပါ ..."

"ကျေးဇူးပါပဲ အစ်ကိုကြီး ... ကျွန်တော်က ဒီရွာမှာနေတဲ့ ဦးဒီပါရဲ့တူပါ ..."

"သြော် ... အန်ကယ်(လ်)ဦးဒီပါရဲ့တူကိုး ... ဒီလိုဆိုရင် ငါ့ညီက ရန်ကုန်မှာနေတာပေါ့ ဟုတ်လား ..."

"ဟုတ်ပါတယ် ... ကျွန်တော့်နာမည် ဝဏ္ဏပါခင်ဗျာ ..."

"သိပြီ ... သိပြီ ညီလေးရေ ... ညီလေး အစ်ကိုတို့ရွာကို မရောက်တာကြာလို့ အစ်ကိုမမှတ်မိတာပါကွာ ... ငါ့ညီကို အစ်ကိုတို့ရွာက လှိုက်လှိုက်လှဲလှဲကြိုဆိုပါတယ်ကွာ ..."

"ကျေးဇူးပါပဲဗျာ ... ကျွန်တော် ဒီရွာကိုမရောက်ဆို သုံးနှစ်တောင်ရှိပြီ ... ဒါကြောင့် အစ်ကို မမှတ်မိတာပါ ..."

ကျွန်ုပ်လည်း လီမွန်တီးတစ်ခွက်ကို သောက်ပြီးသည်နှင့် ကျသင့်ငွေကို ရှင်းလိုက်သည်။ ဆိုင်ရှင်က မယူသည့်အတွက် ကျွန်ုပ်လည်း ကျေးဇူးစကားဆိုကာ ခရီးဆောင်အိတ်ကိုဆွဲ၍ ရွာထဲသို့ဝင်လာခဲ့သည်။ ကျွန်ုပ် ရွာထဲသို့ဝင်လာသည့်အချိန်တွင်ကား မိုးစင်စင်လင်းပြီဖြစ်သည်။





အဝေးသို့လှမ်းကြည့်လိုက်ပါက အနောက်ရိုးမ၏ သဘာဝပန်းချီကားတစ်ချပ်ကို လှပစွာပင် တွေ့မြင်ရလေသည်။ ကျွန်ုပ်လည်း အနောက်ရိုးမ၏ နံနက်ခင်းအလှကို ပါလာသည့်ကင်မရာဖြင့် အမှတ်တရရိုက်လိုက်လေသည်။

ကျွန်ုပ် အိမ်ရှေ့သို့ရောက်သည်နှင့် ခြံထဲတွင် လမ်းလျှောက်နေသည့် ဦးလေးဖြစ်သူကို တွေ့လိုက်ရသည်။ ကျွန်ုပ်က အသံပြုလိုက်သည်။

"ဦးလေး ..."

ကျွန်ုပ်၏အသံကို ကျက်မိသည့်ဦးလေးက ချက်ချင်းပင် မကြည့်ဘဲ ပြန်ပြောလိုက်သည်။

"မောင်ဝဏ္ဏ ... ရောက်လာပြန်မှကိုး ... ငါတူရောက်တာ ဟန်ကျလိုက်တာကွာ ..."

"ဘာဖြစ်လို့လဲဦးလေး ..."

ကျွန်ုပ်က ခြံတံခါးလာဖွင့်ပေးရင်း ပြောလာသည့် ဦးလေး၏ စကားကြောင့် လှမ်းဝင်ရင်းက မေးလိုက်ခြင်းပင်။

"ငါ့တူရောက်လာတဲ့အခါတိုင်း ဒီနယ်မှာ ထူးဆန်းတဲ့ အဖြစ်အပျက်တစ်ခုမဟုတ် တစ်ခုတော့ ကြုံရတာပဲ မဟုတ်လား ... အခုလည်း ထူးဆန်းတဲ့အဖြစ်အပျက်က ငါ့တူကို စောင့်ကြိုနေပါရဲ့ကွာ"

ကျွန်ုပ်လည်း ဦးလေး၏စကားကြောင့် လာရကျိုးနပ်ပြီဟု စိတ်ထဲက တွေးနေမိသည်။ အတွေးနှင့်အတူ လူကလည်း ဦးလေး၏နောက်မှ လိုက်လာပြီး အိမ်ပေါ်သို့ တက်လာခဲ့သည်။ ဦးလေး၏ အိမ်ကြီးကား နှစ်ထပ်ပျဉ်ထောင်အိမ်ကြီးပင်ဖြစ်သည်။ တစ်အိမ်လုံးကို ရေနံချေးသုတ်ထားသဖြင့် မည်းမှောင်နေသည်။ ဦးလေးကား အိမ်ဆောင်



www.burmeseclassic.com

www.burmeseclassic.com



ချို့ တစ်ကိုယ်တည်းဘဝနှင့် အရိုးထုတ်ကာ ဝါသနာပါသည့် ဂမ္ဘီရ ပညာများကို လေ့လာလိုက်စားနေသူဖြစ်သည်။

အိမ်ပေါ်ရောက်သည်နှင့် ဦးလေးက မေးလာသည်။

"မင်းမိဘနှစ်ပါးကော ကျန်းမာချမ်းသာပြီး အဆင်ပြေကြတယ် မဟုတ်လား ..."

"ဟုတ်ကဲ့ ... ကျန်းမာချမ်းသာကြပါတယ် ..."

ဦးလေးကား အမေ၏မောင်အရင်းပင်ဖြစ်သည်။ အမေလည်း သည်ဇာတိဖြစ်၍ အဖေနှင့် အိမ်ထောင်ကျကာမှ ရန်ကုန်သို့ ပြောင်းရွှေ့အခြေချခဲ့ခြင်းဖြစ်သည်။ ကျွန်ုပ်လည်း ထူးဆန်းသည့် အဖြစ်အပျက်ကို သိချင်စိတ်က ပြင်းပြလာသည့်အတွက် ရောက်မဆိုက်ပင် မေးကြည့်လိုက်သည်။

"ဦးလေး ... ထူးဆန်းတဲ့အဖြစ်အပျက်ဆိုတာ ပြောစမ်းပါ ... ကျွန်တော် သိချင်လှပြီ ..."

"ဟား ... ဟား ... ဟား ... မင်းကတော့ စံပါပဲကွာ ... မင်း အဖေနဲ့ အမေက မွေးတာမှ ဟုတ်ရဲ့လားကွ ... စရိုက်ခြင်းက တခြားစီပါလား ..."

ကျွန်ုပ်ကလည်း ဦးလေးဆိုလိုရင်းကို ရိပ်မိသည့်အတွက် မဆိုင်းမတွပင် ပြန်ပြောလိုက်သည်။

"ကျွန်တော်မှ အရောင်းအဝယ်ကို စိတ်မဝင်စားတာဘဲ ဦးလေးရယ် ... ပြီးတော့ ကျွန်တော်က အဖေနဲ့ အမေက မွေးပေမဲ့ ဦးလေးနဲ့တော့ တူတယ် မဟုတ်လား ..."

"ဟုတ်ပါရဲ့ ... မှန်ပါရဲ့ ငါ့တူရယ် ... ငါ့ခြေထောက်မှာ ဇွေ သလို မင်းမှာလည်းပါတယ် ... ပြီးတော့ ဦးခေါင်းလမ်းကြောင်းနဲ့





နှလုံးလမ်းကြောင်းကြားမှာ ဂမ္ဘီရကြက်ခြေပါပုံခြင်းကလည်း တိုက်တိုက် ဆိုင်ဆိုင်ကို လာတူနေသေးတယ် ... ဒါဟာ အံ့သြဖို့ကောင်းတဲ့ တိုက်ဆိုင်မှုပဲကွ ..."

ကျွန်ုပ်၏အသက်မှာ ယခုမှ နှစ်ဆယ့်ခြောက်နှစ်ထဲသို့ ဝင်စရှိသေး၏။ ဦးလေးဦးဒီပါကား အသက်ငါးဆယ်ကျော်ခဲ့ပြီဖြစ်သည်။

"အင်း ... ငါ့မှာ ပညာအမွေပေးစရာဆိုလို့ မင်းတစ်ယောက်ပဲရှိလေတော့ ငါ့ရဲ့ပညာတွေကို မင်းကို အကုန်ပေးခဲ့မယ် ... မင်းရဲ့ ဉာဏ်ကောင်းပုံနဲ့ဆို တတ်မှာကျိန်းသေတယ် ..."

"ကျွန်တော်ကလည်း ကြိုးစားပြီးယူမယ်လို့ ဆုံးဖြတ်ထားပြီးသားပါ ဦးလေးရာ ... ဒါနဲ့ ထူးဆန်းတယ်ဆိုတဲ့ကိစ္စကို ပြောစမ်းပါဦး ဦးလေးရယ် ..."

ကျွန်ုပ်၏လောဆော်မှုကြောင့် ဦးလေးဦးဒီပါသည် အောက်ပါ အဖြစ်အပျက်ကို အသေးစိတ်ပင် ကျွန်ုပ်ကို ပြန်လည်ပြောပြပါလေတော့သည်။



www.burmeseclassic.com

www.burmeseclassic.com



၂

ကြပ်ပြိုရွာ၏ အနောက်မြောက်ဘက်တွင် အနောက်ရိုးမ (ရခိုင်ရိုးမ)၏ တောင်စွယ်တောင်တန်းများတွင် တစ်လုံးအပါအဝင်ဖြစ်သည့် 'မြစ်မြင်' တောင်က ထီးထီးမားမားကြီးတည်ရှိနေသည်။ တောင်ထိပ်ပေါ်မှ လှမ်းမျှော်ကြည့်ပါက ဧရာဝတီမြစ်ကို မြင်ရသောကြောင့် မြစ်မြင်တောင်ဟုခေါ်ကြခြင်းပင်ဖြစ်သည်။ ယခုအခါတွင်မူ 'မြင့်မြတ်' တောင်ဟု ပြောင်းလဲခေါ်ဝေါ်ခဲ့ကြသည်။ ဒေသခံများကမူ သည်တောင်တွင် နတ်ဘီလူးတို့ စောင့်ရှောက်သည့် တောင်ထူးတောင်မြတ်ဖြစ်သည့်အတွက် 'ဒေဝယက္ခ'တောင်ဟုလည်း ဆိုကြသေးသည်။

မြစ်မြင်တောင်ခြေတွင် ကြီးမားခန့်ညားထည်ဝါသည့် နှစ်ဆောင်မြိုင်အိမ်ကြီးတစ်ဆောင်ရှိသည်။ သည်အိမ်ကြီး၏အမည်ကို 'မဟာရာစံအိမ်' ဟု အိမ်ကြီးရှင် 'ဦးဒိဗ္ဗ'က အမည်ပေးထားသည်။ သို့သော် အနီးအနားပတ်ဝန်းကျင်ရှိ 'ကြပ်ပြို' 'ရှားဇီးဘို' 'ဖန်ကပင်' အစရှိသည့်





ကျေးရွာများကမူ အိမ်မည်းကြီးဟုသာခေါ်ခဲ့ကြသည်။ ဦး ပါကမူ သည်အိမ်ကြီးနှင့် အိမ်ကြီးရှင်ဦးဒိဗ္ဗ လူယုံတော်ကြီး 'တာနေ' အပါအဝင် အိမ်သာအားလုံးသည် အသိရက်ခက်ပြီး လျှို့ဝှက်လွန်းသည်ဟု ယူဆထားသည့်အတွက် 'ဂမ္ဘီရဂေဟာ' ဟု အမည်ပေးထားသည်။

အိမ်မည်းကြီးတွင် နေထိုင်ကြသည့် အိမ်ရှင်ဦးဒိဗ္ဗမှ အစပြု၍ အိမ်သားဘယ်နှစ်ယောက်ရှိသည်ကို အနီးပတ်ဝန်းကျင်မှ သည်သူမျှ မသိကြပေ။ ဦးဒိဗ္ဗကလည်း ပတ်ဝန်းကျင်နှင့် လုံးဝမဆက်ဆံ ဘဲ ခပ်ကင်းကင်းပင် နေထိုင်ခဲ့သည်။ တစ်ခါတစ်ရံ အကြောင်းကိစ္စရှိလျှင် အိမ်မည်းကြီးမှ ဒေါ်အိုဇာတစ်ယောက်သာ အပြင်သို့ထွက်လေ့ရှိသည်။ ဤသို့ထွက်ခြင်းမှာလည်း လိုအပ်သည့်ပစ္စည်းတို့ကို ဖရဲ(ဘက်ရဲ)သို့ ထွက်ဝယ်ခြင်းသာဖြစ်သည်။

ဒေါ်အိုဇာ၏အသက်က ငါးဆယ်ကျော် ခြောက်ဆယ်နီးပါးလောက်ရှိမည်ဖြစ်၍ ရုပ်ရည်ကလည်း အကျည်းတန်လှသည်။ အသားအရည်က သပိတ်ရောင်အလား မည်းမှောင်နေသည့်အထဲတွင် မျက်လုံးများကလည်း မျက်တွင်းဟောက်ပက်ကြီးနှင့် ဒေါ်အိုဇာကိုမြင်ရသည်နှင့်ပင် အသည်းထိတ်စရာကောင်းလှသည်။ သူ ဈေးဝယ်ထွက်သည်ကို မြင်ကြရသည့်သူများသည် အိမ်မည်းကြီးနှင့် ပတ်သက်၍ စပ်စုလိုလှသော်လည်း ဒေါ်အိုဇာ၏မျက်နှာထားကိုကြောက်၍ မည်သူကမျှ မမေးမြန်းရဲကြပေ။'

အနီးပတ်ဝန်းကျင်မှလူများ အိမ်မည်းကြီးနှင့် ပတ်သက်၍ သိချင်သည်မှာလည်း အကြောင်းရှိ၍ပင်ဖြစ်သည်။ သည်အကြောင်းကား အမိုက်ရက်ညများတွင် အိမ်မည်းကြီးမှ ညည်းညူသံများကို ကြားရသောကြောင့်ဖြစ်သည်။ ဤသို့ကြားရသည်မှာပင် လမိုက်ညတွေင်းများ

www.burmeseclassic.com



မှာ ရှိခဲ့လေပြီ။ သည်အကြောင်းရင်းကို သိလိုလှသော်လည်း မည်သူ တစ်ဦးတစ်ယောက်မျှ အိမ်မည်းကြီး အရှင်သခင်ဖြစ်သည့် ဦးဒိဗ္ဗကို သွား၍ မမေးရဲကြချေ။

ထို့နောက်တွင်ကား ရွာသားများက ထိုအိမ်ကြီးကို မကောင်း ဆိုးဝါးပျော်စံရာ ဝိညာဉ်စံအိမ်ဟု အမည်သစ်ပေးလိုက်ကြလေသည်။ ကျွန်ုပ်သည် ဦးလေးဦးဒီပါ၏စကားကို စိတ်ဝင်စားစွာဖြင့် နားထောင် နေရာမှ မရှင်းမလင်းသည့်အကြောင်းကို ပြန်မေးလိုက်သည်။

"ဦး ... ဒီဝိညာဉ်စံအိမ်ကြီးထဲက ညည်းညူတယ်ဆိုတော့ ဘယ် သူတွေက ညည်းညူကြတာလဲ ဦးလေး ... "

ကျွန်ုပ်၏အမေးကြောင့် ဦးလေးက လေးလေးနက်နက် စဉ်း စားနေသည်။ အတန်ကြာမှ သူ့ယူဆချက်ကို ပြောပြသည်။

"ဘယ်သူတွေညည်းညူတယ်ဆိုတာကိုတော့ အတိအကျမပြော နိုင်ဘူး ငါ့တူ ... ဘာဖြစ်လို့လဲဆိုတော့ ဒီဝိညာဉ်စံအိမ်ကြီးထဲမှာ အိမ် အိမ်သားတွေ ဘယ်လောက်ရှိလို့ ဘယ်နှစ်ယောက်သေသွားတယ် တာ ဘယ်သူမှ အတိအကျမသိကြဘူး ... "

"နေစမ်းပါဦး ဦးလေးရယ် ... ဒီစံအိမ်ကလူတွေ သေတဲ့အ ရွာကသင်္ချိုင်းထဲမှာ မမြှုပ်ကြဘူးလား ... "

"ဟုတ်တယ် မောင်ဝဏ္ဏ ... ဦးလေး စောစောကပြောခဲ့သ ပဲ ... ဒီစံအိမ်ကလူတွေဟာ ပတ်ဝန်းကျင်နဲ့ အဆက်အဆံ လုံးဝမလု ကြဘူး ... အိမ်သူအိမ်သားတွေသေရင်လည်း ဘယ်သူသေတယ်ဆိုတာ ဘယ်လိုမှ မသိရဘူး ... ဘာဖြစ်လို့လဲဆိုတော့ ရပ်ရွာကို အသိမပေး စံအိမ်ခြံဝင်းထဲမှာပဲ မြှုပ်တယ်လို့ ကြားရတယ် ... ဒါကြောင့် လမိုက်ည တွေမှာ ညည်းညူအော်ဟစ်နေကြတာ၊ သေသွားတဲ့လူတွေရဲ့ ဝိညာ





ပဲဖြစ်ရမယ် ... "

ကျွန်ုပ်လည်း ဦးလေးဖြစ်သူ ဦးဒီပါ၏စကားကြောင့် အိမ်မည်း ကြီးသို့မဟုတ် ဝိညာဉ်စံအိမ်နှင့် ပတ်သက်၍ စိတ်ဝင်စားသည်ထက် ပို၍စိတ်ဝင်စားလာသည်။ အနီစံအိမ်ကြီးထဲတွင် လျှို့ဝှက်မှုအပေါင်း နှင့် ပြည့်နှက်နေသည်ကတော့ သေချာသည်။ ကျွန်ုပ် စဉ်းစားနေဆဲ မှာပင် ဦးဒီပါ၏စကားကို ကြားလိုက်ရသည်။

"တိုက်ဆိုင်လိုက်တာ ... မောင်ဝဏ္ဏ ... အိမ်ရှေ့ကို လှမ်းကြည့် လိုက်စမ်း ... အဘွားကြီးတစ်ယောက်ကို မြင်တယ်မဟုတ်လား"

ကျွန်ုပ်လည်း ဦးလေးဦးဒီပါ၏စကားကြောင့် စဉ်းစားနေရာမှ အိမ်ရှေ့လမ်းပေါ်သို့ အလျှင်အမြန်ပင် လှမ်းကြည့်လိုက်သည်။ လမ်း ပေါ်မှနေ၍ ကြိမ်ဆွဲခြင်းကိုဆွဲကာ တရွေ့ရွေ့လျှောက်သွားနေသော အရပ်ဆိုးအကျည်းတန်လှသည့် အဘွားကြီးတစ်ယောက်ကို တွေ့လိုက် ရသည်။ ဦးလေးပြောပြသည့် 'ဒေါ်အိုဇာ'ဖြစ်မှန်း သိလိုက်သည်။

ဦးလေး ဝိညာဉ်စံအိမ်နှင့် ပတ်သက်၍ ထူးဆန်းသည့်အကြောင်း အရာတစ်ရပ်ကို ပြောပြပြန်သည်။

"မောင်ဝဏ္ဏသိအောင်ပြောရရင် ... ဒီဝိညာဉ်အိမ်မှာ နေထိုင် ကြတဲ့ ဦးဒိဗ္ဗကစလို့ အားလုံးဟာ 'ဥမ္မာဒန္တီ' မင်းသမီးရဲ့ မျိုးဆက်တွေ လို့ သိရတယ်ကွယ့် ... "

"ဗျာ ... ဘယ်လို ဦးလေး ... 'ဥမ္မာဒန္တီ' မင်းသမီးရဲ့ မျိုးဆက် တွေ ဟုတ်လားခင်ဗျာ ... ဥမ္မာဒန္တီမင်းသမီးဆိုတာ ဘယ်သူလဲ"

ကျွန်ုပ်လည်း အံ့အားသင့်လွန်းသောကြောင့် ဦးလေးကို မေး ကြည့်မိလိုက်သည်။

"ငါ့တူသိအောင်ပြောရရင် ဒီ 'ပန်းတောင်း'၊ 'မြန်အောင်'၊ 'ကြံ



www.burmeseclassic.com

www.burmeseclassic.com



ခင်း၊ 'ဝါးခယ်မ' အစရှိတဲ့ နယ်တကြောလုံးဟာ ဥမ္မာဒန္တီမင်းသမီးနဲ့ တစ်နည်းမဟုတ်တစ်နည်း ဆက်စပ်နေတဲ့ ဂမ္ဘီရနယ်မြေကြီးပဲဖြစ်တယ်၊ အနောက်ရိုးမပေါ်က တချို့တောင်ကုန်းတွေပေါ်မှာ ဥမ္မာဒန္တီမင်းသမီးနဲ့ နောက်လိုက်နောက်ပါတွေ နေသွားကြတဲ့ ရွာပျက်တွေကို အခုထိ တွေ့ရသေးတယ် ..."

ကျွန်ုပ်လည်း ဦးလေးဦးဒီပါအား ဥမ္မာဒန္တီမင်းသမီးနှင့် ပတ်သက်သည့် နောက်ကြောင်းရာဇဝင်ကို မေးမြန်းကြည့်လိုက်ရာ ဦးလေးက အောက်ပါအတိုင်း ပြောပြခဲ့လေသည်။

"အင်း ... ဒီအကြောင်းကို ပြောရရင် 'ပထမအင်းဝ' နေပြည်တော်သမိုင်းကစပြီး ပြောမှရှင်းလိမ့်မယ် ... သက္ကရာဇ်(၇၂၆)ခုနှစ်မှာ အမည်ရင်း 'ရာဟုလာ'ခေါ်တဲ့ 'သတိုးမင်းဖျား'ဟာ ဘထွေးတော် 'မင်းပျောက်' 'ဉဇနာပြောင်' တို့ကို လုပ်ကြံပြီးတော့ ပထမအင်းဝနေပြည်တော်ကြီးကို တည်ထောင်ခဲ့တယ် ..."

"ဟုတ်ကဲ့ ... စိတ်ဝင်စားစရာပါပဲ ဦးလေးရယ် ... ရှေးဖြစ်ဟောင်း အောက်မေ့ဖွယ်ဆိုတဲ့စကားလို ကျွန်တော်တို့ လူငယ်တွေအတွက် ရာဇဝင်ဗဟုသုတအနေနဲ့ သိရလို့ အကျိုးရှိပါတယ် ..."

ဦးလေးက ဆက်ပြီးရှင်းပြပြန်သည်။

"ဆက်ပြောရရင် ... သက္ကရာဇ်(၇၂၆)ခုနှစ်၊ 'ကဆုန်လ'မှာ 'စစ်ကိုင်း' ပျက်တယ် ... ပြီးတော့ 'နယုန်လ'မှာ 'ပင်းယ' ပျက်ပြန်တယ် ... 'တပေါင်းလ'မှာ သတိုးမင်းဖျားက 'အင်းဝ'ကို စတည်တယ်"

ကျွန်ုပ်က သည်နေရာတွင် ကြားဖူးနားဝရှိသည်ကို အကြောင်းပြု၍ ဦးလေးကို မေးကြည့်မိပြန်သည်။

"ဦးလေး ... အင်းဝနေပြည်တော်ကိုတည်တာ 'အင်း'တွေကို





ဖို့ပြီးတည်တာလို့ ကြားခဲ့ဖူးတယ် ... ဘာအင်းတွေလဲဆိုတာ သိပါရစေ ..."

"ငါတူမေးတဲ့အကြောင်းကို ပြောရရင် ... သတိုးမင်းဖျားဟာ (၁) ရွှေကြာပင်အင်း၊ (၂) ဇနီအင်း၊ (၃) ညောင်စောက်အင်း၊ (၄) ဝက်ချေးအင်း၊ (၅) ပိန္နဲအင်း၊ (၆) အင်းမအင်း၊ (၇) လင်းစံအင်း၊ (၈) ဘောနုအင်း၊ (၉) ဝမ်းဘဲအင်းတွေကို ဖို့ပြီးတည်ခဲ့တာပဲ ..."

"ဥမ္မာဒန္တီမင်းသမီးနဲ့ ဘယ်လိုပတ်သက်တယ်ဆိုတာ ပြောစမ်းပါဦးခင်ဗျာ ..."

"ပြောရမယ်ဆိုရင် ... သတိုးမင်းဖျား စတင်တည်ထောင်ခဲ့တဲ့ ပထမအင်းဝခေတ်အလယ်လောက်ဖြစ်တဲ့ ... သက္ကရာဇ်(၈၀၀)ခုနှစ်လောက်မှာ အောက်မြန်မာနိုင်ငံ မြစ်ဝကျွန်းပေါ်ဒေသတစ်ဝိုက်မှာ မြို့သစ်တွေတည်ထောင်ပြီး စိုးစံနေတဲ့ မွန်ဘုရင် 'သမုဒ္ဒဃောသမင်း' က သိမ်မြို့ကို အုပ်ချုပ်စိုးစံနေတဲ့ 'ပသီကုလားမင်း' ရဲ့ သမီးတော် ဥမ္မာဒန္တီကို ခိုးယူထွက်ပြေးလာခဲ့ပြီးတော့ ယခုလက်ရှိ 'ဝါးခယ်မမြို့နယ် သရွတ်ပြိုက်' ကျေးရွာမှာ 'မုက္ခဝတီ' အမည်ရှိတဲ့ ... မြို့သစ်ကို တည်ထောင်စိုးစံခဲ့တယ်ကွယ့် ... အဲဒီကမှတစ်ဆင့် ရခိုင်ရိုးမအနီးမှာ မြို့တည်ကြပြန်တယ် ... ဒါကြောင့် ဒီနေရာဒေသတွေဟာ ဥမ္မာဒန္တီမင်းသမီးနဲ့ ဆက်စပ်နေတယ်လို့ ပြောကြတာပဲ ... အဲ ... အိမ်မည်းကြီးလို့ခေါ်တဲ့ ဂမ္ဘီရစံအိမ်ကလူတွေဟာ အခုပြောခဲ့တဲ့ ဥမ္မာဒန္တီရဲ့ မျိုးဆက်တွေဖြစ်တယ်လို့ ဒီဘက်မှာတော့ သတင်းကြီးနေတာပါပဲ ငါတူရယ်"

ကျွန်ုပ်လည်း ဦးလေးဦးဒီပါ၏ ရှည်လျားစွာ ရှင်းပြလာသည့် စကားအဆုံးတွင် ဝိညာဉ်စံအိမ်နှင့် ပတ်သက်၍ စိတ်ဝင်စားသည်ထက် ပို၍ပင် စိတ်ဝင်စားမိသည်။ ထို့ကြောင့်လည်း မည်သူမျှ မသွားပုံကြ



www.burmeseclassic.com

www.burmeseclassic.com



သည့် အိမ်မည်းကြီးနှင့် ပတ်သက်၍ သိအောင်ကြိုးစားမည်ဟု စိတ်ထဲ
က ကြိတ်၍ ဆုံးဖြတ်လိုက်သည်။

ကျွန်ုပ်တို့တူအရီးနှစ်ယောက်လည်း ပြောလက်စ စကား
အဆုံးသတ်လိုက်ကြသည်။ ဦးလေးက အပေါ်ထပ်သို့ တက်သွားပြီး
နောက် ကျွန်ုပ်လည်း အောက်ထပ်ရှိ ကျွန်ုပ်လာတိုင်း နေနေကျဖြစ်
သည့် အခန်းထဲသို့ ဝင်လာခဲ့သည်။ အခန်းထဲတွင် ခုတင်မွေ့ရာခြင်
ထောင် အစုံအလင်ရှိသည်။ အခန်းထဲတွင် ခဏအပန်းဖြေအနားယူပြီး
သည်နှင့် ကျွန်ုပ်လည်း ပါလာသည့် မှန်ပြောင်းကို ယူဆောင်ကာ ခြံ
ထဲသို့ ဆင်းလာခဲ့သည်။

အချိန်က နံနက်ဆွမ်းခံထွက်ချိန်ရောက်ပြီဖြစ်သည့်အတွက် ရွာ
ဦးကျောင်းမှ သံဃာတော်များ တန်းဆွမ်းခံထွက်လာသည်ကို ဖူးမြင်
လိုက်ရသည်။ ကျွန်ုပ်လည်း မှန်ပြောင်းတစ်လက်ဖြင့် ဟိုအဝေးတွင်
မြင်ရသည့် 'မြစ်မြင်တောင်' 'သစ်တစ်ပင်တောင်ညို'တို့၏ သဘာဝ
အလှအပများကို မှန်ပြောင်းဖြင့် ကြည့်ရှုနေသည်။

ကြပ်ပြိုရွာအနောက်ဖူးဖူးတွင်ရှိသည့် သစ်တစ်ပင်တောင်ညို
သည်လည်း သည်နယ်ဘက်တွင် နာမည်ကြီးလှသည့် အထိကရနေရာ
ပင်ဖြစ်သည်။ အရပ်လေးမျက်နှာ မည်သည့်အရပ်ကပင်ကြည့်ကြည့်
တစ်ပင်တည်းထိုးထွက်နေသည့် သစ်ပင်က အခြားသစ်ပင်အားလုံး
ထက် မြင့်မားစွာ ထီးထီးမားမားတည်ရှိနေခြင်းဖြစ်သည်။ ထို့ကြောင့်
လည်း 'သစ်တစ်ပင်တောင်ညို' ဟု ခေါ်ကြခြင်းပင်။

ကျွန်ုပ် မြင်ချင်သည့် ဝိညာဉ်စံအိမ်ကိုမူ သစ်ပင်ကြီးများက
အထပ်ထပ်တားဆီးကာရန်ထားသည့်အတွက် မှန်ပြောင်းနှင့်ကြည့်၍
မမြင်ရပေ။ အနီးအိမ်မည်းကြီးမှ ညည်းညူသံများသည် သည်နယ်က





များနှင့် ဦးလေးပြောဆိုသကဲ့သို့ ဝိညာဉ်များပင်ဖြစ်မည်လော ... ။
သို့မဟုတ် မည်သည့်အတွက်ကြောင့် ညည်းညူနေကြပါသနည်း။
အကြောင်းရင်းကို သိရအောင် ဖူးစမ်းလေ့လာရမည်ဟု စိတ်ထဲက
ဆုံးဖြတ်လိုက်လေသည်။

ကျွန်ုပ်လည်း မှန်ပြောင်းတစ်လက်နှင့် အနောက်ရိုးမတောင်
စဉ်တောင်တန်းအသွယ်သွယ်တို့၏ စက္ကူပသာဒအလှကို ခံစားနေရာမှ
ခြံဝမှ ဦးလေး၏အမည်ကို လှမ်းခေါ်သံ ကြားလိုက်ရသည့်အတွက်
မှန်ပြောင်းမှ မျက်လုံးကိုခွာကာ ခြံရှေ့သို့ လှမ်းကြည့်လိုက်သည်။

"ကိုဒီပါ ... ကိုဒီပါ ... "

ဦးလေးလည်း အိမ်အပေါ်ထပ်မှ ဆင်းလာသည်။ ခြံဝတွင်
ဦးလေးနှင့် သက်တူရွယ်တူခန့်ရှိမည့် ဥပဓိရုပ်ခန့်ညားသည့် လူကြီးတစ်
ယောက်ကို မြင်တွေ့လိုက်ရသည်။ ဦးလေးကလည်း ထိုပုဂ္ဂိုလ်ကြီးကို
မြင်သည်နှင့် အားရပါးရ နှုတ်ဆက်လိုက်လေသည်။

"အလို ... ကိုဖူးစမ်းပါလား ... မလာစဘူး ... အလာထူးလှ
ချည်လားဗျာ ... "

"အင်း ... ကျုပ်တို့နှစ်ယောက် မတွေ့ကြရတာတောင် အတော်
ကြာပြီမှတ်တယ် ... "

"မတွေ့တာကြာဆို ... 'မိစ္ဆာဂူနန်း' ခရီးကြမ်းက ပြန်ရောက်
ကတည်းကပဲဗျ ... အခုဆိုရင် သုံးနှစ်တင်းတင်းပြည့်ခဲ့ပြီပေါ့ဗျာ"

"အင်း ... ကိုဖူးစမ်းက သိပ်ပြီးအမှတ်သင်္ကေတကောင်းတာပါ
လားဗျာ ... ကြိုဆိုပါတယ် မိတ်ဆွေကြီး ... "

ဦးဖူးစမ်းဆိုသည့် ပုဂ္ဂိုလ်ကြီးက ဦးလေးနှင့်အတူ အိမ်ပေါ်သို့
တက်သွားသည်။ ထိုပုဂ္ဂိုလ်ကြီးဝတ်ဆင်ထားသည်က ... အောက်ခံ



www.burmeseclassic.com

www.burmeseclassic.com



ကော်လံကတုံးပေါ်တွင် ပင်နီအင်္ကျီကို ထပ်၍ဝတ်ဆင်ထားကာ ယောလုံချည်နှင့်ဖြစ်သည်။ သူ့တွင် ခရီးဆောင်အဖြစ် လွယ်အိတ်တစ်လုံး ပါလာသည်ကိုလည်း ကျွန်ုပ် သတိထားမိလိုက်သည်။

ယနေ့ကား ဦးလေး၏အိမ်သို့ ကျွန်ုပ်အပါအဝင် ဧည့်သည်နှစ်ဦး ရောက်ရှိခဲ့ကြခြင်းပင်။ ကျွန်ုပ်စိတ်ထဲတွင်လည်း အမှတ်မထင် 'သုံးယောက်ပေါင်းလောင်းကျော်' ဆိုသည့် စကားကို သတိရမိလိုက်သည်။ ထိုနှင့်အမျှ ကျွန်ုပ်တို့သုံးယောက်ပေါင်း အင်အားစွမ်းရည်နှင့်ဆိုလျှင် သည်နယ်ဘက်တွင် ဖြေရှင်းမရနိုင်သည့် အသိရခက်သော ဝိညာဉ်စံအိမ်၏ လျှို့ဝှက်ချက်များကို ဖော်ထုတ်နိုင်မည်ဟုလည်း စိတ်ထဲက ယုံကြည်မိပါလေတော့သည်။








ထပ်၍ရောက်လာသည့် ပုဂ္ဂိုလ်ကြီးနှင့် ပတ်သက်၍ သိရသည်ကား အိမ်မည်းကြီး၏ လျှို့ဝှက်ချက်တို့ကို စုံစမ်းနိုင်ရန်အတွက် အားရှိရောကောင်းလှသည်။ ဦးလေးက ကျွန်ုပ်နှင့် အနီပုဂ္ဂိုလ်ကြီးကို မိတ်ဆက်ပေးလာသည်။

"မောင်ဝဏ္ဏ ... အခု ငါတို့တွေ့ရတဲ့ ပုဂ္ဂိုလ်ကြီးက ဦးလေးရဲ့ တစ်ချိန်က ဂန္ဓာရီခရီးဖော်ဖြစ်တဲ့ မိတ်ဆွေကြီးကွယ့် ... နာမည်က ဦးရှူးစမ်းလို့ခေါ်တယ် ..."

"ဟုတ်ကဲ့ ..."

"ကိုရှူးစမ်း ... ဒီသူငယ်ကတော့ ကျုပ်လိုပဲ ဆန်းကြယ်တဲ့ကိစ္စနဲ့သမျှ ဝါသနာပါသလို ... ခရီးထွက်ပြီး ဗဟုသုတရှာမှီးတတ်တဲ့ ကျုပ်ရဲ့တူပဲ ... မောင်ဝဏ္ဏလို့ခေါ်တယ် ..."



www.burmeseclassic.com

www.burmeseclassic.com



"အေးကွယ် ... မောင်ရင်တို့လို ခေတ်ပညာတတ်လူငယ်လေး တစ်ယောက်နဲ့ မမျှော်လင့်ဘဲ တွေ့ရလို့ ဝမ်းသာမိပါရဲ့ ..."

"ကျွန်တော်ကလည်း ဂမ္ဘီရပညာရှင်ဖြစ်တဲ့ ဦးလေးနဲ့ အခုလို တွေ့ခွင့်ရတဲ့အတွက် ဂုဏ်ယူမိပါတယ်ခင်ဗျာ ..."

ကျွန်ုပ်ကလည်း ဦးရှုးစမ်းဆိုသည့် ပုဂ္ဂိုလ်ကြီးကို လေးလေးစားစားပင် ပြန်ပြောလိုက်လေသည်။ ဤတွင် ဦးလေးဦးဒီပါက ဦးရှုးစမ်းနှင့် ပတ်သက်သည့် ဂုဏ်ထူးဝိသေသတစ်ရပ်ကို ပြောပြပြန်သည်။

"မောင်ဝဏ္ဏ ..."

"ခင်ဗျာ ..."

"ဒီကမိတ်ဆွေကြီး ဦးရှုးစမ်းမှာ ဂုဏ်ထူးဝိသေသတစ်ရပ်ရှိသေးတယ်ကွယ့် ... ဘာလဲဆိုတော့ ပထဝီခြေလှမ်း ဦးရှုးစမ်းဆိုတဲ့ ဂုဏ်ပုဒ်ပဲကွယ် ..."

"အဓိပ္ပာယ်ကတော့ ဦးလေး ..."

"အဓိပ္ပာယ်ကတော့ ... မဟာပထဝီမြေကြီးကို အိမ်သဖွယ်သဘောထားပြီးတော့ လောကကြီးရဲ့ လျှို့ဝှက်နက်နဲမှုတွေကို ရှာလာနေတဲ့သူလို့ အဓိပ္ပာယ်ရတယ် ... မောင်ဝဏ္ဏအနေနဲ့ ကိုရှုးစမ်းဆီက နေပြီးတော့ လောကီပညာဗဟုသုတတွေယူနိုင်ရင် ယူတတ်သလောက် ရမှာအမှန်ပဲ ... ဒီတော့ ကိုရှုးစမ်း ဒီမှာနေသမျှ ငါတို့က ကြိုးစားပြီးတော့ ဆည်းပူးပေတော့ကွယ့် ..."

"ဟုတ်ကဲ့ပါခင်ဗျာ ..."

ဤတွင် ဦးရှုးစမ်းက မောင်ဝဏ္ဏကို မေးမြန်းလာသည်။

"ငါတို့က ခေတ်ပညာတတ်တစ်ယောက်ဖြစ်တာမို့ လောကီပညာရပ်တွေကို ယုံကြည်ပါ့မလား ..."





"ကျွန်တော်က ခေတ်ပညာတတ်ပေမဲ့ ... လောကီပညာရပ်တွေကိုလည်း မပစ်ပယ်ပါဘူး ဦးလေး ... ဒီပညာရပ်တွေဟာ လူသားတွေအတွက် အကျိုးတစ်စုံတစ်ရာရှိလိမ့်မယ်လို့ လက်ခံထားပါတယ်"

"ကောင်းပါလေရဲ့ကွယ် ..."

ဤတွင် ဦးရှုးစမ်းက မောင်ဝဏ္ဏတွင် လောကီပညာနှင့် ပတ်သက်၍ ဗဟုသုတရှိမရှိ ဆန်းစစ်သည့်အနေနှင့် မေးခွန်းတစ်ခုကို မေးမြန်းလာသည်။

"မောင်ဝဏ္ဏအနေနဲ့ ... 'အင်းကျမ်း'တွေကိုရော လေ့လာဘူးသလားဆိုတာ ဦးလေး သိချင်တယ် ..."

"ဟုတ်ကဲ့ ... ကျွန်တော် လက်လှမ်းမီသလောက်တော့ လေ့လာဖူးပါတယ် ခင်ဗျာ ..."

"ဒါဆို ... 'ဘားမဲ့'ဆရာတော်ရဲ့ 'ဘားမဲ့လောကီကျမ်း'ထဲမှာပါတဲ့ အင်းအိုင်ခါးလှည့်လက်ဖွဲ့တွေနဲ့ ပတ်သက်တဲ့ အဆိုအမိန့်ကို ပြောပြစမ်းပါဦး ..."

ကျွန်ုပ်သည် ဂမ္ဘီရပညာရှင် ဦးရှုးစမ်း၏အမေးကို အောက်ပါအတိုင်း ဖြေဆိုလိုက်လေသည်။ ဦးလေးဦးဒီပါကား ကွမ်းကို တမြုံ့မြုံ့ဝါးရင်းက မောင်ဝဏ္ဏ၏အဖြေကို နားစွင့်နေသည်။

"ကျွန်တော် မှတ်သားထားမိသမျှ ဖြေရရင် (၁) အင်းဆိုတာက အကွက်မှန်မှန်ချပြီးတော့ ဂဏန်းရေးသွင်းထားတာကို 'အင်း'လို့ ခေါ်တယ် ..."

"ဟုတ်ပြီ ... ဆက်ပြောပါဦး ..."

ဦးရှုးစမ်းက စကားဝင်ထောက်ပေးသည်။

"(၂) အကွက်မှန်ချပြီးတော့ စ.ဆ.ဇ.ဝ အက္ခရာရေးသွင်းထား



www.burmeseclassic.com

www.burmeseclassic.com



တာကိုတော့ 'အိုင်'လို့ခေါ်တယ်တဲ့ ... (၃) ရွှေပြား၊ ငွေပြား၊ ထန်းရွက် ပေရွက်တွေမှာ စာတမ်းရေးပြီးတော့ ခါးမှာပတ်စည်းထားတာကို 'ခါးလှည့်'လို့ခေါ်တယ်ခင်ဗျာ"

"မှန်ပါပေတယ် မောင်ဝဏ္ဏ ..."

"(၄) ပြီးတော့ လက်ဖွဲ့အင်းအိုင်တွေကိုလိပ်ပြီးခေါက်ပြီးတော့ ကြိုးနဲ့ဖွဲ့ပြီး ဆောင်ထားတာကိုတော့ 'လက်ဖွဲ့'လို့မှတ်သားဖူးပါတယ်"

"ဒါလည်းမှန်ပါတယ် ..."

"(၅) 'သြောင်း' အစထားပြီးတော့ ရွတ်ဆိုမန်းမှုတ်တာကိုတော့ 'မန္တရား' လို့ခေါ်တယ်တဲ့ ..."

"ဆက်ပါဦးကွယ် ..."

"(၆) 'ဦ' အစစ်ပြီးတော့ ရွတ်ဆိုရတာကိုတော့ 'မန္တန်' လို့ခေါ်ပါတယ် ... (၇) 'ဦ၊သြောင်း' မပါဘဲ ရွတ်ဆိုရတဲ့ ဘုရားဟောဒေသနာတော်တွေကိုတော့ 'ဂါထာ' လို့ခေါ်ကြောင်း မှတ်သားခဲ့ဖူးပါတယ် ဦးလေး ..."

"တော်ပါပေတယ် မောင်ဝဏ္ဏရယ် ..."

ပထဝီခြေလှမ်း ဦးစူးစမ်းသည် ကျွန်ုပ်အား အထက်ပါအတိုင်း ချီးမွမ်းစကားဆိုပြီးနောက် ဆက်၍ရှင်းပြပြန်သည်။

"လောကီပညာရပ်တွေဟာ ဝါသနာပါလို့ စူးစူးစိုက်စိုက်နဲ့ လေ့လာလိုက်စားမယ်ဆိုရင် ကိုယ့်အတွက် အကျိုးရှိပါတယ်ကွယ်၊ ဒါပေမဲ့ ဒီပညာရပ်တွေကိုတော့ သိပ္ပံပညာနဲ့ တိုင်းတာလို့တော့ရချင်မှရမယ် အဲဒီလို သိပ္ပံပေတံနဲ့ တိုင်းတာမရလို့ မယုံကြည်သူအတွက်တော့ ဘာမှ အထူးပြောစရာ မလိုပါဘူးကွယ် ..."

ဤတွင် ကျွန်ုပ်သည် ဦးစူးစမ်းအား ဘားမဲ့ဆရာတော်ကြီး





အတ္ထုပ္ပတ္တိကို မေးကြည့်မိသည်။

"ဦးလေး ... ဂန္ဓာရီ ဒါမှမဟုတ် ထွက်ရပ်ပေါက်လိုင်းမှာ ဘားလေးဘားရှိတယ်ဆို ... အဲ့ဒီဘားလေးနဲ့တကွ ဘားမဲ့ဆရာတော်ကြီးရဲ့ ဖြစ်စဉ်ကို ပြောပြပါလား ခင်ဗျာ ..."

"မောင်ဝဏ္ဏ သိချင်မှဖြင့် ပြောပြရသေးတာပေါ့လေ ... မြန်မာနိုင်ငံမှာ သက္ကရာဇ်(၈၀၀)ကျော် (၉၀၀)ဝန်းကျင်အချိန်တုန်းက ဘားလေးပါးအမည်နဲ့ ဆရာတော်လေးပါး ခေတ်ပြိုင်ထင်ရှားပေါ်ထွန်းခဲ့ကြတယ်ကွယ့် ... အဲ့ဒီဆရာတော်လေးပါးကတော့ ... (၁) ဘားမဲ့ဆရာတော်၊ (၂) ဘားမြိုက်ဆရာတော်၊ (၃) ဘားတမွတ်ဆရာတော်နဲ့ (၄) ဘားတမော့ဆရာတော်တွေပဲဖြစ်တယ် ..."

ဤတွင် ကျွန်ုပ်က တစ်ချက်ဝင်ထောက်လိုက်သည်။

"ဦးလေး ... အဲ့ဒီလေးပါးထဲမှာ ဘားမဲ့ဆရာတော်ကိုပဲ တော်တော်များများ သိကြတယ် မဟုတ်လား ..."

"ဟုတ်တယ် ... ကျန်တဲ့ ဘားဆရာတော်သုံးပါးအကြောင်းက သိပ်ပြီးမထင်ရှားခဲ့ဘူး၊ လူလေးသိချင်တဲ့ ဘားမဲ့ဆရာတော်အကြောင်းကို ပြောရရင် ဆရာတော်လောင်းလျာကို သက္ကရာဇ်(၈၆၄)ခုနှစ်မှာ ဖွားမြင်တော်မူခဲ့တယ် ... ဇာတိကတော့ ရာမညတိုင်းလို့ သာမညပဲ သိခဲ့ရတယ် ... 'ဟံသာဝတီ' ငါးဆူဒါယကာမင်းလက်ထက်မှာ ဆရာတော်ဟာ 'ကြေးနီပုရပိုက်'တစ်ဆူကိုရှိခဲ့တယ် ... ဒီပုရပိုက်ကိုလည်း ဟံသာဝတီ (ပဲခူး)မြစ်ထဲကနေ နတ်မိကျောင်းက ကိုက်ချီလာပြီးတော့ ဆရာတော်ကို ဆက်သခဲ့တယ်လို့ ဆရာ စဉ်ဆက်မှတ်သားထားခဲ့ကြတယ် ... ဆရာတော်ဟာ နဂိုရ်ကတည်းက လောကီပညာရပ်တွေကို အထူးဝါသနာထုံပြီး လေ့လာလိုက်စားခဲ့တာ အဲ့ဒီပုရပိုက်ကို လက်ခံ



www.burmeseclassic.com

www.burmeseclassic.com



...တော့ လောကီပညာရပ်တွေမှာ တစ်ဘက်ကမ်းခတ် ...ကျော်မှုခဲ့တယ် ... "

ဤတွင် တစ်ချိန်လုံး ကွမ်းစားရေနွေးသောက်နှင့် နားထောင်ခဲ့နေသည့် ဦးလေးဦးဒီပါက ဝင်၍မှတ်ချက်ချလာသည်။

"အင်း ... ဝိဇ္ဇာလမ်းကို လိုက်စားတဲ့သူတွေဟာ အထုံပါရမီရှိဖို့လိုတယ် မဟုတ်လားဗျာ ... "

"ဟုတ်ပါတယ် မိတ်ဆွေကြီး ... ဗားမဲ့ဆရာတော်ဟာ ရှေးဘဝက အထုံပါရမီရင့်သန်တဲ့အတွက်ကြောင့်လည်း လောကီပညာရပ်တွေမှာ တစ်ဘက်ကမ်းခတ် တတ်မြောက်တော်မူခဲ့တာပဲ ... ဒါပေမဲ့ ... သက္ကရာဇ်(၉၅၅)ခုနှစ်မှာ ငါးဆူဒါယကာမင်းကြီးက ဆရာတော်ကို အလိုမကျတဲ့အတွက် ညောင်ရမ်းမြို့ကို အပို့ခံခဲ့ရတယ် ... "

ဤတွင် ကျွန်ုပ်က အလျှင်စလိုပင် ပြန်မေးလိုက်သည်။

"ဒါဆို ... မင်းကြီးက ဗားမဲ့ဆရာတော်ကို မကြည်ညိုလို့ပို့တာဖြစ်မယ်ထင်တယ် ... "

"ဒါပေါ့ကွယ် ... အချို့မင်းတွေဟာ လောကီဘုန်းကြီးတွေကို မကြည်ညိုကြဘူး ငါ့တူ ... အဲ ... ဆရာတော် ညောင်ရမ်းရောက်တဲ့အခါကျတော့ ညောင်ရမ်းမြို့စားငယ်မည် 'မောင်သစ္စာ' ခေါ် 'မင်းရဲနန္ဒမိတ်' က ဆရာတော်ကို ဆည်းကပ်ကိုးကွယ်ခဲ့တယ် ... မင်းသားမောင်သစ္စာဟာ ဘုရင့်နောင်ခေါ် ဟံသာဝတီဆင်ဖြူရှင်မင်းတရားကြီးရဲ့ ဘွားတော်အငယ်ဖြစ်တယ် ... ဆရာတော်ဟာ မောင်သစ္စာကို လောကီပညာဂါထာမန္တန်တွေကို သင်ကြားပေးခဲ့တယ် ... ဆရာတော်သင်ကြားပေးခဲ့တဲ့ ဂါထာမန္တန်တွေထဲမှာ အောင်ခြင်းရှစ်ပါးအချုပ်မန္တန်နှစ်ဂါထာလည်း ပါဝင်တယ်ကွယ် ... မင်းသားမောင်သစ္စာဟာ ဆရာ







...ချီးမြှင့်ပေးသနားခဲ့တဲ့ နှစ်ဂါထာကို နေ့စဉ်ယုံယုံကြည်ကြည် ရွတ်...ရွယ်ခဲ့တယ် ... အဲ့ဒီလိုနဲ့ သက္ကရာဇ်(၉၅၉)ခုနှစ်မှာ ဒုတိယ...ခေတ် 'ညောင်ရမ်းဆက်'ကို ပြန်လည်တည်ထောင်နိုင်ခဲ့ပြီး ... ...ညောင်ရမ်းမင်းတရားကြီး'ရယ်လို့ မြန်မာ့သမိုင်းမှာ ထင်ရှားတော်မူ...ယ် ... အဲ့ဒီလို ညောင်ရမ်းမင်းတရားကြီးအနေနဲ့ စစ်ရေး၊ နိုင်ငံရေး၊ ...ရေး၊ လူမှုရေး အစရှိတဲ့ လုပ်ဆောင်ချက်မှန်သမျှ အောင်မြင်ခဲ့...ာ နောက်ကွယ်က ဆရာတော်ရဲ့ လောကီပညာရပ်တွေနဲ့ ကူညီ...ကြောင့်လို့ ဆရာစဉ်ဆက်အမှတ်အသားရှိခဲ့ကြတယ်တဲ့ကွယ့်"


ဦးစူးစမ်းသည် ကျွန်ုပ်သိလိုသည့်အကြောင်းကို ရှည်လျားစွာ...င်းပြပြီးနောက် စကားကို အဆုံးသတ်လိုက်သည်။ ကျွန်ုပ်တို့...ဝိုင်းသိမ်းသည့်အချိန်တွင် နှားရိုင်းသွင်းချိန်သို့ ရောက်ခဲ့လေပြီ။ ...လည်း မိုးချုပ်သည်နှင့် ဝိညာဉ်စံအိမ်ကို အနီးကပ်လေ့လာရန် ...ယ်လျက် ဦးလေးနှင့် ဦးစူးစမ်းတို့ကို အသိမပေးဘဲ ထွက်လာခဲ့ ကျွန်ုပ်ဦးတည်ရာသည်ကား မြစ်မြင်တောင်ခြေရှိ ဝိညာဉ်စံအိမ် ဖြစ်ပါတော့သည်။



www.burmeseclassic.com

www.burmeseclassic.com






ကျွန်ုပ်သည် တစ်ယောက်တည်း မြစ်မြင်တောင်ခြေသို့ ဦးတ... ပြီး လျှောက်လာခဲ့သည်။ ကျွန်ုပ်တွင် ဓာတ်ခဲလေးထောင့်ထိုး လ... နှိပ်ဓာတ်မီးတစ်လက်ကလွဲ၍ ဘာမျှပါမလာပေ။ ကျွန်ုပ်တို့ရွာမှ ... များ မြင်လျှင် မေးမြန်းစပ်စုကြမည်ကို သိသည့်အတွက် မည်သူမျှ ... မိစေရန် ရွာဘေးကန်သင်းရိုးအတိုင်း လျှောက်လာခဲ့ခြင်းပင်။

မနက်ကတည်းက ကျွန်ုပ်သွားရမည့်လမ်းကို မှန်ပြောင်း အ... ကိုးဖြင့် လေ့လာထားသည့်အတွက် လမ်းများစရာအကြောင်းမရှိ... နောက်တစ်ကြောင်းကလည်း မြစ်မြင်တောင်က ထီးထီးမားမား ... ရှိနေသည့်အတွက်ကြောင့်လည်းဖြစ်သည်။ ကျွန်ုပ်လည်း ရွာဘေး... ပတ်၍ လျှောက်လာခဲ့ရာမှ ရွာအနောက်ပိုင်းသို့ ရောက်လာသ... ကြပ်ပြို့ရွာအနောက်မှနေ၍ မြစ်မြင်တောင်ခြေသို့ရောက်အောင် ... ဝက်ခန့်တော့ လျှောက်ရမည်ဟု ကျွန်ုပ် ခန့်မှန်းမိလိုက်သည်။





ကျွန်ုပ်ကား ညဥ့်အမှောင်ထဲတွင် ဗိညာဉ်စံအိမ်ကို အနီးကပ် ...လာနိုင်ရန်သာ ဆန္ဒစောနေမိသည်။ ဤသို့ဖြင့် တောင်ခြေနားသို့ ...က်လာခဲ့သည့် ခပ်လှမ်းလှမ်းတွင် နာမည်ကျော်ဗိညာဉ်စံအိမ်ကြီး ... အမှောင်ထုအောက်မှာပင် မြင်တွေ့လိုက်ရသည်။ ကျွန်ုပ်လည်း ...က်မှ ရိုးလက်(စ်)နာရီကို ငုံ့ကြည့်လိုက်သည်။ နာရီတွင် ညကြည့်မီး ...သည့်အတွက် ကျွန်ုပ် လမ်းလျှောက်လာခဲ့သည့်အချိန်သည် ခန့်မှန်း ...ားသည့်အတိုင်း (၂၈)မိနစ်ရှိပြီဖြစ်ကြောင်း သိလိုက်ရသည်။

သည်ရိုးလက်(စ်)နာရီကို ကျွန်ုပ် ဆယ်တန်းအောင်စဉ် အဖေ ... ဆုချသည့်အနေနှင့် အမှတ်တရဝယ်ပေးခဲ့ခြင်းပင်။ ကျွန်ုပ်လည်း ...ညာဉ်စံအိမ်အနားသို့ ရုတ်တရက် မချဉ်းကပ်သေးဘဲ အခြေအနေကို ...တဲ့ခတ်သည့်အနေနှင့် အတန်ကြာသည့်တိုင်အောင်ပင် စောင့်ကြည့် ...နေသေးသည်။

ပတ်ဝန်းကျင်ကျေးရွာများမှသာ အိမ်မည်းကြီးဟုခေါ်နေကြ ...သော်လည်း ကျွန်ုပ်လက်တွေ့မြင်ရသည်ကမူ အိမ်မည်းကြီးမဟုတ်ပေ။ ...ကြီးကား ကြီးမားခန့်ညားလှသည်။ ကျွန်း၊ ပျဉ်းကတိုး သစ်များဖြင့် ...တကျဆောက်လုပ်ထားသည့် ရှေးဟောင်းအိမ်ကြီးပင်ဖြစ်သည်။ ...အိမ်လုံးကို နီညိုရောင်ဆေးများ သုတ်ထားသည်ကို တွေ့ရသည်။ ...ကြောင့် အများခေါ်နေကြသည့် အိမ်မည်းကြီးဆိုသည်မှာ အိမ် ...ရောင်ကို အစွဲပြု၍ ခေါ်ဝေါ်ခြင်းမဟုတ်ဘဲ ဗိညာဉ်များကိုအစွဲပြု၍ ...ကြမှန်း ကျွန်ုပ်သိလိုက်ရသည်။

သို့နှင့် တစ်ဆက်တည်းမှာပင် ကျွန်ုပ်၏ရင်ထဲသို့ အတွေးတချို့ ...ရောက်လာပြန်သည်။

"ဒီအိမ်ကြီးကို လူတွေက အိမ်မည်းကြီးလို့ ခေါ်ကြတယ်..."



www.burmeseclassic.com

www.burmeseclassic.com



ဦးလေးညိုဒေါ်ကတော့ ဂမ္ဘီရစံအိမ်တဲ့ ... အမှန်ဆိုရင် သူတို့ပြောသ
ဒီအိမ်ကြီးထဲနေပြီးတော့ မကောင်းဆိုးဝါးတွေက ညည်းညူခြော
လှန့်ကြတယ်ဆိုရင် အိမ်မည်းကြီး ဂမ္ဘီရအိမ်ဆိုတဲ့ အမည်တွေထ
'မိစ္ဆာစံအိမ်' ဆိုတဲ့ အမည်ကို ပေးရမယ် ... ဟုတ်တယ် ... ဒါမှလ
သဘာဝကျမယ် ... ငါကတော့ ဒီနေ့ကစပြီးတော့ ဒီအိမ်ကြီးကို မိ
အိမ်လို့ခေါ်တော့မယ် ... "

ကျွန်ုပ်လည်း 'ပျဉ်းမ'ပင်ကြီးအောက်တွင် ထိုင်ပြီး တွေးတေ
စဉ်းစားနေရာမှ စိတ်ထဲကနေ၍ 'မိစ္ဆာစံအိမ် ... မိစ္ဆာစံအိမ်'ဟု ရေရွ
နေမိလေသည်။ ဤသို့ရွတ်နေစဉ်မှာပင် မည်သို့ဖြစ်သည်ဟု မဆို
ကျွန်ုပ်၏တစ်ကိုယ်လုံး တစ်ခါမှမဖြစ်ဘူးသည့် ကြက်သီးမွေးညင်း
ပင် ထလာလေတော့သည်။

ကျွန်ုပ်သည် ပျဉ်းမပင်ကြီးအောက်တွင် ထိုင်နေရာမှ အ
အနောက် တောင်မြောက်ဝဲယာတို့ကို မလွတ်စတမ်း အကဲခတ်ကြ
လိုက်သည်။ လမိုက်ညဖြစ်သော်လည်း ခုန်းမျက်စိ သုံးရက်လက
ကမူ ... တိမ်ယံထဲတွင် တစ်ခြမ်းပဲ့လေ့ယေ်ကို ရွှက်လွှင်နေရာသ
လမင်းလေ့ယေ်နှင့်အတူ ကြယ်စင်လေးများကလည်း လင်းလက်
ကြသည့်အတွက် ကျွန်ုပ်၏ရှေ့တည့်တည့် ကိုက်အနည်းငယ်ခန့်
ကောင်းစွာမြင်တွေ့ရလေသည်။

ကျွန်ုပ်၏တစ်ကိုယ်လုံးသည်လည်း ဒုတိယမ္ဘ နှစ်ကြိမ်မြော
ကြက်သီးမွေးညင်းများ ထလာပြန်လာပြီ။ သည်စဉ်မှာပင် ... ကျ
နာမည်ပေးထားသည့် မိစ္ဆာစံအိမ်ဆီမှ ထိတ်လန့်ချောက်ချား
ကောင်းလှသည့် ညည်းညူအော်ဟစ်သံများကို ကြားလိုက်ရလေ
သည်။





"အ ... အာ ... အား ... ဟူး ... ဟူး ... ဟူး ... အူး ... "

"ဟင် ... ဟင် ... ဟင်း ... ဟင်း ... ဟင်း ... ဟင်း ... အိုး
ဟား ... ဟား ... ဟား ... "

ကြားရသည့်အသံများက ပေါင်းစုံလှသကဲ့သို့ နားမချမ်းသာ
စရာလည်း ကောင်းလွန်းလှသည်။ ညည်းညူအော်ဟစ်နေကြသည့်
အသံများသည် ပေါ်လာလိုက် ပျောက်သွားလိုက်နှင့် သုံးလေးကြိမ်
လောက် ကြားလိုက်ရခြင်းပင်။ သည့်နောက်တွင်ကား ညည်းညူအော်
ဟစ်သံများ ပျောက်သွားလေတော့သည်။

ကျွန်ုပ်လည်း ... အများပြောဆိုကြသကဲ့သို့ မကောင်းဆိုးဝါး
ဝိညာဉ်များသည် သည်မိစ္ဆာစံအိမ်ကြီးတွင် တကယ်ရှိနေမှန်း လက်
တွေ့ကြားရသည့်အတွက် ယုံကြည်လိုက်မိလေပြီ။ တစ်ဆက်တည်း
မှာပင် မကောင်းဆိုးဝါးဝိညာဉ်များ ကျင်လည်ကျက်စားပျော်ပါးနေ
သည့် အိမ်ကြီးထဲတွင် နေရကြသည့် အိမ်ရှင်ဦးဒိဗ္ဗနှင့် အိမ်သူအိမ်သား
များ၏ သတ္တိကိုလည်း စိတ်ထဲမှ ချီးမွမ်းမိလိုက်သေးသည်။ သို့သော်
ကျွန်ုပ်က ဆက်၍ ဆင်ခြင်စဉ်းစားနေမိပြန်သည်။

"ဒီအိမ်မှာ အခုလက်ရှိနေထိုင်ကြတဲ့ ဦးဒိဗ္ဗနှင့် ချွေရံသင်းပင်း
တွေကတော့ နေရဲကြမှာပေါ့ ... ဘာဖြစ်လို့လဲဆိုတော့ မကောင်းဆိုး
ဝါးဝိညာဉ်တွေက သူတို့ဆွေမျိုးတွေ မဟုတ်လား ... ဒါကြောင့် သူတို့
ကိုယ်တော့ ဘာမှအန္တရာယ်ပြုမှာ မဟုတ်ဘူး ... ဒါဆို ဒီဝိညာဉ်တွေ
ဟာ ဦးလေးပြောခဲ့သလို ဥမ္မာဒန္တီမင်းသမီးရဲ့ အဆက်အနွယ်တွေ
မကျွတ်ဘဲ ဝိညာဉ်ဘုံဘဝကို ရောက်နေကြတာပဲ ဖြစ်မယ် ... "

ကျွန်ုပ်သည် မိစ္ဆာစံအိမ်မှ ဝိညာဉ်များအကြောင်းကို တကန်နိုင်
သမျှ ဆက်စပ်တွေးကြည့်နေမိသည်။ သည်စဉ်မှာပင် ကျွန်ုပ်မျက်စိထဲ



www.burmeseclassic.com

www.burmeseclassic.com



သို့ ဝိညာဉ်စံအိမ်ထဲမှ အရိပ်တစ်ရိပ် လျင်မြန်စွာ ထွက်လာသည်ကို တွေ့လိုက်ရသည့်အတွက် ဖျဉ်းမပင်ကြီးနောက်မှ အသာပင်ပုန်း၍ ကြည့်နေမိသည်။ ကျွန်ုပ်မြင်တွေ့လိုက်ရသည့် ဖြူဖြူအရိပ်သဏ္ဌာန်ကား တဖြည်းဖြည်းနှင့် ထင်ရှားလာသည်။

ကျွန်ုပ်မြင်တွေ့လိုက်ရသည်ကား အဖြူရောင်ထက်အောက် ဆင်တူဝတ်ဆင်ထားသည့် လှပသည့်မိန်းမပျိုလေးတစ်ဦးပင်ဖြစ်သည်။ လှသည်မှ ရက်ရက်စက်စက်ကြီးပင်လှသည်ဟု ဆိုနိုင်သည်။ ကျွန်ုပ်ကား ရန်ကုန်မြို့တွင် နေထိုင်ခဲ့သူဖြစ်သူ ခေတ်ဆန်ဆန်ဝတ်ဆင်ထားကြသည့် ရန်ကုန်သူအချောအလှပေါင်းစုံကို မြင်ခဲ့ဖူးသည်။ တက္ကသိုလ်ကျောင်းတက်နေစဉ်ကလည်း ကွင်း(န်) Queen ဟု တင်စားခေါ်ဆိုရသည့် အလှဘုရင်မနှင့် ခင်မင်ရင်းနှီးပတ်သက်ခဲ့ဖူးသူပင်။ ဆိုရပါလျှင် ကျွန်ုပ်၏ရုပ်ရည်၊ ပညာအရည်အချင်း၊ မိဘများ၏ဂုဏ်ပကာသနအဆင့်အတန်းများကြောင့် မိန်းမလှလေးများ ကျွန်ုပ်ပတ်လည်တွင် ဝိုင်းဝိုင်းလည်နေခဲ့သည်။

သို့သော် ကျွန်ုပ်နှင့် ပတ်သက်ခဲ့သမျှ မိန်းမလှဆိုသူများကား သူမ၏အလှကို ခြေဖျားပင်မမီဟု ဆိုဝံ့ပါ၏။ ကျွန်ုပ်လည်း သူမ၏အလှအပတွင် နစ်မျောကာ စိုက်ကြည့်နေမိသည်။ သူမကား ကျွန်ုပ်နှင့် ဝါးတစ်ရိုက်လောက်သာဝေးမည့် ကုံကော်ပင်အောက်တွင်ရပ်ကာ တွေတွေဝေဝေငေးငေးမောမောပုံစံနှင့် အဝေးသို့ကြည့်နေလေသည်။

ကျွန်ုပ်လည်း ... အတန်ကြာအောင် ငေးမောကြည့်နေမိရာမှ သတိပြန်ဝင်လာပြီးနောက် သူမရှိရာသို့ မပြေးရုံတမယ် လျင်မြန်သည့် အရှိန်ဖြင့် လျှောက်သွားမိလိုက်သည်။ သည်စဉ်မှာပင် ခြေသံကြောင့် သတိပြုမိသွားရာ ကျွန်ုပ်ကိုမြင်သည်နှင့်ပြေးထွက်သွားလေတော့သည်။





ကျွန်ုပ်ကား အံ့အားသင့်နေမိသည်။ အဘယ်ကြောင့်ဆိုသော် သူမ ပြေးထွက်သွားသည့်သဏ္ဌာန်မှာ သာမန်လူသားတစ်ဦး ပြေးထွက်သွားပုံနှင့် လုံးဝမတူသောကြောင့်ပဲဖြစ်သည်။ သူမထွက်လာခဲ့သည့် ဝိညာဉ်စံအိမ်ကား တောင်ခြေဟုဆိုသော်လည်း အမြင့်ပိုင်းတွင်ဖြစ်သည်။ သူမရပ်နေသည့် ကုံကော်ပင်ကား အနိမ့်ပိုင်းတွင် ပေါက်နေခြင်းဖြစ်သည်။ စံအိမ်အလာလမ်းတစ်လျှောက်လုံးတွင်လည်း သစ်ပင်ကြီးများရှိကြသည်။ ပုံမှန်အတိုင်းသာဆိုပါက ကုံကော်ပင်မှနေ၍ ဝိညာဉ်အိမ်သို့ရောက်အောင်ပင် အတော်လျှောက်ရမည်ဖြစ်သည်။

ယခုမူကား သည်သို့မဟုတ်ချေ။ သူမစံအိမ်သို့ ပြန်သွားသည့် သဏ္ဌာန်ကား ဥပမာဆိုရလျှင် လဲဝါဝွမ်းတစ်စ လွင့်ပါသွားသလိုပင် ခြေထောက်နှင့် မြေကြီး လုံးဝမထိဘဲ တရွေ့ရွေ့ လွင့်မျောသွားခြင်းသာ ဖြစ်သည်။ ခဏအတွင်းမှာပင် သစ်ပင်များကြားမှ ရိပ်ခနဲ ရိပ်ခနဲ မြင်လိုက်ရပြီးနောက် စံအိမ်ထဲသို့ ဝင်ရောက်ပျောက်ကွယ်သွားခဲ့လေတော့သည်။

ကျွန်ုပ်လည်း သည်တော့မှ တစ်စုံတစ်ရာကို အတွေးပေါက်သွားသကဲ့သို့ စိတ်ထဲတွင်လည်း အတုန်လှုပ်ကြီး တုန်လှုပ်နေမိလေပြီ။ ကျွန်ုပ်ကား သေသေချာချာ သိရှိခဲ့လေပြီတည်း။ ကျွန်ုပ်ပက်ပင်းတွေ့လိုက်ရသည့် မိန်းမချောလေးသည်ကား ဝိညာဉ်မလေးပဲဖြစ်သည်။ ဝိညာဉ်ဖြစ်၍သာလျှင် မီးခိုးတန်းကဲ့သို့ သွားနိုင်ခြင်းဖြစ်ပြီး သာမန်လူသားတစ်ယောက်အနေနှင့် သူမသွားသကဲ့သို့ မည်သို့မျှ မသွားနိုင်ကြောင်း ကျွန်ုပ် အတတ်သိထားပြီးဖြစ်သည်။

ကျွန်ုပ်ကား ကျွန်ုပ်ကိုယ်ကျွန်ုပ် အင်မတန် သတ္တိကောင်းသည်ဟု ယုံကြည်ထားခဲ့သူပင်။ သာမန်မျက်စိဖြင့် မမြင်ရသည့် ပရလောက



www.burmeseclassic.com

www.burmeseclassic.com



သအချစ်ရှိသည်ကိုမူ လောကီပညာရပ်များကို စိတ်ဝင်စားစွာ လေ့
လိုက်စားစဉ်ကပင်လျှင် လက်ခံထားပြီးဖြစ်သော်လည်း ယခုကဲ့သို့
တွေ့ ဒူးတွေ့ တစ်ခါမျှ မတွေ့ခဲ့ရဘူးပေ။

ယခုမူ မျက်မြင်ကိုယ်တွေ့ ကြုံလိုက်ရလေပြီ။ သည်အခါတွ
ကား နိုင်မာလှသည့် ကျွန်ုပ်၏စိတ်ဓာတ်ကို မယိုင်လဲစေရန် သတိ
အတန်ကြာအောင် ထိန်းချုပ်ထားလိုက်ရသည်။ ဤကဲ့သို့ အတတ်
ဆုံး ထိန်းချုပ်ထားသည့်အထဲကပင်လျှင် ကြက်သီးတွေက ထလာ
သည်။ ကျွန်ုပ်၏အသိစိတ်ထဲတွင်လည်း မိစ္ဆာစံအိမ်ထိရောက်အော
သွား၍စုံစမ်းမည်ဟု မူလက ကြံစည်ထားသည့် အကြံအစည်များသ
လည်း နေရောင်နှင့်တွေ့သည့် နှင်းကဲ့သို့လည်းကောင်း၊ မီးနှင့်တွေ့
သည့် ဖယောင်းကဲ့သို့လည်းကောင်း၊ အရည်ပျော်ကြခဲ့လေပြီတည်

ထို့ကြောင့် ကျွန်ုပ်လည်း ရှေ့ဆက်တိုးမည့် စိတ်ကူးတို့ကို
လွှတ်ကာ ပျဉ်းမပင်ကြီးရှိရာအရပ်မှပင် နောက်ကြောင်းသို့ ပြန်ဆု
ခဲ့ပါတော့သည်။

မောင်ဝဏ္ဏ ပြန်သွားသည်နှင့် တစ်ပြိုင်နက်တည်းမှာပင်
မားသည့် သစ်ပင်ကြီးတစ်ပင်၏ ပင်စည်နောက်ကွယ်မှနေ၍ ရုပ်ရှ
မျက်လုံးတစ်စုံက သူသွားရာနောက်သို့ ရှုးစိုက်ကြည့်နေသည်
မောင်ဝဏ္ဏတစ်ယောက် လုံးဝမသိလိုက်လေပြီတကား ... ။





# ၅

ကျွန်ုပ်သည် မောမောနှင့် ညတုန်းက အိပ်ပျော်သွားခဲ့ရာ နေ
အတော်မြင့်မှပင် နိုးလာတော့သည်။ မြစ်မြင်တောင်ခြေရှိ မိစ္ဆာစံအိမ်
နား၌တွင် ညဦးက တွေ့ဆုံခဲ့ရသည့် ဝိညာဉ်မိန်းမချောလေးကြောင့်
စိတ်ကသိကအောက်ဖြစ်ကာ တော်တော်နှင့် အိပ်မရခဲ့တဲ့ သန်းခေါင်
ကျော်၍ မိုးလင်းခါနီးမှသာလျှင် မှေးခနဲ အိပ်ပျော်ခဲ့လေသည်။ ထို့
ကြောင့်လည်း နေမြင့်မှ နိုးလာခြင်းပင်။

ကျွန်ုပ်လည်း မျက်နှာသစ်၊ ကိုယ်လက်သန့်စင်ပြီးသည်နှင့်
အဝတ်အစားတို့ကို လဲဝတ်ပြီး အိမ်ရှေ့သို့ ထွက်လာခဲ့သည်။ ကျွန်ုပ်ကို
မြင်သည်နှင့် ဦးလေးနှင့် ဦးရှုးစမ်းတို့က ပြိုင်တူပင် လှမ်းမေးလိုက်ကြ
လေသည်။

"ဘယ်လိုလဲ ငါ့တူ ... အိပ်မက်ထဲမှာ ကြပ်ပြီရှာသူအချောအလှ
လေးနဲ့ တွေ့နေရလို့ အိပ်ရာထနောက်ကျတာလားကွယ် ..."



www.burmeseclassic.com

www.burmeseclassic.com



"ကိုဒီပါရေ … ကျုပ်အထင်ပြောရရင် … ခင်ဗျားတူ မောင်ဝဏ္ဏ တစ်ယောက် ရွာက ကငေ ်မလေးနဲ့တွေ့တာ မဟုတ်ဘဲ … ဝိညာဉ် မိန်းမချောလေးနဲ့ အိပ်မက်ထဲမှာ တွေ့လို့နဲ့တူတယ်ဗျ …"

ကျွန်ုပ်၏စိတ်ထဲတွင် ဦးလေး၏စကားထက် ဦးရှုးစမ်း၏စကား ကြောင့် ထိတ်ခနဲ ဖြစ်သွားတော့သည်။ ကျွန်ုပ် ညက မိစ္ဆာစံအိမ်ဘက် သို့ တစ်ယောက်ထဲ ထွက်သွားခြင်းကို ဦးရှုးစမ်းတစ်ယောက်သိထား မည်ဟူသည့်အတွေးနှင့် သေသေချာချာ အကဲခတ်ကြည့်လိုက်သည်။ ပုဂ္ဂိုလ်ကြီးကလည်း … ကျွန်ုပ်ကိုပြန်၍ စူးစိုက်ကြည့်နေသည်။ သည် အကြည့်များထဲတွင် သူတစ်ပါးတို့ လျှို့ဝှက်ချက်ကို ထွင်းဖောက်သိ မြင်နိုင်သည့် စွမ်းအင်တို့ ပါဝင်နေမှန်း ကျွန်ုပ် ရိပ်စားမိလိုက်လေပြီ။ ထို့ကြောင့် ကျွန်ုပ်လည်း ကွယ်ဝှက်မထားတော့ဘဲ အမှန်အတိုင်း ဖွင့် ပြောရန် ဆုံးဖြတ်လိုက်ကာ သူတို့နှစ်ဦးနားသို့ သွားထိုင်လိုက်သည်။

ထိုင်မိသည်နှင့် ကျွန်ုပ်လည်း ညကကြုံခဲ့ရသည့်ဖြစ်စဉ်ကို အစ အဆုံး ပြန်ပြောပြလိုက်လေတော့သည်။

"ကျွန်တော်ကြုံခဲ့ရတာကတော့ အဲဒီအတိုင်းပါပဲ ခင်ဗျာ"

ဤတွင် ဦးလေးက သူ၏ယူဆချက်ကို ဆိုလာသည်။

"အင်း … မောင်ဝဏ္ဏ … ညတုန်းကတွေ့ခဲ့ရတဲ့ မိန်းကလေး ဟာ သာမန်ထက်ပိုပြီး ထူးခြားတာတော့ အမှန်ပဲ … ငါတူတွေ့ခဲ့တဲ့ အတိုင်းဆိုရင် ဝိညာဉ်ပဲဖြစ်လိမ့်မယ်လို့ ဦးလေးယူဆတယ် … ကိုရှုး စမ်းကကော ဘယ်လိုသဘောရသလဲ …"

"ကျုပ်က ဒီရွာကိုရောက်တာ မနေ့ကမှဆိုတော့ ခင်ဗျားတို့ ပြောတာ အိမ်မည်းကြီးဟုတ်လားဗျ …"

"ဟုတ်ပါတယ် ဦးလေး … ဒါက ဒီနယ်ကခေါ်ကြတာပါ …





ဦးလေးကတော့ ဂမ္ဘီရစံအိမ်လို့ခေါ်တယ် … ကျွန်တော်ကတော့ ညက ကိုယ်တွေ့မို့ မကောင်းဆိုးဝါးတွေ စုဝေးနေဟဲ့ ဒီစံအိမ်ကြီးကို မိစ္ဆာစံ အိမ်ကြီးလို့ အမည်သစ်ပေးလိုက်တယ် ခင်ဗျာ …"

"အင်း … အမည်နာမဆိုတာက ပညက်သဘောပါပဲ တူမောင် ရယ် အမြင်အရ မိစ္ဆာစံအိမ်လို့အမည်ပေးတာလည်းသဘာဝကျပါတယ်၊ ဦးလေးအနေနဲ့ကတော့ အခုအချိန်မှာ ဘာမှမပြောလိုသေးဘူး … ဒီစံ အိမ်အကြောင်းကို သိအောင်လေ့လာရဦးမယ် … ဒါထက် ကိုဒီပါ့ကို မေးပါရစေဦး … ဒီမိစ္ဆာစံအိမ်ကြီးထဲမှာ အခြားမိန်းကလေးတွေကော ရှိကြသေးလား …"

ဤတွင် ဦးရှုးစမ်း၏အမေးကို ဦးလေးက ချက်ချင်းပင် ပြန်ဖြေ လိုက်သည်။

"ရှိတယ် ကိုရှုးစမ်းရဲ့ … စံအိမ်ရှင် ဦးဒိဗ္ဗရဲ့ဇနီး ဒေါ်ကြာဖြူက ပါလာတဲ့ 'မြကေခိုင်'ခေါ်တဲ့ ကလေးမတစ်ယောက်ရှိတယ်၊ အသက် ကတော့ အလွန်ဆုံးရှိလှမှ နှစ်ဆယ်ကျော် အစိတ်လောက်ပဲရှိဦးမယ်၊ ပြီးတော့ သူ့မှာက ကာမပိုင်လင်ယောကျ်ားရှိတယ် … 'ဖားကန့်'ဘက် ကနေ ကျောက်အောင်ပြီးတော့ ပြန်ရောက်လာတာ တစ်လလောက် ပဲရှိသေးတယ် …"

"သြော် … ဟုတ်လား …"

ဦးရှုးစမ်းက ဦးလေး၏စကားကို အလိုက်သင့်ပြန်ထောက်ပေး ပြီးနောက် စဉ်းစားနေလေသည်။ ကျွန်ုပ်လည်း ညတုန်းက တွေ့ခဲ့ရ သည့် မိန်းမချောလေးမှာ ဝိညာဉ်မဟုတ်ဘဲ မြကေခိုင်များလားဟု စဉ်းစားလိုက်သေးသည်။ သို့သော် မည်သို့မျှ မဖြစ်နိုင်မှန်းလည်း ကျွန်ုပ် သဘောပေါက်ထားပြီးဖြစ်သည်။ သည်တွင် ဦးလေးက စကားဆက်၍



www.burmeseclassic.com

www.burmeseclassic.com



[illegible]သည်။

"ပြီးသော့ ... ထူးဆန်းတာတစ်ချက်ကို ပြောရဦးမယ် ... "

"ဘာများပါလိမ့် ကိုဒီပါ ... "

"ဒီမြကေခိုင်ဆိုတဲ့ ကလေးမဟာ လှသလောက်လည်း ဆိုရှယ် ကျလွန်းတယ်ဗျ ... မင်းတို့ခေတ်စကားနဲ့ ပြောမယ်ဆိုရင် တအား ခေတ်ဆန်တယ်လို့ဆိုရမယ် ... ခေတ်ဆန်တာတောင်မကပါဘူးဗျာ၊ ခေတ်ရှေ့ကိုတောင်မှ လွန်လွန်းနေတယ်လို့တောင်မှ ပြောလို့ရတယ်၊ ပိုပြီးထူးဆန်းတာက ဒီမိန်းကလေးဟာ စံအိမ်ကြီးကို သုတ်ထားတဲ့ အရောင်အတိုင်း နီညိုရောင်ကလွဲပြီး အခြားဘာအရောင်ကိုမှ မဝတ်ဘူး ဗျ ... "

"ဟုတ်လား ... သေချာရဲ့လားဗျာ ... "

"ဦးလေးပြောတာ တကယ်ပဲလား ... "

"သေချာပါတယ်ဗျာ ... ဘာဖြစ်လို့လဲဆိုတော့ သူတို့စံအိမ်က လူတွေဟာ ပတ်ဝန်းကျင်နှင့် ကင်းကွာပြီးနေကြပေမဲ့ မလွှဲမရှောင်သာ တဲ့ ကိစ္စတွေကျတော့ ပတ်သက်ရတာပဲလေ ... ဒီနယ် ဒီရွာသားတွေ ပဲ မဟုတ်လားဗျ၊ ဒီမိန်းကလေး မြကေခိုင်ဟာ ယခုလက်ရှိ ယောကျ်ား 'ကျော်ဇင်ညွန့်'နဲ့ လက်ထပ်တုန်းကတောင်မှ နီညိုရောင်ဝတ်စုံကိုပဲ ဝတ်ဆင်ခဲ့တယ် ... ပြီးတော့ အကြောင်းကိစ္စရှိလို့ သွားတဲ့လာတဲ့အခါ မှာလည်း ဒီနီညိုရောင်ကိုပဲ ဝတ်တတ်တယ် ... ဒါကို ဒီပတ်ဝန်းကျင် ကျေးရွာကလူတွေ ဘယ်သူ့မေးကြည့်ကြည့် သိကြပါတယ် ... "

"ဒီအတိုင်းဆိုရင် မောင်ဝဏ္ဏ ညကတွေ့ခဲ့ရတဲ့ မိန်းကလေးဟာ မြကေခိုင် မဟုတ်ဘူးလို့တော့ အကြမ်းဖျင်းကောက်ချက်ချလို့ရပြီပေါ့ ဗျာ ... "





ကျွန်ုပ် ညက မြင်ခဲ့ရသည်မှာ မြကေခိုင်ဆိုသည့် မိန်းကလေး [illegible]ဟုတ်မှန်း ပို၍သေချာသွားခဲ့လေပြီ။ ကျွန်ုပ်၏စိတ်တွင်လည်း ဝိညာဉ် [illegible]မှန်း အသေအချာ ယုံကြည်ခဲ့ပြီဖြစ်သည့်အတွက် ကျွန်ုပ်သိချင်သည့် [illegible]ကြောင်းကို ဦးရှူးစမ်းအား မေးကြည့်မိလိုက်လေတော့သည်။

"ဦးလေး ... ပရလောကသားတွေဖြစ်တဲ့ ပြိတ္တာတစ္ဆေသရဲတွေ [illegible]တ်သက်ပြီး ဘာဖြစ်လို့ တစ္ဆေခေါ်တယ်ကစပြီး ရာဇဝင်တွေမှာ [illegible]စ္ဆေနဲ့ ပတ်သက်တဲ့ ဖြစ်ရပ်တွေမရှိဘူးလား ခင်ဗျာ ... ရှိတယ်ဆိုရင် [illegible]ရစေ ... "

"ဘာကြောင့် အခုလိုမေးရတာလဲကွယ် ... ညတုန်းက ဝိညာဉ် [illegible]ကလေးကို မြင်ရတဲ့အတွက် မေးတာလား ... "

"ဒါကလည်း တစ်ကြောင်းပါပဲခင်ဗျာ ... ဒါထက်ပိုပြီး အဓိက [illegible]ာက ကျွန်တော်တို့လို ခေတ်ပညာတတ်တချို့လူငယ်တွေက [illegible]စ္ဆေသရဲရှိတယ်ဆိုတာ မယုံကြည်ကြဘူး ... ဒါကြောင့် မေးကြည့်ရ [illegible]ပါ ... "

ဤတွင် ဦးရှူးစမ်းက ကျွန်ုပ်၏အမေးကို သဘောကျသကဲ့သို့ [illegible]ကြီး စိုက်ကြည့်ကာ အောက်ပါအတိုင်း အဖြေပေးခဲ့ပါတော့သည်။

"အင်း ... မောင်ဝဏ္ဏမေးမယ်ဆိုလည်း မေးထိုက်ပါပေတယ်၊ [illegible]လောက ဝိညာဉ်ရှိမရှိဆိုတာ အနောက်တိုင်းက နိုင်ငံတွေမှာတော့ [illegible]သုတေသန' အသင်းတွေဖွဲ့ပြီး စနစ်တကျ ပညာရှင်တွေက [illegible]လာခဲ့ကြတယ်ဆိုတာကိုတော့ သိပြီးဖြစ်မှာပေါ့ ... "

"ဟုတ်ကဲ့ ... သိပါတယ် ခင်ဗျာ ... "

"တစ္ဆေသရဲဆိုတာ လူတိုင်းကြားဖူးကြတယ် ... မောင်ဝဏ္ဏ [illegible]ကိုယ်တွေ့ကြုံဘူးတဲ့လူတွေလည်းရှိကြတယ် ... အဲဒီမှာ ယုံတဲ့သူ



www.burmeseclassic.com

www.burmeseclassic.com



တွေလည်းရှိကြသလို မယုံတဲ့သူတွေလည်း အများကြီးပေါ့ကွယ် ... အဲ ... မယုံတဲ့သူတွေထဲမှာ မောင်ဝဏ္ဏပြောတဲ့ ခေတ်ပညာတတ်ဆို သူတွေက အများဆုံးပါပဲ ... ”

“ဟုတ်ပါတယ် ခင်ဗျာ ... ”

“ပြောရရင် တစ္ဆေဆိုတဲ့ ဝေါဟာရဟာ ‘တစ္ဆေတိ’ဆိုတဲ့ ပါဠိက ပြောင်းလဲလာတာဖြစ်ပြီး ကြောက်အောင်ခြောက်လှန့်တတ်တယ်လို့ အဓိပ္ပာယ်ရတယ် ... မြန်မာအဘိဓာန်ထဲမှာတော့ တစ္ဆေဆိုတာက သတ္တဝါတွေသေပြီးတော့ ဖြစ်တယ်ဆိုတဲ့ မကောင်းဆိုးဝါးလို့ အနက် ပေးထားတယ်ကွယ့် ... ဒီနေရာမှာ မင်းကွန်းအလယ်တောရဆရာ တော်ကမေးလို့ ‘မန်လည်ဆရာတော်’က ပြန်လည်ဖြေကြားထားတာ ကို ဗဟုသုတအနေနဲ့ ပြောရဦးမယ် ... ”

“အဲ ... အဲ ... လုပ်စမ်းပါဦး ကိုစူးစမ်းရယ် ... ကျုပ်လည်း စိတ်ဝင်စားလာပြီဗျ ... ”

ဦးလေးပင် မနေနိုင်တော့ဘဲ စကားဝိုင်းထဲသို့ ဝင်လာခဲ့သည်။

“အဲ့ဒီမှာ မင်းကွန်းအလယ်တောရဆရာတော်က ဘယ်လိုမေး ထားသလဲဆိုတော့ ...

(မေး) ပြောကြအင် လောကတွင် တစ္ဆေရှိသတဲ့။ ဆွေသ လား။ သိပါချင်၊ ရှိပါလျှင် တစ္ဆေဆိုတဲ့ သည်ပုဂ္ဂိုလ်ကောင်သရုပ် ကျမ်းအုပ်လို့ကြားတဲ့ဗျ ... ”

“စာချိုးနဲ့ပေကိုးဗျ ... ”

“ဟုတ်ပါတယ် ကိုဒီပါရေ ... အဲ့ဒီအခါမှာ မန်လည်ဆရာတော် ကြီးက ...

(ဖြေ) ပြောပြချင်၊ လောကတွင် တစ္ဆေရှိသည်ဟု၊ နှံ့သိ





ကြား၊ မျိုးတူဆွေသည် တစ္ဆေရှိမည် မဟုတ်ပါဘူး။ မြေဖုတ်ကို တစ္ဆေ ပြောကြတယ်၊ လောကလူများ ... လို့ ဖြေကြားတော်မူခဲ့တယ်ဗျ”

ဤတွင် ဦးလေးက ကောက်ချက်ချလိုက်လေသည်။

“ဒီဆရာတော်နှစ်ပါးရဲ့ အမေးအဖြေအရဆိုရင် တစ္ဆေဆိုတာ ဖုတ်ပြိတ္တာတွေကိုခေါ်တာလို့ မှတ်သားရမှာပဲ မဟုတ်လား”

“ဟုတ်ပါတယ် ကိုဒီပါ ... ”

“ဦးလေး ... မြန်မာရာဇဝင်ထဲမှာ တစ္ဆေသရဲတွေနဲ့ ပတ်သက် တဲ့ ဖြစ်ရပ်တွေရှိရင် ပြောပြပါဦး ခင်ဗျာ ... ”

“ပြောရရင် မှန်နန်းရာဇဝင်လို အချို့ရာဇဝင်မှတ်တမ်းတွေမှာ တစ္ဆေသရဲနဲ့ ပတ်သက်တဲ့ ဖြစ်ရပ်ဆန်းတွေ ဖော်ပြထားတာ တွေ့ရ တယ် ... သက္ကရာဇ်(၄၅၆)ခု အလောင်းစည်သူမင်းတရားကြီးလက် ထက်မှာ သူပုန်တစ်ရာကျော်တို့ဟာ ရွှေနန်းတော်ကို သိမ်းပိုက်ဖို့ ဝင် ရောက်တိုက်ခိုက်ကြတဲ့အခါ အတွင်းတော်သားတွေနဲ့ စစ်သည်ရဲမက် တွေနဲ့ ပြန်လည်တိုက်ထုတ်ပြီး သုတ်သင်ရှင်းလင်းခဲ့ရတယ်၊ နန်းပလ္လင် အနီးမှာ သေဆုံးခဲ့တဲ့ သူပုန်ဗိုလ်သုံးဦးနဲ့ အခြားသူပုန်တွေဟာ ညဥ့် အခါကျတော့ ကိုယ်ထင်ပြပြီး ခြောက်ကြတယ်တဲ့ကွယ် ... ”

“ဩော် ... ဒီလိုဖြစ်ရပ်ဆန်းတွေလည်း ရှိတာပါပဲလား ... ကျုပ် တော့ အခုကို စူးစမ်းပြောပြမှာပဲ ကြားဖူးတော့တယ်ဗျာ ... ”

“မှတ်သားမိတာလေးတွေကို ဖောက်သည်ချရတာပါဗျာ ... တစ်ခါ ... အင်းဝမင်းရဲ့ကျော်ထင်လက်ထက် သက္ကရာဇ်(၁၀၃၄)ခုနှစ် မှာ ရွှေနန်းတော်ကို သူပုန်များ ဝင်စီးခဲ့သေးတယ် ... အဲ့ဒီမှာ အကျ အဆုံးများစွာနဲ့ ဆုတ်ပြေးခဲ့ရတယ်တဲ့ ... အဲ ... နောက်တော့ သူပုန် တစ္ဆေတွေဟာ ကိုယ်ထင်ပြတယ် ... ခြောက်တယ် ... အသံကျယ်ကြီး

www.burmeseclassic.com



နဲ့ ရယ်ကြတယ် ... သစ်သီးသစ်ပွင့်၊ ခဲ၊ အုတ်တွေနဲ့ ပစ်ခတ်ကြတယ်
တဲ့ ... ဒီကိစ္စကို 'နတ်စက်ရောင်' ဆရာတော်နဲ့ 'ရေနဲဘုန်းတော်ကြီး'
တို့က ကုသစီရင်မှပဲ ပျောက်ကင်းသွားတယ်လို့ ဆိုတယ်ဗျ ... "

"တော်တော်ဆိုးတဲ့ သရဲတစ္ဆေတွေပါလား ဦးလေးရယ်"

ဦးစူးဝမ်းက ဘာမှပြန်မပြောဘဲ ရေနွေးကြမ်းတစ်ခွက်ကို ငှဲ့ပြီး
သောက်လိုက်သည်။ ပြီးမှ မဆုံးသေးသည့် သူ့စကားကို ဆက်၍ပြော
လာပြန်သည်။

"မန္တလေး ရတနာပုံပြည့်ရှင် 'မင်းတုန်းမင်းကြီး' လက်ထက်မှာ
'မင်းကြီးမဟာဓေယျသင်္ခယာ' ဘွဲ့ခံ အတွင်းဝန်မင်း ဦးချိန်ဟာ ပိဋ
ကတ်ကျမ်းဂန်၊ မဟာဝင်ဒီပဝင်တွေကို အကိုးအကားပြုပြီးတော့
'တဗ္ဗုတ္တဒီပနီ' အမည်ရှိတဲ့ ကျမ်းတစ်ကျမ်းကို ပြုစုစီရင်ခဲ့တယ်၊ မြန်မာ
လိုပြန်မယ်ဆိုရင် 'တဗ္ဗုတ္တဒီပနီ' ဆိုတာ 'တစ္ဆေအလင်းပြကျမ်း' အဓိပ္ပာယ်
ရတယ်ဗျ ... "

"အဲ့ဒီမှာက တစ္ဆေသရဲတွေနဲ့ ပတ်သက်တဲ့ ဖြစ်ရပ်တွေ ပိုပြီး
မှာပေါ့နော် ... "

"ဟုတ်တယ် ... အဲဒီမှာ ဘာတွေ့ရသလဲလို့ဆိုတော့ ပုဂံပြည့်
ရှင် 'စလေမင်းခွေး' နတ်ရွာစံခါနီးမှာ နန်းတော်ရင်ပြင်ထဲကနေ ဘီလူး
တစ္ဆေ ကိုယ်ထင်ပြတာကို ကိုယ်တော်တိုင် မြင်လိုက်ရတယ်တဲ့ဗျ"

"တော်တော်ဆန်းကြယ်ပါလား ဦးလေးရယ် ... "

"ဟုတ်တယ်ကွယ့် ... ပြီးတော့ ပုဂံပြည့်ရှင်ဖြစ်တဲ့ 'ညောင်ဦး
စောရဟန်းမင်း' ဟာလည်း နတ်ရွာစံခါနီးမှာ ဘီလူးတစ္ဆေတွေ ကိုယ်
ထင်ပြပြီး ခြိမ်းခြောက်တာကို ခံခဲ့ရသေးတယ်တဲ့ ... ပုဂံကျည်စိုး
လက်ထက်မှာလည်း ဒီအတိုင်းပဲဖြစ်ခဲ့တယ် ... ပြီးတော့ ကျန်စစ်သား





ကြီး နတ်ရွာမစံမီရက်အနည်းငယ်အလိုလောက်မှာလည်း ရွှေနန်းတော်
ပြာသာဒ်ထက်မှာ ဘီလူးတစ္ဆေသုံးကောင် ကိုယ်ထင်ပြတာကို တွေ့
မြင်ရတဲ့အကြောင်း အဲ့ဒီကျမ်းမှာပဲ ဖော်ပြထားပြန်တယ် ... "

ဤတွင် ဦးလေးက စကားဝင်ထောက်၍ မှတ်ချက်ပေးလာ
ပြန်သည်။

"အင်း ... ဒီအကြောင်းတွေကို လေ့သင်းအတွင်းဝန်မင်းက
စာနဲ့ ပေနဲ့ ရေးမှတ်ထားခဲ့လို့သာ သိရတာပဲ ... နို့မို့ဆို ဘယ်သူမှ သိ
ကြမှာ မဟုတ်ဘူး ... "

ဤသို့ ကျွန်ုပ်တို့သုံးယောက် စကားကောင်းနေဆဲမှာပင် အိမ်
ရှေ့ခြံပေါက်ဝမှ ဦးလေးကို ခေါ်သံကြားလိုက်ရသည့်အတွက် ကျွန်ုပ်
တို့သုံးဦးစလုံး လှမ်းကြည့်လိုက်ရာ ဦးလေးနှင့် သက်တူရွယ်တူ ခြောက်
ဆယ်ဝန်းကျင်ခန့်ရှိမည့် လူကြီးတစ်ဦး ပုဆိုးခေါင်းပေါင်းနှင့် တက်လာ
သည်ကို တွေ့လိုက်ရသည်။

"လာ ... လာ ... လာဗျ ... ကိုပန်းအောင် ... "

"ဆရာဦးဒီပါအိမ်မှာ ဧည့်သည်တွေရောက်နေတယ်ကြားရလို့
အကူအညီများ လိုမလားဆိုပြီး လာခဲ့တာပါ ... "

"ထိုင်ပါဗျာ ... ကျေးဇူးပါပဲ ... ဟောဒါက ကျွန်တော့်ရဲ့တူ
အောင်ဝဏ္ဏတဲ့ ... ရန်ကုန်ကပါပဲ၊ ဒီဘက်ကပုဂ္ဂိုလ်ကတော့ ကျွန်တော့်
မိတ်ဆွေ ဦးစူးစမ်းလို့ခေါ်တယ် ... အဲ ... အခုလာတဲ့ ပုဂ္ဂိုလ်ကတော့
ရွာထိပ်က ဝင်ဝင်ချင်းတွေ့ရတဲ့ ဆန်စက်ပိုင်ရှင်ပါပဲ ... ကိုပန်းအောင်
လို့ခေါ်တယ် ... "

"တွေ့ရတာ ဝမ်းသာပါတယ် ... "

"ကျွန်တော့်ကို ကိုယ့်တူသားလိုပဲ မှတ်ပါခင်ဗျာ ... "



www.burmeseclassic.com

www.burmeseclassic.com



"ကျွန်တော့်ဘက်ကလည်း ကူညီစရာရှိရင် အချိန်မရွေးပြော
ဗျာ … အားမနာပါနဲ့ … ဒီက မောင်ရင်ကိုတော့ တစ်ခါနှစ်ခါလော
မြင်ဖူးပါတယ် … ဒီကဆရာကြီးနဲ့ကတော့ အခုမှပဲ သိရတာပါ …

"သြော် … ဟုတ်ကဲ့ … အခုမှတွေ့ရပေမဲ့ မိတ်ဆွေရင်းလို
မှတ်ပါဗျာ … "

"ဝမ်းသာလှပါရဲ့ဗျာ … ဆရာတို့လို ပုဂ္ဂိုလ်တွေရဲ့ မိတ်
ဖြစ်ခွင့်ရတာ ကျွန်တော်တို့အတွက်တော့ ဂုဏ်တက်ပါတယ်ဗျာ …
ကျွန်တော် ကိစ္စရှိလို့ ပြန်လိုက်ပါဦးမယ် ဆရာဦးဒီပါ … "

"ကောင်းပါပြီ ကိုပန်းအောင်ရယ် … "

ရောက်လာသည့်ဧည့်သည်ကား နှုတ်ဆက်ပြန်သွားတော့သ
ဦးစူးစမ်းက မဆုံးသေးသည့် စကားကို ဆက်ပြောလာပြန်သည်။

"ရတနာသိယ်' ကုန်းဘောင်ပြည့်ရှင် 'နောင်တော်ကြီး
လက်ထက်မှာ အမှုတော်ထမ်းဖြစ်တဲ့ 'ဘေတ်ချောင်းဗိုလ်' 'ဥဒိ
ခေါင်'ဟာ ဇင်းမယ်ပုန်ကန်တဲ့အရေးကို သွားရောက်နှိမ်နင်းစဉ် တို
ကျပြီး တစ္ဆေဖြစ်ခဲ့တယ်တဲ့ … အဲဒီမှာ ထူးဆန်းတာက ဘေတ်ချေ
ဗိုလ်ဟာ တစ္ဆေဘဝနဲ့ မင်းကြီးရဲ့အမှုတော်ကို ဆက်လက်ပြီး ထမ်း
ခွင့်ပြုဖို့ တောင်းဆိုခဲ့တယ်ဗျ … "

"ဟာ … အံ့သြစရာပါလားဗျာ … တစ္ဆေအဝနဲ့တောင်မှ အ
တာဝန် တိုင်းပြည်တာဝန် ထမ်းဆောင်ချင်တဲ့စိတ်ဓာတ်ဟာ အာ
ဓာတ်ပဲဗျို့ … "

"အဲဒီအခါ မင်းတရားကြီးကလည်း ခွင့်ပြုတော်မူခဲ့လို့ အမှု
ကို ကျေပွန်… ထမ်းဆောင်ခဲ့တယ် … ဒါကြောင့် တစ္ဆေဘဝ
တံဆိပ်တော်တွေတောင်မှ ချီးမြှင့်ခံခဲ့ရသေးတယ်တဲ့ဗျာ … "

"အံ့သြစရာပါပဲ ဦးလေးရယ် … "

ဤတွင် ဦးစူးစမ်းက စကားကို ခေတ္တဖြတ်ကာ ကွမ်းတစ်ယာ
…ယာ၍ မြုံထားလိုက်ပြန်သည်။ ပြီးမှ စကားကို ဆက်ပြောလာသည်။
…နှပ်တို့နှစ်ဦးသည်လည်း ဦးစူးစမ်းထံမှ စကားကို စိတ်ဝင်စားစွာဖြင့်
…းစွင့်ထားလိုက်ကြလေသည်။

"အခုပြောပြမဲ့ အဖြစ်အပျက်ကတော့ ပိုပြီးဆန်းကြယ်တယ်ဗျ"

"ဒါဆို မြန်မြန်ပြောစမ်းပါဗျာ … "

"ဟုတ်ပါတယ် ခင်ဗျာ … "

"ပြောပါ့မယ်ဗျာ … ဒီလိုဗျ … အလောင်းမင်းတရားလက်
…က်တော်ကပေါ့ဗျာ … 'တပယင်း' (ဒီပဲရင်း)နယ် 'ဥသျှစ်ကုန်း'ရွာ
…း 'ငချမ်းကောင်း' ဆိုတဲ့လူတစ်ယောက်ဟာ အရမ်းသတ္တိကောင်း
…ကြောက်စိတ်လည်း တစ်စက်မှမရှိဘူးတဲ့ … တစ်ည ညဉ့်ဦးယံ
…ာက်မှာ ရွာကနေ နှစ်တိုင်လောက်ဝေးတဲ့ လယ်တဲကနေပြီးတော့
…ဲရှိ အိမ်ကို အမဲလိုက်ခွေးနှစ်ကောင် အဖော်ပြုပြီး ပြန်လာခဲ့ကြ
…ယ် … လမ်းတစ်ဝက်ရောက်တော့ ရေအိုင်ကြီးနားက ညောင်ပင်
… တစ္ဆေဟာ အသွင်အမျိုးမျိုးနဲ့ ခြောက်တယ်ဆိုပဲ … "

"အဲဒီ ငချမ်းကောင်းက မကြောက်ဘူးလားဗျ … "

"မကြောက်ဘူးဗျို့ … ငချမ်းကောင်းနဲ့ တောလိုက်ခွေးဟာ
…ဆ္ဆေကို လိုက်ပြီးတိုက်ခိုက်ကြတယ်ဆိုပဲဗျ … ငချမ်းကောင်းနဲ့ ခွေး
…ကောင်ကလည်း တစ္ဆေကို မမီမချင်း လိုက်ဖမ်းကြတယ် … နောက်
… ပုစွန်တွင်းထဲကို ဝင်ပြေးမှန်းသိတော့ တူးကြပါလေရော … အဲဒီ
…ကြောက်လွန်းလို့ ဝပ်ခွေနေတဲ့ ပုတ်သင်ကြီးတစ်ကောင်ကို တွေ့
…တဲ့ … အဲဒါနဲ့ပဲ ငချမ်းကောင်းဟာ ပုတ်သင်ကို မီးဖုတ်ပြီးတော့



www.burmeseclassic.com

www.burmeseclassic.com



ထန်းရေခါးနဲ့ မြည်းစားပစ်လိုက်တယ် ... "

"အာဂသတ္တိပါပဲဗျာ ... "

"ဟုတ်ပါရဲ့ ဦးလေးရယ် ... "

ကျွန်ုပ်တို့နှစ်ယောက်စလုံး တစ္ဆေကို မီးဖုတ်စားရဲသည့် ချမ်းကောင်း၏ သတ္တိကို သဘောကျမိကြလေသည်။ ဦးစူးစမ်း ထပ်ပြော လာသည့်စကားကို ကြားရသည့်အခါတွင်ကား ပို၍ အံ့အားသင့်ရပြန် တော့သည်။

"ချမ်းကောင်း ထန်းရေသောက်ခဲ့တဲ့ ထန်းတဲက ထန်းရည် သည်မမှာ ကိုယ်ဝန်ရှိလာတယ် ... မွေးလာတဲ့ကလေးဟာ ချမ်း ကောင်းကိုတွေ့တိုင်း ငိုတယ်တဲ့ဗျ ... "

"ဟင် ... ဘာကြောင့်ငိုတာလဲဗျ ... "

"ပြောမယ်လေဗျာ ... မိဘတွေက ကလေးကို ချော့မော့ပြီး မေးကြတော့ ကလေးက ပြောပြတယ် ... ငါ့ကို မီးဖုတ်ပြီး ထန်းရေ ခါးနဲ့ မြည်းတဲ့လူ အဲဒီလူကို ကြောက်တယ်တဲ့ဗျာ ... "

"ဆန်းကြယ်လိုက်ပါဘိဗျာ ... "

"ကြောက်လည်းကြောက်စရာပါပဲ ဦးလေးရယ် ... ဒါနဲ့ ညော ပင်က တစ္ဆေက ဘာကြောင့် ပုတ်သင်ဖြစ်သွားတာလဲဟင် ဦးလေး

"အင်း ... ဒီအမေးကို ဖြေရရင် 'မိလန္ဒပဉှာ'ကျမ်းထဲမှာ ဘီလူး တစ္ဆေ၊ ပြိတ္တာတွေ သေဆုံးတဲ့အခါ သမင်၊ ဒရယ်၊ စိုင်၊ ဆတ်၊ ပု ပတတ်၊ ပုတ်သင်၊ မြွေ၊ ဖား၊ ပေါက်ဖတ်၊ ပိုးနံ့ကောင် အသွင်ပြော ပြီး သေဆုံးကြတယ်လို့ ဖော်ပြထားတယ် ... ကိုင်း ... ဒီလောက် ရင် မောင်ဝဏ္ဏ သိချင်တဲ့ကိစ္စလည်း ရှင်းလောက်ပါပြီကွယ် ... "

"ဟုတ်ကဲ့ ... ရှင်းပါပြီ ဦးလေးရယ် ... "





ဦးစူးစမ်း ရှင်းပြသည့်အတွက် ပရလောကသားများအကြောင်း ကို ပြည့်ပြည့်စုံစုံ သိခဲ့သည်နှင့်အမျှ ညကတွေ့ခဲ့ရသည့် မိန်းမချောလေး ကို ဝိညာဉ်ဟု ထင်မှတ်ယုံကြည်သည့်စိတ်များက ကျွန်ုပ်၏ရင်ထဲတွင် ပို၍သာ ခိုင်မာလာခဲ့ပါတော့သည်။

www.burmeseclassic.com






ကျွန်ုပ်သည် သည်ရက်ထဲတွင် တစ်ယောက်ထဲ အိမ်မှာ အထီးကျန်စွာ နေခဲ့ရလေသည်။ အကြောင်းကား ဦးလေးဖြစ်သူ ဦးဒီပါနှင့် ဦးစုးစမ်းတို့ မိတ်ဆွေနှစ်ဦးသည် ဖျဉ်းမနား 'ဓမ္မတောင်တော်မြတ်' သို့ ဂန္ဓာရီ ခရီးထွက်သွားခြင်းကြောင့်ပင်ဖြစ်သည်။

ထို့ပြင် ၎င်းတို့နှစ်ဦးသည် လေးဆယ့်ငါးရက် အဓိဋ္ဌာန်စခန်း ဝင်ကြပေဦးမည်။ ဦးလေးကလည်း သည်တစ်လခွဲအတွင်း အိမ်ကို စောင့်ရှောက်ပြီး နေခဲ့ဖို့အကြောင်းနှင့် သူပြန်လာမှ ရန်ကုန်ပြန်ရမည်ဟု တစ်ချက်လွှတ် အမိန့်ထုတ်ထားသောကြောင့် ကျွန်ုပ်မှာ မတတ်သာသော်လည်း ဦးလေး၏သြဝါဒကို မလွန်ဆန်ဝံ့သဖြင့်သာ နေခဲ့ရခြင်းဖြစ်သည်။





ဤရက်များကို ကျွန်ုပ် မည်သို့အကျိုးရှိအောင် အသုံးချရပါမည်နည်းဟု အဖြေရှာနေမိသည်။ ဤတွင် ကျွန်ုပ်၏ဦးခေါင်းထဲသို့ အကြံတစ်ချက်က လက်ခနဲ ဝင်ရောက်လာသည်။ သည်အကြံကား အခြားမဟုတ်။ ကျွန်ုပ်သိချင်သည့် မိစ္ဆာအိမ်၏ လျှို့ဝှက်ချက်ကို စူးစမ်းလေ့လာရန်ပင်ဖြစ်သည်။ ဤသို့ စူးစမ်းလေ့လာနိုင်ရန်အတွက်လည်း ကျွန်ုပ်တွင် အချိန်အားဖို့လိုလှသည်။ ထို့ကြောင့် ကျွန်ုပ်နှင့်အတူ ချက်ရေးပြုတ်ရေးအစရှိသည့် အိမ်မှုကိစ္စတွေကို ဝိုင်းဝန်းကူညီဆောင်ရွက်နိုင်မည့် အဖော်လူငယ်တစ်ယောက်ကို ရှာရပေမည်။

ထို့ကြောင့် ကျွန်ုပ်လည်း ရွာထိပ်မှ ဆန်စက်ပိုင်ရှင် ဦးပန်းအောင်ကို ဖွင့်ပြောပြီး အကူအညီတောင်းလိုက်သည်။

"ကူညီရမှာပေါ့ ငါ့တူရယ် ... ဦးလေးတို့က ရွာခံတွေ ... ငါ့တူက ဧည့်သည်မဟုတ်လား ... ပြီးတော့ ဆရာဦးဒီပါရဲ့မျက်နှာကလည်း ရှိတယ်လေ ... "

ဦးပန်းအောင်က ကျွန်ုပ်ကို ဤသို့ပြောဆိုပြီးသည်နှင့် စက်ထဲတွင် စပါးများကို ချင်တွယ်နေသည့် လူငယ်လေးတစ်ယောက်ကို လှမ်းခေါ်လိုက်သည်။ လူငယ်၏အသက်က ဆယ့်ခြောက်ဆယ့်ခုနစ်နှစ်လောက်ပဲ ရှိဦးမည်ဖြစ်သည်။

"ဖိုးလုံး ... ဖိုးလုံးရေ ... ဒီကိုလာပါဦးကွာ ... "

"ဟုတ်ကဲ့ ... ဦးလေး လာပါပြီ ခင်ဗျာ ... "

"မင်း အခုအချိန်ကစပြီး မောင်ဝဏ္ဏရဲ့တပည့်ဖြစ်သွားပြီ ... စက်မှာ လုပ်စရာမလိုတော့ဘူး ... သူက မင်းကို လခအနေနဲ့ ကြည့်ပြီးပေးလိမ့်မယ် ... ကြားလား ... "

"ကြားပါတယ် ဦးလေး ... "



www.burmeseclassic.com

www.burmeseclassic.com



"ကိုင်း ... ဒါဆို မောင်ဝဏ္ဏနဲ့ လိုက်သွားပေတော့ ..."

"ဟုတ်ကဲ့ ဦးလေး ..."

ကျွန်ုပ်ကား ချက်ချင်းလက်ငင်းပင် တပည့်တစ်ယောက်ကို ရရှိခဲ့လေသည်။ မည်သို့ပင်ဖြစ်စေ တစ်လခွဲအတွင်း ကျွန်ုပ်အတွက် အားကိုးရမည့်အဖော်တစ်ဦးကားရခဲ့ပြီ ... အနည်းဆုံး အိမ်မှုကိစ္စမှာတော့ အားကိုးရမှာက သေချာသည်။

ကျွန်ုပ်လည်း ကူဖော်လောင်ဘက်တစ်ယောက်ရပြီဖြစ်သောကြောင့် မိစ္ဆာစံအိမ်နှင့် ပတ်သက်၍ မကြာခင်ရက်အတွင်းမှာပင် စတင်စူးစမ်းလေ့လာမည်ဟုလည်း ဆုံးဖြတ်ထားပြီးလေပြီ။ အဘယ့်ကြောင့်ဆိုသော် မိစ္ဆာအိမ်နှင့် အဓိကပတ်သက်နေသည့် သတင်းက နောက်တစ်နေ့မနက်မှာပင် ကြားသိခဲ့ရသောကြောင့်ပင်ဖြစ်သည်။

ကြားရသည့်သတင်းကား ကျွန်ုပ်နှင့်တကွ လူအများ မည်သို့မျှ မျှော်လင့်မထားခဲ့သည့် သတင်းပင်ဖြစ်သည်။ အဓိသတင်းကို သယ်ဆောင်လာခဲ့သူကလည်း ကျွန်ုပ်၏တပည့်ကျော် ဖိုးလုံးဖြစ်သည်။ အချိန်က နံနက်ရှစ်နာရီသာသာလောက်ပဲရှိသေးသည်။ ဖိုးလုံးတစ်ယောက် ရွာထဲမှ ဈေးကြီးသုတ်ပျာ အမူအရာမျိုးနှင့် ပြန်လာသည်ကို အိမ်ထဲမှနေ၍ ကျွန်ုပ်မြင်လိုက်ရသည်။ ထို့ကြောင့် ဖိုးလုံးကို လှမ်းပြီး မေးလိုက်ရသည်။

"ဟကောင် ဖိုးလုံး ... ဘယ်လိုဖြစ်နေတာလဲ ... ဖြည်းဖြည်းလာလည်း ရပါတယ်ကွာ ... ချက်ဖို့ပြုတ်ဖို့ အစောကြီးရှိပါသေးတယ် မင်းလာတဲ့ပုံက နောက်က ကျားလိုက်လာတဲ့အတိုင်းပါပဲလား"

"နောက်က ကျားလိုက်လာတာထက် ဆိုးတယ် အစ်ကိုရေ ဆိုးတယ်ဗျ ..."





"နေစမ်းပါဦး ... မင်း ဘာဖြစ်လာလို့လဲ ... မင်းစကားက အဆန်းပါလားကွ ..."

"ကျွန်တော်ဖြစ်တာ မဟုတ်ဘူး အစ်ကိုရေ ... အစ်ကို အရမ်းစိတ်ဝင်စားနေတယ်ဆိုတဲ့ အိမ်မည်းကြီးမှာ ဖြစ်တာဗျ ..."

ကျွန်ုပ်လည်း အိမ်မည်းကြီးဆိုသည့်စကားကြောင့် အလောတကြီးပင် ပြန်မေးလိုက်ရသည်။

"အိမ်မည်းကြီးမှာ ဟုတ်လားကွ ... ဘာဖြစ်တာလဲ ... မြန်မြန်ပြောစမ်းကွာ ..."

"ရှိညိုရောင်အမြဲတမ်းဝတ်တဲ့ ... မမြကေခိုင်ရဲ့ယောကျ်ား 'ကိုကျော်ဇင်ညွန့်' အသတ်ခံရလို့တဲ့ အစ်ကိုရေ ..."

"ဘာ ... ဘယ်လို ... ဘယ်လို ... မိစ္ဆာစံအိမ်က 'ကျော်ဇင်ညွန့်' အသတ်ခံရလို့ ဟုတ်လား ဖိုးလုံး ... မင်းဥစ္စာက သေချာလို့လားကွာ"

"သေချာပါတယ် အစ်ကိုရို ... သက်ဆိုင်ရာလူကြီးတွေတောင်မှ သွားကြပြီ ... အခု ရွာထဲမှာလည်း လူတွေအားလုံး ဒီအကြောင်းပဲ ပြောနေကြတယ်ဗျာ ..."

"ဟုတ်လား ... အလောင်းကို ဘယ်မှာတွေ့တာလဲ ဖိုးလုံး"

"တွေ့တဲ့နေရာက အိမ်မည်းကြီးနဲ့ တော်တော်လှမ်းတယ် အစ်ကို ... မြစ်မြင်တောင်ရဲ့ မြောက်ဘက်တောင်ကုန်းကျောအောက်ဘက်မှာ မီးသွေးဖုတ်တဲ့ ကျင်းဟောင်းကြီးတစ်လုံးရှိတယ် ... အဲဒီကျင်းထဲမှာ ကိုကျော်ဇင်ညွန့်ရဲ့အလောင်းကို နွားကျောင်းသားလေးတွေက အမှတ်မထင်တွေ့ခဲ့ကြတာတဲ့ဗျ ..."

ကျွန်ုပ်တို့နှစ်ဦး ဤသို့ စကားပြောဆိုနေစဉ်မှာပင် ရဲအရာရှိတစ်ဦး၏ဆိုင်ကယ် အိမ်ရှေ့မှ ဖြတ်မောင်းသွားသည်ကို တွေ့လိုက်ရ



www.burmeseclassic.com

www.burmeseclassic.com



သည် ကျွန်ုပ်လည်း အခင်းဖြစ်သည့်နေရာသို့ သွားကြည့်ချင်သည့်စိတ်က ပေါ်လာသောကြောင့် ဖိုးလုံးကို မှာစရာရှိတာ မှာကြားကာ အိမ်မှ ထွက်လာခဲ့သည်။ ကျွန်ုပ်လည်း ဆန်စက်ရှိရာသို့လာခဲ့သည်။

"အလို ... မောင်ဝဏ္ဏပါလား ... ဘာလဲ ... ဟိုသတင်းကြားလို့ လာမေးတာလား ..."

"လာမေးတယ်ဆိုတာထက် အဲဒီအခင်းဖြစ်တဲ့နေရာကို သွားချင်လို့ ဦးလေးရေ ... အဲဒါ ..."

"သိပြီ ... သိပြီ ... စီးတော်ယာဉ်လိုတယ်ဆိုပါတော့ ဟုတ်လား ငါ့တူ ..."

"ဟုတ်ပါတယ် ဦးလေး ..."

"ရပါတယ်ကွ ... ဦးလေး ဆိုင်ကယ်ယူသွားပေါ့ ..."

ဦးပန်းအောင်က ပြောပြောဆိုဆိုပင် အံဆွဲထဲမှ ဆိုင်ကယ်သော့ကိုယူပြီး ပေးလေသည်။ ဆိုင်ကယ်ကား စပါးကိုထောင်ရှေ့တွင် ရပ်လျက်သားရှိနေသည်။ ကြည့်ရသည်မှာ ဦးပန်းအောင်၏ဆိုင်ကယ်ကား နားရဟန်မတူချေ။ ရှေ့ဘီးနောက်ဘီးနှစ်ဘက်နှင့် အင်ဂျင်အုံတွင်ပင် ရွှံ့များပေကျံနေသည်ကို တွေ့ရသည်။

ကျွန်ုပ်လည်း ဆိုင်ကယ်ပေါ်တက်ခွပြီး စက်နှိုးလိုက်သည်။ ဆိုင်ကယ်အမျိုးအစားက တရုတ်လုပ် 'ကမ်ဘို' အမျိုးအစားဖြစ်ပြီး '၂၀၀၆' မော်ဒယ်ဖြစ်သည်။ ကျွန်ုပ်လည်း ဆိုင်ကယ်ကိုခွကာ ခြေတစ်ဘက်ထောက်ထားရင်းက ဦးပန်းအောင်ကို မေးကြည့်လိုက်သည်။

"ဦးလေးကော မလိုက်ဘူးလား ..."

"အေးကွာ ... အစကတော့ သွားမလို့ဘဲ မောင်ဝဏ္ဏ ... အခုတော့ လိုက်လို့မဖြစ်တော့ဘူးလေ ... စပါးဝယ်မဲ့သူတွေ ရောက်လာ





ကြလို့ မလိုက်တော့ပါဘူး ငါ့တူရယ် ..."

"ဒါဆို ကျွန်တော် သွားဦးမယ် ဦးလေး ..."

ကျွန်ုပ်လည်း ရွာထိပ်မှနေ၍ နောက်ကြောင်းသို့ ပြန်မောင်းလာခဲ့သည်။ ရွာလမ်းကား မြေနီလမ်းဖြစ်သည်။ ကျွန်ုပ်နှင့် မျက်မှန်းတန်းမိနေကြပြီဖြစ်သည့် ရွာသူရွာသားများက ဟိုမှသည်မှ ဝိုင်း၍ နှုတ်ဆက်ကြသည်။ ကျွန်ုပ်ကား ရွာထဲတွင်ဖြစ်သည့်အတွက် ဆိုင်ကယ်ကို ပုံမှန်နှုန်းဖြင့်သာ စီးလာခြင်းဖြစ်သည်။ ဤသို့ဖြင့် ကျွန်ုပ်နေသည့် ကြပ်ပြီရွာကို လွန်လာခဲ့ပြီး 'ရှားဇီးဘို'ရွာထဲသို့ ရောက်လာခဲ့သည်။

ကျွန်ုပ်သည် မလာမီကတည်းကပင် ဦးပန်းအောင်ထံတွင် သွားရမည့်လမ်းကို မေးမြန်းထားခဲ့သည့်အတွက် အခက်အခဲမရှိလှပေ။ သို့သော် 'ရှားဇီးဘို'ရွာ ဆုံးသည်နှင့် ဆိုင်ကယ်နှင့်သွား၍ မဖြစ်သည့်အတွက် ရွာအနောက်ပိုင်းရှိ အိမ်တစ်အိမ်သို့ဝင်ပြီး ဆိုင်ကယ်အပ်နှံကာ အခင်းဖြစ်သည့်နေရာသို့ ခြေလျင်ပင် လျှောက်လာခဲ့လေသည်။

လမ်းတွင် အခင်းဖြစ်သည့်နေရာသို့ သွားကြည့်မည့် နယ်ခံလူတစ်ယောက်နှင့် တွေ့ရ၏။ ကျွန်ုပ်အဖို့ ပို၍အဆင်ပြေသွားခဲ့သည်။ ရွာခံအစ်ကိုကြီးကပင် မေးမြန်းလာသည်။ သူ့အသက်က လေးဆယ်လောက်ရှိမည်ဟု ခန့်မှန်းရသည်။

"ညီလေးက ရန်ကုန်ကရောက်လာတဲ့ ဆရာကြီးဦးဒီပါရဲ့တူဆိုတာလား ..."

"ဟုတ်ပါတယ် အစ်ကို ..."

"တွေ့ရတာ ဝမ်းသာပါတယ်ကွာ ... အစ်ကို့နာမည်က မြင့်အောင်လို့ခေါ်တယ် ... ဒီရှားဇီးဘိုရွာကပါပဲ ... ဘယ်သူ့မေးမေးသိတယ် ..."



www.burmeseclassic.com

www.burmeseclassic.com



"ကျွန်တော့်နာမည်က ဝဏ္ဏလို့ခေါ်ပါတယ် ... "

"ညီးလေးဝဏ္ဏက ထူးခြားဆန်းကြယ်တဲ့ ကိစ္စတွေကို ဝါသနာပါတယ်လို့ ကြားရတယ် ... "

"ဟုတ်ပါတယ် အစ်ကို ... "

ကျွန်ုပ်တို့နှစ်ဦး လမ်းလျှောက်ရင်းက စကားပြောလာကြခြင်းပင်။ တဖြည်းဖြည်းနှင့် မြေပြင်က နိမ့်ရာမှ မြင့်လာမှန်း သတိပြုမိလိုက်သည်။ အတော်လှမ်းလှမ်းတွင် တောင်ကုန်းလေးတစ်ကုန်းကို တွေ့ရသည်။ ကျွန်ုပ်တို့နှစ်ဦးသည် တောင်ကုန်းပေါ်သို့ ဦးတည်လျှောက်လှမ်းနေကြခြင်းပင်ဖြစ်သည်။ ကိုမြင့်အောင်က ထပ်မံစူးစမ်းလာပြန်သည်။

"ငါ့ညီက အိမ်မည်းကြီးက ညည်းညူအော်ဟစ်သံတွေနဲ့ ပတ်သက်ပြီး စူးစမ်းလေ့လာနေတယ်လို့ ကြားရတယ် ... "

"ဟုတ်ပါတယ် အစ်ကို ... လူတွေ ထိတ်လန့်ချောက်ချားစရာကောင်းလှတဲ့ ဒီအသံတွေက လမိုက်ညတွေမှာ ဘာကြောင့် ပေါ်ထွက်လာရတာလဲ ... မကောင်းဆိုးဝါးဝိညာဉ်ဆိုတဲ့ လူတွေပြောကြဆိုကြတာ တကယ်ပဲလားဆိုတာ သိချင်လို့ပါ ... "

"အင်း ... အခုလည်း အိမ်မည်းကြီးက ဦးဒိဗ္ဗနဲ့ ဒေါ်ကြာဖြူရဲ့သမက် ကျော်ဇင်ညွန့်တစ်ယောက် အသေဆိုးနဲ့ သေပြန်ပြီပေါ့လေ"

ဤတွင် ရွာခံဖြစ်သည့် ကိုမြင့်အောင်ကို ကျွန်ုပ်က သိလိုသည့် အချက်တစ်ချက်ကို မေးကြည့်မိလိုက်သည်။

"အစ်ကို့ကိုမေးချင်တာ တစ်ခုရှိတယ်ဗျာ ... "

"ဘာများလဲ ငါ့ညီ ... "

"အိမ်မည်းကြီးရဲ့ အရှင်သခင် ဦးဒိဗ္ဗရဲ့ဇနီး ဒေါ်ကြာဖြူကော





အခု အိမ်မှာရှိသလား ... "

"ဒါကိုလည်း အတိအကျတော့ မပြောနိုင်ဘူး ငါ့ညီ ... ဘာဖြစ်လို့လဲဆိုတော့ ... အိမ်မည်းကြီးက လူတွေဟာ ပတ်ဝန်းကျင်နဲ့ အဆက်ဆံကြတော့ ပြောရမှာ ခက်တယ်ကွ ... ဒေါ်ကြာဖြူကို ဒီနယ်ကလူတွေ မမြင်ရတာ တစ်နှစ်လောက်တော့ရှိရော့မယ် ... အစကတစ်လတစ်ခါလောက်တော့ အနည်းဆုံးအပြင်ထွက်လေ့ရှိတဲ့ ဒေါ်ကြာဖြူကို မတွေ့ကြရတော့ လူတွေ သံသယဝင်ပြီး မေးကြတယ် ... အဲဒီမှာ သတင်းထွက်လာတာက ဒေါ်ကြာဖြူတစ်ယောက် အနောက်ကဆွေမျိုးတွေဆီ အလည်သွားရင်း ကားအက်ဆီးဒင့်ဖြစ်လို့ ဆုံးသွားတယ်လို့ပဲ သိလိုက်ရတယ် ... "

ဤတွင် 'အနောက်'ဆိုသည့် စကားကို သဘောမပေါက်သည့်အတွက် ကျွန်ုပ်က ပြန်မေးလိုက်ရသည်။

"အနောက်ဆိုတာ ဘယ်အရပ်ကို ပြောတာလဲ အစ်ကို"

"သြော် ... ဟုတ်သားပဲ ... ဒီနယ်ကလူတွေက ရခိုင်ပြည်ကို သွားမယ်ဆိုရင် အနောက်ပြည် ဒါမှမဟုတ် အနောက်လို့ပဲ ပြောလေ့ရှိကြတယ် ... ဒေါ်ကြာဖြူရဲ့ဇာတိက 'တောင်ကုတ်'ကလို့ သိရတယ်၊ တောင်ကုတ်အသွားမှာ ကားမှောက်ပြီး ဆုံးသွားတယ်လို့ပဲ ... ဒီနယ်က လူတွေ သိထားကြတယ် ငါ့ညီရေ ... "

ကျွန်ုပ်၏ဦးနှောက်ထဲတွင် စဉ်းစားစရာများက ဝင်ရောက်နေရာယူထားကြလေပြီ။ သို့သော် ... ယခုအချိန်တွင်တော့ သည်အကြောင်းကို ခဏမေ့ထားရဦးမည်။ အဘယ်ကြောင့်ဆိုသော် ကျွန်ုပ်တို့နှစ်ဦးတောင် ကုန်းလေးကို ကျော်မိသည်နှင့် တောင်ခြေရှိ မီးသွေးဖိုကောင်းဘေးတွင် လူအများ စုဝေးနေသည်ကို တွေ့လိုက်ရသော



www.burmeseclassic.com

www.burmeseclassic.com



ကြောင့်ပင်ဖြစ်သည်။

ကိုမြင့်အောင်နှင့် ကျွန်ုပ်တို့နှစ်ဦး လူအုပ်နားသို့ရောက်သည်နှင့် ကြပ်ပြိုကျေးရွာ အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ကိုမင်းနိုင်က လှမ်း၍နှုတ်ဆက်လာသည်။

"ကိုမြင့်အောင် ... အော် ... ကိုဝဏ္ဏပါ ပါလာတာကိုး ..."

"ဟုတ်တယ် ဥက္ကဋ္ဌကြီးရေ ... အိမ်မည်းကြီးနဲ့ ပတ်သက်တဲ့ ကိစ္စဆိုတော့ ကျွန်တော်လည်း စိတ်ဝင်စားတာနဲ့ လိုက်လာခဲ့တာ ..."

ဤတွင် သေဆုံးသူ ကျော်ဇင်ညွန့်၏ အလောင်းဘေးမှ မဆိုးဒူးထောက်ထိုင်၍ စစ်ဆေးနေသည့် ရဲအရာရှိက လှည့်ကြည့်သည်။ သူက ကျွန်ုပ်ကို စိုက်ကြည့်နေသလို ကျွန်ုပ်ကလည်း သူ့ကို သေသေချာချာ ပြန်လည်စိုက်ကြည့်နေမိသည်။ ဥက္ကဋ္ဌကြီးက ကြား ကျွန်ုပ်တို့နှစ်ယောက်ကို မိတ်ဆက်ပေးလာသည်။

"ကိုဝဏ္ဏ ... ဒီက ရဲအရာရှိကြီးက 'ထုံးဘို'စခန်းက ဒုရဲမှူး ကိုသီဟတဲ့ ... ကိုသီဟ ... ဒီကညီလေးက ရန်ကုန်ကဧည့်သည်လေး ကိုဝဏ္ဏလို့ခေါ်တယ် ..."

သည်အခါတွင်မှ တစ်ဦးကိုတစ်ဦး စူးစိုက်ကြည့်နေခဲ့ကြသည့် ကျွန်ုပ်တို့နှစ်ဦးစလုံးဆီမှ အသံများက ပြိုင်တူပင် ထွက်လာခဲ့ကြသည်။

"ဟေ့ကောင် သီဟ ... မင်း ... မင်း ... ငါ့သူငယ်ချင်း သီဟ ဟုတ်တယ် မဟုတ်လား ..."

"အေး ... မင်းကော ... ဘုန်းငှနောင်ပွဲရုံတန်းက ဝဏ္ဏမဟုတ်လား ..."

သီဟက လျင်မြန်စွာထလာပြီး လက်ဆွဲနှုတ်ဆက်လာသည်။ ကျွန်ုပ်ကလည်း သီဟ၏လက်ကို အားရပါးရပင် ဆုပ်ကိုင်ထားသည်။





"သြော် ... ခင်ဗျားတို့နှစ်ယောက်စလုံးက သိဟောင်းကျွမ်းဟောင်းတွေကိုး ..."

ဥက္ကဋ္ဌကြီးက ဝင်၍မှတ်ချက်စကားဆိုလာသည်။ ကျော်ဇင်ညွန့်၏အလောင်းကို ဝိုင်း၍ကြည့်နေကြသည့် ကျန်လူများကလည်း သူတို့နှစ်ယောက်ဆီသို့ မျက်လုံးအကြည့်များက ပြောင်းလဲရောက်ရှိလာကြသည်။ ဥက္ကဋ္ဌကြီး၏စကားကို သီဟကပင် အကျိုးအကြောင်း ပြန်လည်ရှင်းပြနေသည်။ ဥက္ကဋ္ဌ ကိုမင်းနိုင်နှင့် သီဟတို့က ရင်းနှီးပြီး ဖြစ်ပုံရသည်။

"ဟုတ်တယ် ကိုမင်းနိုင် ... ဝဏ္ဏနဲ့ ကျွန်တော်က ရန်ကုန်မှာ တုန်းက ကျောင်းနေဘက်သူငယ်ချင်းတွေ၊ ကျွန်တော့်ဖခင်ကလည်း ရဲဝန်ထမ်းတစ်ဦးဆိုတော့ ရဲမှူးရာထူးတိုးပြီး ကျွန်တော်ဆယ်တန်းနှစ်မှာ ရှမ်းပြည်နယ်ဘက်ကို ပြောင်းခဲ့ရတယ် ... အဲဒီကတည်းက ကွဲသွားခဲ့ကြတာ ... ကျွန်တော်လည်း ဆယ်တန်းအောင်ပြီးတာနဲ့ ရဲတပ်ဖွဲ့ထဲ ဝင်လိုက်တယ် ... သင်တန်းဆင်းပြီးတာနဲ့ တာဝန်ကျရာဒေသကို ပြောင်းရွှေ့အမှုထမ်းခဲ့ရတဲ့အတွက် အဆက်အသွယ်ပြတ်ခဲ့ကြတယ် ... အခုမှ ပြန်တွေ့ကြရတာ ..."

သီဟစကားဆုံးသည်နှင့် ကျွန်ုပ်က မေးလိုက်သည်။

"သီဟ ... မင်း ဒီနယ်ဘက်ကို တာဝန်ကျတာကြာပြီလား"

"ခြောက်လလောက်တော့ရှိပြီ သူငယ်ချင်း ..."

"အန်ကယ်တို့ ဖနီးမောင်နံကော ... ကျန်းမာချမ်းသာကြရဲ့လားကွ ..."

"ခေါင်ခေါင်မြည်ပါပဲကွာ ... အဖေကတော့ သက်ပြည့်ပင်စင်ယူပြီးပြီကွ ... ဒါနဲ့ မင်းမိဘတွေကော ..."



www.burmeseclassic.com

www.burmeseclassic.com



“ကျွန်းစာချမ်းသာလျက်ပါပဲ သူငယ်ချင်း ... ”

ကျွန်ုပ်တို့နှစ်ဦး ဤကဲ့သို့ အပြန်အလှန် ပြောဆိုနေကြစဉ် က
သက်ဆိုင်ရာတာဝန်ရှိ ပုဂ္ဂိုလ်များက ကျော်ဇင်ညွန့်၏အလောင်းက
လိုအပ်သလို ဆက်လက်ဆောင်ရွက်နေကြလေသည်။

ကျွန်ုပ်က သီဟကို မေးကြည့်လိုက်သည်။

“သီဟ ... အခြေအနေ ဘယ်လိုရှိသလဲ ... ”

ဤတွင် သီဟက အမှုအခြေအနေကို ချင့်ချင့်ချိန်ချိန်ဖြင့်
စားနေရာမှ တစ်လုံးချင်းပြောလာသည်။

“အင်း ... အခု မျက်မြင်အထောက်အထားတွေအရတော့ ...
ကျော်ဇင်ညွန့်ဟာ အသတ်ခံရတာ ကျိန်းသေပဲ သူငယ်ချင်း ... ခေါ
မှာ အရိုက်ခံရတဲ့ ဒဏ်ရာစ်ချက်နဲ့ ရင်ဝကို ဓားလိုချွန်ထက်တဲ့အရာ
တစ်ခုခုနဲ့ အထိုးခံရတဲ့ ဒဏ်ရာတစ်ချက်ကို တွေ့ရတယ် ... ငါ့အ
အဆကို ပြောရရင် အရိုက်ခံရတဲ့ဒဏ်ရာနဲ့တင် ဒီကောင် သေနိုင်တ
ရင်ဝကို ထပ်ထိုးတာကတော့ မသေမှာစိုးလို့ ကျိန်းသေအောင်
ဆော်လိုက်တဲ့သဘောပဲကွ ... ကျော်ဇင်ညွန့်ဟာ ယမန်နေ့ညဦး
လောက်က အသတ်ခံရတာပဲဖြစ်မယ် ... အင်း ... ဒါကိုတော့ မှ
ဆရာဝန်ကြီးရဲ့ ဆေးစစ်ချက်ကိုရမှပဲ အတည်ပြုနိုင်မယ် ... ”

ဤသို့ဖြင့် သီဟနှင့် ကျေးရွာဥက္ကဋ္ဌ အစရှိသည့် တာဝန်ရှိပုဂ္ဂိုလ်
များ၏အစီအစဉ်ဖြင့် ကျော်ဇင်ညွန့်၏အလောင်းကို ‘ပန်းတောင်း
သို့ ပို့ရန် စီစဉ်လိုက်ကြသည်။ အပြန်တွင် သီဟလည်း ကျွန်ုပ်နှင့်အ
လိုက်ပါလာခဲ့ပါတော့သည်။







ကျွန်ုပ်တို့သူငယ်ချင်းနှစ်ယောက် ‘ရှားဇီးဘို’ရွာထဲတွင် အပ်
ထားခဲ့သည့် ဆိုင်ကယ်ကိုစီး၍ ပြန်လာခဲ့ကြသည်။ အိမ်တွင် တပည့်
ကျော်ဖိုးလုံးက ချက်ပြုတ်ရန် ပြင်ဆင်နေသည်ကို တွေ့လိုက်ရသည်။
ဖိုးလုံးက ကျွန်ုပ်၏နောက်တွင် ရဲအရာရှိတစ်ယောက် ပါလာသည်ကို
တွေ့လိုက်ရသည့်အတွက် စိုးရိမ်ဟန်နှင့် စိုက်ကြည့်နေသည်။

“ဟေ့ကောင် ဖိုးလုံး ... ငါ့အတွက် မင်းက စိုးရိမ်နေလို့လား၊
ဘာမှစိတ်မပူပါနဲ့ကွာ ... ဒီက ရဲအရာရှိကြီးက ငါ့သူငယ်ချင်းကွ ဖိုးလုံး”

“ဟုတ်လား အစ်ကို ... ဒီကအရာရှိမင်းနဲ့ အစ်ကိုက သူငယ်ချင်း
ဟုတ်လားဗျ ... ”

“ဟုတ်ပါတယ် ညီလေး ... မင်းဆရာနဲ့ အစ်ကိုနဲ့ ကျောင်းနေ
ဘက်သူငယ်ချင်းတွေပါကွာ ... ”



www.burmeseclassic.com

www.burmeseclassic.com



"မသိပါဘူး ဆရာရယ် ... အစ်ကိုက ဟို ... ကိုကျော်ဇင်ညွှန့် ကိစ္စထဲမှာ ပတ်သက်နေလို့ ဖမ်းမလို့ လိုက်လာတာလို့ ထင်နေတာဗျ"

"ဟား ... ဟား ... ဟား ... ငါက ဒီကောင်သီဟလို တာဝ ရှိတဲ့ပုဂ္ဂိုလ်မဟုတ်ပေမဲ့ ဥပဒေဘောင်ထဲမှာ အေးအေးချမ်းချမ်း ထိုင်နေတဲ့ တာဝန်သိပြည်သူတစ်ဦးပါကွာ ... မင်းက ငါ့ကို လူသ သမားလို့ ထင်နေလို့လား ဖိုးလုံး ... "

"ဟာ ... အစ်ကိုကလည်း ကျွန်တော်က အဲဒီသဘောမျိုးပြော တာ မဟုတ်ပါဘူးဗျာ ... အစ်ကို့အတွက် စိုးရိမ်လို့ပြောတာပါ"

"အေးပါကွာ ... မင်းစေတနာကို ငါ သဘောပေါက်ပါတ ကိုင်း ... ဖိုးလုံး ... ဒီက သီဟနဲ့ ငါ့အတွက် လက်ဖက်ရည်ကျစိမ့် ခွက် ဖျော်ခဲ့စမ်းပါကွာ ... မင်းဖျော်တတ်တယ်ဆိုတာ ငါ သိပါတ မင်း အရင်က ရွာထိပ်က လက်ဖက်ရည်ဆိုင်မှာ လုပ်ခဲ့ဖူးတာ ငါသိ ပါပြီ ... "

"အစ်ကိုက ရဲအရာရှိရဲ့ သူငယ်ချင်းလို့ မပြောရဘူး ... သိပ် တာပဲဗျာ ... ဟုတ်ကဲ့ အစ်ကို ... ကျွန်တော် ဖျော်လာခဲ့ပါမယ်"

ဤသို့ ပြောဆိုပြီးသည်နှင့် ဖိုးလုံးက နောက်ဖေးသို့ ဝင် သည်။ ကျွန်ုပ်နှင့် သီဟလည်း အိမ်ရှေ့တွင်ထိုင်၍ စကားပြောဆိုနေ လေသည်။

"ဝဏ္ဏ ... မင်း မိန်းမ မရသေးဘူးလား ... "

"မြားနတ်မောင်က ငါ့ကို အာရုံမကျသေးဘူးနဲ့ တူပါရဲ့ မင်းကော ... "

"ငါလည်း မင်းလိုပဲပေါ့ကွာ ... ဒါနဲ့ မင်းကို ငါ မေးရဦး ဒီစံအိမ်နဲ့ ပတ်သက်ပြီး မင်း ဘာသိထားတွေရှိသေးရင် ငါ့ကို ပြော ဦးကွာ ... "

"ဘာလဲ ... မင်းက ငါ့ကို စစ်ဆေးမေးမြန်းတာလား ... "

"အဲ့ဒီလိုသဘော မဟုတ်ပါဘူးကွာ ... မင်းလည်း ဒီစံအိမ်နဲ့ ပတ်သက်ပြီး စိတ်ဝင်စားလိမ့်မယ်လို့ တွက်ဆမိလို့ပါ ... "

"ဟုတ်တယ် ... မင်းပြောတာ အမှန်ပဲ ... ဦးဒိဗ္ဗရဲ့စံအိမ်ကို ဆောက်နေတကွ ရွာနီးချုပ်စပ်က လူတွေအားလုံးက အိမ်မည်းကြီးလို့ခေါ် ကြတာတော့ မင်းသိတယ် မဟုတ်လား ... "

ကျွန်ုပ်က ဘေးဘောင်အိတ်ထဲမှ လန်ဒန်စီးကရက်ဘူးကိုထုတ် ကာ ဆေးလိပ်သောက်ရန်ပြင်နေသည့် သီဟကို မေးလိုက်ခြင်းပင်။

"သိတယ်ကွ ... ဒီသတင်းကတော့ ရတာကြာလှပြီ ... "

"အေး ... ငါက ရောက်ပြီးသိပ်မကြာဘူး ... ဒီစံအိမ်ကြီးကို အမည်သစ်ပေးလိုက်တယ်၊ ငါပေးလိုက်တဲ့ အမည်သစ်က 'မိစ္ဆာစံအိမ်' ... ဘယ်လိုလဲ မကောင်းဘူးလား ... "

ဤတွင် လန်ဒန်စီးကရက်တစ်လိပ်ကိုထုတ်၍ ဇစ်ပိုမီးခြစ်ဖြင့် ညှိကာ တစ်ချက်နှစ်ချက်ခန့် ဖွာရှိုက်ပြီးမှ သီဟက ကျွန်ုပ်ကို စေ့ ကြည့်ကာ မေးပြောပြောလာသည်။

"မိစ္ဆာစံအိမ်တဲ့လား ... မင်းက ဘာသဘောနဲ့ ဒီနာမည်ကို းတာလဲ ... ဒီနာမည်ပေးရခြင်းရဲ့ နောက်ကွယ်မှာ အကြောင်းရင်း တစ်ခုတော့ရှိလိမ့်မယ်လို့ ငါထင်တယ် ... "

ကျွန်ုပ်က သူ့အမေးနှင့် ပတ်သက်၍ ဝိုင်ဟာဥ်မိန်းမချောလေးကို ညက်တွင် မြင်ခဲ့ရသည့်အကြောင်းကို အကျဉ်းချုပ်၍ ပြောပြလိုက် သည်။

"ငါ မိစ္ဆာစံအိမ်လို့ပေးတာက အဲ့ဒါကြောင့်ပဲကွ... ချောက်ချား



www.burmeseclassic.com

www.burmeseclassic.com



ကောင်းလှတဲ့ အော်ဟစ်ညည်းညူသံတွေကို ငါ့နားနဲ့ ကိုယ်တိုင် ကြားခဲ့ရသလို ဝိညာဉ်မိန်းမချောလေးကိုလည်း ငါ့မျက်စိနဲ့ ပက်ပင်း တွေ့ခဲ့ရတယ် ... အဲ့ဒီမှာတင် ပရလောကသား ဝိညာဉ်တွေရှိတယ် ဆိုတဲ့အမြင်ဟာ ပိုပြီး ခိုင်မာလာခဲ့တာပဲ သီဟရေ ... ”

ကျွန်ုပ်လည်း သိပ္ပံသမားသီဟတစ်ယောက် ငြင်း၍မရအောင် ခိုင်ခိုင်မာမာပင် ပြောလိုက်သည်။ ကျွန်ုပ်၏စကားဆုံးသည်နှင့် သီဟ က ဟားတိုက်ရယ်မောနေလေသည်။ ကျွန်ုပ်ကိုလည်း သည်ကမ္ဘာပေါ် တွင် သနားစရာအကောင်းဆုံး သတ္တဝါပါလားဟူသည့် အကြည့်မျိုးနှင့် စိုက်ကြည့်နေပြန်သည်။

“ဟား ... ဟား ... ဟား ... အံ့ရောကွာ ... အံ့ရော ... မင်း မှာ ဒီဝိညာဉ်အစွဲအလမ်းတို့ သရဲတစ္ဆေနဲ့ ပတ်သက်တဲ့ ယုံကြည်မှုတွေ ကအခုထိကိုမပျောက်သေးဘဲကိုး ... မင်းလို ခေတ်ပညာတတ်တစ် ယောက်က ဘာလို့ ဒါတွေကို စိတ်ထဲမှာ လက်ခံထားရတာလဲ ဝဏ္ဏ ရာ... ဒါတွေဟာ ကိုယ့်စိတ်က အစွဲကိုအခြေခံပြီး ဖြစ်လာတဲ့ ထင်မြင်မှု တွေပါကွာ ... လောကမှာ သရဲတစ္ဆေဆိုတာ မရှိပါဘူးကွ”

ကျွန်ုပ်က ... အလေးအနက်ပြောနေသည့်အထဲတွင် သီဟက ဟားတိုက်ရယ်မောကာ မလောက်ချက်ချလိုက်သည့် စကားကြောင့် ကျွန်ုပ်၏သွေးများက မခံချင်စိတ်များကြောင့် ဖျင်းခနဲ ဖြစ်လာသည်။

“ငါသိတယ် ... ဒီအကြောင်းပြောရင် ... မင်းနဲ့ ငါနဲ့ ဟိုအရင် ကျောင်းသားဘဝတုန်းကလိုပဲ အခြေအတင်ပြောရတော့မယ်ဆိုတာ ဒီမှာသီဟ ... အခုဟာက စာတွေ့မဟုတ်ဘူးကွ ... ငါတွေ့ကွ ... ငါ တွေ့ကိုပြောပြနေတာ ... ”

“အေးပါကွာ ... ထားလိုက်ပါတော့ ... ကလေးတွေ မဟုတ်





ကြတော့ ... ဟိုတုန်းကလို အခြေအတင်လည်း ပြောမနေချင်တော့ပါ ဘူး ဝဏ္ဏရာ ... ဒီအချိန်မှာ ငါ့အတွက် အရေးအကြီးဆုံးက ကျော်ဇင် သွန်ရဲ့အမှုကို အမှန်အတိုင်းဖော်ထုတ်နိုင်ဖို့ပဲ အရေးကြီးတယ် ... ကိုင်း အထက်လူကြီးကို တင်ပြရဦးမှာမို့ ငါ သွားဦးမယ် သူငယ်ချင်း ... မင်းကိုတာဝန်သိပြည်သူတစ်ဦးအနေနဲ့ အကူအညီတောင်းချင်တာက တော့ ဒီအမှု ဒီအိမ်ရဲ့ ပတ်သက်တဲ့ ထူးခြားတဲ့ဖြစ်စဉ်တွေ သတင်းတွေ ရရင်တော့ ငါ့ကို အကြောင်းကြားပါကွာ ... ရော့ ... ဒီမှာ ငါ့ရဲ့လိပ်စာ ကဒ် ... ”

ဤသို့ပြောဆိုပြီးသည်နှင့် သီဟလည်း အရာရှိဦးထုပ်ကိုဆောင်း ကာ ထိုင်ရာမှ ထလိုက်လေသည်။ ကျွန်ုပ်လည်း သီဟကို ခြံရှေ့ထိ လိုက်ပါပို့ဆောင်ပေးလိုက်သည်။ သီဟလည်း ကျွန်ုပ်ကို နှုတ်ဆက်ပြီး ဆိုင်ကယ်ကို စက်နှိုးကာ ထုံးဘိုရဲစခန်းသို့ ပြန်သွားခဲ့လေပြီတည်း။

ကျွန်ုပ်လည်း နေ့လယ်တစ်နာရီသာသာလောက်တွင် ရွာထဲမှ ဆိုင်ကယ်ကြုံသည်နှင့် ထုံးဘိုမြို့သို့ ရောက်လာခဲ့သည်။ ဤသို့လိုက်လာ ခဲ့ခြင်းမှာလည်း အကြောင်းရှိသည်။ ကျွန်ုပ် နံနက်စာစားပြီး၍ အိမ်ရှေ့ တွင် ထွက်ထိုင်နေသည့်အချိန်၌ အိမ်ရှေ့မှ ဂျစ်ကားတစ်စီး ဖြတ်မောင်း သွားသည်ကို တွေ့လိုက်ရသည်။ ဤတွင် ... တပည့်ကျော်ဖိုးလုံးက သတင်းပေးလာသည်။

“အစ်ကို ... အိမ်ရှေ့က ဖြတ်မောင်းသွားတဲ့ကားဟာ အိမ်မည်း ကြီးကကားပဲ အစ်ကို ... ကားရှေ့ခန်းမှာထိုင်ပြီး လိုက်သွားတာ ဦးဒိဗ္ဗ ပဲ ... ပြီးတော့ နောက်ခန်းမှာ အမျိုးသမီးနှစ်ယောက်ပါတယ် ... အစ်ကို သတိပြုမိတယ် မဟုတ်လား ... ”

“အေး ... မြင်လိုက်တယ်ကွ ... ဒါ ... ဒါဆို ... ”



www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်တယ် အစ်ကို ... အသက်ကြီးကြီးက ဒေါ်အိုဇာဖြစ်ပြီး တော့ ... အသက်ငယ်ငယ်ချောချောလေးက အစ်မလေးမြကေခိုင်ပဲ အစ်ကိုရေ ... "

"ငါလည်း ထင်တော့ထင်သားပဲ ဖိုးလုံး ... နေဦး ... သူဝတ် ထားတာက နီညိုရောင်ဝမ်းဆက်ပဲ မဟုတ်လား ... "

"ဟုတ်တယ် အစ်ကို ... "

ထို့ကြောင့် ကျွန်ုပ်လည်း အနားမယူနိုင်တော့ဘဲ ဖိုးလုံးဘိုသို့ ဆိုင် ကယ်ကြီးနှင့် လိုက်လာခဲ့ခြင်းဖြစ်သည်။ ဤသို့လိုက်လာရသည့်အထဲ တွင် ကျွန်ုပ်၏ရင်ထဲက ပဟေဠိကို အဖြေညှိချင်သည့်အကြောင်းလည်း ပါသည်။ ဆိုင်ကယ်သည် ပုသိမ်မုံရွာကားလမ်းမပေါ်တွင် အရှိန်နှင့် တရိပ်ရိပ် ပြေးနေသည်။ မကြာမီ 'သခင်မြမွှေးရပ်မြေ' 'ထုံးဘိုမြို့' ဟု ရေးသားထားသည့် ဆိုင်းဘုတ်ရှေ့သို့ ရောက်လာကြသည်နှင့် လက် ယာဘက်သို့ ကွေ့လိုက်သည်။

ထုံးဘိုမြို့ထဲသို့ သွားရသည့်လမ်းကား ကတ္တရာလမ်းမဟုတ်ဘဲ ကျောက်လမ်းဖြစ်သည့်အတွက် လမ်းကကြမ်းသည်။ ဤသို့ဖြင့် ထုံးဘို စခန်းရှေ့တွင် လှုကြိုခေါ်လာသည့် လူငယ်ကချပေးသည်။ ကျွန်ုပ်လည်း ရဲစခန်းထဲသို့ ဝင်လာခဲ့သည်။ 'ကူညီပါရစေ' ဟု ရေးသားထားသည့် ဆောင်ပုဒ်ရှေ့တွင် ရပ်လိုက်ပြီး ကျွန်ုပ်က ဘာဝန်ကျအစောင့် ရဲသားတို့ မေးလိုက်သည်။

"ကျွန်တော့်နာမည်က ဝဏ္ဏပါ ... ဒုရဲအုပ်သီဟနဲ့ တွေ့ချင်ပါ တယ် ... "

"ဆရာရှိပါတယ် ဝင်သွားပါ"

"ကျေးဇူးပါပဲဗျာ ... "





ကျွန်ုပ်လည်း စခန်းထဲသို့ ဝင်လာခဲ့သည်။ အထဲသို့ရောက်သည် နှင့် သီဟ၏အသံကို ကြားလိုက်ရသည်။

"မှခင်းဆရာဝန်ကြီးရဲ့ ဆေးစာအရ မမြကေခိုင်ရဲ့ ခင်ပွန်း ကိုကျော်ဇင်ညွန့်ဟာ ဦးခေါင်းကို အရိုက်ခံရတဲ့ ဒဏ်ရာကြောင့် သေဆုံး ရတယ်ဆိုတာကို အတည်ပြုလို့ရပါတယ် ... ဪ ... ဝဏ္ဏပါလား၊ အထိုင် သူငယ်ချင်း ... "

ကျွန်ုပ်လည်း အားလုံးနှင့် စားလွယ်ခုတ်စားပွဲထိပ်မှ လွတ်နေ သည့်ခုံတွင် ဝင်ထိုင်လိုက်သည်။

"အန်ကယ်(လ်)တို့နဲ့ မိတ်ဆက်ပေးရဦးမယ်၊ ဒါက ကျွန်တော့် ရဲ့ သူငယ်ချင်းဝဏ္ဏလို့ခေါ်တယ် ... ဝဏ္ဏ ဒီက အန်ကယ်(လ်)ကတော့ ဦးဖွားပါပဲ ... ဟိုဘက်က ကိုကျော်ရင်ညွန့်ရဲ့ဇနီး ဒေါ်မြကေခိုင်လို့ခေါ် တယ် ... "

"ဟုတ်ကဲ့ ... တွေ့ရတာ ဝမ်းသာပါတယ် ခင်ဗျာ ... "

"အေးကွယ် ... ငါ့တူနဲ့ အခုလိုတွေ့ကြရတာ မမျှော်လင့်ဘဲ တွေ့ကြရတာလား ... နောက်တော့ ဆုံကြသေးတာပေါ့ကွယ် ... "

"နိုင်အနေနဲ့လည်း ကိုဝဏ္ဏနဲ့ ဆုံတွေ့ချင်ပါသေးတယ်ရှင့်"

ခင်ပွန်းဖြစ်သူ အသတ်ခံထားရ၍ မြကေခိုင်၏မျက်နှာလေးက ညှိုးနွမ်းနေသည်။ သို့သော် ညှိုးနွမ်းနေသည့် မျက်နှာလေးတပင် လှနိုင် လွန်းသည်ဟု ကျွန်ုပ်ထင်ပါသည်။ သည့်ထက်ပို၍ ကျွန်ုပ်အတွက် လိုက် သာရကျိုးနပ်သည်ကား ဤသူမသည် တစ်ညတုန်းက ဆုံတွေ့ခဲ့ရသည့် သူဘဲမိန်းမချောမဟုတ်ချင်းပင်။

သီဟက တာဝန်အရ စကားကိုဆက်ပြောလာသည်။

"ကိုဝဏ္ဏမှာ ... အရင်က ရန်ညိုးရန်စတွေများရှိသလား ... အန်



www.burmeseclassic.com

www.burmeseclassic.com



ကယ်(လ်) … ”

“ဦးသိသလောက်တော့ ဒီနယ်ဘက်မှာ မရှိပါဘူးကွယ်”

“မမြကေခိုင်ကရော ကိုဝဏ္ဏမှာ … ”

သီဟ၏အမေးမဆုံးမီမှာပင် သူမက ရှိက်သံတစ်ဝက်နှင့် အလျင်အမြန်ပင် အဖြေပေးလာသည်။

“ဟင် … ဟင် … ဟင် … မရှိ … မရှိပါဘူး ဆရာ … ”

“အန်ကယ်(လ်)စကားအရ ကိုကျော်ဇင်ညွန့်အတွက် ဒီနယ်မှာ ရန်ညိုးရန်စမရှိဘူးဆိုရင် တခြားနယ်မှာတော့ ရှိနိုင်တယ်လို့ ဆိုလိုတာ လား … ”

“အင်း … ဒါကိုတော့ ဦးလည်း အတိအကျ မပြောနိုင်ပါဘူး ဦးသမက် မောင်ကျော်ဇင်ညွန့်ဟာ ဟိုအထက်မြန်မာပြည်က ပြန်လာ တာ တစ်လလောက်ပဲရှိသေးတယ်ဆိုတာ ငါတူတို့ သိပြီးဖြစ်လိမ့်မယ် လို့ ထင်ပါတယ် … ”

ဤစကားပြောလာသည့် ဦးဒိဗ္ဗကို မြကေခိုင်က သဘောမကျ သကဲ့သို့ မျက်မှောင်လေးကြုတ်ကာ ကြည့်နေသည်ကို တွေ့ရသည်။

“ဖားကန့်က ပြန်လာတာ တစ်လကျော်လောက်ပဲရှိသေးတယ် ဆိုတာကိုတော့ … ကျွန်တော်တို့ သိပြီးပါပြီ အန်ကယ်(လ်) … အန်ကယ်(လ်)အနေနဲ့ ကိုကျော်ဇင်ညွန့် အသတ်ခံရတာဟာ ဖားကန့် နဲ့ ပတ်သက်တယ်လို့ ယူဆထားလို့လား … ”

“တွေးကြည့်တာကို ပြောတာပါ … အတိအကျတော့ ဦးလေး လည်း မသိပါဘူး … ”

ဤတွင် သီဟက မြကေခိုင်မေးလိုက်ပြန်သည်။

“ကိုကျော်ဇင်ညွန့်မှာ ကျောင်းတော်က ရန်စရှိတယ်လို့ကော





မြကေခိုင် ကြားခဲ့ဖူးသလား … ”

“ရှင် … ကျောင်းတော်ကရန်စ … ဟုတ်လား ဆရာ … ဒါတော့ ကျွန်မ မပြောနိုင်ဘူး၊ သူ့ဇာတိမွေးရပ်မြေက နောက်ကြောင်းရာဇဝင် ကိုတော့ ကျွန်မ ဘာမှမသိတာ အမှန်ပါ … ”

“ကိုကျော်ဇင်ညွန့်ဇာတိက ပုသိမ်နော် … ”

“ဟုတ်ပါတယ်ရှင် … ”

သီဟက မေးမြန်းစရာရှိသည့်ကိစ္စတို့ကို မေးမြန်းပြီးသည်နှင့် စကားကို အဆုံးသတ်လိုက်သည်။

“ကောင်းပါပြီ ခင်ဗျာ … အခုလိုသိသမျှ ပြောပြပေးတဲ့ … အန်ကယ်(လ်)မြကေခိုင်တို့ကို ကျေးဇူးတင်ပါတယ် … ဘာပဲဖြစ်ဖြစ် လူသတ်တရားခံဟာ အနေးနဲ့အမြန်ဆိုသလို မိမှာပါ … ဥပဒေလက်ထဲ က ပြေးမလွတ်ပါဘူး … ဒီတော့ ကိုကျော်ဇင်ညွန့်ရဲ့ အလောင်းကို ပြန်သယ်လို့ရပါပြီ … ”

“ကျေးဇူးပါပဲကွယ် … ”

“အသုဘချတဲ့နေ့ကျရင် လာခဲ့ပါလို့ ဆရာနဲ့တကွ ဟောဒီက ကိုဝဏ္ဏကိုပါ ဖိတ်လိုက်ပါတယ်ရှင် … ”

“ဟုတ်ကဲ့ … ကျွန်တော်လည်း တတ်နိုင်သမျှ ကူညီပါ့မယ်”

သည့်နောက်တွင်ကား … သေဆုံးသူ ကိုကျော်ဇင်ညွန့်၏ ရုပ် ကလာပ်ကို မြစ်မြင်တောင်ခြေရှိ အိမ်သို့ ကားဖြင့် ပြန်လည်သယ် ဆောင်သွားကြသည်။ စခန်းထဲတွင်ရှိသည့် သီဟ၏အရာရှိနေအိမ်တွင် ကျွန်ုပ်တို့နှစ်ယောက် စကားပြောဆိုခဲ့ကြပြန်သည်။

“ဘယ်လိုလဲ ဝဏ္ဏ … မင်း တစ်ညတုန်းက တွေ့ခဲ့ရတယ်ဆို တဲ့ ဝိညာဉ်ဟာ မြကေခိုင်ဟုတ်မဟုတ်ဆိုတာ လာကြည့်တာမဟုတ်



www.burmeseclassic.com

www.burmeseclassic.com



လား ... အခုတော့ မြကေနိုင်ဖြစ်နေပြီဆိုတော့ ဝိညာဉ်မဟုတ်ဘူးဆို တာ မင်း သဘောပေါက်သွားပြီပေါ့ကွာ ...”

သီဟ၏အပြောကြောင့် သည်တစ်ခါ ကျွန်ုပ်က ဟက်ဟက် ပက်ပက်ကြီးပင် ရယ်မောလိုက်မိလေသည်။

“ဟား ... ဟား ... ဟား ... ဒီတစ်ခါ အရာရှိမင်း တွက်ဆတာ အလွဲကြီးလွဲသွားပြီပေါ့ကွာ ...”

“ဘာ ... ဒါဆို မဟုတ်ဘူးလား ...”

“ဟုတ်ကို မဟုတ်ဘူး သီဟ ... ငါတွေ့ခဲ့ရတဲ့ ဝိညာဉ်မိန်းမချော လေးနဲ့ မြကေနိုင်ရဲ့ရုပ်ရည်က တခြားစီမှ တကယ့်ကို တခြားစီပဲကွ”

“ဟုတ်လား ... ဒါ ... ဒါဆို မင်းတွေ့ခဲ့ရတာ လူမဟုတ်တဲ့ ဝိညာဉ်ဆိုတာ ဖြစ်နိုင်ချေတော့ရှိလာပြီ ...”

“ကျားကိုက်ပါတယ်ဆိုမှ အပေါက်လေးနဲ့လားလို့ မေးနေ သေးလားကွာ ... ဝိညာဉ်မှ ဝိညာဉ်အစစ်ပဲ သီဟရေ ...”

“အင်း ... မင်းပြောပုံအရဆိုရင် ... ငါတောင်မှ ဝိညာဉ်တို့ ပရလောကတို့ဆိုတာကို လေ့လာရဦးတော့မှာပါလား ...”

“မဆိုးဘူး ... မင်းတောင် အမြင်မှန်ရလာပြီပဲ ... ကိုင်း ... သီဟ ... အိမ်မှာ ဖိုးလုံးတစ်ယောက်တည်းကွ ... ငါ့ကို ပြန်လိုက်ပို့ ကွာ”

“ကောင်းပါပြီတဲ့ကွာ ...”

ဤသို့ဖြင့် ... ကျွန်ုပ်လည်း သီဟပြန်လည်ပို့ပေးသည့်အတွက် ညနေငါးနာရီလောက်တွင် ရှာရှိအိမ်သို့ ပြန်ရောက်လာခဲ့ပါတော့သည်။





သည်နေ့ကား မိစ္ဆာစံအိမ်မှ အသတ်ခံရသည့် ကျော်ဇင်ညွန့်၏ သုံးရက်မြောက်အသုဘချမည့်နေ့ပင်ဖြစ်သည်။ မိစ္ဆာစံအိမ်ရှင် ဦးဒိဗ္ဗနှင့် တကွ စံအိမ်ရှိလူများသည် ယခင်ကသို့ ပတ်ဝန်းကျင်နှင့် ကင်းကွာ၍ မဖြစ်တော့ချေ။ ကြပ်ပြို၊ ရှားဇီးဘို၊ ဖန်ကပင်၊ ရေတွင်းလှ အစရှိသည့် ကျေးရွာများမှ သူများသည်လည်း ယခင်က သည်စံအိမ်နှင့် အသွား အလာမရှိကြသော်လည်း နာရေးဖြစ်သည့်အတွက် မဖြစ်မနေ လာ ရောက်ကူညီကြသည်။

ဝဏ္ဏနှင့် သီဟတို့နှစ်ယောက်သည်လည်း ကာယကံရှင်များ ကိုယ်တိုင် ဖိတ်ထားမှုကြောင့်လည်းကောင်း၊ နာရေးဖြစ်သည့်အတွက် သည်းကောင်း၊ နံနက်စောစောကပင် ရောက်နှင့်နေကြသည်။ ထို့အပြင် သူတို့နှစ်ဦးအတွက် ယခုရလာသည့် အခွင့်အရေးသည် မိစ္ဆာစံအိမ်ကို အနီးကပ်လေ့လာခွင့်ရမည်ဖြစ်သောကြောင့်လည်း စောစောစီးစီးပင်

www.burmeseclassic.com



လာခဲ့ကြခြင်းပင်ဖြစ်သည်။

သို့သော် မိစ္ဆာစံအိမ်ကြီးအတွင်းသို့မူ မည်သူမျှ ဝင်ရောက်ခွင့် မရခဲ့ချေ။ အဘယ်ကြောင့်ဆိုသော် အိမ်ရှေ့ရှိ ခြံဝင်းအတွင်းမှာပင် ရောက်လာသည့်သူများအတွက် နေရာထိုင်ခင်းကို စီစဉ်ထားသော ကြောင့်ပင်။ နေ့လယ်တစ်နာရီတိတိတွင် အသုဘချလေသည်။ အသုဘ ချသည်ကလည်း မြို့ကြီးပြကြီးများမှာကဲ့သို့ ကားမလိုချေ။ အခေါင်း ကို ကြိုးဖြင့်ဆိုင်း၍ ရှေ့တစ်ယောက် နောက်တစ်ယောက် ထမ်းချခြင်း ဖြစ်သည်။

ထို့အပြင် သင်္ချိုင်းကလည်း နီးနီးလေးဖြစ်သည်။ တောင်ကုန်း အဆင်း မြေကွက်လပ်တွင် အဆင်သင့်တူးထားသည့် ကျင်းထဲသို့ထည့် ကာ မြှုပ်လိုက်ကြသည်။

ခင်ပွန်းသည်၏ နောက်ဆုံးခရီးဖြစ်သည့်အားလျော်စွာ မြကေ နိုင်၏မျက်နှာလေးက ငိုပါများလွန်းသဖြင့် မို့အစ်နေသည်။ သူ့ကို ဒေါ်အိုဇာက တွဲထားသည်။ တူးထားသည့် ကျင်းနံဘေးတွင် မြကေ နိုင်နှင့် ဒေါ်အိုဇာ၊ ဦးဒိဗ္ဗနှင့် ဗလကောင်းကောင်း ဂင်တိုတိုလူနှစ် ယောက်လည်းရှိသည်။ သည်နှစ်ယောက်ကား ကျင်းတူးသည့် သူများ ပင်ဖြစ်မည်ဟု ထင်သည်။

သို့သော် ထိုလူနှစ်ယောက်ကို အသုဘလိုက်ပို့သည့်သူများ တစ်ခါမှမမြင်ဖူးကြဘူးဟုလည်း ကျွန်ုပ်နှင့်သီဟတို့နှစ်ယောက်သိလိုက် ကြရသည်။ ထို့အပြင် ဦးဒိဗ္ဗနှင့် ခပ်လှမ်းလှမ်းတွင် လက်ပိုက်ပြီး ကြည့်နေကြသည့် အသက်သုံးဆယ်ဝန်းကျင်ခန့် လူစိမ်းသုံးယောက်ကို လည်း တွေ့ရသည်။

လူစိမ်းဟုဆိုရခြင်းမှာလည်း နယ်ခံလူများ၏စကားအရ သူတို့





ဘက်တွင် တစ်ခါမှ မမြင်ဘူးကြ၍ပင်ဖြစ်သည်။ ကြည့်ရသည်မှာ ထိုသူ များသည် ဦးဒိဗ္ဗက အသုဘအတွက် လိုအပ်သမျှ ဆောင်ရွက်ရန် ငှား ထားသည့်သူများပင် ဖြစ်မည်ဟု အားလုံးက သတ်မှတ်ထားခဲ့ကြလေ သည်။

ဤသို့ဖြင့် ကျော်ဇင်ညွန့်၏အလောင်းလည်း မြေမြှုပ်ပြီးခဲ့လေ ပြီ။ မြကေနိုင်ကိုလည်း ဒေါ်အိုဇာက စံအိမ်ရှိရာသို့ တွဲခေါ်သွားသည် ကိုတွေ့လိုက်ရသည်။ အသုဘလိုက်ပို့သူများလည်း ကိစ္စပြီးပြီဖြစ်သည့် အတွက် အလျှိုလျှိုပြန်သွားကြတော့သည်။ သက်ဆိုင်ရာကျေးရွာဥက္ကဋ္ဌ နှင့် အဖွဲ့ဝင်များ၊ ရပ်မိရပ်ဖအချို့နှင့် ကျွန်ုပ်တို့နှစ်ဦးသာလျှင် စံအိမ်ဝင်း ထဲသို့ ပြန်လိုက်လာခဲ့ကြသည်။

ကျွန်ုပ်တို့အားလုံး စံအိမ်ထဲသို့ ပြန်ရောက်ပြီး မကြာမီမှာပင် ထူးခြားဆန်းကြယ်သည့် ဖြစ်ရပ်တစ်ခုကို ကြုံတွေ့လိုက်ရလေတော့ သည်။ အားလုံးမြင်တွေ့လိုက်ရသည်ကား 'ဖန်ခါးပင်'ကျေးရွာမှ ဆယ် အိမ်မှူးဖြစ်သူ ကိုသိန်းအေး၏ဇနီး မနီ၏ ထူးခြားမှုပင်ဖြစ်သည်။

ကျွန်ုပ်တို့အားလုံး စံအိမ်ခြံဝင်းထဲရှိ ဖျာကြမ်းများပေါ်တွင်ထိုင် ၍ စကားပြောဆိုနေကြသည်။ မနီကား သူ့ယောကျ်ားနှင့်အတူ ထိုင် နေရာမှ အမူအရာက တစ်မျိုးဖြစ်လာသည်။ မျက်နှာအမူအရာပြောင်း သွားသည့်ခဏမှာပင် လက်အစုံကို ပူးယှက်ကာ နဖူးသို့ တဒိုင်းဒိုင်း နှင့် ရိုက်နက်နေခြင်းပင်။

ယောကျ်ားဖြစ်သူ ကိုသိန်းအေးက ဇနီးသည်ကို လှမ်းဝေါက် လိုက်သည်။

"ဟဲ့ ... မနီ ... နင် မကြီးမငယ်နဲ့ ဘာဖြစ် ... "

သူ့စကားမဆုံးမီမှာပင် မနီ၏အသံက ယောကျ်ားတစ်ယောက်



www.burmeseclassic.com

www.burmeseclassic.com



အသံကဲ့သို့ ခပ်သြောသြောနှင့် ပြောသံကြီးက ထွက်ပေါ်လာသည်။ ပြောသည့်လေသံကလည်း ထန်လှသည်။

"ဘာမနီလဲ ... ငါ မနီမဟုတ်ဘူး ..."

ကျွန်ုပ်အပါအဝင် အားလုံးက အံ့အားသင့်နေကြလေပြီ။

အတန်ကြာမှ 'ရှားဇီးဘို'ကျေးရွာမှ လိုက်လာသည့် ရပ်မိရပ် ဖြစ်သူ ဦးမန်းက သတိဝင်လာပြီး မေးလိုက်သည်။ ဦးမန်းကား အသ ခြောက်ဆယ်ကျော်ပြီဖြစ်သကဲ့သို့ ပယောဂဆရာလည်းဖြစ်သည်။

"ကောင်းပြီ ... ဆရာမေးနေတယ် ... အခုဝင်လာတာ ဘ သူလဲဆိုတာ ပြောပါ ..."

"ကျုပ် ... ကျုပ်က ကျော် ... ကျော်ဇင်ညွန့်ပါ ..."

ဤတွင် နားထောင်နေကြသည့် လူအားလုံးလည်း ကြားလို ရသည့်ခဏမှာပင် အံ့အားသင့်သွားကြတော့သည်။ ဦးဒိဗ္ဗနှင့် မြကေ လည်း အနားသို့ရောက်လာသည်။ ဦးမန်းက ဆက်မေးသည်။

"ကောင်းပြီ ... မောင်ကျော်ဇင်ညွန့် ဘာပြောချင်လို့လဲကွ"

မနီ၏မျက်နှာက ပို၍ခက်ထန်တင်းမာလာသည်။ ထို့နော ဇနီးသည်မြကေခိုင်ကို မျက်ထောင့်နီကြီးဖြင့် စိုက်ကြည့်နေရာမှ ညှိုးတငေါက်ငေါက်ထိုးကာ ပြောတော့သည်။

"မင်း ... မင်း ... သိပ်ပြီး ... သိပ်ပြီး ... ရက်စက်တဲ့မိန်း အကြင်နာမဲ့တဲ့မိန်းမ ..."

ဤစကားကြားရသည့်ခဏတွင် မြကေခိုင်၏မျက်နှာလေ ပြိုတော့မည့်မိုးနယ် အုံ့မှိုင်းနေရာမှ မျက်ရည်မုံးပေါက်များက မျ အိမ်မှ ရှာချလာသည်။

"ပြော ... ပြော ... ပြောရက်လိုက်တာရှင်ရယ် ... ခိုင်





ခိုင်လေ ... ခံစားရလွန်းလို့ အသည်းကြွေမတတ်ပါပဲ ... မောင်ရယ်၊ ဟင် ... ဟင် ... ဟီး ... ဟီး ... ဟီး ..."

ဤသို့ပြောဆိုနေရာမှ တစာစာငိုကြွေးလေသည်။ ငိုနေရင်းမှ င် မြကေခိုင်တစ်ယောက် တက်သွားတော့သည်။ သည်စဉ်မှာပင် နီ၏နှုတ်မှ 'အား'ဟုအော်သံ ကြားလိုက်ရပြီး ဘေးသို့ ဘုန်းခနဲ လဲ သွားတော့သည်။ ထို့နောက် မနီကား ဘာမှမသိသူကဲ့သို့ ပြန်ထလာ း အားလုံးကို ကြောင်ပြီးကြည့်နေသည်။ ပြီးမှ လင်ဖြစ်သူ ကိုသိန်း အေး၏လက်ကို ကိုင်ပြီး မေးတော့သည်။

"ကိုသိန်းအေး ... ကိုသိန်းအေး ... ကျွန်မ ဘာဖြစ်သွားတာလဲ တော် ..."

"ဘာမှမဟုတ်ပါဘူးကွာ ... အပမှီတာပါ ... ရော ... ရော ... ရေအေးလေးတစ်ခွက် သောက်လိုက်စမ်း ..."

မနီက သူ့ယောက်ျားပေးသည့် သောက်ရေခွက်ကိုယူပြီး မော့ သောက်လိုက်သည်။ မကြာမီ တက်သွားသည့် မြကေခိုင်လည်း ဒေါ်အို ပြုစုပေးမှုကြောင့် ပြန်လည်သတိရလာသည်။ သူမ၏မျက်နှာလေး လည်း ချစ်လင်အတွက် ခံစားနေရသည့်ဟန်များ အထင်းသားပေါ် င်နေသည်။ ထူးခြားချက်က သည်မျှသာဖြစ်သည်။

ညနေစောင်းသည်နှင့် ဧည့်သည်အားလုံးနှင့်အတူ ကျွန်ုပ်တို့ပါ နှင့် မြကေခိုင်တို့ကို နှုတ်ဆက်ကာ မိစ္ဆာစံအိမ်မှ ပြန်လာခဲ့ကြ သည်။ အိမ်သို့ရောက်ရောက်ချင်းမှာပင် သီဟက ကျွန်ုပ်ကို မေး သည်။

"ကဲ ... ဝိညာဉ်ကို ယုံကြည်တဲ့မင်းပဲ ပြောစမ်းပါဦးကွ ... ော်ဇင်ညွန့်ဝင်ပူးတာဟာ တကယ်လား ..."



www.burmeseclassic.com

www.burmeseclassic.com



"ငါတော့ တကယ်ဝင်ပူးတာလို့ ယုံကြည်တယ် သီဟ ..."

"ကောင်းပြီ ... အဲ့ဒီထူးဆန်းတဲ့ ဖြစ်ရပ်သာ အမှန်ဆိုရင် ငါ့အနေ နဲ့ တစ်ချက်တော့ ပြောနိုင်တယ် ..."

"ဘာများလဲ သီဟ ... ပြောစမ်းပါဦး ..."

"မင်းလည်း ကြားလိုက်သားပဲ ... 'မင်းသိပ်ပြီးရက်စက်တဲ့မိန်းမ' လို့ ကျော်ဇင်ညွန့်က ဝင်ပူးပြီးပြောသွားတယ် မဟုတ်လား ..."

ကျွန်ုပ်က ခေါင်းညိတ်ပြလိုက်သည်။

"အဲ့ဒီစကားအရဆိုရင် မြကေခိုင်က ကျော်ဇင်ညွန့်ကို သတ်ပ တယ်လို့ အဓိပ္ပာယ်ကောက်လို့ရတယ်ကွ ..."

"ဖြစ်နိုင်ပါ့မလားကွာ ... အားနွဲ့တဲ့ မိန်းမသားတစ်ယော က ယောကျ်ားတစ်ယောက်ကို သတ်ပစ်ဖို့ဆိုတာ ငါတော့ မထင် ကိုယ့်လူ ... နောက်ပြီး ... မင်းပြောသလို သတ်တယ်ပဲထားပါဦး ... ဘာကြောင့်သတ်ရတယ်ဆိုတဲ့အကြောင်းရင်းက လိုလာပြီ ..."

"ဟုတ်တယ် ... ငါလည်းစဉ်းစားမိပါတယ် ... ဒါကို အချိန်ယူပြီး စုံစမ်းရမယ်ကွ ... ပြီးတော့ ရက်စက်တယ်ဆိုတဲ့ စ ဟာ သတ်တာကိုလည်း အဓိပ္ပာယ်ကောက်လို့ရသလို အခြားအဓိပ္ပာ တွေလည်း ရသေးတယ် ... ဒါပေမဲ့ တရားဥပဒေအရ မမြင်ရတဲ့ဝိညာ ပရလောကသားတွေရဲ့ ထွက်ဆိုချက်ကြောင့် အရေးယူလို့မရဲ့သ အပြစ်ပေးဖို့ ဖမ်းဖို့လည်း မနိုင်လုံဘူး ဝဏ္ဏရေ ..."

"အင်း ... မင်းလိုက်ရမဲ့အမှုက နက်သထက်နက် ရှုပ်သထ ရှုပ်တွေးပြီ သီဟ ..."

"ဟုတ်တယ် ... ဇာတ်ရှိန်အမြင့်ဆုံးကိုရောက်လာပြီ ... ဒါ ဘယ်လျှောက်ပဲနက်နက် ဘယ်လိုပဲရှုပ်ရှုပ် တဖြည်းဖြည်း တစ်





ဇာတ်လိုက်ရင် ရှုပ်နေတာတွေဟာ နောက်ဆုံးတော့ ရှင်းသွားကြမှာပါ သူငယ်ချင်း ..."

"အေးကွာ ... ငါလည်း တတ်နိုင်သလောက် ကူညီပါ့မယ်"

"ကျေးဇူးပဲ သူငယ်ချင်း ... ကိုင်း ... အချိန်မရှိတော့ဘူး ... ပြန်ဦးမယ်ကွာ ..."

သီဟလည်း ကျွန်ုပ်ကို နှုတ်ဆက်ကာ 'ထုံးဘို'သို့ ပြန်သွားလေ တော့သည်။



www.burmeseclassic.com

www.burmeseclassic.com



## ၉

ကျွန်ုပ်သည် ဤရက်များအတွင်း ဘယ်ကိုမှမသွားဘဲ ဦး
ဦးဒီပါ၏ စာကြည့်ခန်းထဲတွင်သာ အချိန်များစွာတို့ကို အကျိုး
အသုံးချ၍ ကုန်ဆုံးစေခဲ့ပါသည်။ ကျွန်ုပ်ဦးလေးသည် စာလည်းအ
ဖတ်သူဖြစ်သည်။ သူ့စာကြည့်ခန်းထဲတွင် သားရေဖုံးနှင့် အနှောင်
ရွှေစာလုံးရေးသားထားသည့် ဘာသာရေးဆိုင်ရာ ကျမ်းဂန်များလ
သကဲ့သို့ ဆေးကျမ်း၊ ဗေဒင်၊ ကျမ်းအင်းကျမ်းအစရှိသည့် လောကီ
ရပ်ဆိုင်ရာကျမ်းများကို တွေ့ရသည်။

ထို့အပြင် အင်္ဂလိပ်ဘာသာဖြင့် ရေးသားထားသည့် ဝတ္ထုမျာ
ဂျာနယ်တို့လည်းရှိကြသည်။ ဦးလေးသည် တောရွာ၌နေထိုင်
သော်လည်း အင်္ဂလိပ်စာကို ကျွမ်းကျင်စွာ ရေးသားဖတ်ရှုနိုင်
ကျွန်ုပ်၏စိတ်အဝင်စားဆုံးကား မဂ္ဂဇင်းဂျာနယ်များတွင် ဖတ်ရှု





ကမ္ဘာ့နိုင်ငံအသီးသီးမှ စာရေးဆရာသတင်းထောက်များ ရေးသားတင်
ပြထားခဲ့ကြသည့် ဝိဇ္ဇာဥ်စံအိမ်နှင့် တစ္ဆေရဲတိုက်များအကြောင်းပင်ဖြစ်
သည်။

ကျွန်ုပ်ကား 'သြစတြေးလျ'နိုင်ငံမှ နာမည်ကျော်ဝိဇ္ဇာဥ်စံအိမ်
ား ဆောင်းပါးကို ဖတ်ရှုနေခဲ့သည်။ အချိန်က နေ့လယ်ပိုင်းတစ်နာရီ
လောက်သာရှိသေးသည်။ သြစတြေလျနိုင်ငံသည် ရှေးနှစ်ပေါင်းလေး
သောင်းကျော် ငါးသောင်းလောက်ကတည်းကပင် ရှေးကျသည့်လူမျိုး
များ အခြေချနေထိုင်ခဲ့သည့် နေရာဒေသကြီးပင်ဖြစ်သည်။ သြစတြေ
သတိုက်သို့ (၁၇၇၀)ခုနှစ်တွင် 'ဗြိတိန်'မှ စူးစမ်းလေ့လာရေးသမား
ဖြစ်သည့် 'ကပ္ပတိန်ကွတ်(စ်)'ရောက်ရှိသွားခဲ့သည်။

ကပ္ပတိန်ကွတ်(စ်)ရောက်ရှိပြီးနောက် ... (၁၈)နှစ်အကြာ
၁၇၈၈)ခုနှစ်တွင် ဗြိတိသျှတို့က သြစတြေးလျကို ကိုလိုနီပြုလိုက်
သည်။ ကိုလိုနီပြုလိုက်သည်နှင့် သြစတြေးလျသည် ဗြိတိသျှလူဖြူများ
ကြီးစိုးသည့်ဒေသဖြစ်သွားခဲ့သည်။ လူဖြူများ၏ သတ်ဖြတ်မှုကြောင့်
၁၉၀၀) ပြည့်နှစ်တွင် သြစတြေလျတစ်နိုင်ငံလုံးတွင် မူလကရှိကြသည့်
နွယ်စုဝင်မှာ စုစုပေါင်း လူဦးရေ ခြောက်သောင်းခြောက်ထောင်
ကျော်သာ ကျန်ရှိလေတော့သည်။

ထိုအနေအထားမှာ ... လူမျိုးနွယ်စုအတွက် စိုးရိမ်စရာအနေ
ထားဖြစ်သော်လည်း သည်အခြေအနေမှတစ်ဆင့် လူဦးရေပြန်လည်
များအောင် ထူထောင်နိုင်ခဲ့ကြသည်မှာ ယနေ့ထိပင်ဖြစ်သည်။
သျှတို့က သြစတြေးလျကို (၁၉၈၆)ခုနှစ်တွင် လွတ်လပ်ရေးပေးခဲ့
သည်။ သို့သော် ဗြိတိန်၏ စနသဘာယနိုင်ငံများစာရင်းတွင်တော့
နှတိုင်ပါဝင်နေဆဲဖြစ်သည်။



www.burmeseclassic.com

www.burmeseclassic.com



လက်ရှိသြစတြေးလျှနိုင်ငံကို 'နယူးဆောက်(သ်)ဝေး' 'ဗစ်တို ရီးယား' 'ကွင်း(စ်)လန်' 'တက်(စ်)မေးနီးယား' 'တောင်ပိုင်းသြစတြေးလျ' 'မြောက်ပိုင်းတယ်ရီတော်ရီ' နှင့် 'အနောက်သြစတြေးလျ' ပြည်နယ် များဖြင့် ပေါင်းစပ်ဖွဲ့စည်းထားလေသည်။

ဤကဲ့သို့ ပြည်နယ်ကြီးခုနစ်ခုဖြင့် ဖွဲ့စည်းထားသည့် သြစတြေး လျှနိုင်ငံတစ်ဝှမ်းလုံးတွင် တစ္ဆေခြောက်သည့်နေရာပေါင်း ရာနှင့်ချီ ကြသည်။ ဤကဲ့သို့ ရာနှင့်ချီ၍ရှိကြသည့်နေရာများသည် ပါးစပ်ပြော ဖြင့် တစ္ဆေခြောက်သည့်နေရာမျိုးမဟုတ်ဘဲ ဝိညာဉ်တစ္ဆေသရဲ အမှန်တကယ်တွေ့မြင်ရကြောင်းကို အထောက်အထားပြနိုင်သ နေရာများပင်ဖြစ်ကြသည်။

ကျွန်ုပ်သည် တစ်ဘက်ခန်းထဲတွင် ဝိညာဉ်ဆောင်းပါးကို ဖတ် ကောင်းနေစဉ်မှာပင် အိမ်ရှေ့မှ ဆိုင်ကယ်စက်သံကို ကြားလိုက် သည်။ တစ်ဆက်တည်းမှာပင် ခြံထဲတွင်ဆင်း၍ ထင်းဖြတ်နေသ ဖိုးလုံးကို လှမ်းမေးလိုက်သည့် သီဟ၏အော်သံကို ကြားလိုက်ရ သည်။

"ညီလေး ... မင်းဆရာရှိလားကွ ..."

"ရှိပါတယ် ဆရာ ... စာကြည့်ခန်းထဲမှာပါ ဆရာ ..."

"အေး ... အေး ..."

သီဟက ပြောပြောဆိုဆို အိမ်ပေါ်သို့ တက်လာသည်။ တစ်ခေါက်လာသည့်အခါတွင်ကား ယူနီဖောင်းနှင့်မဟုတ်ဘဲ အရပ် နှင့်လာခြင်းပင်ဖြစ်သည်။ ကျွန်ုပ်ကလည်း အခန်းထဲမှ လှမ်း၍ အ ပေးလိုက်သည်။

"ဝင်လာခဲ့ကွာ ... တံခါးက စေ့ထားရုံ စေ့ထားတာ သီ





သီဟလည်း တံခါးကိုဖွင့်၍ တွန်းဝင်လာခဲ့သည်။

"ဘာစာအုပ်တွေများ ဖတ်နေတာလဲ သူငယ်ချင်း ..."

"ဝိညာဉ်ပရလောကသားတွေနဲ့ ပတ်သက်တဲ့ အဖြစ်အပျက် တွေပဲကွ ..."

"ဟုတ်လား ... ဖောက်သည်ချစမ်းပါကွာ ..."

သီဟက စိတ်ဝင်စားဟန်ဖြင့် မေးလာခြင်းပင်။

"ငါ ဒီရက်ထဲမှာ ကမ္ဘာ့အရပ်ရပ်က ဝိညာဉ်စံအိမ်၊ သရဲတစ္ဆေ ခြောက်တယ်ဆိုတဲ့ အိမ်တွေနဲ့ ပတ်သက်တဲ့ ဆောင်းပါးတွေကို ဖတ် နေတာကွ ... အခုဖတ်နေတဲ့ ဆောင်းပါးထဲမှာ သြစတြေးလျနိုင်ငံ 'ဘက်ဘိန်းမြို့'က နယူးစတက်(ဒ်)စံအိမ်အကြောင်းကို ဖတ်နေတာ"

"ဒီစံအိမ်က ဘယ်လိုခြောက်လို့လဲ ..."

"ဒီစံအိမ်ကို(၁၈၄၆)ခုနှစ်မှာဆောက်ခဲ့တဲ့ သမိုင်းဝင်အဆောက် အဦဖြစ်တယ်တဲ့ ... အဆောက်အဦထဲမှာ အကောင်အထည်မမြင်ရ ဘဲနဲ့ ခြေသံတွေကြားရတယ် ... မီးတွေအလိုအလျောက်ဖွင့်တယ် ... ပိတ်တယ် ... အရာဝတ္ထုတွေဟာ အလိုအလျောက်ရွှေ့လျားသွားတာ ကို နေ့စဉ်မြင်တွေ့ကြရတယ်လို့ဆိုတယ် ..."

"တယ်ပြီးထူးဆန်းပါလားကွာ ..."

"အဲဒီလိုတွေ့ရတာဟာ အရင်က အိမ်ရှင်မတစ်ဦးက မကျွတ် တဲ့ဝိညာဉ်က ပြုလုပ်နေတာလို့ အိမ်အကြောင်းသိသရွေ့က ဆိုကြ တယ် ..."

"ငါတို့ရဲ့ ဗုဒ္ဓတရားတော်အရဆိုရင် သားစွဲ၊ သမီးစွဲ၊ မယားစွဲ၊ လင်စွဲ၊ အိုးစွဲ၊ အိမ်စွဲ၊ အစွဲအလမ်းတစ်ခုခုကြောင့် ပြိတ္တာဘုံဘဇ်ရောက် ကြရတယ် မဟုတ်လား ..."



www.burmeseclassic.com

www.burmeseclassic.com



ဤစကားပြောလာသည့် သီဟာကို ကျွန်ုပ်က အံ့အားသင့်နေမိသည်။ စိတ်ထဲကလည်း သီဟာတစ်ယောက် အရင်နှင့်မတူတော့ဘဲ ပြောင်းလဲလာပြီမှန်း အသိအမှတ်ပြုလိုက်မိသည်။

"မဆိုးဘူး ... မင်းတော်တော်တိုးတက်လာပြီ သူငယ်ချင်း"

"ငါလည်း မြန်မာလူမျိုး ဗုဒ္ဓဘာသာမိဘနှစ်ပါးက မွေးဖွားလာတာပါကွာ ... တစ်နေ့က ဂတ်စာရေးကြီးဆီကနေပြီးတော့ တက္ကသိုလ်သျှင်သီရိ(မွှာစရိယဘိအေ)ရဲ့ 'ရကြပါစေ အမ္ဗဝေဏ်'ဆိုတဲ့ စာအုပ်ကို ငှားပြီးဖတ်ကြည့်ရာက သိလာခဲ့တာတွေပဲ ... ကိုင်း ... ပြီးတော့ မင်းဖတ်ဖူးတဲ့ ... နိုင်ငံခြားက တစ္ဆေခြောက်တဲ့စံအိမ်တွေအကြောင်း ဆက်စမ်းပါဦးကွာ ..."

"နောက် မဂ္ဂဇင်းတစ်စောင်မှာ 'အင်္ဂလန်နိုင်ငံ' အက်(စ်)မေဝ် အရပ်မှာရှိတဲ့ 'မူ(န)ကက်စတာရဲတိုက်'ဟာ တစ္ဆေအခြောက်ဆုံးရဲတိုက်လို့ ရေးသားထားတာ ဖတ်လိုက်ရတယ် ..."

"ဟုတ်လား ... တစ္ဆေက ဘယ်လိုခြောက်တာလဲ ..."

"ဒီရဲတိုက်ကြီးရဲ့ မူလပိုင်ရှင်တွေက 'ပင်နစ်တန်'မိသားစုတွေ ဖြစ်ကြတယ်တဲ့ ... ဒါပေမဲ့ အခုအခါမှာတော့ ရဲတိုက်ကြီးမှာနေတဲ့သူ မရှိတော့ဘဲ ကမ္ဘာလှည့်ခရီးသည်တွေကို ဆွဲဆောင်တဲ့အဆောက်အအုံ အဖြစ်နဲ့ပဲ ကျန်ခဲ့တော့တယ် ... ဒီရဲတိုက်မှာတွေ့ရတဲ့ ဝိညာဉ်တွေထဲ မှာ အများဆုံးတွေ့ရတဲ့ ဝိညာဉ်တစ္ဆေကတော့ လက်သမားတစ္ဆေတစ် ကောင်လို့ဆိုတယ် ..."

ဤတွင် သီဟာက ပို၍စိတ်ဝင်စားလာပြီး မေးမြန်းတော့သည်။

"ဟုတ်လား ... ဘာဖြင့်လို့ လက်သမားကနေ တစ္ဆေဖြစ်ရတာ လဲကွာ ..."





"ဒီလိုကွ ... ဒီဝိညာဉ်ဟာ မူလရဲတိုက်ပိုင်ရှင်ဖြစ်တဲ့ 'ဆာဖာ ဒီနန်ပင်နင်တန်'ရဲ့ သမီးထွေးရဲ့ချစ်သူဖြစ်တယ် ... ချစ်သူဘဝမှာ ချိန်းတွေ့ကြရင်း လွန်လွန်ကျူးကျူးဖြစ်ခဲ့ကြတယ် ... ဖခင်ဖြစ်တဲ့ ဖာဒီနန်က သိသွားတဲ့အခါ အဲဒီလက်သမားဆရာလေးဟာ ခေါင်းဖြတ်ပြီး အသတ်ခံခဲ့ရရှာတယ် ..."

"ရင်နင့်စရာပါလားကွာ ..."

"ဟုတ်တယ် ... လက်သမားတစ္ဆေဟာ ဖြတ်နေတဲ့သူ့ဦးခေါင်း ကို ရဲတိုက်အပြင်ဘက်မှာ လိုက်လံရှာဖွေနေတဲ့ ပုံစံမျိုးနဲ့ တွေ့ရတယ် လို့ ပြောကြတယ် ... အဲဒီမှာထူးဆန်းတာက လက်သမားခေါင်းပြတ် တစ္ဆေနဲ့အတူ နောက်ထပ်ဝိညာဉ်တစ္ဆေတစ်ကောင်ကိုလည်း တွေ့ကြ ပြန်တယ် ..."

"ဟေ ... ဟုတ်လား ... ဘယ်သူသေပြီး ဖြစ်တာတဲ့လဲ ... တော်လိုက်ရတဲ့ ယောက္ခထီးဖာဒီနန်ရဲ့တစ္ဆေများလား ..."

သီဟာက အထင်နှင့် ရမ်းတုတ်လိုက်ခြင်းပင်ဖြစ်သည်။

"ဘယ်ကဟုတ်ရမှာလဲကွာ ... အဲဒီတစ္ဆေက ဒီရဲတိုက်ကြီးထဲ က လူရှင်တော်လုပ်ခဲ့တဲ့ သောမတ်(စ်)စတီတန်ရဲ့ ဝိညာဉ်ပါကွ ... ထူးဆန်းတာက ဒီလူရှင်တော်ဟာ ဖာဒီနန်ရဲ့ အမိန့်နဲ့ လက်သမား ဆရာကို သတ်ဖြတ်ခဲ့တဲ့သူ ဖြစ်နေပြန်တယ် ... ဒီလူရှင်တော်ကို ရဲတိုက် ထဲကလူတွေအားလုံးက 'အဲရှုးကလေးတွမ်'လို့ခေါ်ကြတယ် ... အဲဒီ တွမ်ဟာလည်း (၁၆၀၀)ပြည့်နှစ်မှာ သေဆုံးခဲ့တယ် ... အဲဒီအချိန်က စပြီး လက်သမားဆရာလေးရဲ့ ဝိညာဉ်နဲ့အတူ တွေ့ခဲ့ကြရတယ်လို့ဆို ကြတယ် ..."

"အင်း ... နောက်ဆုံးတော့ သတ်တဲ့လူကော အသတ်ခံရတဲ့လူ



www.burmeseclassic.com

www.burmeseclassic.com



တော ကျွတ်ဘဲ ဝိညာဉ်ဖြစ်သွားကြတာပါပဲလား ... ”

သီဟက မှတ်ချက်ချလိုက်ခြင်းဖြစ်သည်။ ကျွန်ုပ်ကလည်း သူ့စကားကို ထောက်ခံသည့်အနေနှင့် ခေါင်းညိတ်ပြလိုက်သည်။

“ဟုတ်တယ် သီဟ ... ပြီးတော့ ... ဒီရဲတိုက်ကြီးထဲမှာ အခြား ချောက်လှန့်နေကြတဲ့ ဝိညာဉ်တွေအများကြီးရှိသေးတယ်၊ အဲဒီဝိညာဉ် တွေထဲမှာ လူတွေကို ကြောက်လန့်အောင် ချောက်လှန့်လေ့မရှိတ မေရီဘရက်လို့ခေါ်တဲ့ အိမ်တော်ထိန်းအမျိုးသမီးရဲ့ ဝိညာဉ်လည်း သေးတယ်ကွ ... ”

“ဟုတ်လား ... ပြောစမ်းပါဦးကွာ ... ”

“ဒီအမျိုးသမီးဟာ (၁၈၀၅)ခုနှစ်အတွင်းက ရဲတိုက်မှာ တာဝ ကမ်းဆောင်ခဲ့တဲ့ ခြေမြန်စစ်သားတစ်ယောက်နဲ့ ချစ်ခဲ့ကြတယ် ... အဲ့ဒီမှာ ရည်းစားလုဘက်ဖြစ်တဲ့ အမျိုးသမီးက အကောက်ကြံပြီးတော မေရီကို အိမ်က လိမ်ပြီးခေါ်ထုတ်သွားခဲ့တယ် ... လမ်းရောက်တော သူငှားထားတဲ့ ကြေးစားတွေက သတ်ပစ်လိုက်လို့ မေရီဟာ သေခဲ ရှာတယ် ... သူမရဲ့အလောင်းကို နောက်တစ်နေ့ မနက်မှာပဲ ခုန ပြောခဲ့တဲ့ လူရွှင်တော်တွမ်က တွေ့ရှိခဲ့တယ် ... ဒါပေမဲ့ ရဲတိုက်ပိုင်ရှ က မေရီရဲ့အလောင်းကို အမှုပတ်မှာစိုးတဲ့အတွက် ရဲတိုက်ထဲကို ယူ မပြုခဲ့ဘူး ... အဲ့ဒါကြောင့် တွမ်ဟာ မေရီရဲ့အလောင်းကို ‘အက်(စ်)မြ ထဲကို ချပြီးအစဖျောက်ပစ်လိုက်တယ် ... ”

“အင်း ... ဒီအဖြစ်ကလည်း ရင်နာစရာပါပဲ ဝဏ္ဏရာ ... ”

“ဟုတ်တယ် သီဟ ... ဒါပေမဲ့ ... မေရီရဲ့အလောင်းဟာ အနည်းငယ်အတွင်းမှာပဲ ပြန်ပေါ်လာခဲ့တယ် ... သက်ဆိုင်ရာပုဂ္ဂို တွေရဲ့ စစ်ဆေးချက်အရ မေရီဟာ ဦးခေါင်းတစ်ခုလုံး ကြေမွခဲ





အရိုက်ခံရပြီးတော့ သေဆုံးခဲ့ရတဲ့အကြောင်းတွေ့ရှိခဲ့ကြတယ်၊ ဒါပေမဲ့ ဒီအမှုမှာ ဘယ်သူမှ အရေးယူမခံခဲ့ကြရဘူး ... ”

“အင်း ... တရားခံတွေကံကောင်းသွားတာပေါ့ကွာ ... ”

“မထင်နဲ့ ကိုယ့်လူရေ ... မထင်နဲ့ ... မေရီဟာ ဝိညာဉ်ဘဝ ရောက်မှ သူမကိုသတ်ခဲ့တဲ့လူတွေအားလုံးကို လိုက်ပြီးလက်စားချေခဲ့ တယ် ... သူမကိုသတ်ခဲ့တဲ့ လူအားလုံးဟာ လအနည်းငယ်အတွင်းမှာ ပဲ ရှေ့ဆင့်နောက်ဆင့် သေဆုံးခဲ့ကြရတယ် ... မေရီရဲ့ဝိညာဉ်ကို သေ ဆုံးသွားတဲ့အချိန်ကစပြီး ရဲတိုက်ထဲမှာတွေ့ခဲ့ကြရတာ ယနေ့ထိပါပဲ တဲ့ကွာ ... ”

“အင်း ... စိတ်ကူးယဉ်ထက်တောင်မှ ဆန်းကြယ်ပါလားကွာ၊ နေပါဦးဝဏ္ဏ ... ငါမေးပါရစေဦး ... ဟိုကောင်ကျော်ဇင်ညွန့်ကော အဲဒီလို လက်စားချေသလား မသိဘူး ... ”

“ဒါတော့ မသိဘူးကွ ... ကျော်ဇင်ညွန့် ဝိညာဉ်ကို မေးကြည့် မှပဲ သိနိုင်မယ် ... မင်းက ဘာဖြစ်လို့ မေးတာလဲ ... ”

“ဒီလိုကွ ... အသုဘချတဲ့နေ့က မြကေခိုင်ကို မျက်ထောင့်နီ ကြီးနဲ့ စိုက်ကြည့်နေတာကို ပြန်မြင်ယောင်မိလို့ စဉ်းစားကြည့်မိရာက မေးမိတာပါ ... ”

“မင်း ထင်တာ ဖြစ်နိုင်ပါတယ် ... ”

“အေးကွာ ... ငါလည်း မင်းနဲ့ ပေါင်းမိကာမှ ရဲအရာရှိတစ် ယောက်အနေနဲ့ တစ်ခါမှ မတွေးဘူးတဲ့ ဝိညာဉ်ရှုထောင့်တွေကပါ ထည့်သွင်းစဉ်းစားမိနေပြီ ... ”

“အဲဒါ မင်းရဲ့ တိုးတက်မှုကို ပြတာပဲကွ သီဟ ... ဒီမှာ ငါ ပြောပြမယ် ... ကမ္ဘာ့စုံထောက်သမိုင်းမှာ စုံထောက်အဖွဲ့ကြီးရဲ့ ဘိုး



www.burmeseclassic.com

www.burmeseclassic.com



အေကြီးများလို့တောင် ကင်ပွန်းတပ်ခဲ့ကြရတဲ့ စကော့တလန်ယာဒ်စုံထောက်အဖွဲ့ကြီးကတောင်မှ တရားခံဖော်ထုတ်ဖို့ ခဲယဉ်းတဲ့ တချို့အမှုကြီးတွေမှာ ဂမ္ဘီရပညာရှင်တွေရဲ့ အကူအညီနဲ့ တရားခံကိုရှာဖွေခဲ့ကြရတယ် ... "

"ဟုတ်လား ... မင်းပြောတာ အမှန်ပဲလား ... "

"ဒီကိစ္စဟာ နောက်စရာမှ မဟုတ်တာပဲကွ၊ မင်းကို ငါက မဟုတ်ဘဲနဲ့ ပြောပါ့မလား ... မှုခင်းတွေကို ဖော်ထုတ်တဲ့နေရာမှာ ဂမ္ဘီရပညာရဲ့ အရေးပါအရာရောက်ပုံကို သတိထားမိသူကတော့ ... စကော့တလန်ယာဒ်စုံထောက်အဖွဲ့ကြီးရဲ့ ညွှန်ကြားရေးမှူးဖြစ်တဲ့ 'ဟိုဝါဒ်ဗင်းဆင့်'ပဲ ဖြစ်တယ် ... "

"အင်း ... ဟုတ်ပြီ၊ ဆက်ပြောစမ်းပါဦးကွာ ... "

"တစ်ခါ ဒုတိယကမ္ဘာစစ် ပြီးဆုံးသွားတဲ့နောက် (၁၉၅၀)ခုနှစ်မှာ ဟော်လန်ပုလိပ်(ရဲ)အဖွဲ့က မနောစွမ်းအင်ပညာရှင် 'ကရာဇက်' လို့ခေါ်တဲ့ ဟော်လန်နိုင်ငံသားတစ်ဦးရဲ့ အကူအညီနဲ့ မှုခင်းကြီးတွေကို ဖော်ထုတ်နိုင်ခဲ့တယ် ... ပြီးတော့ (၁၉၆၁) ခုနှစ်ကတစ်ခါ နယူးယောက်မြို့ ရဲအဖွဲ့ဟာ ကရာဇက်ကို ဖိတ်ခေါ်ပြီးတော့ မှုခင်းကြီးတွေကို ဖော်ထုတ်နှိမ်နင်းခဲ့ရပြန်တယ် ... "

"တကယ်တော်တဲ့ ပညာရှင်ပါလားကွ ... "

သီဟက နှုတ်မှပင် ဖွင့်ဟ၍ ချီးကျူးလာလေသည်။ ကျွန်ုပ်က ဆက်၍ ပြောလိုက်ရပြန်သည်။

"ကရာဇက်လိုပဲ မနောစွမ်းအင်နဲ့ မှုခင်းတွေကို ဖော်ထုတ်ခဲ့သူ နောက်တစ်ဦးကတော့ ဟော်လန်ပြည်သား ပီတာဟားကိုးစ်ဆိုသူပဲ ဖြစ်တယ် ... လူသတ်မှုပေါင်းများစွာ၊ လူပျောက်မှုပေါင်းများစွာကို





မနောစွမ်းအင်နဲ့ ရှာဖွေပေးပြီး စကော့တလန်ယာဒ်စုံထောက်အဖွဲ့ကြီးနဲ့ အက်ဖ်ဘီအိုင် စုံထောက်အဖွဲ့ကြီးတွေကို အကူအညီပေးခဲ့တယ်ကွ"

"အင်း ... မင်း ပြောပြမှပဲ ငါ ဒီအကြောင်းတွေကို ကြားခဲ့ဖူးတော့တယ် ... အေးကွာ ... ဘယ်အရာကိုမှ တစ်ဘက်စွန်းမရောက်စေဘဲ မျှမျှတတ ရှုမြင်တတ်အောင် ဒီကနေ့ကစပြီး ကြိုးစားတော့မယ်လို့ ငါလည်း ဆုံးဖြတ်ထားတယ် ... ဒါကြောင့် အခု ကျော်ဇင်ညွန့်ကို သတ်တဲ့တရားခံကိုကော မင်းအမည်ပေးထားတဲ့ မိစ္ဆာစံအိမ်က လူတွေရဲ့ ခြေလှမ်းကိုကော မျက်ခြည်မပြတ်အောင် စောင့်ကြည့်ရမယ် ... ဒီတော့ မင်းရယ်ငါရယ် ဒေသခံ ပြည်သူတွေရယ်သာ ပူးပေါင်းဖော်ထုတ်မယ်ဆိုရင် ဒီလူသတ်တရားခံကို အနေးအမြန် မိမှာသေချာတယ်၊ ဘယ်လိုဒုစရိုက်သမားမှ ဥပဒေလက်ထဲက ပြေးလို့မလွတ်ပါဘူးကွာ"

"ဒါ အမှန်ဆုံးပေါ့ သူငယ်ချင်းရယ် ... "

"ကဲ ... ဒါဆို စီစဉ်စရာရှိတာတွေ စီစဉ်ရအောင်လို့ ငါ ပြန်ဦးမယ် ဝမ္မ"

"ကောင်းပြီ သီဟ ... သွားပေတော့ကွာ ... "


သီဟလည်း ကျွန်ုပ်ကို နှုတ်ဆက်ကာ ဆိုင်ကယ်နှင့် ပြန်သွားပါလေတော့သည်။



www.burmeseclassic.com

www.burmeseclassic.com






ညဥ့်အမှောင်ထု၏ သိပ်သည်းစွာ ပိတ်ဆို့ထားမှုကြောင့် ရှေ့ ဝါးတစ်ကိုက်ကိုသော်မှ ထင်ရှားစွာ မတွေ့ရပေ။ ဤကဲ့သို့ အကာ ညဥ့်အခါမျိုးတွင် အမှောင်အားကိုးနှင့် မိစ္ဆာစံအိမ်တည်ရှိရာသို့ ချဉ်းကပ်လာသူတစ်ဦးကို မသဲမကွဲနှင့် တွေ့မြင်နိုင်ပေသည်။

ထိုသူသည် သစ်ပင်ကြီးများကို အကာအကွယ်ယူ၍ ချဉ်းကပ် လာခြင်းပင်။ ထိုသူ၏ တစ်ကိုယ်လုံးတွင်လည်း အနက်ရောင်အဝတ် အစားတို့ကို ဝတ်ဆင်ထားသည်။ ကြောင်ရိုင်းတစ်ကောင်အလား မိစ္ဆာ စံအိမ်သို့ ချဉ်းကပ်လာသည့်သူသည်ကား ဝဏ္ဏပင် ဖြစ်သည်။ သူတွေ ပထမအကြိမ် တွေ့ဆုံခဲ့ရသည့် ဝိညာဉ်မိန်းမချောလေးနှင့် ပြန်လည် ဆုံတွေ့လိမ့်မည်ဟူသည့် ယုံကြည်ချက်က ပါလာသကဲ့သို့ မိစ္ဆာစံအိမ် ၏အကြောင်းကိုလည်း စုံစမ်းမည်ဟု ဆုံးဖြတ်ကာ တစ်ယောက်တည်း အရဲစွန့်၍ ထွက်လာခဲ့ခြင်းဖြစ်သည်။





ဤသို့ဖြင့် ဝဏ္ဏတစ်ယောက် ယခင်တစ်ခေါက်က ရောက်ရှိခဲ့သည့်နေရာသို့ ရောက်လာခဲ့ပြန်သည်။ ကျွန်ုပ်လည်း အခြေအနေကို အကဲခတ်ကာ သတိကြီးစွာထား၍ ရှေ့သို့ တရွေ့ရွေ့တိုးလာခဲ့သည်။ ဤသို့ဖြင့် ကျွန်ုပ်တစ်ယောက် ဝိညာဉ်မိန်းမပျိုလေး ရပ်နေသည့်နေရာသို့ပင် ရောက်လာခဲ့လေပြီ။

သို့သော် ယခုအချိန်ထိ မည်သည့်ထူးခြားချက် တစ်စုံတစ်ခုကိုမျှ မတွေ့ရသေးပေ။ ကျွန်ုပ် ရပ်နေသည့်နေရာကား ကံ့ကော်ပင်ကြီး အောက်တွင်ဖြစ်သည်။ ကံ့ကော်ပင်၏ အောက်ခြေကား တလင်းပြင် ကဲ့သို့ ရှင်းလင်းနေသည်။ သည်အပင်အောက်မှနေ၍ မိစ္ဆာစံအိမ်ကို မော့၍ ကြည့်ရသည်။ သည်လမ်းကား ... သွားရိုးသွားစဉ် လမ်းကား မဟုတ်ချေ။ မြစ်မြစ်တောင်၏ အနောက်ဘက်တောထဲမှ လာရသည့် လမ်း ဖြစ်သည်။

ကျော်ဇင်ညွှန့် အသုဘချသည့်နေ့ကလာခဲ့သည်မှာ ရွာဦးဘိုရွာ၏ အရှေ့ဘက်မှ လာခဲ့ခြင်းဖြစ်သည်။ သည်လမ်းကား မိစ္ဆာစံအိမ်မှ လူများ ပတ်ဝန်းကျင်တွင် သွားလာဆက်ဆံသည့်အခါ အသုံးပြုသည့် လမ်းပင်ဖြစ်သည်။ ကျွန်ုပ်လည်း ဝိညာဉ်မိန်းမချောလေး ပေါ်လာလိမ့်မည်နှင့် အတန်ကြာသည်အထိပင် ကံ့ကော်ပင်နောက်ကွယ်မှ စောင့်ကြည့်နေမိသည်။ ကျွန်ုပ်ကား ဝိညာဉ်မလေးကို ယခင်ညကကဲ့သို့ တွေ့ဆုံရလိမ့်ဦးမည်ဟု ယုံကြည်ခဲ့သော်လည်း ယခုမူ မည်သို့မျှ တွေ့ရတော့မည်မဟုတ်မှန်း သိလိုက်လေသည်။

ကျွန်ုပ် စောင့်စားနေသည့် အချိန်မှာလည်း နာရီဝက်သာသာပင် ရှိခဲ့ပြီဆိုသည်ကို လက်တွင်ပတ်ထားသည့် ရိုးလက်(စ်)နာရီလက်တံများက ညွှန်ပြနေသည်။ ထို့ကြောင့် ကျွန်ုပ်လည်း စိတ်လျှော့လိုက်



www.burmeseclassic.com

www.burmeseclassic.com



သည်။ သို့နှင့် တစ်ဆက်တည်းမှာပင် ဒုတိယရည်ရွယ်ချက်ဖြစ်သည့် မိစ္ဆာစံအိမ်ထဲသို့ ထိုးဖောက်ဝင်ရောက်ကာ စုံစမ်းမည်ဟု ဆုံးဖြတ်လိုက် တော့သည်။

ဆုံးဖြတ်ချက်နှင့်အတူ ကျွန်ုပ်၏ ခန္ဓာကိုယ်ကိုလည်း လျင်မြန် စွာပင် လှုပ်ရှားလိုက်လေသည်။ ကျွန်ုပ်သည် ဝိညာဉ်မိန်းမချောလေး ကဲ့သို့ တိမ်လိုလေလို လေဟုန်စီး၍ တရိပ်ရိပ် မလှုပ်ရှားနိုင်သော်လည်း သိုင်းသမားတစ်ဦးဖြစ်သည့်အတွက် သာမန်လူတစ်ဦးထက်တော့ လျှင် မြန်စွာ လှုပ်ရှားနိုင်စွမ်းရှိသည်။

ကျွန်ုပ်ကား ငယ်စဉ်ကတည်းကပင် ကိုယ်လုံသိုင်းပညာ စနစ်တကျ သင်ယူခဲ့သူ ဖြစ်သည်။ ကျွန်ုပ်လည်း သစ်ပင်များကြား မှနေ၍ ကြောင်ရိုင်းတစ်ကောင်အလား လျင်မြန်စွာ ပြေးလွှားလာ သည်။ မိစ္ဆာစံအိမ်ကား တောင်ခြေရင်းတွင် တည်ဆောက်ထားခြင်း ဖြစ်သော်လည်း အမြင့်ပိုင်းတွင် ဖြစ်သည့်အတွက် အနိမ့်ပိုင်းမှနေ၍ တက်လာရသူ ကျွန်ုပ်အတွက် မြေပြန့်တွင် သွားလာရသလော မလွယ်ကူသည်ကား အမှန်ပင် ဖြစ်သည်။

သို့သော် ကံ့ကော်ပင်မှနေ၍ ကိုက်တစ်တောင်ခန့် ဝေးမည် ခန့်မှန်းရသည့် မိစ္ဆာစံအိမ်ဝင်းအနီးသို့ ကျွန်ုပ်ကား မကြာမီအချိန်အတွင်း မှာပင် အန္တရာယ်ကင်းကင်းနှင့် ချဉ်းကပ်နိုင်ခဲ့သည်။ ကျွန်ုပ်လည်း ကြီး မားသည့်အုတ်တံတိုင်းကို ခုန်ကျော်ရန် မည်သို့မျှ မဖြစ်နိုင်သည့်အတွက် တံတိုင်းထဲသို့ ဝင်နိုင်မည့်နည်းလမ်းကို စဉ်းစားလိုက်သည်။ ကျွန်ုပ် လည်း ဟိုဟိုသည်သည် လှည့်ပတ်၍ကြည့်လိုက်သည်။ ဤသို့ လှည့် ကြည့်ရင်းမှ ကျွန်ုပ်သည် စံအိမ်အနောက်ဘက်သို့ ရောက်လာသည်။

ကျွန်ုပ်ကား ... မိစ္ဆာစံအိမ်၏ အနောက်မြောက်ဘက်မှနေ၍





အနောက်တောင်ဘက်သို့ ရောက်လာခဲ့ခြင်းပင် ဖြစ်သည်။ သည်နေရာ တွင် စံအိမ်ဝင်းထဲသို့ ဝင်နိုင်မည့်အရာကို ကျွန်ုပ် တွေ့လိုက်ရသည်။ အခြားမဟုတ်ပေ။ ကြီးမားသည့်သစ်ပင်ကြီး၏ ကိုင်းတစ်ခုက ခြံဝင်း ထဲသို့ ကိုင်း၍ကျနေခြင်းပင် ဖြစ်သည်။

ကျွန်ုပ်လည်း အချိန်မဖြုန်းတော့ဘဲ သစ်ပင်ကြီးပေါ်သို့ ကျား သစ်တစ်ကောင်အလား တွယ်ကပ်၍တက်လာခဲ့သည်။ သည်နေရာမှ နေ၍ ခြံထဲသို့ မည်သူမျှ ဝင်လာမည်ဟု မထင်သောကြောင့်သာ သစ် ပင်ကို မခုတ်ဘဲထားခြင်းဖြစ်မည်က သေချာလှသည်။ ကျွန်ုပ်လည်း သစ်ပင်ပေါ်မှတစ်ဆင့် ခြံထဲသို့ ကိုင်းညွတ်နေသည့် ကိုင်းပေါ်သို့ ကူး သွားလိုက်သည်။ ကိုင်းနှင့်မြေပြင်ကား ခုနစ်ပေလောက်သာ ဝေးတော့ သည်။ ကျွန်ုပ်လည်း ကိုင်းပေါ်မှတစ်ဆင့် မြေပြင်ပေါ်သို့ ခုန်ချလိုက် သည်။

ကျွန်ုပ် မြေပြင်သို့ ခြေချမိစဉ်မှာပင် မည်သို့မျှ မြေရှိလင့်မထား သည့် အဖြစ်အပျက်က လျှင်မြန်စွာပင် ဖြစ်ပေါ်လာတော့သည်။ ဤ သည်ကား စံအိမ်တစ်ခုလုံးပင်မက ခြံဝင်းထဲတွင်ပါ မီးရောင်များ လင်း လာခြင်းပင် ဖြစ်သည်။ တစ်ဆက်တည်းမှာပင် စံအိမ်ပြတင်းပေါက် ပေါ်မှနေ၍ ငုံ့ကြည့်ကာ ပြောလိုက်သည့် ဦးဒိဗ္ဗ၏ အသံသြသြကြီး ကိုပါ ကြားလိုက်ရလေတော့သည်။

"ဟား ဟား ဟား ... မောင်ဝဏ္ဏ ဦးဆီကို အလည်လာတာ လည်း ဆိုင်းမဆင့် ဗုံမဆင့် ဖြုန်းစားကြီးပါလားကွယ် ... ဧည့်သည် ဆိုတာ အခုလို ခိုးကြောင်ခိုးဝှက်တော့ လာမှာမဟုတ်ပေဘူး ..."

ကျွန်ုပ်ကား မည်သည့်စကားမျှ ပြန်မပြောနိုင်ဘဲ အာစေးထည့် ထားခံရသူကဲ့သို့ပင် ဦးဒိဗ္ဗကိုသာ ငေးပြီး ကြည့်နေမိသည်။ ကျွန်ုပ်စိတ်



www.burmeseclassic.com

ထဲတွင်လည်း လျှပ်စစ်မီး မရသည့် သည်ကဲ့သို့ တောင်ခြေရှိ စံအိမ်တွင် လျှပ်စစ်မီး မည်သို့ရရှိမှုန်းကို မစဉ်းစားနိုင်အောင်ပင် ဖြစ်နေမိသည်။ ကျွန်ုပ်က ဦးဒိဗ္ဗကိုတစ်လှည့် ခြံထောင့်များတွင် သစ်လုံးတိုင်နှင့် လင်း ထိန်နေသည့် မီးချောင်းများကိုတစ်လှည့် စိုက်ကြည့်နေသည်ကို — အကင်းပါးပုံရသည့် ဦးဒိဗ္ဗကလည်း ရိပ်မိဟန်တူသည်။

"ဟား ဟား ဟား ... မီးရောင်တွေ ထိန်လင်းနေတာကို မြင် ရလို့ မောင်ဝဏ္ဏ အံ့သြနေသလား ... သိပ်မအံ့သြပါနဲ့လေ ... ကျုပ် အိမ်မှာ ကိုယ်ပိုင်မီးစက်ရှိပါတယ်"

ကျွန်ုပ်ကား ယခုမှသာ သဘောပေါက်မိလေသည်။ မြို့ကြီးသား ဖြစ်လျက်နှင့် သည်မျှလောက်ကိုမျှ ကြိုတင်မတွက်ဆမိသည့် ကျွန် မိမိကိုကိုယ်သာလျှင် အပြစ်တင်နေမိသည်။ ကျွန်ုပ်ကား ယခုတိုင် ခြံဝင်းထဲတွင် ရပ်နေဆဲဖြစ်သကဲ့သို့ ဦးဒိဗ္ဗကလည်း စံအိမ်ပေါ်သို့ ဖိတ် ခေါ်မည့်ပုံမပေါ်ချေ။

"ကိုင်း ... မောင်ဝဏ္ဏအနေနဲ့ ဦးရဲ့စံအိမ်ကို ဘယ်လိုရည်ရွယ် ချက်နဲ့ လာခဲ့တယ်ဆိုတာကိုလည်း မမေးတော့ပါဘူး ... ဦးဒိပါရဲ့ မျက် နှာက ရှိသေးပေတာကိုး ... ဒါပေမဲ့ ကျုပ် မဖိတ်ခေါ်ဘဲ လာခြင်းဟာ ဒါ ပထမဆုံးအကြိမ်နဲ့ နောက်ဆုံးအကြိမ် ဖြစ်ပါစေလို့ ကျုပ်အနေနဲ့ သတိပေးလိုပါတယ် ... နောက်တစ်ကြိမ် ဝင်လာဦးမယ်ဆိုရင်တော့ အခုလို အေးအေးချမ်းချမ်းနဲ့ ပြန်ရဖို့တော့ ခက်မှာအမှန်ပဲ ... ကဲ — အခုတော့ မဖိတ်ခေါ်ဘဲ ရောက်လာတဲ့ မောင်ဝဏ္ဏအနေနဲ့ ပြန်ပါတော့ လို့ပဲ ကျုပ် ပြောချင်တယ် ... ယက္ခ လိုက်ပို့လိုက်စမ်း ..."

ဦးဒိဗ္ဗ၏ စကားအဆုံးတွင် စံအိမ်အောက်ထပ်ရှိ တံခါးတစ်ချပ် က ပွင့်လာကာ အသားမည်းမည်း ဂင်တိုတိုမျက်နှာတွင် ကျောက်





ပေါက်မသဲ့သဲ့နှင့် ကြည့်ရဆိုးသည့်လူတစ်ယောက်က ထွက်လာသည်။ သည့်နောက်တွင် ကျွန်ုပ်ကို စိုက်ကြည့်ကာ ရှေ့မှ ဦးဆောင်လျှောက် သွားလေသည်။

ကျွန်ုပ်လည်း ယက္ခဟုခေါ်သည့် လူမည်းကြီးနောက်မှ လိုက် သွားရင်း တွေ့သမျှကိုသာ မှတ်သားလာခဲ့သည်။ မကြာမီ ... ကျွန်ုပ် တို့ အသုဘချသည့်နေ့က ဝင်လာခဲ့သည့် စံအိမ်ရှေ့တံခါးဝသို့ ပြန်လည် ရောက်ရှိခဲ့သည်။ လူထွားကြီးတစ်ဦးက တံခါးကို ဖွင့်ပေးသည်။ ကျွန်ုပ် ကို ဦးဆောင်ခေါ်လာသည့် ယက္ခက စံအိမ်အဝင်လမ်းဆီသို့ လက်ဟန် ခြေဟန်ဖြင့် ညွှန်ပြသည်။ ကျွန်ုပ်ကို ထွက်သွားပါဟူသည့်သဘောဖြစ် ကြောင်း ရိပ်မိလိုက်သည့်အတွက် ကျွန်ုပ်လည်း အောင့်သက်သက်နှင့်ပင် ဒွာစံအိမ်ကြီးကို အရှုံးပေးလက်မြှောက်ကာ ပြန်လာခဲ့ရလေတော့ သည်။



www.burmeseclassic.com
www.burmeseclassic.com

www.burmeseclassic.com



## ၁၁

"ဟား ဟား ဟား ... မင်းက အိမ်နေတဲ့ကျားကို ပုတ်ပြီး လိုက်တာကိုးကွ ... ကျားစားမခံရတာကိုပဲ ကျေးဇူးတင်ရဦးမယ်"

ကျွန်ုပ် ပြောပြသည့် စကားအဆုံးတွင် သီဟက ဟားတိုက် မောကာ မှတ်ချက်ချလိုက်ခြင်းပင် ဖြစ်သည်။

"အေးကွာ ... ငါ ဒီလူကြီးကို လျှော့တွက်လိုက်မိတာကို မှားသွားတာပဲကွ"

"ငါ့အထင်ပြောရရင် မင်း မိစ္ဆာစံအိမ်နားကို ချဉ်းကပ်ကတည်း က ဒီလူကြီး သိပြီးသား ဖြစ်မယ်လို့ထင်တယ် ..."

"ဟုတ်ပုံမလားကွာ ... ငါ့အကြောင်းလည်း မင်း သိသား သိုင်းသမားပဲကွာ ... ခြေသံတော့ လုံပါတယ် ..."

"မင်းအရည်အချင်းကို ငါ သိပါတယ် သူငယ်ချင်းရာ ... ဒါ





မင်း စဉ်းစားကြည့်စမ်း ... ဦးဒိဗ္ဗ ဒါမှမဟုတ် မြကေခိုင်တစ်ယောက် ဟာ ငါတို့ယူဆထားသလို ကျော်ဇင်ညွန့်ကို သတ်တဲ့တရားခံ ဖြစ်မယ် ဆိုရင် သူ့ကို ဒုက္ခပေးနိုင်တဲ့ လူမှန်သမျှ သတိထားပြီး စောင့်ကြည့်နေ မှာ သေချာတယ် ..."

"ဒါ ... ဒါဆိုရင် ..."

"ဟုတ်တယ် ... မင်း အခုလို ဝင်ခဲ့တာလည်း ငါတို့အတွက် အကျိုးမဲ့တော့ မဖြစ်ပါဘူးကွာ ... တစ်နည်းပြောရရင် ခပ်ကောင်း ကောင်းပဲဟေ့ ..."

"ဘာဖြစ်လို့လဲကွ ..."

"ဘာဖြစ်ရမှာလဲကွာ ... ကျော်ဇင်ညွန့်ကို သတ်တာ သူတို့ ဟုတ်မဟုတ်ဆိုတာကို ထားလိုက်ဦး ... ဦးဒိဗ္ဗမှာ အကြံအစည်တစ်ခု တော့ ရှိမှာသေချာတယ် ... ပြီးတော့ မင်းကို ခြံဝကို လိုက်ပို့တဲ့ ယက္ခဆိုတာ အသုဘချတဲ့နေ့က ဦးဒိဗ္ဗနောက်နားမှာရပ်နေတဲ့ ဂင်တို တို သုံးယောက်တည်းက တစ်ယောက်ဆိုတာ သေချာရဲ့လား ..."

"သေချာတယ် သီဟ ... အဲဒါတော့ သိပ်ပြီး သေချာတယ်၊ ငါ လူတစ်ယောက်ကို တစ်ခါမြင်ဖူးထားရင် ဘယ်နေရာမှာပဲ ပြန်တွေ့ တွေ့ မှတ်မိတယ်ဆိုတာ မင်းအသိပဲ ..."

"အိုကေ ... ဒီလူတွေဟာ ဒီနယ်က မဟုတ်ဘူးဆိုတာ အားလုံး လည်း သိထားကြတယ် ... အသုဘအတွက် ခေါ်ထားတယ်လို့ ပြော နေအောင်ကလည်း ရက်လည်ပြီးတာတောင်မှ ကြာလှပြီ ... ဒီတော့ ဒီလူစိမ်းတွေက ဘယ်ကလဲ ... ဒီစံအိမ်မှာ နဂိုကတည်းက ရှိတဲ့လူတွေ လား ... ဒါမှမဟုတ် ဘယ်က ရောက်လာတာလဲဆိုတာ စုံစမ်းရမယ်"

သီဟနှင့် ကျွန်ုပ်တို့နှစ်ဦး မိစ္ဆာစံအိမ်အကြောင်း ဆွေးနွေးနေ



www.burmeseclassic.com

www.burmeseclassic.com



ဆဲမှာပင် အိမ်ရှေ့သို့ ဂျစ်ကားလေးတစ်စင်း ရောက်လာသည်။ ကား ပေါ်မှ နီညိုရောင်ဝမ်းဆက်နှင့် ဆင်းလာသူက မြကေခိုင် ဖြစ်သည်။ ကားပေါ်မှ ခြေထောက်လှလှလေးတစ်ဖက်က အရင်ဆုံး ထွက်လာ သည်။ ကြိုးသိုင်းဒေါက်မြင့်ဖိနပ်အရောင်ကလည်း နီညိုရောင်ပင် ဖြစ် သည်။ မြေပြင်တွင် ခြေအစုံရပ်မိသည်နှင့် ဆင်မယဉ်သာ ခြေလှမ်းချင်း နှင့် တစ်လှမ်းချင်း ရောက်လာသည်။

ကျွန်ုပ်နှင့် သီဟ နှစ်ဦးစလုံးပင် မြကေခိုင် အလာသွက်လာသည် ကို သိကြသည်။ သီဟက မျက်နှာအမူအရာဖြင့် 'သွားကြိုလိုက်' ဟု သည့်သဘောဖြင့် မေးဆတ်ပြသည့်အတွက် ကျွန်ုပ်လည်း အိမ်ပေါ်မှ နေ၍ ခြံရှေ့သို့ လျှောက်လာခဲ့သည်။ ကျွန်ုပ်ကို မြင်သည်နှင့် မြကေခိုင် မျက်နှာပေါ်တွင် ပြုံးလဲ့လဲ့အမူအရာလေးကို ဖန်ဆင်းပြီး နှုတ်ဆက်လာ သည်။

"ခိုင်က ... ကိုဝဏ္ဏနဲ့ တွေ့မှတွေ့ပါ့မလားလို့ ရှင်ရယ် ..."

ပထမအကြိမ်အဖြစ် သူမကိုယ်သူမ ခိုင်ဟု အဖျားဆွတ်၍ သုံး လိုက်မှန်း ကျွန်ုပ် သတိထားမိလိုက်သည်။ ကျွန်ုပ်ကား ကံကောင်း သည်ဟု ဆိုရမည်ဖြစ်သည်။ အဘယ်ကြောင့်ဆိုသော် တပည့်ကျော် ဖိုးလုံးက ... မနက်ကတည်းက သူ့မိခင် နေမကောင်းဘူးဟု လာ အကြောင်းကြားသဖြင့် အိမ်သို့ ပြန်သွားခဲ့သည်။ အိမ်တွင် ... ကျွန်ုပ် တစ်ယောက်တည်း ကျန်ခဲ့သည်။

ကျွန်ုပ်တစ်ယောက်တည်း ရှိနေသည့်အချိန်တွင် သူမနှင့် တွေ့ ရမည်ကား ကျိန်းသေလှသည်။ ယခုမှ သီဟ ရောက်နေသည့်အတွက် ကံကောင်းသည်ဟု ဆိုရခြင်းဖြစ်သည်။

"ကိုဝဏ္ဏ အိမ်မှာ ဘယ်သူမှ မရှိကြဘူးလား ..."



"မရှိဘူး ... ရှိတယ်ဗျ ..."

"အို ... ကိုဝဏ္ဏစကားကလည်းရှင် ... ရှိရင် ရှိတယ် မရှိရင် မရှိဘူးလို့ မပြောဘဲနဲ့ ဘယ်လိုပြောလိုက်တာလဲရှင် ..."

ဤတွင် ကျွန်ုပ်က ပြန်လည်ရှင်းပြလိုက်ရသည်။

"ဒီလိုပါ မြကေခိုင် ..."

ကျွန်ုပ်၏စကားပင် မဆုံးသေး သူမက ဖြတ်ပြောလာသည်။ ယခုအထိ ကျွန်ုပ်က သူမကို အိမ်ပေါ်သို့ မဖိတ်ခေါ်သေးပေ။ ခြံဝမှာပင် ရပ်၍ စကားပြောနေကြခြင်း ဖြစ်သည်။ ကျွန်ုပ်နှင့် မျက်နှာချင်းဆိုင်အိမ်မှ မိသားစု ခေါင်းရင်းခြေရင်းနှင့် အနီးဝန်းကျင်မှ သူများကလည်း မသိမသာ အကဲခတ်နေကြသည်။

အကြောင်းကမူ အနီးပတ်ဝန်းကျင်ရှိ မည်သည့်ရွာထဲကိုမှလာ လေ့လာထ မရှိသည့် မိစ္ဆာစံအိမ်မှ မုဆိုးမအသစ်စက်စက်လေး ဖြစ် သည့်အတွက် ဝိုင်း၍ အကဲခတ်နေကြခြင်းပင် ဖြစ်သည်။

"အို ... ကိုဝဏ္ဏရယ် ... ခိုင့်ကို ခိုင်လို့ပဲ ခေါ်ပါနော်"

"ကောင်းပါပြီ ခိုင် ... အိမ်မှာ ဦးလေးကလည်း မရှိဘူး ... အဖော်ခေါ်ထားတဲ့ ရွာထဲက ကောင်လေးကလည်း ဒီနေ့မနက်ပဲ ခဏ ပြန်သွားလို့ ကျွန်တော်တစ်ယောက်တည်းရှိတယ် ... ဒါပေမဲ့ ... ထုံဘို ခန်းက သီဟ ရောက်နေလို့ အခုတော့ အိမ်မှာ နှစ်ယောက်ရှိတယ် ဗျ ... ဒါကြောင့် မရှိဘူး ရှိတယ်လို့ ပြောလိုက်တာပါ ..."

ဤတွင် သူမ၏ မျက်နှာပေါ်တွင် သေသေချာချာ သတိထား ကြည့်မှ သိနိုင်မည်ဖြစ်သည့် အလိုမကျသယောင် အရိပ်လေးတစ်ရိပ် ဖြစ်တည်သွားသည်ကို ကျွန်ုပ်က ဂရုတစိုက် အကဲခတ်နေသည့်အတွက် သတိပြုမိလိုက်သည်။ သူမ၏မျက်နှာလေးက အနည်းငယ် တည်တည်



www.burmeseclassic.com

www.burmeseclassic.com



မှုန်မှုန်လေး ဖြစ်သွားသည်။

"ဩော် ... ကိုသီဟ ရောက်နေတာကိုး ... ဘယ်လိုလဲ အိမ်ရှင်က အိမ်ပေါ်တက်ဖို့တောင်မှ မဖိတ်ခေါ်ပါလားရှင် ..."

သူမ၏ အပြစ်တင်သည့်လေသံကြောင့် ကျွန်ုပ်လည်း ဟ သလဲပင် ပြောလိုက်မိသည်။

"စိတ်မရှိပါနဲ့ ခိုင်ရယ် ... ကျွန်တော်က လမ်းကြုံလို့ နှုတ်ဆ တာထင်လို့ မခေါ်တာပါ ... လာပါဗျာ ... အိမ်ပေါ်ကို လာခဲ့ဖို့ ဖိ ခေါ်ပါတယ် ..."

ကျွန်ုပ် ဖိတ်ခေါ်သည့်စကားအဆုံးတွင် သူမက ကားမော လာသည့် ဒရိုင်ဘာကို လှမ်းပြောလိုက်သည်။

"ကိုလှလှ ... ကျွန်မ ခိုင်းထားတဲ့အတိုင်း ဖရဲ(ဘက်ရဲ) ဦးသိန်းအောင်ဆီဝင်ပြီး သေသေချာချာ လုပ်ခဲ့ ကြားလား ..."

"ဟုတ်ကဲ့ စိတ်ချပါ မမလေး ..."

"ကဲ ... ဒါဆို သွားတော့ ... အပြန်ကျမှ ကျွန်မကို ဝင်ခေါ်

သူမက ဒရိုင်ဘာကို မှာကြားပြောဆိုပြီးသည်နှင့် ကျွန်ုပ် အတူ အိမ်ပေါ်သို့ တက်လိုက်လာသည်။

"ဒေါ်မြကေခိုင်နဲ့ နှစ်ကြိမ်မြောက် တွေ့ဆုံရတာ ဝမ်းသာ တယ်ဗျာ ..."

"ကျွန်မကလည်း နာမည်ကျော် ရဲအရာရှိကြီးနဲ့ တွေ့ရတာ ဝ သာပါသတဲ့ရှင် ..."

"ကျွန်တော်က နာမည်ကျော် မဟုတ်ပါဘူးဗျာ၊ တိုင်းပြ တာဝန်ကိုကျေရာနေရာကတာဝန်ကျေအောင်သာကြိုးစားနေတဲ့သူပါ

"ဟုတ်ပါတယ်ရှင် ... ကျွန်မက ကျွန်မရဲ့ယောကျ်ား အသ





ခံရတဲ့ကိစ္စကို လူသတ်တရားခံပေါ်အောင် ဖော်ထုတ်ပေးမဲ့ ကိုသီဟ ကို ကြိုတင်ပြီး ကျေးဇူးတင်စကား ပြောထားတာပါ ..."

ကျွန်ုပ်တို့သုံးယောက် ဧည့်ခန်းတွင် တစ်ယောက်ထိုင် ဖျာ လေးများပေါ်တွင် အသီးသီး နေရာယူမိကြသည်။

"ခိုင် ဘာသုံးဆောင်မလဲ ... ချိုဆိမ့် ကျဆိမ့် ကြိုက်တာပြော ဗျာ ... တပည့်မရှိပေမဲ့ ကျွန်တော်ကိုယ်တိုင် ဖျော်ပေးပါ့မယ် ..."

"ကျေးဇူးပါပဲရှင် ... နေပါစေ ... ကျွန်မ အခုပဲ အစာပြေ သုံး ဆောင်ပြီး စံအိမ်က ထွက်လာခဲ့တာပါ ... ဘာမှမသောက်တော့ပါဘူး"

ဤတွင် ကျွန်ုပ်က သူမ၏မျက်နှာကို သေသေချာချာ စိုက် ကြည့်ပြီး မေးလိုက်သည်။

"ခိုင် ... အခုလာတာ အလည်သက်သက်ပဲလား ... ဒါမှမဟုတ် ကိစ္စများရှိလို့လား ..."

"အင်း ... ဘယ်လိုပြောရမှန်းတောင် မသိတော့ဘူး ... ဟို ဟိုတစ်ညက ကိုဝဏ္ဏ လာတဲ့ကိစ္စကို မနက်လင်းတော့ ဦးလေးက ပြောပြတယ် ... ကျွန်မ စိတ်မကောင်းလိုက်တာရှင် ... ဦးလေး ပြော ခဲ့တဲ့စကားထဲမှာ လွန်သွားတာများပါရင် တောင်းပန်ပါတယ် အစ်ကို ရယ် ... ဦးလေးက စကားပြောမတတ်လို့ပါ ... ခိုင် အခုလာတာ အစ်ကို့ကို လူကိုယ်တိုင်လာပြီး ဦးလေးကိုယ်စား တောင်းပန်တာပါ"

သူမ၏ ... မျက်နှာလှလှလေးပေါ်တွင် စိတ်မကောင်းသည့် သဏ္ဌာန်က အထင်အရှား ပေါ်လွင်နေသည်။ ကျွန်ုပ်ကလည်း အလိုက် သင့်ပင် ပြန်လည်ပြောလိုက်မိသည်။

"ကိစ္စမရှိပါဘူး ခိုင်ရယ် ... အမှန်ဆိုရင် ကိုယ်ကတော မှ တောင်းပန်ရဦးမှာပါ ... ကိုယ်က ခိုင်တို့ရဲ့ ပိုင်နက်ထဲကို ခွင့်မတောင်း



www.burmeseclassic.com

www.burmeseclassic.com



ဘဲ ကျူးကျော်ဝင်ရောက်လာခဲ့တာဆိုတော့ တောင်းပန်ချင်းတောင်းပန်ရင် ကိုယ်ကသာ တောင်းပန်ရမှာပါ ... "

ဤတွင် သူမက လက်ကလေးကာ၍ ငြင်းဆိုလာပြန်သည်။

"အစ်ကိုက တောင်းပန်စရာမလိုပါဘူးရှင်၊ ခိုင့်ခင်ပွန်းအတွက် လူသတ်တရားခံဖမ်းမိဖို့ သဲလွန်စလာရှာတာမှန်း ခိုင် သဘောပေါက်ပါတယ် ... "

ဤတွင် ငြိမ်ပြီး နားထောင်နေသည့် သီဟက ကျွန်ုပ်ကိုယ်စား ဝင်ပြောလာသည်။

"ဒါတော့ မှန်တယ် ဒေါ်မြကေခိုင် ... "

"အစ်ကိုကလည်း ခိုင်လို့ပဲ ခေါ်ပါလားရှင် ... ညီမနာမည် အရှည်ကြီးခေါ်ရတာ မမောဘူးလား ... "

"ဟဲ ဟဲ ဟဲ ... ဒါကတော့ ကာယကံရှင် ခွင့်ပြုမှ ခေါ်လို့ရ မဟုတ်လားဗျာ ... အခု မြကေခိုင် ... အဲလေ ... ခိုင်က ခွင့်ပြု တော့ ဒီအတိုင်းပဲ ခေါ်ရတော့မှာပေါ့လေ ... အမှန်တော့ ဝ ကျွန်တော့်အတွက် ဝင်ပြီး အကူအညီပေးတာပါ ... ခိုင် ပြောသ တကယ့်လူသတ်တရားခံအစစ်အမှန်ကို ဖမ်းမိဖို့ အရေးကြီးတယ် ကျွန်တော့်ရဲ့ဆန္ဒက အပြစ်မရှိတဲ့ လူတစ်ယောက်ကို ဖမ်းမိမှာစိုးတ အဲဒီလိုပဲ တရားခံအစစ်ကိုလည်း လွတ်မသွားစေချင်ဘူး ... "

"မှန်ပါတယ်ရှင် ... ခိုင်လည်း ခိုင့်ခင်ပွန်းကို ရက်ရက်စက်စ သတ်သွားတဲ့ လူသတ်တရားခံကို အမြန်ဆုံး မိစေချင်လှပါပြီ ... "

ဤသို့ ပြောဆိုရင်းမှပင်လျှင် မြကေခိုင်၏ မျက်ဝန်းအစုံ မျက်ရည်ပုလဲဥများ ကျဆင်းလာသည်ကို တွေ့လိုက်ရသည်။

"ဝမ်းနည်းပါတယ် ခိုင် ... "





"အစ်ကိုလည်း စိတ်မကောင်းပါဘူးကွယ် ... "

"ကံစီမံရာ နာခံရတဲ့ သတ္တဝါတွေဖြစ်တဲ့အတွက် ခိုင်နဲ့ မောင်တို့နှစ်ယောက်ရဲ့ အတိတ်က ဝဋ်ကြွေးလို့ပဲ သတ်မှတ်ထားပါတယ်ရှင်"

သူမက အသံကိုထိန်းကာ ပြောရင်းမှ လက်ကိုင်ပဝါနီညိုရောင်လေးနှင့် မျက်ရည်သုတ်နေသည်။ ကျွန်ုပ်လည်း နီညိုရောင်ကို အလွန်နှစ်သက်သည့် နီညိုရောင်မင်းသမီးပါလားဟု စိတ်ထဲက သတ်မှတ်ထားလိုက်မိလေသည်။ ကျွန်ုပ်တို့သုံးဦး စကားကောင်းနေကြသည်မှာ အဘယ်မျှကြာခဲ့ပြီ မဆိုနိုင်။ အိမ်ရှေ့မှ ကားရပ်သံကို ကြားလိုက်ရပြီး တစ်ဆက်တည်းမှာပင် ဟွန်းတီးသံကလည်း ပေါ်ထွက်လာသည်။

"ကဲ ... အစ်ကိုတို့ ကျွန်မ ပြန်ဦးမယ် ... ခွင့်ပြုကြပါဦးရှင်"

"ကောင်းပါပြီ ... "

"မကြာခင် တရားခံမိအောင် ဖမ်းပေးပါ့မယ်လို့ အစ်ကို ကတိပြုပါတယ် ခိုင် ... "

"ကျေးဇူးပါပဲ အစ်ကိုရယ် ... "

ကျွန်ုပ်တို့နှစ်ယောက်စလုံး သူမကို အိမ်ရှေ့ကားနားရောက်သည်အထိ လိုက်ပို့ခဲ့ကြသည်။ မကြာမီ သူမကို တင်ဆောင်၍ ဂျစ်ကားက မိစ္ဆာစံအိမ်ရှိရာ တောင်ခြေသို့ ဦးတည်၍ မောင်းသွားသည်ကို တွေ့လိုက်ရသည်။ ကျွန်ုပ်တို့နှစ်ဦးလည်း ဂျစ်ကားကို မျက်စိတစ်ဆုံး လိုက်ကြည့်နေရာမှ ပျောက်သွားမှပင် အိမ်ပေါ်သို့ ပြန်တက်လာကြသည်။ သီဟလည်း ခဏအကြာမှာပင် ကျွန်ုပ်ကို နှုတ်ဆက်၍ ထုံဘိုသို့ ဆိုင်ကယ်နှင့် ပြန်သွားပါလေတော့သည်။



www.burmeseclassic.com

www.burmeseclassic.com



## ၁၂

မိစ္ဆာစံအိမ်ကြီး၏ အပေါ်ထပ်တွင်ရှိသော စံအိမ်ရှင် ဦးဒိဗ္ဗ
ညှိခန်းဆောင်ထဲတွင်ဖြစ်သည်။ အပေါ်ထပ်တစ်ခုလုံးကား ခမ်းန
လှသည်။ အပေါ်ထပ်တစ်ခုလုံးကို ပါကေးခင်းထားသည်။ အမိုး
လည်း ခေတ်မီမျက်နှာကျက်များကို ကပ်ထားသကဲ့သို့ မီးဆိုင်
ချောင်းများကို အလှတပ်ဆင်ထားသည်။ ယောကျ်ားတစ်ဖက်
ရှိသည့် ကျွန်းတိုင်ကြီးများကို မှန်စီရွှေချပြီး အလှဆင်ထားသည်
လည်း မျက်စိပသာဒ ဖြစ်စဖွယ်ပင်။

ညှိခန်းဆောင်ထဲတွင်ရှိသည့် ဘဲဥပုံကျွန်းစားပွဲဝိုင်းကြီး
ပေါ်လစ်ရောင်ဖြင့် တောက်ပြောင်နေပြီးအကွက်ထနေသည်။
ထောက်လေးချောင်းစလုံးကို ကနုတ်ပန်းများ ဖော်ထားပြီး အော
ခြေတွင် နဂါးရုပ်ခံထားပြန်သည်။ စားပွဲထိပ်ဆုံးက ခေတ်မီဆုံ





ကုလားထိုင်ပေါ်တွင်တော့ စံအိမ်ရှင် ဦးဒိဗ္ဗက အခန့်သား ထိုင်နေသည်။ သူနှင့် မျက်နှာချင်းဆိုင်ရေ့တည့်တည့်တွင် ထိုင်နေသူကတော့ မိန်းမချောလေး မြကေခိုင်ပင် ဖြစ်သည်။

ဦးဒိဗ္ဗက မြကေခိုင်ကို စူးစိုက်ကြည့်ပြီး မေးမြန်းလိုက်သည်။

"ကဲ … တူမကြီး ပြောစမ်းပါဦး၊ ဟို ရဲအရာရှိလေး မောင်သီဟကိုပါ တွေ့ခဲ့တယ်ဆို … "

"ဟုတ်ပါတယ် ဦးလေး … ကျွန်မ ရောက်သွားတဲ့အချိန်မှာ ကိုသီဟက ရောက်နှင့်နေပြီ"

"အင်း … တူမကြီးက တောင်းပန်စကား ပြောတာကို … မောင်ဝဏ္ဏကို လက်ခံရဲ့လား … "

"ကျေကျေနပ်နပ်ပဲ လက်ခံပါတယ် ဦးလေး … "

"အေးကွယ် … ဦးလေးကလည်း ဒေါသအလျှောက်သာ ပြောလိုက်မိတာပါ … အင်း … အရေးကြီးတာက မောင်ကျော်ဇင်ညွန့်ကို သတ်တဲ့ လူသတ်တရားခံကို မိဖို့လိုတယ် … ဒါမှ ဦးလေးတို့အပေါ်မှာ သင်္ကာမကင်း ဖြစ်နေတာတွေ အားလုံး ရှင်းသွားကြမှာ မဟုတ်လား … "

"ဟုတ်ပါတယ် … မောင် အသတ်ခံရတဲ့ကိစ္စနဲ့ ပတ်သက်ပြီး မြို့နာကရော ပတ်ဝန်းကျင်အားလုံးကပါ ကျွန်မတို့ စံအိမ်ကိုပဲ သင်္ကာမကင်း ဖြစ်နေကြတယ် … ဒီကိစ္စ တရားခံမပေါ်မချင်း မျက်လုံးဒေါက်ထောက်ပြီး ကြည့်နေကြမှာတော့ သေချာတယ် … "

ဤသို့ အပြန်အလှန် ပြောဆိုနေကြရင်းကပင်လျှင် တစ်ဦးနှင့်တစ်ဦး အကဲခတ်နေကြသည်။ အလျှင်ဆုံး မြကေခိုင်က မျက်လွှာချလိုက်ကာ စကားကို မပွင့်တပွင့် လေသံလေးနှင့် ပြောလိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com





"အင်း ... ခက်တာပဲ ဦးလေးရယ် ... မောင် ဖားကန့်ကနေ့ အောင်လာတဲ့ လုံးချောကျောက်စိမ်းတွေ ထည့်ထားတဲ့ ... ရတနာ သေတ္တာ ဘယ်ပျောက်သွားလဲ မသိဘူး ... "

ဤစကား ကြားလိုက်ရသည့်ခဏမှာပင် ဦးဒိဗ္ဗ၏ မျက်လုံးများ က အရောင်တောက်လာကြသည်။ ဆုံလည်ကုလားထိုင်ပေါ်တွင် နောက်မှီပြီး ထိုင်နေသည့် ကြီးမားလွန်းသော ခန္ဓာကိုယ်ကြီးကလည်း ရှေ့သို့ ကိုင်းလာသည်။

"ဘယ်လို တူမကြီး ... မောင်ကျော်ဇင်ညွန့်ရဲ့ ရတနာသေတ္တာ ဟုတ်လား ... "

"ဟုတ်ပါတယ်ရှင် ... မောင်နဲ့ လက်ထပ်ပြီးတဲ့နောက်တစ်နေ့ ကျွန်မကို မောင်က ဒီရတနာသေတ္တာကို ပြခဲ့ဖူးတယ် ... မိသားစုနော် ရေး စိတ်အေးရအောင် သူပဲ သိမ်းဆည်းထားမယ်ဆိုပြီး ပြန်သိမ်းသွား တယ် ... မောင် ဆုံးတော့ ကျွန်မ ရှာကြည့်သေးတယ် ... ဘယ်နေရာ မှာမှ ရှာလို့ မတွေ့တော့ဘူး ... မောင်နဲ့အတူ ရတနာသေတ္တာပါ အ ပျောက်သွားတော့တာပါပဲရှင်"

သူမက ပြောဆိုနေရင်းမှပင် မျက်နှာပေါ်တွင် ပျောက်ဆုံးသွား သည့် ရတနာသေတ္တာအတွက် နှမြောတသကာ ပြန်လည်ရယူပိုင်ဆိုင် ချင်သဏ္ဍာန်တ သိသာပေါ်လွင်နေသည်။

"အင်း ... ဦးလေးလည်း ဒီရတနာသေတ္တာကိစ္စကို မောင်ကျော် ဇင်ညွန့် ဆုံးသွားကတည်းက တူမကြီးကို မေးမယ်လို့ စဉ်းစားနေတာ ကွယ့်၊ ဦးလေးကတော့ တူမကြီးလို မမြင်လိုက်ရပါဘူး ... မောင်ကျော် ဇင်ညွန့် တစ်ခါတော့ ဦးလေးကို ပြောပြခဲ့ဖူးတယ် ... ဒါကြောင့် တူမ ကြီးဆီမှာ အပ်ထားမယ်လို့ ထင်နေတာ ... အခုတော့ လမ်းစပျော





သွားပြီပေါ့ကွာ ... နေစမ်းပါဦး ... ဒီရတနာသေတ္တာအကြောင်းကို ဘယ်သူကော သိထားသေးသလဲ"

ဦးဒိဗ္ဗ၏စကားကို နားထောင်နေသည့် သူမက ခေါင်းကိုသာ ခါပြလိုက်သည်။ သူမ ခေါင်းခါပြလိုက်သည့်အတွက် ဦးဒိဗ္ဗတစ်ယောက် တ်ပျက်လက်ပျက်ဖြစ်ကာ သက်ပြင်းချလိုက်သည်ကို ကြည့်ရင်းက ကေခိုင် စိတ်ထဲတွင် ကြိတ်ပြုံးလိုက်မိလေသည်။ သက်ပြင်းချရင်း ဦးဒိဗ္ဗ၏မျက်လုံးများက အရောင်လက်လာကြပြန်သည်။

"ဦးလေး တစ်ခုတော့ စဉ်းစားမိတာ ရှိတယ် ... "

"ဘာများလဲ ဦးလေး ... ပြောစမ်းပါဦးရှင်၊ ကျွန်မလည်း ဒီ တနာသေတ္တာအတွက် စဉ်းစားရလွန်းလို့ ဦးနှောက်တွေတောင် ထူပူ း ဘာမှ မကြံတတ်အောင်ပါပဲရှင် ... "

ဤတွင် ဦးဒိဗ္ဗက သူ စဉ်းစားမိသည့်အချက်ကို ပြောပြသည်။

"ဒီလို တူမကြီး ... မောင်ကျော်ဇင်ညွန့်ဟာ တူမကြီးနဲ့ မရခင် တည်းက ဒီရတနာတွေကို ဖားကန့်က ရလာခဲ့တာဆိုတော့ သူနဲ့ တူ သွားကြတဲ့ လူတွေကတော့ ဒီရတနာသေတ္တာအကြောင်းကို သိဘဲ နေမှာမဟုတ်ဘူးကွယ့် ... "

"ဒီတော့ ဦးလေးက ဘယ်လိုစဉ်းစားမိလို့လဲ ... "

"မောင်ကျော်ဇင်ညွန့်နဲ့ ဖားကန့်ကို သွားခဲ့တဲ့လူတွေဟာ ဘယ် တွေလဲ ... ဘယ်နေရာဒေသကလဲဆိုတာ သိရင် တစ်ခုခုတော့ ြားမယ်လို့ ထင်တယ်၊ အဲဒီလူတွေရဲ့ နာမည်ကိုကော မောင်ကျော် ညွန့်က တူမကြီးကို ပြောမပြခဲ့ဘူးလား ... "

ဤစကား ကြားရသည့် ခဏတွင် မြကေခိုင်၏ မျက်နှာလေး မှော်လင့်ချက်ရောင်ခြည် သမ်းလာသည့်အတွက် ပြန်လည်ငြ်းပ



www.burmeseclassic.com

www.burmeseclassic.com



လာသည်။

"ဟုတ်တယ် ... ဦးလေး ပြောတဲ့အချက်ကို ကျွန်မ အခုမှ စဉ်းစားမိတော့တယ်၊ နေဦး ... မောင်နဲ့ အတူတူ ဖားကန့်ဘက် သွား တဲ့လူတွေထဲက လူနှစ်ယောက်ရဲ့ နာမည်ကိုတော့ ကျွန်မ မှတ်မိနေ သေးတယ် ... ဘာတဲ့ ... ခဏနော်ဦးလေး ... ကျွန်မ ပြန်စဉ်းစားကြည့် လိုက်ဦးမယ်"

ဤသို့ ပြောဆိုပြီးသည်နှင့် သူမက မျက်စိမှိတ်ကာ ငြိမ်သက်၍ စဉ်းစားနေသည်။ ခဏကြာမှပင် သူမ၏မျက်လုံးများ ပြန်ပွင့်လာသည်။ ဦးဒိုမ္ဘ၏ မျက်နှာပေါ်တွင်လည်း မြကေခိုင် ပြောလာမည့် နာမည်တို့ကို သိချင်သည့်ဇောများက ဖုံးမရ ဖိမရနိုင်လောက်အောင် ပေါ်လွင်နေလေသည်။

"သိပြီ ... ဦးလေး သိပြီ ... တစ်ယောက်ကတော့ မောင့် တစ်မြို့တည်းသားပဲရှင် ... နာမည်က လက်ပွားသိမ်းဆောင်လို့ ခေါ် တယ် ... နောက်တစ်ယောက်ကတော့ ပြည်က ဓားကျော်ကြီးတဲ့"

"လက်ပွားသိမ်းဆောင်နဲ့ ဓားကျော်ကြီး ... လက်ပွားသိမ်း ဆောင်နဲ့ ဓားကျော်ကြီး ... တစ်ယောက်က ပုသိမ်၊ တစ်ယောက်က ပြည်က တူမကြီးပြောတာ သေချာတယ်နော် ... "

"သေချာပါတယ် ဦးလေး ... ကျွန်မကို မောင်က ခဏခဏ ပြောပြဖူးလို့ သေသေချာချာကို မှတ်မိနေတာပါ ... "

"ကောင်းပြီ ... ဒါဆို ဒီကောင်တွေကို ဦးလေး စုံစမ်းမယ် အခုအချိန်ကစပြီး ရတနာသေတ္တာကို ဦးလေးတို့နှစ်ယောက် အတူတူပူးပေါင်းပြီး ရှာကြတာပေါ့ ... ဟုတ်ပြီလား ... တူမကြီး ကျေနပ် တယ်နော် ... "





"ကျေနပ်ပါတယ်ရှင် ... ကျွန်မက မိန်းကလေးမို့ ဒီလောက်ထိ မတတ်နိုင်ဘူးလေ ... ဦးလေးကိုပဲ အားကိုးရမှာပါ ... "

ဤကဲ့သို့ နှစ်ယောက်သား ရတနာသေတ္တာနှင့် ပတ်သက်၍ လူနှစ်ယောက်ကို လိုက်ရှာဖို့ တိုင်ပင်နေကြစဉ်မှာပင် ဧည့်ခန်းဆောင် အနောက်ဘက် ပြတင်းပေါက်အပြင်ဘက်ဆီမှ 'အား' ဟု အော်ဟစ်သံ ကို နှစ်ယောက်စလုံး ကြားလိုက်ကြရလေတော့သည်။

ဤအသံကို ကြားရသည့်ခဏမှာပင် သူတို့နှစ်ဦး၏ ခေါင်းများ က ပုတ်လောက်ကြီးသွားသည်ဟု ထင်မိလိုက်သလို ခန္ဓာကိုယ်များ တွင်လည်း ကြက်သီးမွေးညင်းများပင် ထ,လာကြတော့သည်။ အဘယ့် ကြောင့်ဆိုသော် ကြားလိုက်ရသည့်အသံသည် အသတ်ခံရသည့် ကျော် ဇင်ညွန့်၏အသံမှန်း သူတို့နှစ်ယောက်စလုံး သေသေချာချာ မှတ်မိနေ သောကြောင့်ပင် ဖြစ်သည်။

တစ်ဆက်တည်းမှာပင် အသံကြားလိုက်ရသည့်နေရာနှင့် အနီး ဆုံးဖြစ်သည့် ပြတင်းပေါက်တံခါးတစ်ချပ်ကလည်း ဖွင့်သူမရှိဘဲ အလို အလျောက် ပွင့်သွားသည်ကို တွေ့လိုက်ရသည်။ သည်မျှပင်မကပေ ပြတင်းပေါက်တွင် ကျော်ဇင်ညွန့်၏ ခန္ဓာကိုယ်မပါသည့် မျက်နှာကြီး ကိုပါ မြင်လိုက်ရလေတော့သည်။

သည်မြင်ကွင်းကို မြင်လိုက်ရသည့်ခဏမှာပင် ဦးဒိုမ္ဘနှင့် မြကေ ခိုင်တို့၏ ကြောက်စိတ်များက အဆုံးစွန်ထိ ရောက်သွားကြပြီ ...

"အား ... ကြောက်တယ် ... "

"အမလေး ... ကယ်ကြပါဦးရှင် ... "ဟု အော်ဟစ်ကာ ဧည့် ခန်းဆောင်ထဲမှ ပြိုင်တူပင် အလန့်တကြား ထွက်ပြေးလာကြတော့ သည်။ သူတို့နှစ်ယောက်၏ အလန့်တကြား အော်ဟစ်သံကို ကြား



www.burmeseclassic.com

www.burmeseclassic.com



လိုက်ကြရသည့် အိမ်တော်ထိန်း ဒေါ်အိုဇာ၊ လူယုံတော်ကြီး ဦးတာနော တို့က အပေါ်ထပ်သို့ ပြေးတက်လာသည်နှင့် လှေကားရင်းတွင် လိုက်ကြသည်။ ဦးတာနောက သူ့ဆရာ၏လက်ကို တင်းတင်းကျ ကျပ်ဆုပ်ကိုင်ထားသလို ဒေါ်အိုဇာကလည်း မြကေနိုင်ကို ဖက် အလောတကြီးနှင့် မေးလိုက်သည်။

"ဆရာ ... ဆရာ ... ဘာဖြစ်လို့လဲ ..."

"သမီး ကေနိုင်၊ သမီး ဘာဖြစ်လို့ အော်တာလဲကွယ် ..."

ဤတွင် ဦးဒိဗ္ဗက ပြေးဆင်းလာခဲ့သော အပေါ်ထပ်ကို ကြည့် ရင်း အထိတ်တလန့်နှင့် ရေရွတ်နေသကဲ့သို့ မြကေနိုင်ကလည်း တဆတ်ဆတ် တုန်ရင်နေသည့် အသံလေးနှင့် ပြောဆိုလိုက်လေသည်။

"ဟို ... ဟို ... ကျော် ... ကျော် ... ကျော်ဇင်ညွန့် ... သ သရဲခြောက်နေတယ်"

"ဒေါ် ... ဒေါ်အိုဇာ ... မောင် ... မောင် ... မောင် မကျွတ်မလွတ်ဘူးရှင့် ... သမီး ... သမီး ... သိပ် ... ကြောက် ကြောက်လိုက်တာရှင်"

"ဟာ ... ဆရာကလည်း စိတ်ထင်လို့ ဖြစ်မှာပါ ..."

"ဟုတ်ပါတယ် သမီးရယ် ... ကိုတာနော ပြောသလို သ စိတ်က စွဲလမ်းလို့ ဖြစ်မှာပါကွယ် ..."

"မဟုတ်ဘူး ... မဟုတ်ဘူး၊ ငါ သေသေချာချာ မြင်လို တာ ..."

"ဟုတ် ... ဟုတ် ... ဟုတ်ပါတယ် ဒေါ်အိုဇာ ... ကျွန်မ ကျွန်မလည်း မောင့်ကို မြင် ... မြင်လိုက်ရတယ် ..."

"ကဲ ... ဒါဆို ကျွန်တော်တို့နှစ်ယောက်ပါ ဟုတ်မဟုတ် လိ





ကြည့်မယ် ..."

"ငါ ... ငါ ... ငါ ... မလိုက်ရဲဘူး တာနော ..."

"လာပါ ဆရာရယ်၊ သွားကြည့်လိုက်တော့ သံသယကင်းသွား တာပေါ့ဗျာ ..."

"ဟုတ်တယ် ... လေးယောက်တောင်မှပဲဥစ္စာ ... ကြောက် ရာမလိုပါဘူးကွယ်"

ဤသို့ မရမက ပြောဆိုပြီး ခေါ်မှပင် ဦးတာနော ဒေါ်အိုဇာတို့ နောက်မှ မရဲတရဲနှင့် လိုက်လာခဲ့ကြသည်။ ဧည့်ခန်းဆောင်ထဲသို့ ပြန် ရောက်သည့်အခါ ဦးဒိဗ္ဗနှင့် မြကေနိုင်တို့နှစ်ယောက်စလုံး ပို၍ အံ့အား သင့်စရာကို ကြုံတွေ့လိုက်ရပြန်သည်။ အကြောင်းမှာ စောစောက ပွင့်နေသည့် ပြတင်းပေါက်တံခါးသည် နဂိုအတိုင်း ပြန်ပိတ်လျက်သား ရှိနေခြင်းကို တွေ့လိုက်ရသောကြောင့်ပင် ဖြစ်သည်။

ဤတွင် ဦးတာနောနှင့် ဒေါ်အိုဇာက ဘယ်မှာလဲ သရဲဟူသော အကြည့်နှင့် သူတို့နှစ်ဦးစလုံးကို လှမ်းကြည့်ပြီး အမူအရာနှင့် မေးလာ သည်။ သူတို့နှစ်ဦးစလုံး ဘာတစ်ခွန်းမှ မပြောနိုင်ကြဘဲ ပြတင်းပေါက် ကိုသာ ငေးမောပြီး ကြည့်နေမိကြလေသည်။ အတန်ကြာမှ ဦးတာ နော၏ စကားသံက ထွက်ပေါ်လာသည်။

"ဆရာနဲ့ တူမလေး ကေနိုင်တို့ကို စိတ်ချောက်နေတာပါ ... ဆရာတို့ရဲ့ စိတ်ထဲမှာ မောင်ကျော်ဇင်ညွန့်ကိုပဲ သတိရနေလို့ စွဲလမ်း လို့ စိတ်က ထင်လာတာပါ ... တစ္ဆေသရဲတို့ ဝိညာဉ်တို့ဆိုတာ မရှိပါ ဘူး ဆရာရယ် ..."

ဦးတာနော၏ စကားအဆုံးတွင် သူတို့နှစ်ယောက်စလုံး သက် ပြင်းကိုသာ အသာချလိုက်မိကြလေသည်။ သူတို့နှစ်ဦးစလုံး၏ အာရုံ



www.burmeseclassic.com

www.burmeseclassic.com



ထဲတွင်ကား ပြတင်းပေါက်မှ ပေါ်လာသည့် ကျော်ဇင်ညွန့်၏ အပေါ်
ပိုင်း ခန္ဓာကိုယ်နှင့် မျက်နှာကိုသာ ပြန်လည်မြင်ယောင်နေမိကြပါ
တော့သည်။





## ၁၃

ကျွန်ုပ်သည် ယနေ့ည မိစ္ဆာစံအိမ်သို့ ဝင်ရောက်စုံစမ်းရန် ဆုံး
ထားပြီး ဖြစ်သည်။ သို့သော် ပထမအကြိမ်သွားစဉ်ကကဲ့သို့ မည်
ညှဲအကြောင်းအရာကိုမှ မသိခဲ့ရဘဲ မျက်နှာပျက်၍ တပ်ခေါက်ပြန်
သည့်အဖြစ်နှင့် မကြုံရစေရန်လည်း အထူးသတိထားရမည်ဟု ...
သာပေါက်ထားခဲ့ပြီး ဖြစ်သည်။

ထို့ကြောင့် ... မိစ္ဆာစံအိမ်နှင့် ပတ်သက်၍ နောက်ဆုံးရသည့်
င်းအချက်အလက်တို့ကိုလည်း သီဟထံမှတစ်ဆင့် ကျွန်ုပ် သိရှိ
ဖြစ်သည်။ အမှန်အားဖြင့်ဆိုရလျှင် သည်စုံစမ်းထောက်လှမ်းသည့်
လူသတ်တရားခံရှာဖွေရမည့်တာဝန်မှာ ကျွန်ုပ်နှင့် မည်သို့မျှ
သက် အနေသာကြီး ဖြစ်သည်။ သည်အလုပ်က သီဟ၏တာဝန်
ရွှာများဖြစ်သည်။



www.burmeseclassic.com

www.burmeseclassic.com



သို့သော် ကျွန်ုပ်၏ ဇီဝဝါသနာအရ ထူးခြားဆန်းကြယ်သ ဖြစ်ရပ်တို့ကို သိရကြုံရလျှင် မစူးစမ်းမလေ့လာဘဲ မည်သို့မျှ မနေ သောကြောင့် မိစ္ဆာစံအိမ်နှင့် ပတ်သက်ခဲ့မိခြင်း ဖြစ်သည်။ ကျွန်ုပ်သ တစ်ညတွင် တွေ့ဆုံခဲ့ရသည့် ဝိညာဉ်မိန်းမချောလေး၏ ပုံရိပ်က ယ တိုင် မျက်လုံးထဲတွင် ပုံရိပ်ထင်နေဆဲသာ ဖြစ်သည်။ ထို့ကြောင့်လ ထပ်မံ၍ တွေ့ဆုံရလိမ့်နိုးနှင့် မျှော်ကိုးကာ မိစ္ဆာစံအိမ်နားသို့ ရောက်လိုခြင်းလည်း ပါဝင်သည်။

ကျွန်ုပ်ကား သီဟတို့ ရဲတပ်ဖွဲ့အတွက် တည်ကြက်၊ သို့မဟု ငါးစာပင် ဖြစ်သည်။ ကျွန်ုပ်တည်းဟူသည့် ငါးစာကိုအကြောင်း ငါးကြီးကြီးကို သီဟတို့က လိုချင်သည်။ ဤသည်ကိုလည်း ကျွန် သိထားပြီးဖြစ်သည်။ ထို့ကြောင့်လည်း ငါးစာဘဝကို ကျွန်ုပ်က မိသည်။

ကျွန်ုပ်ကို အကြောင်းပြု၍ ကျော်ဇင်ညွန့်ကို သတ်သွားခဲ့သ အဓိကလူသတ်တရားခံကို ဖမ်းဆီးရမိပြီး ထိုက်သင့်သည့် ပြစ်ဒ ခံစားရလျှင် ကျွန်ုပ်အတွက် စွန့်စားရကျိုး နပ်လေပြီ။ လူ့ဘဝ၏ တရားတို့ကို ဖျက်ဆီးနေသည့် ဒုစရိုက်သမားတို့အတွက် ဤကမ္ဘ ပေါ်တွင် တစ်လက်မမျှ နေရာမပေးချင်သည်ကလည်း ကျွန်ုပ်၏ က ဆန္ဒမှန်ပင် ဖြစ်သည်။

ကျွန်ုပ်လည်း အချိန်ကျသည်နှင့် မိစ္ဆာစံအိမ်သို့ မှန်းကာ ထွက်လာခဲ့သည်။ ယနေ့ညကား လမိုက်ညမဟုတ်သကဲ့သို့ လ ညလည်း မဟုတ်ချေ။ လဆန်း(၈)ရက် လမင်း၏ ရောင်ခြည် အပ်သည့် အလင်းရောင်ကို ဖြန့်ဝေမပေးနိုင်သော်လည်း မှောင် လှည်း မနေပါချေ။





သည်အချိန်မှာပင် မိစ္ဆာစံအိမ်၏ မြောက်ဘက်တောင်ကုန်း လေးအတိုင်း တောင်ဝှေးတစ်ချောင်းကို လက်မှကိုင်ကာ အသက် ခြောက်ဆယ်ကျော် ခုနစ်ဆယ်တွင်းသို့ ဝင်ရောက်နေပြီဖြစ်သည်။ အဘိုးအိုတစ်ယောက် တုန်တုန်ရင်ရင်နှင့် ဆင်းလာနေသည်။ သည် လမ်းကား မိစ္ဆာစံအိမ်နှင့် အနီးကပ်ဆုံးလမ်းပင် ဖြစ်သည်။

သည်တောင်ရိုးပေါ်တွင် တောရှောက်ပင်များက အလေ့ကျ ပေါက်နေကြသည်။ လေတစ်ခြမ်းအဖြတ်ခံရသည့် ဝေဒနာရှင်များ အတွက် တောရှောက်မြစ်နှင့်ဖော်စပ်သည့် လိမ်းဆေးကား အကောင်း ဆုံးပင် ဖြစ်သည်။ သို့သော် မည်သူမျှ သည်တောင်ရိုးပေါ်သို့ တော ရှောက်မြစ်တို့ကို တက်၍ မတူးကြချေ။ အကြောင်းကား မိစ္ဆာစံအိမ်နှင့် မပတ်သက်ချင်ကြသောကြောင့် ဖြစ်သည်။

ယနေ့မူ မည်သူမျှ မတက်ကြသည့် သည်တောင်ရိုးပေါ်မှ အဘိုး ကြီးတစ်ယောက်က ဆင်းလာသည်။ သူ့ပခုံးတွင်လည်း လွယ်အိတ် ကြီးတစ်လုံးကို လွယ်ထားလေသည်။ လွယ်အိတ်ထဲတွင် တောရှောက် မြစ်များထည့်လာသည့်အတွက် ဖောင်းကားနေသည်။ ဤသို့ဖြင့် အဘိုး အိုလည်း မိစ္ဆာစံအိမ်နှင့် အနီးဆုံးနေရာသို့ ရောက်လာသည်။

သည်စဉ်မှာပင် သစ်ပင်ကြီးတစ်ပင်၏နောက်ကွယ်မှ လူတစ် ယောက်က ထွက်လာကာ အဘိုးကြီးရှေ့တွင် ပိတ်၍ရပ်လိုက်လေ သည်။ ဤသူသည်ကား စံအိမ်ရှင် ဦးဒိဗ္ဗ၏တပည့်ဖြစ်သည့် သက်ပြင်း ပင် ဖြစ်သည်။ သူ့အသက်က သုံးဆယ်ဝန်းကျင်လောက်သာ ရှိသေး ပြီး အရပ်ပုပု ဂင်တိုတိုနှင့် ခန္ဓာကိုယ်က တုတ်ခိုင်သန်မာပြီး လူမိုက် ရုပ် ပေါက်နေသည်။ သက်ပြင်းက အဘိုးအိုကို စူးရဲသော မျက်လုံးဖြင့် စိုက်ကြည့်ရင်းက မာမာထန်ထန်ပင် မေးလိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com



"အဘိုးကြီး ... ခင်ဗျားနာမည် ဘယ်သူလဲ ... ဘယ်ကိုသွားမှာလဲ ..."

ဤတွင်မှ အဘိုးအိုက ရှေ့မှ ပိတ်ရပ်နေသည့် သက်ပြင်းကို ကြည့်ကာ ထိတ်လန့်သည့် အသွင်ဖြင့် ပြန်ပြောလိုက်သည်။

"လူလေးရယ် ... အဘနာမည်က ဦးနဝင်းလို့ ခေါ်ပါတယ်၊ ဆေးဆရာပါကွယ် ... ပြန်မှာကတော့ သဲဖြူရွာကို ပြန်မှာပါ ..."

"ခင်ဗျားကြီး သဲဖြူရွာကဆိုတာ သေချာလား ..."

"သေချာပါတယ်ကွယ် ... ဆေးဆရာကြီး ဦးနဝင်းဆိုရင် ... တစ်ရွာလုံး ဘယ်သူ့ကိုပဲမေးမေး သိပါတယ် ..."

"ဒီတောင်ရိုးပေါ်ကို ဘယ်သူမှ ဆေးပင်တက်မရှာရဲကြဘူးဆိုတာ မကြားမိဘူးပေါ့ ဟုတ်လား ..."

"ဟုတ်ပါတယ် ... ဒါနဲ့ နေပါဦးကွယ် ... ဘာကြောင့် ဆေးပင်တက်မရှာရဲတာလဲ ... ဘယ်သူက တားမြစ်ထားလို့လဲကွယ် ..."

"ကျုပ်တို့ရဲ့ နဂါးမောက်စံအိမ်ပိုင်ရှင်ဖြစ်တဲ့ ဆရာဦးဒိဗ္ဗက တားမြစ်ထားတာပဲ ... ဒါကို ဒီရွာနီးချုပ်စပ်က လူတွေအားလုံး သိကြတယ် ..."

"ဩော် ... ဟုတ်လား၊ လူလေးတို့ရဲ့ စံအိမ်ရှင်ကြီးကသစ်တော ...နက အရာရှိကြီးပေါ့ ဟုတ်လား ... ဒါကြောင့် အမိန့်ထုတ်တာ ထင်တယ် ... ဒါပေမဲ့ အဘတော့ အလေ့ကျပေါက်နေတဲ့ ဆေးပင်ကို ဘက်မခူးရဘူးလို့ သစ်တောဌာနက ထုတ်တဲ့အမိန့်ကို တစ်ခါမှ မကြားမိပါလား လူလေးရယ် ..."

အဘိုးအို၏ ချက်နှင့်လက်နှင့် ပြန်ချေပသည့် စကားကို ကြားရသည်နှင့် သက်ပြင်းတစ်ယောက် ရှုံ့ရှုံ့ရှဲရှဲနှင့် ဒေါသထွက်လာတော့





သည်။

"တယ် ... အဘိုးကြီး၊ ခင်ဗျား သိပ်လျှာရှည်ပါလား ... ခင်ဗျားတော့ နာချင်ပြီထင်တယ် ... ကျုပ်က အသက်ကြီးလို့ ကြည့်နေတာ အကောင်းမှတ်နေလား"

"ဘယ်လို ဘယ်လို ... လူလေးက နာချင်တယ် ဟုတ်လား၊ ယ်ငယ်ရွယ်ရွယ်လေးနဲ့ မနာချင်စမ်းပါနဲ့ကွယ် ... နာတယ်ဆိုတာ ပြီးမှ နာရတာ ... နာပြီးရင်လည်း သေတတ်တယ် ... စကားကို ရမ်းမပြောရဘူးကွယ့် ..."

"ဩော် ... ခင်ဗျားကြီးက ကျုပ်ကို လှောင်တာပေါ့လေ ဟုတ်ား ... ဒီလောက်ရှိလှတာ ရော့ ခင်ဗျား အရင်ဆုံး နာပေတော့ ... ..."

သက်ပြင်းက ဒေါသထွက်လာသောကြောင့် အဘိုးအို၏မျက်ကို လက်ပြန်ရိုက်ချလိုက်သည်။ သက်ပြင်း စိတ်ထဲကလည်း 'ခင်ဗျား နာတော့မယ်' ဟု ပြောလိုက်သည်။ သို့သော် သက်ပြင်း၏အထင် အမြင်ကား ပါစင်အောင် လွဲချော်ခဲ့လေပြီ။ သူ အထင်သေးနေသည့် ဘိုးအိုက လက်ပြန်ရိုက်ချက်ကို ခေါင်းငုံ့၍ လွတ်ရုံလေး ရှောင်ပေး က်ရုံတင်မကဘဲ လက်ထဲတွင် ကိုင်ထားသည့် တောင်ဝှေးက မြွေ ကောင်၏ ပါးပျဉ်းထောင်လိုက်သကဲ့သို့ လျှင်မြန်စွာ ဆန့်ထွက် ကာ သက်ပြင်း၏ နံကြားသို့ ထောက်လိုက်လေသည်။

"အွတ် ... အား ..."

သက်ပြင်းကား နံကြားသို့ လက်တစ်ဖက်နှင့် ဖိကာ မြေပေါ် တအိအိ ပြိုလဲကျသွားသည်။ သူ့မျက်လုံးထဲတွင် မယုံကြည်နိုင်ခြင်း၊ အားခြင်း၊ ထိတ်လန့်ခြင်းတို့က အထင်းသား ပေါ်လွင်နေကာ အဘိုး

www.burmeseclassic.com



အိုကို မျက်လုံးပြူး၍ စူးစိုက်ကြည့်နေလေသည်။

"အင်း ... အခုတော့ နာခြင်းရဲ့အရသာကို လူလေး သဘော ပေါက်သွားပြီ မဟုတ်လား ... တစ်နာရီလောက်တော့ အနားယူပြီး နေရစ်ခဲ့ပေတော့ကွယ် ..."

"ခင်ဗျား ... ခင်ဗျားကြီး ..."

သက်ပြင်းကား ဤမျှသာ အသံပြုနိုင်ပြီး သတိလစ်သွားတော့ သည်။ အဘိုးအိုလည်း မိစ္ဆာစံအိမ်ဘက်ဆီသို့ တစ်ချက်စူးစိုက်ကြည့်ပြီး နေရာမှ စတင်ထွက်ခွာဖို့ ပြင်လိုက်သည်။ သည်စဉ်မှာပင် ခပ်လှ လှမ်း သစ်ပင်နောက်ကွယ်မှ တစ်ယောက်က ထပ်မံ၍ ထွက်ပေါ် ပြန်သည်။ ထိုသူက ထွက်လာသည်နှင့် အဘိုးအိုကို စူးစိုက်ကြည့်ပြီး တစ်လုံးချင်း ပြောဆိုလိုက်သည်။

"ကောင်းတယ် ... သိပ်ကောင်းတယ် ... အဘိုးကြီး ခင်ဗျား ပညာ သိပ်ကောင်းပါလား။ ခင်ဗျားကို အထင်သေးတဲ့ သက်ပြင်းတော့ တစ်ကွက်တည်းနဲ့တင် မှောက်သွားတာပဲ ... ကိုင်း ... ခင်ဗျားနဲ့ကျ ရဲ့ တိုက်ပွဲကို စ,ကြရအောင် ... ကျုပ်နာမည် မိုက်ခဲလို့ ခေါ်တ"

"ဩော် ... လူလေးကလည်း နာချင်သေးတာကိုး ..."

အဘိုးအို၏ စကားကြောင့် မိုက်ခဲ၏မျက်နှာတွင် လူသတ် သည့်အရိပ်အယောင်ကို မြင်လိုက်ရသည်။ အေးစက်သည့်မျက် အကြည့်ကလည်း သွေးဆာနေသည့် ဝံပုလွေတစ်ကောင်၏ မျက် များသို့ပင် ကောက်ကျစ်မည့်အသွင် ဆောင်နေလေသည်။

မိုက်ခဲက အေးစက်စက် စိုက်ကြည့်ရင်းကပင် လယ်ထဲ အသင့်ကိုင်ထားသည့် ပေတံတစ်ချောင်းကဲ့သို့ မြင်ရသော သစ် တုတ်ကို အလယ်မှ စုံကိုင်၍ ဆွဲချွတ်လိုက်သည်။ အရှည်တစ်တော





ကျော်ကျော်ခန့်ရှိမည့် ကင်ဒိုးဝါးနှစ်ချောင်းက ထွက်လာသည်။ တစ် ဆက်တည်းမှာပင် အဘိုးအိုထံသို့ လျှပ်တစ်ပြက် ခုန်ဝင်လာပြီးနောက် ညာလက်က ဓားဖြင့်ပိုင်းလိုက်သလို ဘယ်လက်မှ ဓားဖြင့်လည်း နံ ကြားသို့ ထိုးလိုက်သည်။

အဘိုးအိုကလည်း အရွယ်နှင့်မလိုက်အောင်ပင် လျင်မြန်လှ သည်။ စလွယ်ပိုင်းလိုက်သည့်ဓားကို လက်ထဲမှတုတ်ဖြင့် တားဆီး လိုက်ပြီး ထိုးဓားကို ကြောင်လိမ်ကွက်နင်း၍ လွတ်ရုံလေး ရှောင်ပေး လိုက်သည်။ ဓားနှင့် တုတ်ထိသံက ခုတ်ခနဲ မြည်ရမည့်အစား သံ့သံ ချင်း ထိသကဲ့ အသံထွက်လာပြီး မီးပွင့်လေးများပင် ဖြာထွက်သွားလေ သည်။

"ချွမ် ... ချွမ် ... ချွမ် ..."

အဘိုး ကိုင်ဆောင်ထားသည်ကလည်း ရိုးရိုးတုတ်မဟုတ်ဘဲ သံတုတ် ဖြစ်နေသည်။ ဤသို့ဖြင့် မိုက်ခဲနှင့် အဘိုးအိုတို့၏ အသက် လုတိုက်ပွဲကား ပြင်းထန်သည်ထက် ပြင်းထန်လာခဲ့သည်။ မိုက်ခဲ၏ ပင့်ဓား၊ ဝိုက်ဓား၊ ခုတ်ဓား၊ စလွယ်ဓားချက်တို့ကို အဘိုးအိုက လျင်မြန် သွက်လက်စွာ ရှောင်တိမ်းပေးနေသကဲ့သို့ အဘိုးအို၏ အရွယ်နှင့် မလိုက်အောင် ပြင်းထန်လှသည့် တောင်ဝှေးရိုက်ချက်များကိုလည်း မိုက်ခဲက အသည်းယားစဖွယ် ရှောင်တိမ်းပေးနေသည်။

ဤကဲ့သို့ ဘတစ်ပြန် ကျားတစ်ပြန် သဲသဲမဲမဲ ယှဉ်ပြိုင်တိုက် ခိုက်နေရာမှ အဘိုးအိုက မိုက်ခဲ၏ စလွယ်ဓားချက်ကို ခုန်၍ရှောင် တိမ်းလိုက်သည်။ မြေပေါ်သို့ ပြန်အကျတွင် မထင်မှတ်ဘဲ ခဲလုံးပေါ် နင်းလိုက်မိသည့်အတွက် အဘိုးအိုက မြေကြီးပေါ်သို့ တစောင်းချော် ကာ လဲကျသွားသည်။

www.burmeseclassic.com



ပညာချင်းတူလျှင် တစ်ကွက်မှားသည်နှင့် အသက်ပါပေးလိုက်ရတတ်သည်မို့ မိုက်ခဲက ရလာသည့် အခွင့်အရေးကို လက်လွှတ်လုံးဝ မခံဘဲ အဘိုးအို၏အနီးသို့ လှားခနဲ ခုန်ပင်သွားပြီး ပွဲသိမ်းတိုက်ကွက် အနေနှင့် ညာလက်တွင် ကိုင်ထားသော ဓားနှင့် အဆုံးစီရင်ရန် လက်ကို မြှောက်လိုက်သည်။ ဤသည်ကပင်လျှင် မိုက်ခဲ၏မဟာအမှား ဖြစ်သွားတော့သည်။ အဘယ့်ကြောင့်ဆိုသော် အဘိုးအိုက လိမ္မာပါးနပ်စွာ ချော်လဲချင်ယောင်ဆောင်၍ ထောင်ချောက်ဆင်လိုက်ခြင်းသာ ဖြစ်သည်။

မိုက်ခဲက ငုံ့ပြီး ပိုင်းမည်ပြုလိုက်သည်နှင့် အဘိုးအို၏ ခြေထောက်တစ်ဘက်က လျှပ်တစ်ပြက်အတွင်း ဆန့်ထွက်လာကာ မိုက်ခဲ၏ နံကြားထဲသို့ ပြင်းထန်စွာ ကန်မိလိုက်တော့သည်။ မိုက်ခဲ၏တစ်ကိုယ်လုံးကား မြင်းကန်ခံလိုက်ရသကဲ့သို့ လွင့်ထွက်သွားပြီး သစ်ပင်နှစ်ပင်ကြားထဲသို့ ပစ်ကျသွားလေသည်။

"အား ... "

မိုက်ခဲကား သည်တစ်ချက်သာ အသံနက်ကြီးနှင့် အော်ဟစ်နိုင်လိုက်ပြီးနှင့် လောကကြီးနှင့် အဆက်ပြတ်သွားတော့သည်။ အဘိုးအိုကား မိုက်ခဲကို ကန်လိုက်ပြီးကတည်းက ခြေစုံခွဲကာ အသင့်အနေအထားနှင့် ရပ်မိပြီးဖြစ်သည်။ လက်ထဲမှ တောင်ဝှေးကို မြေကြီးပေါ်တွင် ထောက်ထားပြီး ပတ်ဝန်းကျင်တစ်ခုလုံးကို မျက်စိလျှင်လျှင်ဖြင့် အကဲခတ်နေသည်။

အဘိုးအိုက ဖျင်ကြမ်းအကျႌ လက်ရှည်အောက်တွင် ပတ်ထားသည့် နာရီကို ငုံ့ကြည့်လိုက်သည်။ ဆွစ်နိုင်ငံလုပ် အကောင်းစား ရိုးလက်(စ်)နာရီတွင် ညကြည့်မီးက ပါသည့်အတွက် နာရီလက်တံက





ည(၁၀)နာရီ ထိုးပြီဖြစ်ကြောင်းကို ညွှန်ပြနေသည်။ သည်စဉ်မှာပင် မသိစိတ်မှ လှုံ့ဆော်မှုကြောင့် အဘိုးအိုက နောက်သို့ လှည့်ကြည့်မိလိုက်သည်။

သည်အခါတွင်ကား စကားပင်အောက်တွင် ရပ်နေသည့် အဖြူရောင်ဝတ်စုံနှင့် မိန်းမလှလေးတစ်ဦးက သူ့ကို မခို့တရို့လေး စိုက်ကြည့်နေသည်ကို တွေ့လိုက်ရလေသည်။ သူကလည်း ... မြင်မြင်ချင်းပင် ဝိညာဉ်မိန်းမချောလေးဖြစ်မှန်း သိလိုက်သည်။ သူမက သူ့ကို အနားသို့လာရန် လက်ရပ်ခေါ်နေသည်ကို တွေ့လိုက်ရသည့်အတွက် သတိထားကာ တစ်လှမ်းချင်း လျှောက်သွားလိုက်သည်။ သူမထံမှ ရယ်သံလွင်လွင်လေးက တိုးညင်းစွာ ထွက်ပေါ်လာသည်။

"ခစ် ခစ် ခစ် ... ဟင်း ဟင်း ဟင်း ... အမလေးရှင် ... လူစွမ်းကောင်းကြီးကလည်း ကြောက်တတ်ရန်ကော ... ရှင့်ကို ကျွန်မက ကိုက်မစားပါဘူး ရှင်ရယ် ... ရှင် ရုပ်ဖျက်ထားတာ ပီရိပေမဲ့ ... ကျွန်မလို ဝိညာဉ်ကိုတော့ လိမ်လို့မရပါဘူး ... "

ကျွန်ုပ်လည်း အဘိုးအိုတစ်ဦးကဲ့သို့ ရုပ်ဖျက်ထားသည်တို့ကို သူမ အနီးသို့ရောက်သည်နှင့် ပြန်ဖျက်ပစ်လိုက်သည်။ သည်အခါတွင် ယောကျ်ားပီသ၍ တည်ကြည်ချောမောသည့် ဝဏ္ဏ၏ နဂိုရုပ်သွင်က ထင်ရှားပေါ်လွင်လာသည်။ သည်စဉ်မှာပင် မိစ္ဆာစံအိမ်ထဲမှ ဦးဒိဗ္ဗ၏ လူယုံတော် တာနောနှင့် လူမိုက်များ ပြေးထွက်လာသည်ကို မြင်လိုက်ရသည်။

ကျွန်ုပ်၏ အာရုံများက မိစ္ဆာစံအိမ်ရှိ လူများသို့ ရောက်သွားစဉ် အချိန်အတွင်းမှာပင် ဝိညာဉ်မိန်းမချောလေး၏ ညာဘက်လက်က ဆတ်ခနဲ လှုပ်ရှားသွားကာ လက်ညှိုးထိပ်က ကျွန်ုပ်၏အကြောတစ်ခု



www.burmeseclassic.com

www.burmeseclassic.com



ဆီသို့ ဆောက်ချင်းကို ခံလိုက်ရပြီး ဓာတ်လိုက်သကဲ့သို့ တစ်ကိုယ်လုံး ကျဉ်တက်သွားသည်ကိုသာ သတိထားမိလိုက်ပြီးနောက် ကျွန်ုပ်မှာ လုံးဝ မေ့မြောသွားခဲ့လေပြီတည်း။

ကျွန်ုပ် ပြန်လည် သတိရလာသည့်အချိန်တွင် ပထမဦးဆုံး သတိထားမိသည်ကား ဂူကြီးတစ်လုံးထဲရှိ ကျောက်ခုတင်ပေါ်တွင် ရောက်ရှိနေခြင်းပဲ ဖြစ်သည်။ ကျွန်ုပ်ကား လဲလျောင်းနေရာမှ ထ လိုက်ပြီး ကျောက်ဂူကြီးကို စေ့စေ့စပ်စပ် ကြည့်ရှုနေမိသည်။ ကျောက် ဂူကြီးကား အတန်ပင် ကျယ်ဝန်းလှ၍ သဘာဝဂူကြီးကို ပြန်လည် ပြင်ဖန်တီးထားပုံရသည်။ ကျောက်ဂူ၏ အနောက်ပိုင်းသို့ ဝင်သည့် လမ်းကလေးကိုလည်း တွေ့ရသည်။

လမ်းက လူတစ်ယောက်လျှောက်သာရုံသာရှိ၍ ကျောက်ပြ ပြားများစီပြီး ခင်းထားသည်။ ကျွန်ုပ်လည်း လမ်းကလေးအတိုင်း အတွင်းပိုင်းသို့ ဝင်ကြည့်မည်ဟု စဉ်းစားလိုက်သည်။ သည်စဉ်မှာပင် ကျောက်ဖြူလမ်းကလေးအတိုင်း ဂူအနောက်ပိုင်းမှ လျှောက်လာ သည့် ဝိညာဉ်မိန်းမချောလေးကို မြင်လိုက်ရသည်။

"ဪ ... ကိုဝဏ္ဏတောင် နိုးလာပြီကိုး ... ဘယ်လိုလဲ ကျွန်မဂူနန်းမှာ နေရထိုင်ရတာ အဆင်ပြေရဲ့လားရှင် ... "

ပြောပြောဆိုဆို သူမက ကျွန်ုပ်၏အနီးသို့ ရောက်လာသည်။ သူမထံမှ ထွက်လာသည့်ရနံ့ကား သင်းပျံ့မွှေးကြိုင်လှသည်။ သို့သော် ထိုရနံ့သည် ရေမွှေးနံ့မဟုတ်တာတော့ သေချာသည်။ ကျွန်ုပ်ကား ပြည် တွင်းဖြစ် နိုင်ငံခြားဖြစ် ရေမွှေးပေါင်းစုံကို သုံးစွဲခဲ့ဖူးသည့်အတွက် ယခု ကဲ့သို့ ဆိုနိုင်ခြင်းပင်။ ဤသို့ဆိုလျှင် သူမထံမှ ရနံ့သည် မည်သည့်ရနံ့ ဟု ခွဲခြားပြောပါဆိုလျှင်တော့ ပြောရမှာခက်သည်။ အနီးစပ်ဆုံး ခန့်





ခန်း၍ဆိုရပါလျှင် ပန်းပေါင်းစုံရနံ့ဟု ဆိုနိုင်မည်ထင်သည်။

ဝိညာဉ်မိန်းမချောလေးကို စိုက်ကြည့်ရင်း ကျွန်ုပ်က မေးလိုက် မိသည်။

"ဒီက နာမည်ကို မသိရဘူးလားဟင် ... "

"ညီမရဲ့နာမည်က နှင်းမြလို့ ခေါ်ပါတယ် ... "

သူမက ညီမဟူသည့် နာမ်စားကို သုံး၍ ပြောလာသည်။ ကျွန်ုပ် က ထပ်၍ မေးမိပြန်သည်။

"ဒီနေရာကနေပြီး အစ်ကို လာခဲ့တဲ့စံအိမ်နဲ့ ဘယ်လောက်ဝေး သလဲဆိုတာ သိချင်တယ် ... အစ်ကို့ကို ပြောပြပါလား ညီမ ... "

"လာ ... အစ်ကို၊ ညီမနောက် လိုက်ခဲ့ ... အစ်ကို့ကို လက် တွေ့ပြစရာရှိလို့ပါ ... "

ပြောပြောဆိုဆို သူမက ရှေ့မှ ဦးဆောင်ကာ လာခဲ့သည့် လမ်း လေးအတွင်း ဂူအနောက်ပိုင်းသို့ ရှေ့မှ ဦးဆောင်၍ ဝင်သွားသည့် အတွက် ကျွန်ုပ်လည်း သိချင်စိတ်ကြောင့် နောက်မှလိုက်လာခဲ့သည်။ ကျောက်ဖြူလမ်းကလေးက နိမ့်ရာမှ တဖြည်းဖြည်း မြင့်တက်သွား ၏ ကျွန်ုပ် သတိပြုမိလိုက်သည်။ အတန်ကြာသည့်တိုင် လျှောက်လာ ပြီးသည့်နောက်တွင်ကား တောင်ကမ်းပါးယံဘေးသို့ ရောက်လာ သည်။

သည်အခါတွင်ကား တောင်ကမ်းပါးယံအောက်တွင် မိစ္ဆာစံ အိမ်ကို မြင်လိုက်ရလေသည်။ ညဉ့်အမှောင်ထဲတွင် မီးရောင်လင်းထိန် နေသည်ကို မြင်ရသည့်အတွက်ကြောင့် မိစ္ဆာစံအိမ်မှန်း ကျွန်ုပ် သိလိုက် ခြင်း ဖြစ်သည်။ ကျွန်ုပ်နှင့် ဝိညာဉ်မိန်းမချောလေးသည်လည်း ... ကျောက်ကလပ်သဏ္ဍာန်ဖြစ်နေသည့် ကျောက်စွန်းတွင် ရပ်၍ကြည့်



www.burmeseclassic.com

www.burmeseclassic.com



ခြေခြင်း ဖြစ်သည့်အတွက် ခန္ဓာကိုယ်နှစ်ခုက ထိကပ်၍နေကြသည်

ကျွန်ုပ်၏စိတ်ကား တစ်သက်နှင့်တစ်ကိုယ် မထိတွေ့ဘူးသ ဆန့်ကျင်ဘက်လိင်၏ အထိအတွေ့ကြောင့် ဘောင်ဘင်ခတ်ကာ ရှားနေတော့သည်။ သည်ကြားထဲတွင် ... ဝိညာဉ်မိန်းမချောလေး ကျွန်ုပ်၏ပခုံးဦးတွင် မေးတင်၍ထားပြန်သည်။ အချိန်ကား ခုနှ ကြယ်ပြောင် အမြီးတောင်၍ သန်းခေါင်ယံကိုပင် ကျော်လွန်ခဲ့ပြီ သည်။ ကျွန်ုပ်က သူမ၏ ပခုံးလေးကို ညင်သာစွာ ဖက်ပြီးမေးလိုက် သည်။

"ညီမ ..."

"ရှင် ..."

"ဒါဆို အစ်ကို အခု ရောက်နေတဲ့တောင်ဟာ မြစ်မြင်တော ပေါ့ ဟုတ်လား ..."

"မဟုတ်ဘူး အစ်ကို ... အစ်ကိုပြောတဲ့ မြစ်မြင်တောင်ဆို ဒေဝယက္ခတောင်ကို ပြောတာ မဟုတ်လား ..."

"ဟုတ်တယ် ... ဟုတ်တယ် ညီမ၊ နတ်ဘီလူးတွေ စောင့် လို့ ဒေဝယက္ခတောင်လို့ ခေါ်တယ်လို့ အစ်ကို သိခဲ့ရတယ် ... ဒီတောင်ကို ဘယ်လိုခေါ်တယ်ဆိုတာ ပြောစမ်းပါဦး ..."

"အစ်ကို ကြားဖူးပါတယ် ... ဒီတောင်ရဲ့အမည်ကို သစ်တစ် တောင်သိုလို့ ခေါ်တယ် ..."

ဝိညာဉ်မိန်းမချောလေးက ဤသို့ ပြောလိုက်မှသာလျှင် ကျွ လည်း ရောက်နေသည့် ကမ်းပါးယံမှ အနောက်ဘက်သို့ လှမ်းကြ လိုက်မိသည်။ သည်အခါတွင် ညဥ့်အမှောင်အောက်တွင် မြူတွေ ဆိုင်းနေသည့် မြစ်မြင်တောင်ခေါ် ဒေဝယက္ခတောင်ကို မထင်မှ





မြင်တွေ့လိုက်ရလေတော့သည်။

"အစ်ကို ... ညဥ့်တော်တော်နက်နေပြီ ... ဂူနန်းဆောင်ကို ပြန်ကြစို့နော် ..."

သူမက ကျွန်ုပ်ရှေ့မှနေ၍ လာလမ်းအတိုင်း ပြန်လျှောက်သွားသဖြင့် ကျွန်ုပ်လည်း အသာပင်လိုက်လာခဲ့လေသည်။ မကြာမီ ဂူနန်းဆောင်ထဲသို့ ပြန်ရောက်လာသည်။ ဂူနန်းဆောင်ထဲတွင်ကား သူမ မည်သို့ ဖန်တီးထားသည်ကို မသိရသော်လည်း အလင်းရောင်က လုံလောက်စွာ ရရှိနေပေသည်။ သူမကား အလင်းရောင်အောက်တွင် အဖြူရောင်ဝတ်စုံနှင့် အလှကြီး လှနေသည်ဟု ကျွန်ုပ် စိတ်ထဲက ထင်မိသည်။

သူမက ကျွန်ုပ်ကို မခို့တရို့ ပြုံးပြုံးလေး စိုက်ကြည့်နေရာက ဆင်မယဉ်သာ ခြေလှမ်းမျိုးဖြင့် လျှောက်လာကာ ခုတင်ပေါ်တွင် ကျွန်ုပ်နှင့် ယှဉ်တွဲကာ ဝင်ထိုင်လိုက်သည်။ သည်နောက်တွင်ကား

ကျွန်ုပ် ဒုတိယအကြိမ် အိပ်ရာမှနိုး၍ မျက်လုံးဖွင့်ကြည့်လိုက်သည့် အခါတွင်ကား ကြပ်ပြိုရွာ သုသာန်ဇရပ်ထဲတွင် ရောက်နေသည်ကို အံ့အားသင့်စွာ သိရှိလိုက်ရပါလေတော့သည်။



www.burmeseclassic.com

www.burmeseclassic.com



## ၁၄

ကျွန်ုပ်သည် သူငယ်ချင်းဖြစ်သည့် သီဟနှင့် ပူးပေါင်းကာ ကျော်ဇင်ညွန့် အသတ်ခံရသည့်အမှုကို စုံစမ်းနေစဉ်မှာပင် မည်သို့မျှ မျှော်လင့်မထားခဲ့သည့် ဖြစ်ရပ်ဆန်းနှင့်လည်း ကြုံတွေ့ခဲ့ရပြန်သည်။ အဲဖြစ်ရပ်ဆန်းနှင့် ကြုံတွေ့ရအောင် သယ်ဆောင်လာသူက တပည့်ကျော် ဖိုးလုံးပင် ဖြစ်သည်။

ကျွန်ုပ်ထံသို့ ဖိုးလုံး ပြန်ရောက်လာသည်မှာ တစ်ပတ်လောက်ပဲ ရှိသေးသည်။ အချိန်က ညနေလေးနာရီထိုးပြီးစပဲ ရှိသေးသည်။ ကျွန်ုပ်က ဖိုးလုံးကို လိုအပ်သည့် ဆန်၊ ဆီ၊ ဆား၊ ငရုပ်၊ ကြက်သွန်တို့ကို ဖရဲဈေးသို့ ဝယ်ခိုင်းလိုက်ရာ မှောင်ရီပျိုးတော့မှပင် ပြန်ရောက်လာသည်။ မီးဖိုချောင်ထဲတွင် သိမ်းဆည်းပြီးသည်နှင့် ဖိုးလုံးက ကျွန်ုပ်နားသို့ ရောက်လာသည်။ သူ့အမူအရာကို ကြည့်ရှုနှင့်ပင် ကျွန်ုပ်ကို တစ်ခုခုပြောချင်နေမှန်း သိသည့်အတွက် မေးလိုက်လေသည်။





"ဖိုးလုံး ... မင်း ငါ့ကို ဘာပြောချင်လို့လဲ ... ပြောစရာရှိတာ ပြောလေကွာ၊ ဘာလဲ ... လစာကြိုထုတ်ထားမလို့လား ... "

"မဟုတ်ဘူး အစ်ကို ... အစ်ကို့ကို ထူးဆန်းတဲ့အကြောင်း တစ်ခုပြောပြချင်လို့ ... "

"ဟေ ... ထူးဆန်းတဲ့အကြောင်း ဟုတ်လား ... ဘယ်လို အကြောင်းလဲ ပြောစမ်းကွာ ... ငါ သိချင်တယ် ... "

ကျွန်ုပ်က ပက်လက်ကုလားထိုင်တွင် ကျောမှီ၍ ထိုင်နေရာမှ ထူးဆန်းသည့်အကြောင်းဟု ကြားလိုက်ရသည့်အတွက် ခါးကိုမတ်ပြီး သူ ပြောမည့်စကားကို နားစွင့်ထားလိုက်မိသည်။ ဖိုးလုံးက ကျွန်ုပ်ကို အောက်ပါအဖြစ်အပျက်အား ပြောပြပါလေတော့သည်။

ပရဲ(ဘက်ရဲ)နှင့် အတန်ငယ်ဝေးသည့် ပုသိမ်–မုံရွာ ကားလမ်းဘေးတွင် အတန်ပင် ကြီးမားသည့် နှစ်ထပ်ပျဉ်ထောင်အိမ်ကြီးတစ်လုံးရှိသည်။ အိမ်ရှင်လင်မယားတို့၏အမည်မှာ ကိုမြင့်နောင်+မသီတာသွေးဟု ခေါ်၍ အတန်ပင် စီးပွားရေးချောင်လည်၍ စားနိုင်သောက်နိုင် အတန်းအစားထဲက ဖြစ်သည်။

ကိုမြင့်နောင်တွင် ဝါသနာတစ်မျိုး ရှိသည်။ အနီဝါသနာကား ဂမုန်းစိုက်ပျိုးသည့်ဝါသနာပင် ဖြစ်သည်။ သူ့အိမ်ခြံဝင်းထဲတွင် ဒေါင်းဂမုန်း၊ ဟင်္သာဂမုန်း၊ ကိုးဂမုန်း၊ ငုံးဂမုန်း၊ အင်းဂမုန်း၊ စီးပွားဂမုန်းမှ စ၍ ဂမုန်းနီ၊ ဂမုန်းနက် အစရှိသည့် ရှားပါးသည့်ဂမုန်းများလည်း အစုံရှိသည်။ ကိုမြင့်နောင်၏ အလုပ်အကိုင်အား ဆန်ကုန်သည်ဖြစ်သည့်အလျောက် တောရွာများသို့ ဆင်း၍ စပါးဝယ်ခြင်း၊ ဆန်ကြိတ်ခြင်းတို့ကိုလည်း အခါအားလျော်စွာ ပြုလေ့ရှိသည်။

တစ်နေ့တွင် စပါးသွားရောင်းရာမှ သူ့တွင်မရှိသည့် ဂမုန်းပင်



www.burmeseclassic.com

www.burmeseclassic.com



တစ်မျိုးကို ရလာသည်။ သူက ရလာသည့် ဂမုန်းကို အခြားဂမုန်းများ
လိုပင် စနစ်တကျ အိုးနှင့်စိုက်ထားခဲ့သည်။ မည်သို့ဖြစ်သည်မသိ ၎
ဂမုန်း စတင်စိုက်သည့်နေ့မှစ၍ စီးပွားရေးက အဆင်မပြေ ဖြစ်လာ
သည်။ ငွေများ အလိမ်ခံရခြင်း၊ လင်မယားချင်း စကားများခြင်း၊ အိမ်
တွင်းရေးမှအစ အဆင်မပြေ ဖြစ်လာတော့သည်။ အဆိုးဆုံးမှာ သမီး
ဦးဖြစ်သူ ခုနစ်နှစ်ရွယ်ကလေးမလေးသည် ဝဝဖြိုးဖြိုး ရှိနေရာမှ တစ်နေ့
တခြား ပိန်လာခြင်း၊ ချူချာလာခြင်းပင် ဖြစ်သည်။

ဖိုးလုံးက သူ့စကားကို အဆုံးသတ်လိုက်ပြီးနောက် ကျွန်ုပ်
မေးလာသည်။

"အစ်ကို ... အဲဒီလိုဖြစ်တာ ဘာကြောင့်လဲဟင် ... "

"ဒါတော့ အစ်ကိုလည်း သေသေချာချာ မပြောနိုင်ဘူး ...
ပေမဲ့ မင်းပြောတဲ့အကြောင်းကို ငါ စိတ်ဝင်စားတယ် ... ငါ အဲဒီအ
ကို လိုက်ကြည့်လို့ရမလား ... "

"ရတယ် အစ်ကိုရယ်၊ ကိုမြင့်နောင်က သဘောကောင်းပါတ
အစ်ကို့အရွယ်လောက်ပဲ ရှိသေးတယ် ... "

ကျွန်ုပ်ကား ဘာမှတတ်၍မဟုတ်ပေ။ သို့သော် ဦးလေး၏
ကြည့်ခန်းထဲတွင် ဂမုန်းကျမ်းများရှိသည်။ ဂမုန်းကျမ်းများတွင် ပုံ
လည်းပါသည်။ ထို့အပြင် စိုက်သင့်သောဂမုန်း၊ မစိုက်သင့်သော
များကိုလည်း ခွဲခြားပြဆိုထားသဖြင့် ကျမ်းအားကိုးနှင့် လိုက်ကြည့်
ခြင်းပင် ဖြစ်သည်။

ထို့ကြောင့် နောက်တစ်နေ့ နံနက်ခုနစ်နာရီလောက်တွင်
ထိပ်မှ ဦးပန်းအောင်၏ ဆိုင်ကယ်ကိုငှားကာ ဖရဲသို့ ထွက်လာ
သည်။ မကြာမီ ဖရဲအနီးရှိ အိမ်တစ်အိမ်ရှေ့သို့ အရောက်တွင် ဖိုး





ရောက်ပြီဟု ပြောလာသည့်အတွက် ဆိုင်ကယ်ကို စက်သတ်ကာ ဆင်း
လာခဲ့သည်။

အိမ်ရှေ့တွင် ဆန်၊ ဆီ၊ ဆား အစရှိသည့် ကုန်ခြောက်ဆိုင်ဖွင့်
ထားသည့်အတွက် ဆိုင်တွင်ထိုင်နေသည့် အသားလတ်လတ်နှင့် လူ
ရွယ်တစ်ယောက်ကို တွေ့လိုက်ရသည်။ ကျွန်ုပ်လည်း ကိုမြင့်နောင်
ဖြစ်မည်ဟု ခန့်မှန်းမိလိုက်သည်။ ထိုသူကလည်း ဖိုးလုံးကို မြင်သည်နှင့်
မေးလာသည်။

"ညီလေး ... ဘယ်သွားမလို့လဲ၊ ဪ ... ဧည့်သည်လည်း
ပါလာတာကိုး ... လာဗျာ"

"ကိုမြင့်နောင် ... ဒါ ရွာက ဘကြီး ဦးဒီပါရဲ့တူ ရန်ကုန်ကနေ
အလည်လာတာဗျ၊ ကိုဝဏ္ဏလို့ ခေါ်တယ် ... အစ်ကို ဒါက ကျွန်တော်
ပြောတဲ့ ကိုမြင့်နောင်ဆိုတာပဲ ... "

"ဪ ... ဟုတ်ကဲ့၊ တွေ့ရတာ ဝမ်းသာပါတယ် ... "

"ဟုတ်ကဲ့ ... အခုလို ... ကိုဝဏ္ဏနဲ့ မိတ်ဆွေဖြစ်ရတာလည်း
ကျွန်တော့်အတွက် ဝမ်းသာစရာကောင်းတဲ့ မင်္ဂလာနံနက်ခင်းပါပဲဗျာ"

"ကိုမြင့်နောင် ... ဒီက အစ်ကိုက ကိုမြင့်နောင် စိုက်ထားတဲ့
ဂမုန်းပင်ကို ကြည့်ချင်လို့ဆိုလို့ ခေါ်လာတာ ... "

"အေးဗျာ ... ဘယ်လိုပြောရမှန်း မသိပါဘူး ... ကျွန်တော်က
ဂမုန်းစိုက်တာ ဝါသနာပါလို့ စိုက်ထားတာ ... အခုတော့ ဒီဂမုန်း
စိုက်မိကာမှ ပြဿနာတွေက အစုံပါပဲဗျာ ... ဒါပေမဲ့ သေသေချာချာ
မသိတော့ သူ့ကြောင့်လို့လည်း ပြောရမှာ ခက်နေတယ် ... နောက်ပြီး
တော့ ကိုယ် ဝါသနာပါလို့ တကူးတက တောက ယူလာပြီး စိုက်ထား
တဲ့ ဂမုန်းပင်ကို နုတ်ပစ် ဖျက်ဆီးပစ်ရမှာလည်း နှမြောမိတယ်ဗျာ"



www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်တာပေါ့ ကိုမြင့်နောင် ... ဒါ သဘာဝကျပါတယ်"

"ခဏနေဦးဗျာ ... အမျိုးသမီးကို လှမ်းခေါ်လိုက်ဦးမယ် ... သိတာရေ ... သိတာ ဒီမှာ ဧည့်သည်တွေ ရောက်လာလို့ ဆိုင်ခဏ လောက် လာထိုင်ပါဦးကွာ ..."

ကိုမြင့်နောင်က အိမ်အဇပေါ်ထပ်ရှိ သူ့ဇနီးကို လှမ်းအော်ခေါ် လိုက်သည်။ တစ်ဆက်တည်းမှာပင် အိမ်အပေါ်ထပ်မှ ပြန်အော်လိုက် သည့် အမျိုးသမီးတစ်ယောက်၏ ခပ်စူးစူးအသံကလည်း ပြန်လည် ထွက်ပေါ်လာသည်။

"အို ရှင် ... ဒီမှာ နေမကောင်းတဲ့သမီးက တစ်ဘက်၊ ချက်ပြုတ်ရတာ တစ်ဘက်နဲ့ ဘယ်လိုမှ မအားဘူးရှင့် ... ရှင် မရောင်းနိုင် ရင်လည်း ဆိုင်သာ ပိတ်ထားလိုက်ပေတော့ ..."

"အဲဒါပဲ ကြည့်ပေတော့ဗျာ ... ကျွန်တော့်မိန်းမဟာ တစ်ခါ ဒီလို အော်ကြီးဟစ်ကျယ် ပြောဆိုတတ်တာ မဟုတ်ဘူး ... အိမ်ထောင် သက် ငါးနှစ်အတွင်းမှာ စကားတောင်မှ များခဲ့ဖူးတာ မဟုတ်ဘူး ... အခုတော့ တကျက်ကျက်ပါပဲဗျာ ..."

ကိုမြင့်နောင်က အတန်တန် ချော့မော့ပြောတော့မှသာ အိမ် အပေါ်ထပ်မှ လုံးကြီးပေါက်လှ အမျိုးသမီးတစ်ဦးက မျက်နှာကြီး ကာ ဆင်းလာသည်။ ကျွန်ုပ်တို့ကို မြင်သည့်အခါတွင်ကား မျက်နှာ ပြင်ပြီး ဆိုင်တွင် လာထိုင်တော့သည်။ ကျွန်ုပ်နှင့် ဖိုးလုံးသည်လည်း ကိုမြင့်နောင်နှင့်အတူ ခြံထဲသို့ လာခဲ့ကြသည်။

အိမ်ခေါင်းရင်းဘက်တွင်ကား စင်များထိုး၍ ဂမုန်းပင်များ အိုးနှင့် စနစ်တကျ စီရရီ စိုက်ပျိုးထားသည်ကို တွေ့ရလေသည်။ တစ်နေရာအရောက်တွင် ကိုမြင့်နောင်က ရပ်လိုက်ပြီး စင်ပေါ်တွင် အိုးနှင့် သေသေချာချာ စိုက်ထားသည့် ဂမုန်းပင်ကို ညွှန်ပြကာ ပြော





လိုက်သည်။

"အဲဒီဂမုန်းပါပဲ ကိုဝဏ္ဏရယ် ..."

ကျွန်ုပ်လည်း အိုးထဲရှိ ဂမုန်းပင်ကို ကြည့်လိုက်မိသည်နှင့် မျက် လုံးပြူးသွားတော့သည်။

"ကိုမြင့်နောင် ... ဒီ ... ဒီဂမုန်းဟာ မစိုက်သင့်တဲ့ဂမုန်းပင်တွေ ထဲမှာ ထိပ်ဆုံးကပါတဲ့ 'ဂမုန်းဘီလူး'ဗျ ... လူကို တော်တော်ဒုက္ခပေး တဲ့ ဂမုန်းလို့ ဂမုန်းကျမ်းထဲမှာ သေသေချာချာ ပြဆိုထားတယ် ..."

"ဟင် ဟုတ်လား ... ဘာတဲ့ ဂမုန်းဘီလူး ဟုတ်လားဗျ"

"ဟုတ်တယ် ... ဒီဂမုန်းဟာ ဂမုန်းဘီလူးမှ ဂမုန်းဘီလူးအစစ် ... လာဗျာ ... ဒီဂမုန်းအကြောင်းကို ကျွန်တော် ခင်ဗျားကို သေသေ ချာချာ ရှင်းပြမယ် ..."

"ကောင်းပါပြီဗျာ ... ကျွန်တော်တို့ အိမ်ရှေ့ကို ပြန်သွားကြ တာပေါ့ ... ဈေးရောင်းရင်းတ ပြောကြဆိုကြတာပေါ့ဗျာ ..."

ကျွန်ုပ်တို့သုံးယောက်လည်း ဈေးဆိုင်သို့ ပြန်လာခဲ့ကြသည်။ ကျွန်ုပ်တို့ ပြန်ရောက်သည်နှင့် ဇနီးဖြစ်သူက ဆိုင်ထဲမှနေ၍ အိမ်ပေါ် သို့ ပြန်တက်သွားတော့သည်။ ကိုမြင့်နောင်က ... အိမ်ရှင်ပီသစွာပင် ကျွန်ုပ်တို့ကို စားစရာသောက်စရာများနှင့် ကျေပွန်စွာ ဧည့်ခံရှာလေ သည်။ ကျွန်ုပ်က ကိုမြင့်နောင် သဘောပေါက်သည်အထိ စိတ်ရှည်စွာ ပင် ရှင်းပြလိုက်သည်။

"ဒီဂမုန်းဘီလူးဟာ တော်တော်အန္တရာယ်ကြီးတဲ့ ဂမုန်းဗျ"

"ဘယ်လိုအန္တရာယ်ကြီးတာလဲ ကိုဝဏ္ဏ ..."

"ဂမုန်းဘီလူးကို စ,စိုက်ကတည်းက တာဝန်ကြီးတယ် ... ဟို ဗျာ ... မကောင်းတဲ့ အောက်လမ်းဆရာတွေ သရဲမွေးသလိုပေါ့ဗျာ၊ စိုက်ကတည်းက ကြက်လည်ချောင်းသွေး၊ အမဲသား၊ ကြက်သား၊



www.burmeseclassic.com

အစရှိတဲ့ သားဆေးရေတွေနဲ့ စိုက်ပျိုးရတယ် ... ဒါတင်မကဘူး ခုနှ[illegible] ရက်တစ်ခါ ဒါမှမဟုတ် တစ်လတစ်ခါပဲဖြစ်ဖြစ် သွေးသစ်လောင်းပေ[illegible] ရတယ်လို့ ဆိုတယ် ...”

“မလွယ်ပါလားဗျာ ...”

“ဟုတ်တယ် ... အဲဒါတွေမလုပ်ရင် မကျေးတော့ရင် ဂမုန်း[illegible] ဘီလူးက နှိပ်စက်တော့တာပဲ ... အခု ခင်ဗျား ကြုံသလို ဒုက္ခတစ်မျိုး[illegible] မျိုးနဲ့တော့ အနည်းဆုံး ကြုံတွေ့ရတယ် ...”

“ကိုဝဏ္ဏ ပြောမှပဲ ... သတိထားမိတာကို ပြောရဦးမယ် [illegible] ကျွန်တော့်ခြံထဲမှာ စိုက်ထားတဲ့ ဒေါင်းဂမုန်း၊ ဟင်္သာဂမုန်း၊ ကျီးဂမုန်း[illegible] ငုံးဂမုန်းတွေဟာ အရင်ကဆို နေဝင်တာနဲ့ အရွက်ချင်းကပ် ထော[illegible] အိပ်လေ့ရှိကြတယ် ... အခု ဒီဂမုန်းရောက်တဲ့အချိန်ကစပြီး အရွက်[illegible] ဘေးကိုကားပြီး လန့်သလို ကြောက်သလိုပုံစံနဲ့ မအိပ်ကြတော့ဘူး[illegible]

ကိုမြင့်နောင်က သူ့အတွေ့အကြုံသစ်ကို သတိရ၍ ပြန်[illegible] ပြခဲ့ပြန်သည်။ ကျွန်ုပ်ကလည်း ဆက်၍ ရှင်းပြလိုက်ရပြန်သည်။

“အဲဒါသာ စဉ်းစားကြည့်ပေတော့ ... ဒီဂမုန်းဘီလူး ဘ[illegible] လောက်ကြောက်စရာကောင်းသလဲဆိုတာ၊ ပြီးတော့ ... ဦးလေး[illegible] ကျွန်တော့်ကို ဒီဂမုန်းနဲ့ ပတ်သက်ပြီး ပြောပြခဲ့သေးတယ် ...”


“ပြောစမ်းပါဦးဗျာ ... ကြားရတာနဲ့တင် ကြက်သီးတောင် [illegible] လာပြီဗျာ ...”

“ဒီဂမုန်းဥကို နှုတ်ပြီး ကြည့်လိုက်ရင် ပွဲထဲက ဘီလူးခေါ[illegible] သဏ္ဌာန်အတိုင်း အစွယ်နှစ်ချောင်းပါသလို ထိပ်ပေါ်မှာလည်း အ[illegible] ကြီးရှိတယ်တဲ့ ... အဲဒီဂမုန်းကို နန်းထိုင်ဘီလူးလို့ ခေါ်တယ်လို့ ရှ[illegible] ဖူးတယ် ... ပြီးတော့ တောဘီလူးဆိုတဲ့ ဂမုန်းလည်း ရှိထားတ[illegible] တဲ့၊ ထိပ်ပေါ်မှာ အချွန်မပါဘဲ ကတုံးနဲ့တဲ့ဗျ ... အဲဒီတောဘီလူ[illegible]





ပိုကြမ်းပြီးတော့ စိုက်တဲ့လူကို အသေဆော်တတ်တယ်တဲ့ ကိုမြင့်နောင်ရေ ...”



နန်းထိုင်ဂမုန်းဘီလူးဉပုံ



www.burmeseclassic.com

www.burmeseclassic.com



ကျွန်ုပ်တို့နှစ်ယောက် ပြောသည့်စကားများကို ဖိုးလုံးက မျက်လုံးအပြူးသားနှင့် နားထောင်နေသည်။ သည်စဉ်မှာပင် ဆိုင်ထဲသို့ အသက်ခြောက်ဆယ်ကျော်ခန့်ရှိမည့် အဘိုးကြီးတစ်ယောက် ဝင်လာသည်။ ပိတ်ဖြူစင်ကြယ်ကို အပေါ်က ဝတ်ဆင်ထားပြီး အောက်က အဖြူရောင်နံ့ငယ်ပိုင်းကို ဝတ်ဆင်ထားသည်။ လက်ထဲတွင် တောင်ဝှေးတစ်ချောင်းကို ကိုင်ဆောင်ထားပြီး မြေပြင်ကို တဒေါက်ဒေါက် ထောက်ကာ ဝင်လာခြင်း ဖြစ်သည်။

"သားတို့ရယ် ပြည်ရွှေဆံတော်ဘုရားကို အဓိဋ္ဌာန်ဝင်ရအောင် သွားရမှာဖြစ်တဲ့အတွက် တတ်နိုင်သမျှ ခရီးစရိတ်လေး စွန့်ကြပါကွဲ့ အလှူခံပါတယ်ကွယ် ... "

ကိုမြင့်နောင်က အစကတည်းက စေတနာသဒ္ဓါတရားရှိသူပီပီ နှစ်ရာတန်တစ်ရွက်ကို ပိုက်ဆံသေတ္တာထဲမှ ထုတ်ယူ၍ ရိုရိုသေသေပင် လှူလိုက်သည်။ ကျွန်ုပ်လည်း အဘိုးအို၏ ဥပမိရုပ်ရည်ကို ကြည့်ကာ သဒ္ဓါပေါက်လာသည့်အတွက် ငါးရာတန်တစ်ရွက်ကို အိတ်ထဲမှ ထုတ်ကာ လှူလိုက်သည်။

"သာဓုကွယ် သာဓု ... ကျန်းမာ ချမ်းသာ ကြပါစေ ... ဘေးအန္တရာယ်ဟူသမျှ ကင်းဝေးပြီး ကြံတိုင်းအောင် ဆောင်တိုင်းမြောက် ကြပါစေကွယ် ... "

အဘိုးကြီးက ဆုမွန်ကောင်းများ တောင်းပေးလေသည် ... တစ်ဆက်တည်းမှာပင် ကိုမြင့်နောင်၏မျက်နှာကို စူးစိုက်ကြည့်လိုက်ပြန်သည်။ ထို့နောက် ရပ်နေလျက်ကပင် အာရုံပြုလိုက်သလို မျက်လွှာများကို ချထားသည်ကိုလည်း တွေ့ရသည်။ ခဏအကြာမှ ချထားသည့် မျက်လွှာကိုဖွင့်ကာ ကိုမြင့်နောင်ကိုစိုက်ကြည့်ပြီးပြောလိုက်လေသည်။





"သြော် ... ငါ့သားမှာ အပင်တစ်ပင်ကြောင့် စိတ်သောကတွေ ရောက်နေပါလား ... ပြောစမ်းပါဦးကွယ် ... "

ကိုမြင့်နောင်သည် ဂမုန်းဘီလူး ရလာသည့်နေ့မှစ၍ ဖြစ်ပုံပျက်ပုံအလုံးစုံတို့ကို အဘိုးအိုအား ယုံကြည်စွာပင် ဖွင့်ဟပြောပြလိုက်ပါလေသည်။

"အင်း ... ဂမုန်းဘီလူးရဲ့လက်ချက်ပေပဲကိုး ... မပူပါနဲ့ကွယ်၊ ဒါနဲ့ ကြက်ပြို့ရွာက ဦးဒီပါကို ငါ့တူတို့ သိကြရဲ့လား"

ထိုစကားကို ကြားလိုက်ရသည့်အခါတွင် ကျွန်ုပ်တို့သုံးဦးစလုံး အံ့အားသင့်နေမိကြလေသည်။ အတန်ကြာမှ ကျွန်ုပ်က ပြောလိုက်လေသည်။

"ကျွန်တော်က ဦးဒီပါရဲ့ တူအရင်းပါ ခင်ဗျာ ... ဦးလေးကတော့ အဓိဋ္ဌာန်ခရီး ထွက်သွားလို့ အခု မရှိပါဘူး ... "

"အခန့်သင့်လိုက်လေကွယ် ... ဦးဒီပါဟာ အဘနဲ့ အလွန်ရင်းနှီးတဲ့ ဂန္ထိရမိတ်ဆွေတွေကွယ့် ... သူ့ခြံထဲမှာ မင်းသားကြီးဂမုန်းပင်ရှိတယ် ... အဲဒီဂမုန်းကိုသာ ဂမုန်းဘီလူးနဲ့တွဲပြီးတော့ စိုက်ထားလိုက်ပါကွယ်၊ အခု လူလေး တွေ့ကြုံနေရတဲ့ ဘေးအန္တရာယ်တွေ ပပျောက်သွားပါလိမ့်မယ် ... ဒီသူငယ်နဲ့က ဦးဒီပါ တူအရင်းဆိုတော့ သူ့ဆီက တောင်းပေါ့ ... လူလေးကလည်း ကူညီလိုက်ပါကွယ် ... ကုသိုလ်ရပါတယ် ... "

ဤတွင် ကျွန်ုပ်က အဘိုးအိုကို ပြန်မေးကြည့်လိုက်လေသည်။

"အဘ ... မင်းသားကြီးဂမုန်းပင်ဖြစ်ကြောင်း ဘယ်လိုခွဲခြားမလဲ ခင်ဗျာ"

"အိမ်း ... ဟုတ်ပေသားပဲ၊ လွယ်ပါတယ်ကွယ် ... လူလေးက



www.burmeseclassic.com

www.burmeseclassic.com



ဂမုန်းဘီလူးကို သိနေတာပဲဟာ မခက်ပါဘူး … မင်းသားကြီး ဂမုန်း ကလည်း ရုတ်တရက်ကြည့်ရင် ဂမုန်းဘီလူးနဲ့ ခွဲမရဘူးကွယ် … ရဲ နီနေတာပါပဲ … ဒါပေမဲ့ သေသေချာချာကြည့်ရင် သိနိုင်ပါတယ် … ဂမုန်းဘီလူးရဲ့အရွက်က အောက် ဘက်က နီပြီး အပေါ်ဘက်က စိမ်းနေ တယ် … မင်းသားဂမုန်းကြီးကလည်း အရွက်အောက်ဘက်က နီနေ တာပါပဲ … ဒါပေမဲ့ အပေါ်ဘက်အစိမ်းထဲမှာ အနီကြောင်းကလေးတွေ မသိမသာပါတယ်ကွယ် … ကိုင်း … အဲဒီအပင်ကိုသာ ယူပြီး ဂမုန်း ဘီလူးနဲ့ ယှဉ်ပြီးစိုက်ပေတော့၊ အဘ သွားဦးမယ် လူလေးတို့ …

အဘိုးအိုလည်း … တောင်ဝှေးကို တဒေါက်ဒေါက်ခေါက်ကာ တရွေ့ရွေ့နှင့် လျှောက်လှမ်းထွက်ခွာသွားတော့သည်။ ဤသို့ဖြင့် ရက် များမကြာမီအတွင်းမှာပင် မင်းသားကြီးဂမုန်းကို ဂမုန်းဘီလူးစိုက်ထား သည့် ပန်းအိုးဘေးတွင် ယှဉ်တွဲ၍ စိုက်ထားခဲ့သည်။ မင်းသားကြီးဂမုန်း စိုက်သည့်နေ့မှစ၍ ကိုမြင့်နောင်၏သမီးငယ်သည်လည်း တစတစ ပြန် လည်ကျန်းမာလာသကဲ့သို့ အိမ်ထောင်ရေး၊ စီးပွားရေး၊ လူမှုရေး စသည့် ဒုက္ခများလည်း ကင်းဝေးကာ အလျှင်အတိုင်းပင် ပြန်လည်သာယာ ခဲ့သည်။

သည့်ထက်ပို၍ ထူးဆန်းသည်ကား … ကိုမြင့်နောင် အကြောင်းကြား၍ ကျွန်ုပ်နှင့် ဖိုးလုံး၊ ကိုမြင့်နောင်တို့ ဇနီးမောင် အပါအဝင် လေးယောက်စလုံး မအိပ်ဘဲနှင့် ဂမုန်းပင်နှစ်ပင်ကို တစ် လုံး စောင့်ကြည့်နေခဲ့ကြသည်။

ညသန်းခေါင်ယံအချိန်လောက်တွင် မင်းသားကြီးဂမုန်းနှင့် ဂမုန်းဘီလူးတို့ စိုက်ထားသည့် ပန်းအိုးနှစ်အိုးနှင့် တစ်လံလောက်သာ ကွာမည့် မြေကွက်လပ်ထဲတွင် လူနှစ်ဦး တိုက်ခိုက်သတ်ပုတ်နေသည်





ကို မြင်တွေ့ကြရခြင်းပင် ဖြစ်သည်။ လူမည်းနှင့်လူဖြူတို့၏ တိုက်ပွဲ နိဂုံးတွင်ကား လူမည်းကြီးကား ရှုံးနိမ့်၍ ထွက်ပြေးသွားသည်ကို မြင် တွေ့ကြရလေသည်။ သည်နောက်တွင်ကား ပန်းအိုးနှင့် အသေအချာ စိုက်ထားသည့် ဂမုန်းဘီလူးပင်သည်လည်း အလိုအလျောက်ပင် ညှိုး ခြောက်၍ သေသွားပါလေတော့သည်။ ဤသည်မှာ မိစ္ဆာစံအိမ်မှ လူ သတ်မှုကို ဖော်ထုတ်ရင်း ကျွန်ုပ်ကိုယ်တိုင် တွေ့ကြုံလိုက်ရသည့် ဆန်း ကြယ်သည့် ဖြစ်ရပ်ဆန်းပင် ဖြစ်ပါတော့သည်။



www.burmeseclassic.com

www.burmeseclassic.com






ကျွန်ုပ်သည် ဂမုန်းဘီလူးကိစ္စနှင့် ပတ်သက်၍ ကိုမြင့်နောင်ကို ကူညီနေရသောကြောင့် ယခုရက်ပိုင်းအတွင်း သီဟနှင့် တစ်ကြိမ်မျှပင် မတွေ့ဖြစ်ခဲ့ပေ။ ဂမုန်းဘီလူးကိစ္စပြီးဆုံး၍ နောက်တစ်နေ့နံနက် ခုနစ်နာရီလောက်တွင် သီဟတစ်ယောက် ဆိုင်ကယ်နှင့် ပေါက်ချလာတော့သည်။ ကျွန်ုပ်ကို မြင်သည်နှင့် သီဟက ခနဲ့လာတော့သည်။

"မင်း ခြေလှမ်းတွေ သိပ်ပြီးသွက်နေပါလား သူငယ်ချင်း"

"ငါ ဘာတွေသွက်နေလို့လဲ ... ပြောစမ်းပါဦးကွာ ..."

"ဟဲ ဟဲ ဟဲ ... ငါ သိပါတယ်ကွာ ... ဝိဉာဉ်မိန်းမချောလေးနဲ့ နှစ်ကိုယ်တူ ချစ်ခြင်းတွေ ပြိုင်ခဲ့ရာက ဘယ်လိုလုပ်ပြီး သုသာန်ဇရပ်ပေါ် ရောက်ခဲ့ရတာလဲ ဝတ္ထုရယ် ... မင်းအဖြစ်က အံ့သြကုန်နိုင်ဖွယ်ရာပါပဲကွာ ... ဟား ဟား ဟား"





သီဟ၏စကားကြောင့် သည်တစ်ခါ ကျွန်ုပ်မှာ အံ့သြခြင်းမက အံ့သြနေမိရလေပြီ။ သည်ကိစ္စကို ဘယ်လိုသိသွားတာပါလိမ့်ဟုလည်း စိတ်ထဲကတွေးတောနေမိသော်လည်း အဖြေကားမရခဲ့ပေ။ ထို့ကြောင့် အလျင်စလိုပင် ပြန်မေးလိုက်မိသည်။

"မင်း ... မင်း ... မင်း ... ဒီအကြောင်းကို သိတယ်ဟုတ်လား သီဟ ..."

"သိသမှ သိပ် သိပ် သိပ်ပြီး သိတာပေါ့ကွာ ..."

"မင်း ဘယ်လိုလုပ်ပြီး သိတာလဲ သီဟရာ ... ငါ့ကို ပြောစမ်းပါဦး ..."

"မင်း သိပ်ပြီး အံ့သြနေလား ... မအံ့သြပါနဲ့ကွာ ... ငါ့တာဝန် ဝတ္တရားကို မင်း မေ့နေလို့လား"

"မင်းဟာ တာဝန်ရှိ ရဲဝန်ထမ်းဆိုတာ ငါ သိပါတယ် ... ဒါ ... ပေမဲ့ ဒီကိစ္စက မမြင်ရတဲ့ ပရလောကနဲ့ဆိုင်တဲ့ကိစ္စကွ၊ ဒါကို မင်း သိနေတယ်ဆိုလို့ အံ့သြမိတာပါကွ ..."

ဤတွင် သီဟက ကျွန်ုပ်ကို သေသေချာချာ စူးစိုက်ပြီး ကြည့်နေသည်။ သူ့မျက်နှာပေါ်တွင်လည်း လျှို့ဝှက်သိပ်သည်းသည့် အရိပ် ... ဖြစ်ပေါ်သွားသကဲ့သို့ မျက်နှာကလည်း တည်ကြည်လေးနက်လာသည်။ သူ့နှုတ်ကလည်း တစ်စုံတစ်ခုကို တဖွဖွ ရေရွတ်နေပြန်သည်။

"ပရလောက ... ပရလောက ... မာယာများတဲ့ ပရလောက ...တား ..."

ဤသို့ ရေရွတ်ပြီးတော့မှပင် ကျွန်ုပ်ကို ကြည့်ကာ တစ်လုံးချင်း ...ား ပြောလာသည်။

"ငါ ဘယ်လိုသိတယ်ဆိုတာကိုတော့ ထိပ်တန်းလျှို့ဝှက်ချက်



www.burmeseclassic.com

www.burmeseclassic.com



မို့ မပြောပါရစေနဲ့ သူငယ်ချင်း … မင်းကလည်း ငါ့ကို အတင်းအကျ
မမေးပါနဲ့ကွာ … ဟုတ်ပြီလား၊ မင်းပြောတဲ့ ပရလောကသူ ဝိညာ
မိန်းမချောလေးနဲ့ မင်းအကြောင်းကို မမြင်ရတဲ့ ပုဂ္ဂိုလ်တစ်ဦးရဲ့ အကူ
အညီကြောင့် သိတယ်လို့ပဲ ပြောပါရစေ … ဒါပေမဲ့ အဲဒီညက သ
ပြင်းနဲ့ မိုက်ခဲတို့ကို အပြတ်ဖြိုခဲ့တဲ့ မင်းရဲ့ စွမ်းရည်ကိုတော့ ငါ တကယ်
လေးစားတယ် သူငယ်ချင်း … မင်း သိုင်းပညာမှာ ငါ့ထက် ပိုပြီးတော်
တာ အမှန်ပဲ …"

ဤစကား ကြားရသည့်အခါ ကျွန်ုပ်မှာ ထပ်၍ အံ့သြခဲ့ရပြ
သည်။

"ဒီကိစ္စလည်း မင်း သိတာပဲလားကွာ …"

"ဝဋ္ဋရယ် … မင်းက သာမန်မျက်စိနဲ့ မမြင်နိုင်ဘူးဆိုတဲ့ မင်း
ချစ်သူ ဝိညာဉ်မလေးနဲ့ မင်းအကြောင်းတောင် သိနေမှတော့ မျက်မြင်
တွေ့နိုင်တဲ့ကိစ္စလောက်တော့ မသိဘဲ နေပါ့မလားကွာ … ငါ ပြော
မယ် သူငယ်ချင်း … အဲဒီညက ဖြစ်ခဲ့တဲ့ တိုက်ပွဲရဲ့ အနီးဆုံးနေရာ
ငါလည်း ရှိနေတယ်၊ မင်းအခြေအနေမကောင်းရင် ငါ ဝင်လာတော့
မလို့ပဲ … ဒါပေမဲ့ ငါ မယုံကြည်နိုင်လောက်အောင် မင်းက လျင်လျ
သွက်လွန်းတော့ ငါ ဝင်ပါစရာမလိုတော့ဘူးပေါ့ကွာ … သက်သာသွား
တာပေါ့ မဟုတ်ဘူးလား … ဟဲ ဟဲ ဟဲ …"

ကျွန်ုပ်ကား ဘာများပြောနိုင်ပါဦးမည်နည်း။

"ဒါဆို မင်းကို ထပ်ပြီး မေးရဦးမယ် … ငါ သူနဲ့ လိုက်သွားပြီး
နောက် အဲဒီမှာ ဘာတွေဆက်ဖြစ်သေးလဲ၊ မင်းနဲ့ ပွဲတွေဘာတွေ
ဆက်မဖြစ်ဘူးလား …"

"မင်း မွေလိုက်လို့ မိစ္ဆာစံအိမ်တစ်ခုလုံး ပွက်လောရိုက်သွား





တယ်ကွ … ပဒုအုံကို တုတ်နဲ့ ထိုးသလိုပါပဲကွာ … မင်း သွားပြီးလို့
သိပ်မကြာခင်မှာပဲ ကိုယ်ရှိန်သတ်ပြီး ပြန်ဆုတ်လာခဲ့တယ် … ဒါပေမဲ့
မင်းအတွက် စိတ်ပူလို့ တစ်နေရာကနေ တစ်ညလုံး စောင့်ကြည့်နေ
တယ် … အဲဒီနောက်မှာတော့ မင်းကို ရွာပြင်က သုသာန်ပေါ်မှာ
တွေ့လိုက်ရတယ် … ငါလည်း မင်းအတွက် ဘာအန္တရာယ်မှ မရှိတော့
ဘူးဆိုတာ သိလို့ မနိုးတော့ဘဲ ပြန်လာခဲ့တော့တယ် … ဖြစ်စဉ်အကျဉ်း
ချုပ်ကတော့ အဲဒါပါပဲကွာ …"

သီဟ၏မျက်နှာပေါ်တွင် တစ်စုံတစ်ခုကို ဖုံးကွယ်ချန်ထား
သကဲ့သို့ တွေ့ရသော်လည်း သူ မပြောနိုင်သည့် ဝိညာဉ်ကိစ္စပင် ဖြစ်
မည်ဟု တွေးမိလိုက်သည့်အတွက် ကျွန်ုပ်လည်း ဘာမျှ ထပ်မမေး
တော့ပါချေ။

သီဟ ပြောသလိုပင် ကျွန်ုပ်နှင့် ဝိညာဉ်မိန်းမချောလေးတို့၏
ဖြစ်ရပ်ကို သိနိုင်ဖို့ဆိုသည်က မမြင်ရသည့် ပုဂ္ဂိုလ်တစ်ဦး၏ အကူအညီ
ရမှသာလျှင် သိနိုင်မည့်ကိစ္စဖြစ်သည်။ သည်အဖြေကပင်လျှင် … လုံ
လောက်နိုင်လုံနေပြီ ဖြစ်သောကြောင့်လည်း သူမ ပြောနိုင်သည့်ကိစ္စ
ကို ကျွန်ုပ်က ထပ်မမေးတော့ခြင်း ဖြစ်သည်။

"ကိုင်း … ဒါဆို … ရှေ့ဆက်ရမဲ့ လုပ်ငန်းစဉ်တွေကို ပြောစမ်း
ပါဦး …"

"အေးကွာ … ကျော်ဇင်သွန့်ကို သတ်တဲ့တရားခံကို ငါတို့က
ဖမ်းမိဖို့ ကြိုးစားနေသလို ဦးဒိဗ္ဗနဲ့ မြကေခိုင်တို့ကလည်း သူတို့နည်း
သူတို့ဟန်နဲ့ ဖော်ထုတ်ဖို့ ကြိုးစားနေတယ်လို့ သတင်းရထားတယ်ကွ"

"ဟုတ်လား … ဒါက ဘာသဘောလဲကွ …"

"သူတို့နှစ်ယောက်နဲ့ မိစ္ဆာစံအိမ်က လူတွေကို ငါတို့အဖွဲ့အစည်း



www.burmeseclassic.com

www.burmeseclassic.com



ဘ သင်္ကာမကင်း ဖြစ်နေတယ်ဆိုတာ သူတို့လည်း ရိပ်မိပုံရတယ် ... အဲဒီ သံသယစက်ကွင်းက လွတ်အောင် ကြိုးစားတဲ့သဘောပေါ့ကွာ နောက်တစ်ချက် ပြောနိုင်တာကိုပြောရရင် သူတို့ကိုယ်တိုင်က လူ သတ်တရားခံကို လိုက်ရှာနေတယ်ဆိုတာကို ငါတို့သိရင် သူတို့အပေါ် ထားတဲ့ သံသယတွေ ပျောက်သွားလိမ့်မယ်လို့ ထင်မြင်ယူဆထား တယ်နဲ့တူတယ်ကွ၊ ပြောရရင် ရဲကိုမျက်စိလှည့်တဲ့သဘောပေါ့ကွာ ...

"အင်း ... မင်းထင်တာ ဖြစ်နိုင်ပါတယ် ..."

ကျွန်ုပ်က သီဟ၏ ထင်မြင်ချက်ကို ထောက်ခံစကားပြော လိုက်သည်။ သီဟက သတင်းတစ်ခုကိုထုတ်ဖော်၍ပြောလာပြန်သည်

"ပြီးတော့ ... ကျော်ဇင်ညွှန့်နဲ့ ဖားကန့်ဘက်ကို ကျောက်သွား တူးကြတဲ့ လူနှစ်ယောက်ရဲ့ အမည်စာရင်းကိုလည်း ရထားပြီးပြီ ..."

"ဘယ်သူတွေလဲ ... ဘယ်ကလဲကွ ..."

"လက်ပွားသိမ်းဆောင်တဲ့ ပုသိမ်ကပဲ၊ နောက်တစ်ယော က‌တော့ မားကျော်ကြီးလို့ ခေါ်တယ် ... ပြည်ကလို့ သိရတယ် ..."

"ဒီသတင်းက သေချာရဲ့လား ..."

"သေချာပါတယ် ... ငါတို့ဒီသတင်းကို နိုင်လုံတဲ့နေရာက ရ တာ သူငယ်ချင်း ..."

"ကောင်းပြီလေ ... ငါက ငါ့သဘောနဲ့ လျှောက်လုပ်နေတ ဆိုတာ မင်း အသိပဲ သီဟ၊ တော်ကြာ ... ငါ့ကြောင့် မင်းတို့အတွ အနှောင့်အယှက်ဖြစ်လာမှာ စိုးရတယ်၊ ဒါကြောင့် အခုအချိန်က မင်းတို့အဖွဲ့နဲ့ ပူးပေါင်းပြီးဆောင်ရွက်ဖို့ ဆုံးဖြတ်လိုက်ပြီ ... ဒီ ငါ ဘာဆက်လုပ်ရမလဲဆိုတာ မင်း ပြောပေတော့ကွာ ..."

"အေးကွာ ... မင်း အခုလို သဘောပေါက်လာတာကို သိ





ငါ သိပ်ပြီး ဝမ်းသာတယ် ... တာဝန်သိပြည်သူတစ်ယောက်အနေနဲ့ တာဝန်ရှိသူတွေနဲ့လက်တွဲပြီး ဖြေရှင်းတာ အမှန်ဆုံးပေါ့ကွာ ... ဒါပေမဲ့ အခုအချိန်ထိ မင်းလုပ်ခဲ့တာတွေဟာ တစ်ခုမှ အမှားမရှိပါဘူးကွာ ... မင်း လှုပ်ရှားခဲ့တဲ့အတွက် ငါတို့တစ်တွေ တော်တော်အကျိုးရှိပါ တယ်... ကောင်းပြီလေ ... မင်း ဒီလိုလုပ်ကွာ ..."

သည့်နောက်တွင်ကား သီဟက လူသတ်တရားခံ အမြန်ဆုံး ဖော်ထုတ်နိုင်ရေးအတွက် ရှေ့ဆက်လုပ်ရမည့် အစီအစဉ်များကို ပြော ပြပြီးနောက် ကျွန်ုပ်ကို နှုတ်ဆက်ကာ ထုံးစံအတိုင်း စခန်းရှိရာ ထုံးဘို ဘက်ဆီသို့ ပြန်သွားပါလေတော့သည်။



www.burmeseclassic.com

www.burmeseclassic.com






မိစ္ဆာစံအိမ်အောက်ထပ်တွင်ပဲ ဖြစ်သည်။ ဦးဒိဗ္ဗ၏ ရှေ့တွင် ရှ ယုံတော်ကြီး ဦးတာနော၊ ယက္ခ၊ ဗလ၊ ကျားကြီး၊ အောင်မောင်း သက်ပြင်းနှင့် မိုက်ခဲတို့အားလုံး စုံစုံညီညီပင် ရောက်နေကြသည်။ ဦးဒိ ၏ မျက်နှာကြီးက တင်းမာခက်ထန်နေသည်။ ရောက်နေသူအားလုံး ထဲတွင် ဦးတာနောကလွဲ၍ ကျန်အားလုံး၏ မျက်နှာများက ဆီးရှု လောက်ရှိကြလေသည်။ ကြောင်ရှေ့ရောက်နေသည့် ကြွက်ယယ်များ သဖွယ် ခေါင်းများကို ငုံ့ထားကြသည်။

ဦးဒိဗ္ဗက တစ်ယောက်ချင်းဆီ သေသေချာချာ စူးစိုက်ကြည် နေရာ ဦးတာနောသို့ ပြန်အရောက်တွင် မျက်လုံးအကြည့်ကို မလွှဲဖယ် တော့ဘဲ ခေါ်လိုက်သည်။





"ကိုတာနော ..."

"ပြောပါ ဆရာ ..."

"ဒီအတိုင်းသာဆိုရင် ကျုပ်တို့အားလုံး မကြာခင် ထောင်နန်းစံ ရတော့မယ် ... ဟိုတစ်ခါ ညတုန်းက အဖြစ်ကိုပဲ ကြည့်စမ်း ... ဘယ် လောက် ရှက်စရာကောင်းသလဲ ... သက်ပြင်းနဲ့ မိုက်ခဲ နှစ်ယောက် လုံး ခံလိုက်ရတယ် ... ပြီးတော့ ဟိုကောင့်ကို အစအနတောင်မှ ရှာလို့မတွေ့တော့ဘူး မဟုတ်လား ..."

"ဟုတ်ပါတယ် ဆရာ ... ကျွန်တော်ကိုယ်တိုင် ဦးဆောင်ပြီး တော့ ဒီတောင်တစ်ဝိုက်ကို နှံ့နှံ့စပ်စပ် လိုက်ရှာခဲ့တာပါ ..."

ဦးဒိဗ္ဗက ခံပြင်းလွန်းသောကြောင့် ... တောက်တစ်ချက်ကို ခေါက်လိုက်သေးသည်။

"တောက် ... ကျုပ်ပိုင်နက် နယ်မြေထဲကို ... ဝင်မွှေသွားတဲ့ ကောင်ကို ဘယ်လိုမှ ရှာလို့မတွေ့ဘူးဆိုတော့ ကျုပ်မျက်နှာကို ဓားနဲ့ လှီးပစ်ချင်စိတ်တောင် ပေါက်လာတယ် ... ဒီကောင်က မြေလျှိုးသွား ရအောင် နဂါးမို့လိုလား ... ဒီတော့ ကျုပ်ပြောတာကို အားလုံး နား ထောင် ... ဒါ ကျုပ်ရဲ့အမိန့်ပဲ ... ဒီကောင် ဝဏ္ဏကို ဒီတစ်ခါတွေ့ရင် ရှာရတဲ့နည်းနဲ့ အရှင်ဖမ်းပြီး ခေါ်လာခဲ့ရမယ် ... ဒါဟာ နဂါးမောက် ဂိုဏ်းခေါင်းဆောင်ဖြစ်တဲ့ ကျုပ်ရဲ့အမိန့်ပဲ ... အားလုံး ကြားကြရဲ့လား"

"ကြားပါတယ် ခေါင်းဆောင်ကြီး ခင်ဗျာ ... အမိန့်အတိုင်း ကျေပွန်အောင် ဆောင်ရွက်ပါ့မယ် ..."

"ကောင်းပြီ ... ကျော်ဇင်ညွှန့် အသတ်ခံရတဲ့ကိစ္စနဲ့ပတ်သက် ပြီး ဝဏ္ဏနဲ့ သီဟက ကျုပ်တို့နောက်ကို အရိပ်လို လိုက်နေကြတယ် ဟိုကောင် ဝဏ္ဏကို တည်ကြက်လုပ်ပြီး ဒုရဲအုပ် သီဟဆိုတဲ့ကောင်က



www.burmeseclassic.com

www.burmeseclassic.com



ကျုပ်တို့ကို အထဲပို့ဖို့ ကြိုးစားနေတယ်ဆိုတာ ကျုပ် သိတယ် ... ဒီ
တော့ ဒီကောင် ဝဏ္ဏကို မမိမချင်း ကျုပ်တို့ရဲ့လုပ်ငန်းတွေကို ခဏရပ်
ဆိုင်းထားဖို့ ကျုပ် ဆုံးဖြတ်ထားတယ် ... ”

“ကောင်းပါတယ် ခေါင်းဆောင်ကြီး ခင်ဗျာ ... ”

အားလုံးက ပြိုင်တူပင် ဖြေလိုက်ကြသည်။ ဦးဒိဗ္ဗက လူယုံတော်
ဦးတာနော့ကို ကြည့်ပြီး မေးလိုက်ပြန်သည်။

“ကျုပ်-စုံစမ်းခိုင်းထားတဲ့ လူနှစ်ယောက်ရဲ့သတင်း ဘာရှေ
သေးလဲ ကိုတာနော့ ... ”

“ခေါင်းဆောင်ကြီးပြောတဲ့လူနှစ်ယောက်နောက်ကို အဆက်
အသွယ်တွေကတစ်ဆင့် စုံစမ်းတဲ့အခါ ... ဓားကျော်ကြီးရဲ့သတင်းက
အပြင်မှာ ဘာမှမကြားရဘူး ... ဒီကောင် အထဲရောက်နေတယ်လို့
တစ်ယောက်က သတင်းပေးလာတယ် ... ”

“ကောင်းပြီ ... ဟို လက်ပွားသိမ်းဆောင်ဆိုတဲ့ ကောင်ရော
ကော ခြေရာခံလို့ မရဘူးလား ... ”

“လက်ပွားသိမ်းဆောင်ကတော့ ပုသိမ်မှာပဲ ကျက်စားနေ
တယ်၊ တစ်ခု ထူးခြားတာက ဒီကောင် အခုတလော ငွေတော်တော်
ရွှင်နေတယ်လို့ သိရပါတယ် ခင်ဗျာ ... ”

ဤစကားကို ကြားလိုက်ရသည့်အခါ ဦးဒိဗ္ဗ၏ မျက်နှာက ရွှေ
လင့်ချက်တို့ကြောင့် အနည်းငယ် ကြည်လင်လာသည်။

“ဟုတ်လား ... ကိုတာနော့ ရတဲ့သတင်းက သေချာရဲ့လား”

“သေချာပါတယ် ခင်ဗျာ ... ကျွန်တော် ခန့်မှန်းတာ မလွဲဘူး
ဆိုရင် ဒီကောင် ငွေရပေါက်ကောင်းကောင်းနဲ့ တိုးမိပုံရတယ် ခင်ဗျာ”

“ကောင်းပြီ ကိုတာနော့ ... ကျုပ် ဒီကောင်ကို လိုချင်တယ်





ဒီရက်ပိုင်းအတွင်းမှာပဲ လမ်းကြောင်းရှာပြီး ဒီကောင့်ကို ဒီကို မရ,ရတဲ့
နည်းနဲ့ ပင့်ခဲ့ပေတော့ ... ”

“အပြတ်ပင့်ရမှာလား ခင်ဗျာ ... ”

“မဟုတ်ဘူး ... ကိုတာနော့ အသက်ပါလာတာကို ကျုပ် မြင်
ချင်တယ် ... ဒီကောင့်ကို ကျုပ် မေးစရာတွေ ရှိသေးတယ် ... ဒီတော့
ဒီလိုလုပ်ဗျာ ... ”

“အမိန့်ရှိပါ ခေါင်းဆောင်ကြီး ... ”

“ဒီက ကိစ္စတွေကို ယက္ခကို တာဝန်လွှဲပေးခဲ့ပြီး ခင်ဗျား
ကိုယ်တိုင် ပုသိမ်ကို မနက်ဖြန်လိုက်သွားပေတော့ ... ဟိုမှာရှိတဲ့
အဆက်အသွယ်တွေနဲ့ပူးပေါင်းပြီး ဒီကောင့်ကို အပါခေါ်လာခဲ့ပေ
တော့... ကြားရဲ့လား ကိုတာနော့ ... ”

“အမိန့်အတိုင်း အောင်မြင်အောင် ဆောင်ရွက်ခဲ့ပါ့မယ် ခင်ဗျာ”

ဦးဒိဗ္ဗနှင့် တပည့်များ ဤသို့ စည်းဝေးတိုင်ပင်နေစဉ်မှာပင်
မြကေခိုင် ခန်းမထဲသို့ ဝင်ရောက်လာသည်။ ဦးဒိဗ္ဗကို လှမ်းကြည့်ပြီး
အသံလွင်လွင်လေးနှင့် လှမ်းပြီး မေးလိုက်သည်။

“ဘာတွေများ တိုင်ပင်စည်းဝေးပြီး တပည့်တွေကို ခိုင်းနေတာ
လဲဦးလေး ... ကျွန်မ သိခွင့်မရှိဘူးလား ... ”

“သိရပါတယ် တူမကြီးရယ် ... လက်ပွားသိမ်းဆောင်ကို ဆွဲဖို့
ကိုတာနော့ကို တာဝန်ပေးနေတာပါ”

ဦးဒိဗ္ဗ ... ဤသို့ ပြောလိုက်သည်နှင့် ချက်ဆို နားခွက်က မီး
တောက်သူ မြကေခိုင်က ရတနာသေတ္တာကိစ္စမှန်း သဘောပေါက်
လိုက်သည်။ ထို့ကြောင့်လည်း ဦးဒိဗ္ဗ အကြိုက်ကို လိုက်ပြီး ပြန်ပြော
လိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com



"ကောင်းပါတယ် ဦးလေး ... လက်ပွားကိုသာ ခေါ်နိုင်မယ်ဆိုရင် ဟိုကိစ္စနှင့်ပတ်သက်ပြီး တစ်ခုခုတော့ ထူးခြားလာမှာ သေချာတယ် ... "

မြကေခိုင်၏ ထောက်ခံစကားကြောင့် ဦးဒိဗ္ဗတစ်ယောက် ပို၍အားတက်လာသည်။ မျက်နှာကြီးကလည်း စောစောက ဒေါသထွက်နေသည့်သူမှာ သူ မဟုတ်သကဲ့သို့ပင် ပြုံးရွှင်နေသည်။

"ဟုတ်တယ် ... ဦးလေးလည်း ဒီအတိုင်း ဖြစ်လာလိမ့်မယ်လို့ထင်တာနဲ့ ကိုတာနောကို တာဝန်ပေးပြီး လက်ပွားကို ဆွဲခိုင်းလိုက်တာပဲကွယ် ... ဒါနဲ့ တူမကြီး ဝဏ္ဏနဲ့ နောက်ထပ်များ တွေ့သေးလား"

"မတွေ့ဘူး ဦးလေး ... ဘာဖြစ်လို့ မေးတာလဲရှင် ... "

"တူမကြီး သိပြီးသားမို့ ထပ်မပြောချင်တော့ပါဘူး၊ ဦးလေးအနေနဲ့ ဒီကောင်ကို ဒီအတိုင်း လက်ပိုက်ကြည့်နေလို့ မဖြစ်တော့ဘူး ဒီကောင်က ကိုယ်နဲ့မဆိုင်ဘဲ နေရာတကာမှာ ဝင်ပြီး ခြေရှုပ်နေတယ် ဒါကြောင့် ... ဒီကောင့်ကို ဖမ်းဖို့ ယက္ခနဲ့အဖွဲ့ကို ခုနကပဲ တာဝန်ပေးလိုက်ပြီ"

ဤတွင် မြကေခိုင်၏ မျက်နှာလေးက တွေခနဲ ဖြစ်သွားသည်။ ပြီးမှ ဦးဒိဗ္ဗကို စူးစိုက်ကြည့်ကာ ပြန်လှန်မေးခွန်းထုတ်လိုက်သည်။

"မစောလွန်းဘူးလား ဦးလေး ... သူ့နောက်မှာက ဟိုရဲအရာရှိ သီဟာက ရှိနေတယ် ... သူ့သူငယ်ချင်းကို ဖမ်းလိုက်တာနဲ့ စံအိမ်ကိုပိုပြီး ထိနိုက်လာမယ်၊ နောက်ပြီးတော့ သူ့ဦးလေး ဦးဒီပါကလည်းသူ့တူကိုထိရင် ငြိမ်နေမှာမဟုတ်ဘူးထင်တယ် ... ဒါကြောင့် ဒီကိစ္စကို အချိန်ပေး စဉ်းစားပြီးမှပဲ ဆောင်ရွက်စေချင်တယ် ... ဒါကတော့ကျွန်မရဲ့ သဘောထားကို တင်ပြတာပါရှင် ... "





မြကေခိုင်၏စကားကို ဦးဒိဗ္ဗက သေသေချာချာ နားထောင်ပြီး စဉ်းစားခန်းဝင်နေဟန်တူသည်။ မျက်မှောင်ကြုတ်၍ အတန်ကြာစဉ်းစားနေရသည်။ ပြီးမှ သူ့သဘောထားကို မြကေခိုင် သိစေရန် ရှင်းပြလိုက်လေသည်။

"တူမကြီး တင်ပြတဲ့အချက်ကလည်း ကောင်းပါတယ် ... ဒါပေမဲ့ ဒီကိစ္စကို ဦးလေး သေသေချာချာ စဉ်းစားပြီးမှ ဆုံးဖြတ်ခဲ့တာပါ ... ကောင်းပြီ ... ဝဏ္ဏကို ဖမ်းလိုက်ပါပြီတဲ့ ... သီဟာက ဘယ်လိုတုံ့ပြန်လာနိုင်မလဲ၊ ဥပဒေဘက်တော်သားတစ်ယောက်ဖြစ်တဲ့ သီဟာအနေနဲ့ မိုက်မိုက်ကန်းကန်းတော့ လုပ်မှာမဟုတ်ဘူး ... မသကာသက်ဆိုင်ရာတွေနဲ့ ဒီကိုလာပြီး ရှာဖွေမှာပဲ မဟုတ်လား ... အဲဒီလိုရှာလို့ကတော့ စိတ်ကြိုက် ရှာစမ်းပါစေ ... ဘယ်လိုမှ တွေ့မှာမဟုတ်ဘူးဆိုတာ တူမကြီး အသိဆုံးပါပဲလေ၊ ဒါကြောင့် ဒီကိစ္စကို အကောင်အထည်ဖော်ဖို့ ယက္ခနဲ့အဖွဲ့ကို တာဝန်ပေးလိုက်တာ ဦးလေး ပြောတာ ဟုတ်တယ် မဟုတ်လား ... "

"အင်း ... ဒီအတိုင်းဆိုရင်တော့လည်း ကျွန်မ ဘာမှ ပြောစရာလိုတော့ပါဘူး၊ ဟုတ်တော့ ဟုတ်ပါတယ်လေ ... ဒီစံအိမ်မှာ ရှာလို့တော့ ဘယ်တော့မှ တွေ့မှာမဟုတ်ဘူးဆိုတာ ကျွန်မလည်း သဘောပေါက်ပါတယ်၊ ဦးလေးရဲ့အကြံ ကောင်းပါတယ်ရှင် ... "

"ကိုင်း ... ဒါဆို ကိုတာနောနဲ့ ယက္ခတို့အဖွဲ့က ကိုယ်တာဝန်ယူထားတဲ့ကိစ္စကို အောင်မြင်အောင် ဆောင်ရွက်ကြပေတော့ ... အားလုံး သွားနိုင်ကြပြီ ... "

ဤသို့ ပြောဆိုအမိန့်ပေးပြီးသည်နှင့် ခေါင်းဆောင်ကြီးဦးဒိဗ္ဗကို အားလုံး အရိုအသေပေးကာ အဖွဲ့သားအားလုံးက အသီးသီး ပြန်



www.burmeseclassic.com

www.burmeseclassic.com



သွားကြလေသည်။ အချိန်က ညနေ ငါးနာရီထိုးပြီးကာစပင် ရှိသေးသော်လည်း တောရိပ်တောင်ရိပ်များကြောင့် မိစ္ဆာစံအိမ်ဝန်းကျင်တွင် အမှောင်သန်းစ ပြုနေချေပြီ။ သည်အချိန်မှာပင် ကင်းစောင့်ထံမှ ရန်သူဟု အော်ဟစ်သံကို ကြားလိုက်ရသည်။

မကြာမီ စံအိမ်တစ်ခုလုံးရှိ လူများက ရန်သူဟု ကြားလိုက်ရသည့်နေရာသို့ အပြေးအလွှားပင် ရောက်သွားကြလေသည်။ ယက္ခနှင့် ဗလကား ရန်သူကို ပထမဦးဆုံး မြင်တွေ့လိုက်ရခြင်းပင်။ ရန်သူကား မိစ္ဆာစံအိမ်သို့ ထိုးဖောက်ဝင်ရောက်ရန် ရောက်လာခဲ့သည့် ဝဏ္ဏပင် ဖြစ်သည်။

သူတို့နှစ်ယောက် ရောက်သွားချိန်တွင် အစောင့်မှာ ဝဏ္ဏ၏ လက်ချက်ကြောင့် မှောက်နေလေပြီ။ ယက္ခနှင့် ဗလလည်း ရန်သူရှိရာသို့ လွှားခနဲ ခုန်ဝင်ကာ ခြေလက်အစုံတို့ဖြင့် တိုက်ခိုက်ပစ်လိုက်သည်။ ရန်သူကား သူတို့နှစ်ယောက် ဝိုင်းဝန်းတိုက်ခိုက်သည်ကိုပင် အလွယ်တကူ ရှောင်တိမ်းသွားနိုင်သည်ကို တွေ့လိုက်ရသောကြောင့် သက်ပြင်းနှင့် မိုက်ခဲကို ဖြိုခဲ့သည့် ဝဏ္ဏဆိုသည့်ကောင်ပင်ဖြစ်မှန်း ရိပ်မိလိုက်ကြသည်။

ယက္ခက မျက်ထောင့်နီကြီးနှင့် စိုက်ကြည့်ကာ မေးလိုက်သည်။

"ဝဏ္ဏဆိုတာ မင်းလားကွ ..."

"ဟား ဟား ဟား ... ဟုတ်ပါသတဲ့ဗျာ ... ဟုတ်ပါသတဲ့ ... ဘာလဲ၊ ခင်ဗျားတို့နှစ်ယောက် သိပ်ကြောက်သွားလို့လား၊ မကြောက်ပါနဲ့ဗျာ ... မင်းတို့နှစ်ယောက်ကို ငါက အသေမသတ်ပါဘူးကွာ ... စိတ်ချစမ်းပါ၊ မသကာ ကျိုးပဲ့ရုံလေးပါပဲ ... ဟား ဟား ဟား"

ကျွန်ုပ်၏စကားကြောင့် ယက္ခနှင့် ဗလကြီးတို့နှစ်ယောက်၏





မျက်နှာများကား ကြောက်စရာကောင်းလောက်အောင်ပင် ခက်ထန်လာတော့သည်။ ကျွန်ုပ်က တကယ်ပင် သူတို့၏ ဒေါသကို ဆွပေးလိုက်ခြင်းပင်။ ဤသို့သော တိုက်ပွဲမျိုးတွင် ဒေါသကို မထိန်းချုပ်နိုင်ပါက အမှားကို ကျူးလွန်တတ်သည်ကို ကျွန်ုပ်က သိထားသောကြောင့် တစ်ဘက်ရန်သူ၏ ဒေါသကို ဆွပေးလိုက်ခြင်းလည်း ဖြစ်သည်။

လက်ရုံးရည်ကိုသာ အားကိုးသည့် လူမိုက်နှစ်ယောက်ကား တရှူးရှူးနှင့် ကျွန်ုပ်၏ ဆင်ကွက်ထဲသို့ တိုးဝင်လာကြလေတော့သည်။

"မင်း ... မင်းကို အသေသတ်ပစ်မယ် ..."

"ခွေးမသား ... လူပါးဝတဲ့ကောင် ... ရော့ ... ရှောင်နိုင်ရင် ရှောင်လိုက်စမ်းကွ ... သေပေတော့ ..."

ဤကဲ့သို့ ကြိမ်းဝါးပြောဆိုပြီးသည်နှင့် လက်တွင် ကိုင်ထားသည့် ဓားမြှောင်နှင့် ယက္ခက ကျွန်ုပ်၏ နံကြားထဲသို့ ထိုးလိုက်သကဲ့သို့ပင် ဗလကြီးကလည်း နာမည်နှင့်လိုက်အောင် ကြီးမားလှသည့် သူ၏ လက်သီးကြီးဖြင့် ကျွန်ုပ်၏ မျက်နှာသို့ ပြင်းထန်အား ပါလွန်းသည့် ဖြောင့်လက်သီးတစ်ချက်ကို သွင်းလိုက်သည်။

ကျွန်ုပ်ကလည်း နံကြားသို့ ဝင်လာသည့် ယက္ခ၏ ဓားမြှောင်ကိုင်လက်ကို လက်ဝါးစောင်းဖြင့် ရိုက်ဖယ်လိုက်သလို လက်သီးချက်ကိုလည်း ခေါင်းကို တိမ်း၍ ရှောင်ပေးလိုက်သည်။ တစ်ဆက်တည်းမှာပင် ကျွန်ုပ်၏ ခြေထောက်နှင့်လက်တို့ကို တရစပ် လှုပ်ရှားကာ ပြန်လည်တိုက်စစ်ဆင်လိုက်သည်။

ကျွန်ုပ်လည်း အချိန်ဆွဲတိုက်နေ၍ အခြေအနေကောင်းမည် မဟုတ်မှန်း သဘောပေါက်လိုက်သည်။ အကြောင်းကား ကျန်နေသည့် ဦးဒိဗ္ဗ၏ တပည့်ကျော်လူမိုက်များ စံအိမ်မှ ပြေးထွက်လာသည်ကို



www.burmeseclassic.com

www.burmeseclassic.com



တွေ့လိုက်ရသောကြောင့်ပင် ဖြစ်သည်။ ကျွန်ုပ်သည် ရန်သူနှစ်ယောက်ကို အပြင်းထန်ဆုံး တိုက်ကွက်မျှ နှင့် တိုက်ထုတ်ပစ်လိုက်ရာ သူတို့နှစ်ယောက် နောက်သို့ လန်ထွက်သွားသည်နှင့် ထိုနေရာမှ အမြန်ဆုံးဆုတ်လာခဲ့၍ အမှောင်ထဲသို့ တိုးဝင်ခဲ့ပါတော့သည်။





# ၁၇

ကျွန်ုပ်သည် မိစ္ဆာစံအိမ်ထဲသို့ ထိုးဖောက်ဝင်ရောက်စုံစမ်းဖို့ ကြိုးစားလေတိုင်း မအောင်မြင်ဘဲ ပြန်လည်ဆုတ်ခွာလာရသည်ကို တွေးပြီး စိတ်ထဲက မချင့်မရဲ ဖြစ်နေမိသည်။ ထို့ကြောင့် အနီစံအိမ်ထဲသို့ ခိုးသည့်နည်းဖြင့် ဝင်ရောက်ရမည်ကို အကြံထုတ်ကာ စဉ်းစားနေမိသည်။ ကျွန်ုပ်လည်း စံအိမ်ထဲသို့ ဝင်ဖို့အရေးကို မည်သို့မျှ စဉ်းစားမရနိုင်သည့်အတွက် စိတ်ပျက်စွာပင် အိမ်ရှေ့တွင် ထိုင်နေခဲ့သည်။

အချိန်က နံနက် ခုနစ်နာရီထိုးပြီးစပဲ ရှိသေးသည်။ တပည့်ကျော် ဖိုးလုံးကား စားရေးသောက်ရေးအတွက် အိမ်နောက်ဖေးမီးဖိုချောင်ထဲတွင် စီမံချက်ပြုတ်နေလေပြီ။ သည်စဉ်မှာပင် ကျွန်ုပ်သည်ရွာကို စတင်ရောက်ရှိခဲ့စဉ်က ခေတ္တ ဝင်ရောက်ခဲ့သော ရွာဦးထိပ်ကားလမ်းဘေး လက်ဖက်ရည်ဆိုင်မှ ကိုတင်ဦး ရောက်ရှိလာခဲ့လေသည်။



www.burmeseclassic.com

www.burmeseclassic.com



ယခုအခါတွင်မူ ကျွန်ုပ်နှင့် ကိုတင်ဦးမှာ ရင်းနှီးခင်မင်သည့် အဆင့်သို့ပင် ရောက်ရှိနေကြပြီဖြစ်သည်။ ထို့ကြောင့် ခြံထဲသို့ ဝင်လာသည့် သူ့ကို မြင်လိုက်ရသည်နှင့် ဝမ်းသာအားရပင် ကျွန်ုပ်က ဆီးကြို နှုတ်ဆက်လိုက်သည်။

"အစ်ကိုကြီး ... လာဗျာ၊ လာ လာ ... စောစောစီးစီးပါလား"

ကိုတင်ဦးက ကျွန်ုပ်ကို အပြုံးနှင့် ပြန်လည်နှုတ်ဆက်လိုက်ပြီး လှမ်းပြောလိုက်သည်။

"ဟုတ်တယ် ညီလေးရေ ... စောဆို ကိစ္စလေးရှိလို့ လာခဲ့တာကွ ..."

ပြောပြောဆိုဆိုပင် ကိုတင်ဦးက အိမ်ပေါ်သို့ ကျွန်ုပ်နှင့်အတူ လိုက်လာခဲ့သည်။ အိမ်ရှေ့ခန်းတွင် ထိုင်မိသည်နှင့် ကိုတင်ဦးက ကျွန်ုပ်ကို လှမ်း၍ အကဲခတ်လိုက်ကာ အရေးတကြီး စကားဆိုလာသည်။

"ညီလေး ... အိမ်မည်းကြီးထဲကို ဝင်ရောက်ဖို့ ကြိုးစားတာ မအောင်မြင်ဘူး မဟုတ်လား ..."

ကျွန်ုပ်လည်း သူ့အမေးကြောင့် အံ့ဩသွားလေသည်။ သည်ကိစ္စကား ကျွန်ုပ်နှင့် သီဟ နှစ်ယောက်တည်းသာ သိသည့် လျှို့ဝှက်ချက် ဖြစ်သည်။ ယခု ထိုလျှို့ဝှက်ချက်ကို စီးပွားရေးသမားသာ ဖြစ်သည့် ကိုတင်ဦး မည်သို့ သိသွားခဲ့သည်ကို ကျွန်ုပ်လည်း မစဉ်းစားတတ် အောင်ပင် ဖြစ်နေသည်။ ထို့ကြောင့် ကျွန်ုပ်က သူ့အမေးကို အမေးနှင့် ပင် ပြန်တုံ့ပြန်လိုက်လေသည်။

"နေပါဦး အစ်ကို ... အစ်ကို့ကို ဘယ်သူပြောတာလဲဗျ"

"ဘယ်သူပြောတယ်ဆိုတာက ညီလေးအတွက် အရေးကြီးသလား ..."





"ကြီးပြီလားဗျာ ... ကျွန်တော်တို့ လျှို့ဝှက်ပြီးလုပ်တဲ့ကိစ္စကို အစ်ကိုတောင် သိသွားပြီဆိုတော့ ဘယ်လိုသိသွားတယ်ဆိုတာ ... ကျွန်တော်တို့ သိဖို့ သိပ်ပြီးအရေးကြီးပါတယ် ..."

ဤတွင် ကိုတင်ဦးက တွေပြီး စဉ်းစားနေသေးသည်။ ကျွန်ုပ်က သူပြောလာစေရန် ဖိအားပေးလိုက်ရပြန်သည်။

"ဒီကိစ္စကို သိရမှ ကျွန်တော့်ဘက်ကလည်း ပြောသင့်တာကို ပြောလို့ရမှာ အစ်ကို ..."

"ကောင်းပြီလေ၊ အစ်ကို ဘယ်လိုသိရတယ်ဆိုတာကို ပြောပြမယ် ... ဒါပေမဲ့ ညီလေးက အစ်ကို ပြောတယ်ဆိုတာကို သက်ဆိုင်ရာတာဝန်ရှိတဲ့ပုဂ္ဂိုလ်ကလွဲလို့ အပြင်ကို မပေါက်ကြားဘူးလို့တော့ ကတိပေးပါ ..."

"ကောင်းပါပြီ စိတ်ချပါ ... အစ်ကို ပြောသလို ကျွန်တော် ကတိပေးပါတယ် ..."

ဤတွင် ကိုတင်ဦးက ကျွန်တော့်နားသို့ ကပ်ကာ နာမည်တစ်ခုကို တိုးတိုးလေး ပြောပြသည်။ ကျွန်ုပ်လည်း ကိုတင်ဦး ပြောပြသည့် နာမည်ကို ကြားရသည့်အခါတွင် ပို၍ပင် အံ့အားသင့်မိလေတော့သည်။ ကျွန်ုပ်၏ ဦးနှောက်ကိုလည်း အလျှင်အမြန်ပင် အလုပ်ပေးလိုက်ရလေသည်။ ထိုသတင်းကို သိလိုက်ရသည့်အတွက် ကျွန်ုပ်သည် မိစ္ဆာအိမ်၏ အရေးကား တဖြည်းဖြည်းနှင့် ပို၍ ရှုပ်ထွေးလာပြီဖြစ်ကြောင်း သတိထားမိလိုက်သည်။

"ကျေးဇူးပါပဲ အစ်ကို ... အစ်ကို ပြောပြတဲ့သတင်းဟာ ... ကျွန်တော့်အတွက် အင်မတန်မှ တန်ဖိုးကြီးပါတယ် ... အခု အစ်ကို့ဆီ စောစောက မေးတဲ့မေးခွန်းကို ပြောရရင် ဟုတ်တယ်လို့ပဲ ဖြေပါရစေ"



www.burmeseclassic.com

www.burmeseclassic.com



"အေးပါကွာ ... အစ်ကို သဘောပေါက်ပါတယ် ... အခု အစ် လာတာက အိမ်မည်းကြီးထဲကို ဝင်နိုင်မဲ့နည်းလမ်းကို ပြောပြမလို့ ညီလေး ... "

"ဗျာ ... အိမ်ထဲဝင်နိုင်မဲ့ နည်းလမ်း ဟုတ်လား အစ်ကို ..."

ကျွန်ုပ်ကား ထပ်၍ အံ့ဩမိရပြန်လေပြီ။ ကျွန်ုပ်တို့ မည်သို့ ဝင်ရောက်မရနိုင်သည့် မိစ္ဆာစံအိမ်ထဲကို ဝင်နိုင်သည့်နည်းလမ်းအ ကိုတင်ဦးကဲ့သို့ သာမန်လူတစ်ယောက်က သိသည်ဆိုခြင်းကိုမှ မအံ့ဩ လျှင် အဘယ်အရာကို အံ့ဩရပါမည်နည်း။ ကိုတင်ဦးက ကျွန်ုပ် အံ့ဩ နေသည်ကို ရိပ်မိသည့်အတွက် မေးမြန်းလာသည်။

"ဘာလဲ ... အစ်ကို ပြောတာကို ညီလေးက မယုံလို့လား"

"မယုံလို့တော့ မဟုတ်ပါဘူး ... ဒါပေမဲ့ အံ့ဩမိလို့ပါ ..."

"အစ်ကို သိတာ မဟုတ်ဘူး၊ အစ်ကို ကျေးဇူးပြုခဲ့ဖူးတဲ့ တစ်ယောက်က ပြောပြလို့ သိရတာပါ ... "

"ဘယ်သူများလဲ အစ်ကို ... "

"အဲဒီလူကို ပြောပြလည်း ညီလေး သိမှာမဟုတ်ဘူး ... ဒီ က မုဆိုးတစ်ယောက်ပဲ ညီလေး ... ဒီတောတောင်အနှံ့ သူ မရော ဘူးတဲ့နေရာလို့ ... မရှိလောက်အောင် နှံ့စပ်တဲ့လူပဲ ... ပြောရရင် အနောက်ရိုးမတောင်တန်းအနှံ့အပြားမှာ သူ ခြေမချဘူးတဲ့နေရာ လုံးဝမရှိဘူး ... သူက 'ချင်းနားပေါက်ကျယ်' လူမျိုးပဲ ... ဗမာမဟု ဘူး ညီလေး၊ သူ့နာမည်က 'ဆွန်ပ' လို့ခေါ်တယ်၊ မြန်မာလိုက ထွန်းဖေတဲ့ ... အသက်က လေးဆယ်လောက် ရှိတယ် ... "

ဤတွင် ကျွန်ုပ်က ဆွန်ပ ခေါ် ထွန်းဖေဆိုသည့် ချင်းအမျိုးသ ကြီးနှင့် အမြန်ဆုံး တွေ့ဆုံနိုင်ဖို့ စီစဉ်ပေးဖို့အကြောင်း သူ့ကို အကူအ





တောင်းလိုက်သည်။ ဤတွင် ကိုတင်ဦးက ချင်းအမျိုးသားကြီးနှင့် တွေ့ဆုံရမည့် နေရာတစ်ခုအမည်ကို ပြောပြပြီးနောက် ကျွန်ုပ်ကို နှုတ်ဆက်ကာ ပြန်သွားတော့သည်။

ကျွန်ုပ်လည်း အရေးကြီးလာပြီဖြစ်သည့်အတွက် အိမ်တွင် ဖိုးလုံးကို ထားခဲ့ပြီး ထုံးဘိုမြို့ကလေးသို့ ကားနှင့် လိုက်လာခဲ့လေသည်။ သီဟကို စခန်းတွင် အဆင်သင့်ပင် တွေ့လိုက်ရသည့်အတွက် နှစ်ဦးသား လုပ်ရှားရမည့်ကိစ္စများကို အသေးစိတ် ဆွေးနွေးတိုင်ပင်ခဲ့ကြသည်။ ကျွန်ုပ်ကား ညနေစောင်းရောက်မှသာလျှင် ထုံးဘိုမြို့ကလေးမှ ရွာသို့ ပြန်လာနိုင်ခဲ့သည်။

သည်နေရာတွင် လက်ပံပင်များသာ ပေါက်ရောက်နေသည့်အတွက် လက်ပံချောင်ဟု ခေါ်သည်။ အချိန်ကား ည ခုနစ်နာရီထိုးတော့မည် ဖြစ်သည်။ ယခု သည်လက်ပံချောင်ရှိရာသို့ တောင်ကုန်းပေါ်မှ တရွေ့ရွေ့ ဆင်းလာသည့် လူတစ်ယောက်ကို မြင်တွေ့နေရသည်။ ထိုသူကား ဝဏ္ဏပင် ဖြစ်သည်။

ကျွန်ုပ်လည်း ချင်နားပေါက်ကျယ် အမျိုးသားကြီး ကိုဆွန်ပနှင့် ချိန်းထားသည့် လက်ပံချောင်ရှိရာသို့ သတိထား၍ ချဉ်းကပ်လာခဲ့သည်။ ကျွန်ုပ်လည်း တောင်ကုန်းလေးမှတစ်ဆင့် လျှိုထဲသို့ ဆင်းသည့် လမ်းကြောအတိုင်း အောက်သို့ ဆင်းလာခဲ့သည်။ လမ်းဟုသာ ဆိုရသော်လည်း လွယ်လွယ်ကူကူ ဆင်းနိုင်သည်တော့ မဟုတ်ချေ။ ခက်ခက်ခဲခဲနှင့် ဆင်းခဲ့ရခြင်း ဖြစ်သည်။ သစ်ပင်နွယ်ပင်များကြားမှလည်းကောင်း၊ ချောက်အတွင်း ခုတ်လှဲထားသည့် သစ်ပင်များပေါ်မှလည်းကောင်း ခက်ခက်ခဲခဲ ဆင်းခဲ့ရခြင်းဖြစ်သည်။

ကျွန်ုပ်လည်း တဖြည်းဖြည်းနှင့် ချောက်အောက်ခြေသို့ ရောက်



www.burmeseclassic.com

www.burmeseclassic.com



လာခဲ့သည်။ အတန်ကြာ ဆက်လျှောက်သွားသည့်အခါတွင်ကား ရှေ့ဆေတစ်ရာခန့်တွင် စိမ့်စမ်းရေအိုင်ငယ်လေးကို တွေ့လိုက်ရသည်။ တောင်စဉ်တောင်တန်းများမှ ဆင်းလာသည့် ရေများက တသွင်သွင်စီးဆင်းနေသည့်အတွက် နွေရာသီဖြစ်သော်လည်း ရေအိုင်ကလေးထဲတွင် ရေက ရှိနေဆဲသာဖြစ်သည်။

ထိုစမ်းရေအိုင်ကလေးနှင့် မလှမ်းမကမ်းတွင် ဖျဉ်းကတိုး၊ အင်ကြင်း၊ သစ်ယာပင်များက ခပ်စိတ်စိတ် ပေါက်နေကြသည်။ ကျွန်ုပ်လည်း ကိုတင်ဦးက သေသေချာချာ လမ်းညွှန်လိုက်သည့်အတွက် မကြာမီ ရောက်တော့မည်ဖြစ်ကြောင်းကို သိလိုက်သည်။ ထို့ကြောင့် သစ်ပင်များ စုဝေးပေါက်နေသည့် တောအုပ်လေးထဲသို့ တိုးဝင်လိုက်သည်။

အနီးသစ်တောအုပ်လေး၏ တစ်ဘက်တွင် တဲတစ်လုံးကို တွေ့လိုက်ရသည်။ သည်တဲတွင် ကျွန်ုပ် တွေ့လိုသည့် ချင်းအမျိုးသားကြီးဆွန်ပ ရှိမှန်းသိလိုက်သည့်အတွက် တဲအနီးသို့ အလျင်အမြန် သွားလိုက်သည်။ ကျွန်ုပ် လာသည်ကို မုဆိုးကြီးဆွန်ပက မြင်ပြီးဟန်တူသည်။ တဲအနီးသို့ ရောက်သည်နှင့် အတွင်းမှ လှမ်းပြောလိုက်သည့် အသံသြနှင့် အမျိုးသားတစ်ယောက်၏အသံကို ပီပီသသ ကြားလိုက်ရသည်။

"မောင်ရင်လေးတောင် ရောက်လာမှကိုး ... ဝင်ခဲ့ပါ မိတ်ဆွေလေး ... ကျုပ်တဲထဲမှာ ရှိပါတယ် ..."

ကျွန်ုပ်လည်း မြေစိုက်တဲထဲသို့ ငုံ့ပြီးဝင်လိုက်သည်။ အထဲတွင်ကား ဗလကောင်းကောင်း အသားညိုညိုနှင့် လူတစ်ယောက်ကို တွေ့လိုက်ရသည်။ အပေါ်ပိုင်း ဗလာကျင်းထားပြီး အောက်ပိုင်းတွင်





ဖျင်ကြမ်းဘောင်းဘီပွကြီးကို ဝတ်ဆင်ထားသည့် လူထွားကြီးက ... ကျွန်ုပ်ကို မပြုံးမရယ် တည်ကြည်စွာ စိုက်ကြည့်နေသည်ကို တွေ့လိုက်ရသည်။

"ကိုဆွန်ပနဲ့ တွေ့ရတာ ဝမ်းသာပါတယ် ခင်ဗျာ ..."

ကျွန်ုပ်က မြေစိုက်တဲထဲတွင် ဝင်ထိုင်လိုက်ပြီး မုဆိုးကြီးကို ဆွန်ပ နှုတ်ဆက်လိုက်သည်။ သူက ခေါင်းညိတ်ပြပြီးသည်နှင့် မေးလာသည်။

"မောင်ဝဏ္ဏဆိုတာ မဟုတ်လား ..."

"ဟုတ်ပါတယ် ..."

"အင်း ... ကျုပ်အနေနဲ့ ပတ်ဝန်းကျင်နဲ့ အဆက်အသွယ်ဖြတ်ပြီး တောထဲမှာ တစ်ယောက်တည်းနေလာတာ ကြာခဲ့ပြီ ... အခုခင်းနဲ့ ဆုံတွေ့ခြင်းဟာ လူတွေရဲ့ ပထမဆုံးပြန်လည်ဆက်ဆံခြင်းပဲကွ ... တစ်ခုတော့ ရှိတာပေါ့လေ ... ကျုပ်ရဲ့ ကျေးဇူးရှင်ဖြစ်တဲ့ ကိုတင်ဦးနဲ့တော့ အဆက်အသွယ်ရှိတယ်ပေါ့ ... အခုလည်း သူက အကူအညီတောင်းလို့ မင်းကို ဦးဒိဗ္ဗရဲ့ အိမ်မည်းကြီးထဲကို ရောက်နိုင်တဲ့ လျှို့ဝှက်လမ်းကို ပြသဖို့ သဘောတူလိုက်တာပဲကွ ..."

ကျွန်ုပ်ကလည်း မုဆိုးကြီး သဘောပေါက်စေရန် ပြန်လည်ရှင်းပြလိုက်ရသည်။

"ကျေးဇူးတင်ပါတယ် ကိုဆွန်ပ ... ကျွန်တော့်ကို ကူညီတာက တရားဥပဒေကို ထိန်းသိမ်းစောင့်ရှောက်နေတဲ့ သက်ဆိုင်ရာအဖွဲ့အစည်းကို ကူညီရာလည်း ရောက်ပါတယ် ..."

"ငါ သဘောပေါက်ပါတယ်ကွာ ... မင်းကို မြင်လိုက်တာနဲ့ တည်ကြည်ဖြောင့်မတ်ပြီး အရည်အချင်းရှိတဲ့ လူငယ်တစ်ယောက်လို့



www.burmeseclassic.com

www.burmeseclassic.com



တာ ငါ သိပါတယ် … ငါဟာ ဘဝအခြေအနေအရ အခုအချိန်မှာ … မုဆိုးလုပ်နေပေမဲ့ တစ်ချိန်က တိုင်းပြည်တာဝန်ကို ထမ်းဆောင်ခဲ့… တဲ့ စစ်ပြန်ရဲဘော်တစ်ယောက်ပါပဲ ငါ့ညီ … ”

“အစ်ကိုကြီးဆွန်ပကို ကျွန်တော် လေးစားပါတယ်ဗျာ”

“ကိုင်း … ညီလေး ပြောရင်းဆိုရင်းနဲ့ လင်းယုန်သားနဲ့ ထမ်း… ရည်ခါးလေးကို မြည်းလိုက်ပါဦးကွာ … ”

ကျွန်ုပ်ကား မြို့သားဖြစ်သော်လည်း အရက် လုံးဝသောက်… သူကား မဟုတ်ချေ။ သို့သော်လည်း ရိုးသားသည့် စစ်ပြန်ရဲဘော်ကြီး… ဆွန်ပ စိတ်ကျေနပ်စေရန် ကျွေးမွေးဧည့်ခံသည့် လင်းယုန်သား… ထန်းရည်အနည်းငယ်ကို စားသောက်လိုက်ရသည်။

“လင်းယုန်သားက အစ်ကိုကြီး ပစ်တာလား … ”

“မဟုတ်ပါဘူးကွာ … ဒီကောင်ကလည်း သေချင်လို့နဲ့ တူ… ရဲ့ … ဟိုကညင်ပင်နိမ့်နိမ့်လေးမှာ စွဲနေတဲ့ မျှားကို ဖွတ်နေတာ… ငါကလည်း တောလိုက်က ပြန်အလာ တန်းတိုးတော့တာပဲ … သူ… အန္တရာယ်ကို ဂရုမပြုဘဲ ရှေ့ကအစာကို မဲပြီး မျှားဖွတ်နေတုန်း ဝါး… နဲ့ ရိုက်ချလိုက်တာကွ … ”

ကျွန်ုပ်နှင့် မုဆိုးကြီးဆွန်ပတို့သည်လည်း စားရင်းသောက်ရင်း… နှင့်ပင် စကားစမြည် ပြောဆိုနေခဲ့ကြသည်။ ဤသို့ဖြင့် အချိန်က ေ… မသာ အကုန်မြန်လာတော့သည်။ ခပ်ဝေးဝေးဆီမှ ကြက်တိန်ညင်… ကောင်၏ တွန်သံကြောင့် သက်ကြီးခေါင်းချချိန်သို့ပင် ရောက်ပြီ… ကြောင်း သိလိုက်ရလေသည်။ သည်တွင်မှ မုဆိုးကြီးက ကျွန်ုပ် လာ… ရင်းအကြောင်းဖြစ်သည့် မိစ္ဆာစံအိမ်အကြောင်းကို နိဒါန်းစလာသည်…

“မိစ္ဆာစံအိမ်ကို သွားတဲ့လျှို့ဝှက်လမ်းကြောင်းဟာ ငါ့ညီ လာ…





…တဲ့ စမ်းရေအိုင်နားမှာပဲ ရှိတယ် … ကိုင်း … အချိန်ကျပြီ၊ ငါတို့ သွားကြရအောင် … ”

ပြောပြောဆိုဆို မုဆိုးကြီးဆွန်ပက ထိုင်ရာမှထကာ တဲအတွင်း… ထွက်လိုက်သည်။ ကျွန်ုပ်လည်း ရှေ့မှ ဦးဆောင်သွားနေသည့် မုဆိုး… ကြီးနောက်သို့ လိုက်လာခဲ့သည်။ မကြာမီ အလာတုန်းက တွေ့ခဲ့ရ… သည့် စမ်းရေအိုင်လေးနားသို့ ရောက်လာခဲ့သည်။ ဤတွင် ကျွန်ုပ် …လာတုန်းက သတိမပြုခဲ့သည့်အရာကို တွေ့လိုက်ရသည်။ အခြား… …ဟုတ်ချေ … ။ စမ်းရေအိုင်၏ အနောက်ဘက် တောင်ကုန်းလေး၏ …အောက်တွင် ချုံနွယ်များဖြင့် ပိတ်ဆီးနေသည့် ဂူပေါက်လေးတစ်လုံး… …၏ အဝကို မြင်လိုက်ရခြင်းပင် ဖြစ်သည်။

မုဆိုးကြီးဆွန်ပက ချုံနွယ်များကို ဖယ်ရှင်းကာ ဂူပေါက်ထဲသို့ …င်သွားသည့်အတွက် ကျွန်ုပ်လည်း နောက်မှလိုက်၍ ဝင်လာခဲ့သည်။ …ပေါက်ကား အစကသာ ကျဉ်းသော်လည်း အထဲတွင် လူတစ်ယောက် …ကောင်းကောင်း မတ်တတ်ရပ်ပြီး လျှောက်၍ရသည်။ မုဆိုးကြီးက …လာသည့် မီးတုတ်ကို ထွန်းညှိလိုက်သည်။ မီးရောင်ကြောင့် နံရံအမိုး…များတွင် တွဲလောင်းခို၍ အိပ်နေကြသည့် လင်းနို့များက လန့်၍ ထပျံ… …န်ကြသည်။

ဂူကား အတန်ပင် ရှည်လျားလှသည်။ ဂူ၏ အောက်ခြေကား …ဘာဝကျောက်မြေပင် ဖြစ်သည်။ ဤသို့ဖြင့် ဂူအဆုံးသို့ ရောက်ခဲ့ကြ…သည်။ ဂူ ဆုံးသွားပြီဖြစ်သည့်အတွက် ကျွန်ုပ်က သွားစရာ လမ်းဆုံးပြီ …ထင်လိုက်မိသကဲ့သို့ မိစ္ဆာစံအိမ်ကို မည်သို့မျှ မရောက်နိုင်ဟုလည်း …တွေးနေမိသည်။

ဤသည်ကား ကျွန်ုပ်၏ တွေးတောထင်မြင်ချက်မျှသာ ဖြစ်…



www.burmeseclassic.com

www.burmeseclassic.com



လေသည်။ အကြောင်းကား မုဆိုးကြီးဆွန်ပက ဂူအဆုံးတွင် တွေ့ရသည့် ကျောက်မောင်းတံကို အောက်သို့ ဖိချလိုက်သည်နှင့် ဂူနံရံကျောက်တံခါးတစ်ချပ်က ပွင့်လာသည်ကို ထူးဆန်းစွာ တွေ့လိုက်ရသည်။ တစ်ဆက်တည်းမှာပင် အပေါ်သို့တက်သည့် ကျောက်လှေကားထစ်များကို တွေ့လိုက်ရသည်။ မုဆိုးကြီးက လှေကားထစ်များအတိုင်း ရှေ့မှ ဦးဆောင်ပြီး တက်သွားသည့်အတွက် ကျွန်ုပ်လည်း နောက်မှ လိုက်လာခဲ့ရပြန်သည်။

မကြာမီ ... ညာဘက်သို့ ကွေ့လိုက်သည်ကို တွေ့ရသည်။ ကျွန်ုပ်လည်း လှေကားထစ်ပေါင်း မည်မျှရှိသည်ကို စ၍လျှောက်စဉ်ကသာ ရေတွက်နိုင်သော်လည်း နောက်ပိုင်းတွင် မည်သို့မျှ မှတ်မထားနိုင်တော့ပေ။ ဤသို့ ချိုးလိုက်ကွေ့လိုက်ဖြင့် ဆက်လျှောက်လာကြရာမှ တစ်နေရာအရောက်တွင် ရှေ့မှ သွားနေသည့် မုဆိုးကြီး ဆွန်ပက ရပ်လိုက်ပြီး လေသံခပ်အုပ်အုပ်ဖြင့် ကျွန်ုပ်ကို ခေါ်လိုက်သည်။

"ညီလေး ဝဏ္ဏ ..."

"ဗျာ ... အစ်ကိုကြီး"

"အခု ငါတို့ လာခဲ့တဲ့လမ်းကို မှတ်မိတယ်မဟုတ်လား ... မမှတ်မိစရာလည်း မရှိပါဘူးကွာ ... အချိုးအကွေ့တွေများပေမဲ့ လမ်းက ဒီတစ်လမ်းတည်း ရှိတာပါ၊ အခုအချိန်ကစပြီး ညီလေးတစ်ယောက်တည်း ရှေ့ဆက်သွားရတော့မယ်ကွ ... အပြန်ကို ဒီလမ်းက ပြန်မယ်ဆိုရင်လည်း အစ်ကိုကြီး စောစောက ဖိချလိုက်တဲ့ ကျောက်မောင်းခလုတ်တံမျိုး တွေ့ရလိမ့်မယ် ... အဲဒီခလုတ်ကို ဖိလိုက်ရင် ကျောက်တံခါးက ပြန်ပွင့်လာလိမ့်မယ်၊ အဲဒီဂူအတိုင်း ပြန်လာခဲ့ပေတော့ ... မှတ်မိတယ် မဟုတ်လား ငါ့ညီ ..."





"မှတ်မိပါတယ် ခင်ဗျာ ..."

ဤတွင် မုဆိုးကြီးက အရေးကြီးသည့်အချက်ကို ထပ်၍ ပြောဆိုလာပြန်သည်။

"အခု ... ငါတို့ လာခဲ့တာ ဒီနေရာမှာပဲ ကျောက်လှေကားတွေက ဆုံးသွားပြီ၊ ဒါပေမဲ့ မင်းသွားချင်တဲ့ စံအိမ်ကို ရောက်မှာမဟုတ်သေးဘူး ညီလေး ... ဟိုမှာ ကျောက်လမ်းလေး တွေ့လား ... အဲဒီကျောက်လမ်းလေးရဲ့အဆုံးမှာ အုတ်တိုက်လေးတစ်လုံး ရှိတာကော တွေ့တယ် မဟုတ်လား ..."

ကျွန်ုပ်ကား မုဆိုးကြီးပြောသည့် လမ်းနှင့် အုတ်တိုက်ကို မြင်တွေ့ပြီး ဖြစ်သည့်အတွက် ခေါင်းညိတ်ပြလိုက်သည်။ ကျွန်ုပ်တို့ ရပ်နေသည့်နေရာနှင့် အုတ်တိုက်ကလေးကား ခြေလှမ်း ဆယ်လှမ်းစာမျှသာ ရှိသည့်အတွက် မီးတုတ်မှ အလင်းရောင်နှင့်ဆိုလျှင် ကောင်းစွာမြင်တွေ့နေရပေသည်။

"အေး ... အဲဒီအုတ်တိုက်ကို ညီလေး သွားရမယ် ... အဲဒီအုတ်တိုက်ကို 'ဗိသုကာစံအိမ်' လို့ ခေါ်တယ် ... အဲဒီဗိသုကာစံအိမ်လို့ခေါ်တဲ့ အုတ်တိုက်ထဲမှာလည်း အောက်ကိုဆင်းတဲ့လမ်းတွေ ရှိတယ် ... အခု အစ်ကိုတို့ လာခဲ့တာက အထက်လမ်း ... အခု ထပ်တွေ့မှာက အဆင်းလမ်းပဲကွ ... ရှင်းရှင်းပြောရင် အိမ်မည်းကြီးရဲ့ မြေအောက်ခန်းကို အဲဒီကနေပြီး သွားရတယ် ..."

ကျွန်ုပ်လည်း မုဆိုးကြီး၏ စကားကြောင့် အံ့အားသင့်ကာ ပြန်မေးမိလိုက်သည်။

"ဘယ်လို ဘယ်လို ... မိစ္ဆာစံအိမ်ရဲ့ မြေအောက်ခန်း ဟုတ်လား ... အစ်ကိုကြီးဆွန်ပ"



www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်တယ် ညီလေး … ညီလေး ခေါ်တဲ့ ဘာတဲ့ မိစ္ဆာစံအိမ် ဟုတ်လား … မင်း ခေါ်တဲ့နာမည်နဲ့ သိပ်လိုက်တယ်ကွ … ဒီမြေအောက်ခန်းရှိတာ ဘယ်သူမှ မသိကြဘူး … ပြီးတော့ အဲဒီ မြေအောက်ခန်းဟာ အကျဉ်းသားတွေ ချုပ်နှောင်ထားတဲ့နေရာလည်း ဖြစ်တယ်"

ဤတွင် ကျွန်ုပ်က မုဆိုးကြီးကို မေးကြည့်လိုက်ရပြန်သည်။

"နေပါဦးဗျာ … ဒီမြေအောက်ခန်းရှိတာကို အစ်ကိုကြီးက ဘယ်လိုလုပ်ပြီး သိနေတာလဲ … "

"အင်း … ငါ့ညီအမေးကို ဖြေရရင် ဦးဒိဗ္ဗနေတဲ့ စံအိမ်ကြီးတစ်ခုလုံးကို ကြီးကြပ်ပြီး ဆောက်လုပ်ခဲ့တဲ့ လက်သမားပန်းရံ စတဲ့ အလုပ်သမားတွေရဲ့ အကြီးအကဲဟာ အစ်ကို့ရဲ့အဘိုးပဲ ညီလေး၊ ဒီအကြောင်းတွေကို အဘိုး ပြောပြလို့ သိခဲ့ရတာပဲ … ပြီးတော့ အခု ငါတို့ လာခဲ့တဲ့ လျှို့ဝှက်လမ်းကိုလည်း အဘိုး ကြီးကြပ်တည်ဆောက်ခဲ့တာ … ဒီလမ်း ရှိတယ်ဆိုတာကို အခု လက်ရှိစံအိမ်ရှင် ဦးဒိဗ္ဗတောင်မှ မသိဘူး … ကိုင်း … သတိဝီရိယထားပြီး သွားပေတော့ ညီလေး … ဒီလျှို့ဝှက်လမ်းကို ဦးဒိဗ္ဗနဲ့ တပည့်တွေအားလုံး ဘယ်သူမှ မသိကြတဲ့အတွက် မြေအောက်ခန်းကို ချောချောမောမောပဲ ရောက်သွားပါလိမ့်မယ်ကွာ … ငါ့ညီ အောင်မြင်ပါစေ … "

ဤသို့ ပြောဆိုပြီးသည်နှင့် မုဆိုးကြီးလည်း ကျွန်ုပ်ကို တစ်ချက်စူးစိုက်ကြည့်ပြီးနောက် ကားလမ်းအတိုင်း ပြန်သွားပါလေတော့သည်။ ကျွန်ုပ်လည်း မုဆိုးကြီးစွန့်ပမျက်စိအောက်က ပျောက်သည့်တိုင်အောင်ပင် ရပ်ပြီး ကြည့်နေသေးသည်။ အကွေ့တစ်ခုသို့ ချိုးကွေ့ပျောက်ကွယ်သွားမှသာ ကျွန်ုပ်လည်း 'ငရဲစံအိမ်' ဟုခေါ်သည့် အုတ်တိုက်လေးရှိရာသို့ လျှောက်လာခဲ့သည်။ ကျွန်ုပ်၏ လက်ထဲတွင် မုဆိုးကြီး





ထံမှ ယူထားလိုက်သည့် မီးတုတ်ကား ယခုတိုင် လင်းထိန်နေဆဲပင်ဖြစ်သည်။

အုတ်တိုက်ထဲသို့ လှမ်းဝင်လိုက်သည်နှင့် ကျွန်ုပ် တွေ့လိုက်ရသည်က ခြောက်ပေခန့်မြင့်မားသည့် ရုပ်တုကြီးတစ်ရုပ်ပင် ဖြစ်သည်။ ရုပ်တု၏ အောက်ခြေတွင် အင်္ဂတေဖြင့် ရေးထွင်းထားသည့် စာများကို တွေ့လိုက်ရသည့်အတွက် ကျွန်ုပ်က ဖတ်ကြည့်လိုက်ရာ အောက်ပါအတိုင်း တွေ့ရလေသည်။

"ဗိသုကာပညာရှင်ကြီး ဆွန်ကျဲလျှံ … "

ကျွန်ုပ်က သတိမပြုမိ၍သာ ဖြစ်သည်။ ရုပ်တု၏ မျက်နှာပုံပန်းသဏ္ဌာန်သည် မုဆိုးကြီးဆွန်ပနှင့် အတော်ပင် ဆင်လှသည်ကို ယခုမှပင် သတိထားမိတော့သည်။ ကျွန်ုပ်လည်း ထိုရုပ်တုမှလွဲ၍ အခြားထူးခြားချက်ကို မတွေ့ရသဖြင့် အုတ်တိုက်ဆောက်ထားခြင်းသည် ရုပ်တုထားရန်အတွက် အဆောင်သဘောမျိုး ဆောက်ထားခြင်းဖြစ်မည်ဟုပင် ခန့်မှန်းလိုက်သည်။

ကျွန်ုပ်လည်း ရှေ့တည့်တည့်တွင် အောက်သို့ ဆင်းသည့်လှေကားထစ်များကို တွေ့လိုက်ရသည့်အတွက် လှေကားထစ်များကို နင်းကာ အောက်သို့ ရဲရဲဝံ့ဝံ့ပင် ဆင်းလာခဲ့သည်။ မုဆိုးကြီးနှင့်အတူ လာသည့်လမ်းတစ်လျှောက် မြေအောက်လှေကားထစ်များက အတက်ကြီးဖြစ်၍ ယခုကား အဆင်းပင်ဖြစ်သည်။ အချိုးအကွေ့များက အထပ်ထပ်ပင် ပို၍များသည်ကိုလည်း သတိထားမိသည်။

ဤသို့ဖြင့် အချိုးအကွေ့ပေါင်း မည်မျှများ၍ လှေကားထစ်ပေါင်း မည်မျှရှိသည်ကို မရေတွက်နိုင်လောက်အောင် ဆင်းလာခဲ့ပြီးသည့်နောက်တွင်ကား ကျွန်ုပ်သည် ကျောက်ပြားများ ညီညာစွာခင်း



www.burmeseclassic.com

www.burmeseclassic.com



ထားသည့် လမ်းကလေးကိုမြင်လိုက်ရလေသည်။ လူသွားလမ်းအတိုင်း ကျွန်ုပ်လည်းဆက်လက်လျှောက်လာခဲ့ရာတစ်နေရာအရောက်တွင် ထင်မှတ်မျှော်လင့်မထားသည့် အဖြစ်အပျက်နှင့် ပက်ပင်းရင်ဆိုင်တိုးမိလေတော့သည်။

ယင်းကားအခြားမဟုတ်ချေ။ လူသွားလမ်းဘေးတွင်ရှိသည့် အခန်းကျယ်ကြီး၏နံရံအကွယ်မှ ချောမောလှပလွန်းသည့် မိန်းမပျိုလေးတစ်ဦးနှင့် တွေ့ဆုံလိုက်ရခြင်းပင်ဖြစ်သည်။

"ဟင် ... ရှင် ... ရှင် ... ဘယ်သူလဲ ... ဘယ်ကလဲ ... ဒီကိုဘယ်လိုရောက်လာတာလဲ ..."

ကျွန်ုပ်က မိန်းမချောလေး၏အမေးကို မဖြေသေးဘဲ သူမ၏မျက်နှာလှလှလေးကို ငေးမော၍ကြည့်နေမိသည်။ ကျွန်ုပ်မြင်တွေ့ခဲ့ဖူးပြီး အမှတ်မထင်ချစ်ကျွမ်းဝင်ခွင့်ရခဲ့သည့် ဝိညာဉ်မိန်းမချောလေးထက်ပင် ပို၍ချောမောလှပနေသေးသည့်ကျွန်ုပ်က ငေးမောကြည့်နေသောကြောင့် ရှက်သွားဟန်တူသည့်မျက်နှာပေါ်တွင် နှင်းဆီရောင်များဖြာဝေသွားတော့သည်။ သည်မျှတင်မက မိန်းကလေးက မျက်လွှာချလိုက်ပြီး မပွင့်တပွင့်လေးဆိုလာသည်။

"အို ... ဘယ်လိုလူလဲ ... အကြည့်ရဲလိုက်တာရှင်"

သည်အခါမှာ ကျွန်ုပ်က သတိပြန်ဝင်လာကာ အကြည့်လွန်သွားသည့်အတွက် မိန်းမချောလေးကို တောင်းပန်စကားဆိုလိုက်ရသည်။

"ကိုယ့်အကြည့်တွေအတွက် တောင်းပန်ပါတယ်ဗျာ ... ညီမချောလွန်းလှလွန်းလို့ ကြည့်မိတာပါ ..."

ကျွန်ုပ်၏တောင်းပန်စကားကြောင့် မိန်းကလေးက မျက်လွှာလေးပင့်၍ကြည့်လာသည်။

"ထားလိုက်ပါတော့ရှင် ... ဒီကမေးတာကို ဖြေစမ်းပါဦး"

"လျှို့ဝှက်လမ်းက ဝင်ခဲ့တာပါညီမ ..."

"ကျွန်မထင်ထားတဲ့အတိုင်းပါပဲလား ... ဒါဆို ရှင်ဟာ ဘိုးဘိုးဆွန်ကျဲလျှံရဲ့ အဆက်အနွယ်ဖြစ်ရင်ဖြစ် ... ဒါမှမဟုတ် တစ်နည်းနည်းနဲ့ ပတ်သက်တဲ့သူပဲဖြစ်ရမယ် ... ကျွန်မပြောတာ ဟုတ်ရဲ့လား ..."

သူမ၏စကားကြောင့် ကျွန်ုပ်မှာ ဝမ်းသာခြင်းနှင့် အံ့ဩမှုတို့ကို တစ်ပြိုင်တည်းခံစားလိုက်ရသည်။ အကြောင်းကမူ သည်မိန်းမချောလေးသည် လျှို့ဝှက်လမ်းအကြောင်းကို သူမ၏မိခင် သို့မဟုတ် ဘွားအေထံမှ သိထားခြင်းဖြစ်ရမည်ဟု တွေးမိလိုက်သောကြောင့် ဖြစ်သည်။ ထို့ကြောင့် ကျွန်ုပ်ကလည်း သူမအမေးကို သွက်သွက်လက်လက်ပင် အဖြေပေးလိုက်လေသည်။

"ဟုတ်ပါတယ်ညီမ ... အစ်ကိုဟာ ဗိသုကာပညာရှင်ကြီးရဲ့ မျိုးဆက်နဲ့ပတ်သက်တဲ့လူတစ်ယောက်ပါပဲ"

"ဝမ်းသာလိုက်တာရှင် ... မေမေသာသိရင် အရမ်းဝမ်းသာမှာပဲ အစ်ကိုရယ် ..."

သူမ၏အခေါ်အဝေါ်မှစကာ ပြောင်းလဲလာလေပြီ။ ဤသို့ပြောင်းလဲလာခြင်းသည်ကား ကောင်းသောပြောင်းလဲခြင်းပင်ဖြစ်ကြောင်း ကျွန်ုပ်သဘောပေါက်လိုက်လေသည်။ ဤတွင် မိန်းကလေးက ထပ်၍မေးမြန်းလာပြန်သည်။

"အစ်ကို အဲဒီလျှို့ဝှက်လမ်းပေါက် အခုပြန်ပိတ်သွားပြီ မဟုတ်လား ..."

ဤအမေးစကားကြောင့် ကျွန်ုပ်မှာ လျှို့ဝှက်လမ်းကြောင်း ပြန်





www.burmeseclassic.com

www.burmeseclassic.com



၍ ပိတ်မပိတ်ဆိုသည်ကို မစစ်ဆေးခဲ့မိသည့် မိမိကိုယ်ကိုသာ အပြစ်တင်နေမိသည်။ ထို့ကြောင့် ကျွန်ုပ်လည်း မိမိ၏ပေါ့ဆမှုကို အမှန်အတိုင်းပင် ဖွင့်ပြောလိုက်လေသည်။

"အင်း ... အစ်ကို အဲဒါပြန်စစ်ဆေးဖို့ သတိမေ့သွားတယ် ... အဲဒါ အရေးကြီးလို့လားဟင် ညီမ ... "

ကျွန်ုပ်၏စကားကြောင့် သူမမျက်နှာလေးက အနည်းငယ်ပျက်သွားသည်။ ထို့နောက် အလျင်အမြန်ပင် ပြောလာသည်။

"အစ်ကို အဲဒါသိပ်ပြီးအရေးကြီးတယ် ... ဘာကြောင့် အရေးကြီးတယ်ဆိုတာကိုတော့ နောက်မှပဲ ရှင်းပြတော့မယ် ... လာ ... လာ ... အစ်ကို မှတ်မိတယ်မဟုတ်လား ... လျှို့ဝှက်လမ်းကို ပြန်ပြီး စစ်ဆေးကြည့်ရအောင်"

ကျွန်ုပ်လည်း သူမ၏လောဆော်မှုကြောင့် ကျောက်ဖြူလမ်းကလေးအတိုင်း နောက်ကြောင်းသို့ သူမနှင့်အတူ ပြန်လာခဲ့ကြသည်။ လမ်းဆုံး၍ လျှို့ဝှက်လိုဏ်ဂူလမ်းကြောင်းဝသို့ ပြန်ရောက်သည့်အခါ မြင်လိုက်ရသည့်မြင်ကွင်းကား အပြောင်းလဲကြီးပြောင်းလဲသွားသည်ကို အံ့ဩဖွယ်ရာတွေ့မြင်လိုက်ရလေတော့သည်။

အကြောင်းကမူ ကျောက်ပြားလမ်းအဆုံးတွင်ရှိရမည့် လျှို့ဝှက်လမ်းကြောင်းအဝင်ဝကို လုံးဝမတွေ့ရတော့ဘဲ ထိုနေရာတွင် လက်ရိုက်တုံကင်ပေါင်းတစ်ခုကိုသာ တွေ့ရှိလိုက်ရခြင်းကြောင့်ပင် ဖြစ်သည်။ ကျွန်ုပ်ကား အံ့ဩမှုကြောင့် ဘာစကားတစ်ခွန်းမှမပြောနိုင်ဘဲ ငေးမောကြည့်နေမိသလောက် သူမ၏မျက်နှာကား မိုးဆန်းပန်းပမာ ကြည်လင်လန်းဆန်းနေသည်ကို တွေ့လိုက်ရပြန်သည်။

ကျွန်ုပ်လည်း သူမကိုတစ်လှည့် ပျောက်ဆုံးသွားသည့် လျှို့ဝှက်





လမ်းကြောင်းနေရာမှ လက်ရိုက်တုံကင်ပေါင်းကိုတစ်လှည့် ကြည့်ကာ မျိုသိပ်မထားနိုင်တော့ဘဲ ဖွင့်ဟ၍မေးလိုက်မိလေသည်။

"ညီမ ... ဒါ ... ဒါက ဘယ်လိုဖြစ်သွားတာလဲဟင် ... ညီမမျက်နှာကလည်း ဒီကိုမလာခင်က ပျက်နေသလောက် အခုကျတော့လည်း ထီပေါက်သလို ပျော်ရွှင်နေတာ ဘာကြောင့်လဲဆိုတာ ရှင်းပြစမ်းပါဦးကွယ် ... ဒီလက်ကိုင်တုံကင်ပေါင်းကြီးက ဒီနေရာမှာ ဘယ်လိုဖြစ်ပြီးရောက်လာတာလဲဟင် ... "

"ခစ် ... ခစ် ... ခစ် ... လက်ရိုက်တုံကင်မဟုတ်ပါဘူး ... အစ်ကို ... ဒါက လျှို့ဝှက်လမ်းကြောင်းကို ပြန်ပြီးပွင့်ရတဲ့ ကျောက်မောင်းခလုတ်ပါ ... အင်း ... ဒါတွေအားလုံးဟာလည်း ပညာရှင်ဘိုးဘိုးရဲ့အတတ်ပညာတွေပါပဲအစ်ကို ... ပြောရရင် ဒီလျှို့ဝှက်လမ်းကြောင်းကို နဂါးမောက်စံအိမ်ရှင် ဦးဒိဗ္ဗတောင်မှ မသိပါဘူး အစ်ကို ... သူက ဒီလမ်းကြောင်းကို သိပ်ပြီးသိချင်နေတယ်ရှင် ... အဲဒီလမ်းကြောင်းကို မပြောပြလို့ ညီမတို့အားလုံးကို မြေအောက်ခန်းထဲမှာ ဖမ်းထားတာပါပဲရှင် ... ဒီပြင်အကြောင်းတွေလည်းရှိပါသေးတယ် ... ဒီအကြောင်းကိုတော့ ညီမရဲ့ကြီးဒေါ်မေမေနဲ့ ဖေဖေတို့ကိုတွေ့မှပဲ အစ်ကိုမေးကြည့်ပါတော့ရှင် ... လာအစ်ကို ... လူကြီးတွေနဲ့သွားတွေ့ရအောင် ညီမနောက်က လိုက်ခဲ့ပေတော့ ... "

ဤကဲ့သို့ပြောဆိုပြီးသည်နှင့် မိန်းမချောလေးက ရှေ့မှ ဦးဆောင်ကာ ကျွန်ုပ်ကို တစ်နေရာသို့ခေါ်သွားပါလေတော့သည်။



www.burmeseclassic.com

www.burmeseclassic.com



# ၁၀

ဤကဲ့သို့ ဝဏ္ဏတစ်ယောက် လျှို့ဝှက်လမ်းမှတစ်ဆင့် မိစ္ဆာစံအိမ် မြေအောက်ခန်းသို့ရောက်နေချိန်တွင်ဖြစ်သည်။ ကျန်ခဲ့သည့် သီဟသည်လည်း တာဝန်ရှိသည့်အားလျော်စွာ ကြပ်ပြိုရွာထဲသို့ရောက်ရှိနေလေသည်။ သူနှင့်ဝဏ္ဏတို့ တာဝန်ခွဲဝေပြီးဆောင်ရွက်ကြရန် တိုင်ပင်ပြီးနောက် ဝဏ္ဏက မုဆိုးကြီးဆွန်ပနှင့် သွားရောက်တွေ့ဆုံခဲ့ခြင်းပင်ဖြစ်သည်။

ယခုအခါတွင် ဝဏ္ဏတွင်မက သီဟသည်လည်း ရွာသူရွာသားများနှင့် ရင်းနှီးနေပြီဖြစ်သည်။ သီဟလည်း ချိန်းဆိုထားသည့်သူများနှင့် သွားရောက်တွေ့ဆုံရန် အချိန်စောနေသေးသည့်အတွက် ရွာထဲတွင်ဝင် အချိန်ကိုစောင့်နေလိုက်သည်။ အချိန်က ယခုမှ မွန်းလွဲကျော်ပြီးရုံရှိသေးသည်။





သီဟလည်း ရွာလမ်းအတိုင်း လျှောက်လာခဲ့ရာ ဟိုမှသည်မှ ဝိုင်းချဉ်နှုတ်ဆက်ကြသည်။ သီဟက ဆိုင်ကယ်ကို ဝဏ္ဏခြံထဲတွင်ထားပစ်ခဲ့ပြီး လမ်းလျှောက်လာခြင်းဖြစ်သည်။

"ဗိုလ်လေး ဘယ်သွားမလို့လဲဗျ ... "

ရယမှက ဥက္ကဋ္ဌကြီးက လှမ်းချဉ်နှုတ်ဆက်လာသကဲ့သို့ ရာအိမ်မှူးက တလေးတစားနှင့် မေးမြန်းလာပြန်သည်။ သီဟဝတ်လာသည့် အရပ်ဝတ်နှင့်ဖြစ်သည်။

"ဩော် ... ဘယ်ကိုသွားမယ်လို့တော့ ရည်ရွယ်ချက်မရှိပါဘူး ဥက္ကဋ္ဌကြီး ... "

ဤတွင် ဥက္ကဋ္ဌကြီးက ဖိတ်ကြားလာသည်။

"ဗိုလ်လေးလည်း ဗိုလ်လေးသူငယ်ချင်း မောင်ဝဏ္ဏလို ထူးထူးဆန်းဆန်းတွေကို စိတ်ဝင်စားတယ်လို့ကြားရတယ် ... ဟုတ်သေးလားဗိုလ်လေး ... "

"ဟုတ်ကဲ့ဥက္ကဋ္ဌကြီး ... ကျွန်တော်လည်း စိတ်ဝင်စားပါတယ်၊ ဒါနဲ့ ဥက္ကဋ္ဌကြီးအိမ်ရှေ့ခန်းမှာ မိန်းကလေးတွေစုပြီး ဘာလုပ်နေကြတာလဲ ... "

"ဗိုလ်လေးကို အဲဒါပြောမလို့လဲ ... ဟိုလေ ရွာက အပျိုခေါင်းဆောင် မတုတ်ကြီးဦးဆောင်ပြီးတော့ ဖျာလိပ်နတ်သွင်းပြီးမေးနေကြတာတဲ့ ဗိုလ်လေးရေ ... "

"ဗျာ ... ဘယ်လို ဘယ်လို ဥက္ကဋ္ဌကြီး ... ဖျာလိပ်နတ်ဟုတ်လား ... "

သီဟက အံ့ဩစွာဖြင့် ပြန်မေးလိုက်သည်။ ဖျာလိပ်နတ်ကို သူတစ်ခါမှ မကြားဘူးသည်က အမှန်ပင်ဖြစ်သည်။ ဤတွင် ဥက္ကဋ္ဌကြီးနှင့်



www.burmeseclassic.com

www.burmeseclassic.com



ရာအိမ်မှူးတို့က ဖိတ်ခေါ်ကြသည်။

"ဗိုလ်လေး စိတ်ဝင်စားတယ်ဆိုရင် လိုက်ပြီးလေ့လာကြည့်ပါ လား ... ဒီဖျာလိပ်နတ်ဟာ အမျိုးသမီးအတွက်တော့ အထူးအားထား ရတဲ့နတ်ပဲ ဗိုလ်လေးရေ ... သူ့နာမည်က မအောင်ဖြူလို့ခေါ်တယ်"

သီဟလည်း စိတ်ဝင်စားလာသည့်အတွက် ဥက္ကဋ္ဌနှင့်ရာအိမ်မှူး တို့၏ဖိတ်ခေါ်ချက်ကိုလက်ခံကာ အိမ်ထဲသို့လိုက်လာခဲ့သည်။ သူ့ သုံးယောက်ကိုမြင်သည်နှင့် အပျိုခေါင်းဆောင်အပါအဝင် မိန်းကလေး လေးငါးယောက်၏မျက်နှာများက ရှုံးတိုးရှုန်းတန့်နှင့် ရှက်သလို မျက်နှာထားများနှင့်ရှိနေကြသည်။ အိမ်က ရာအိမ်မှူး၏အိမ်ပင်ဖြစ် သည်။ အိမ်အောက်ထပ်ရှိ ကျယ်ဝန်းလှသည့် အမျိုးသမီးတစ်စုရှေ့တွင် ကန်တော့ပွဲနှင့်အတူ ဖျာလိပ်သစ်တစ်လိပ်ပါတွေ့ရသည်။ ထို့အပြင် ဖျာလိပ်သစ်ကိုလည်း ထဘီ၊ အင်္ကျီ၊ ဘီး စသည့် အစုံအလင်ဖြင့် လူ သို့ ဝတ်ဆင်ပေးထားသည်ကိုတွေ့လိုက်ရသည့်အတွက် သီဟလည်း အံ့ဩကာ ငေးကြည့်နေမိသည်။

ထို့အပြင် ကျောက်ပျဉ်သနပ်ခါးတုံးတို့ကိုလည်း ဘေးတွင် အဆင်သင့်ချထားသည်ကိုတွေ့ရလေသည်။ နောက်မှ မေးကြည့် သိရသည်ကား ဖျာလိပ်နတ် အောင်ဖြူကို မေးမည်ဆိုလျှင် ဤကဲ့ ကြို့တင်ပြင်ဆင်ပြီးမှ မေးမြန်းရကြောင်း သိခဲ့ရလေသည်။

မိန်းကလေးများက သီဟရောက်လာကာစတွင် ရှက်သ အမူအရာနှင့်ရှိနေကြသော်လည်း မျက်မှန်းတန်းမိနေရုံမျှမက အတ အသင့်ပင် ရင်းနှီးခင်မင်နေပြီဖြစ်သည့်အတွက် ပြုံးပြုံးရွှင်ရွှင်ပင် မေး နှုတ်ဆက်လာကြသည်။

"အစ်ကိုက ဖျာလိပ် မအောင်ဖြူကို စိတ်ဝင်စားလို့လား"





"ခစ် ... ခစ် ... ခစ်"

"ဟင်း ... ဟင်း ... ဟင်း"

ရာအိမ်မှူးဦးလေး၏သမီး အပျိုခေါင်းဆောင်မိန်းမပျိုလေး၏ အမေးကို ကြားလိုက်ရသည်။ ဤမိန်းကလေးများက သဘောကျကာ ဝိုင်းဝန်းရယ်မောနေကြသည်။

"မလုပ်ပါနဲ့ဗျာ ... ကြောက်ပါတယ် ... တော်တော်ကြာ လိပ်ပြာနှုတ်သွားပါဦးမယ် ..."

သီဟကလည်း ပျော်စေပျက်စေသဘောနှင့် ပြန်လည်နောက် ပြောင်လိုက်လေသည်။ ဥက္ကဋ္ဌနှင့် ရာအိမ်မှူးတို့က သီဟ သူတို့ရွာက မိန်းကလေးများနှင့် တကယ့်မောင်နှမရင်းချာများကဲ့သို့ပြောဆိုဆက်ဆံ နေသည်ကို ကွမ်းစားရင်းက သဘောကျကာ ပြုံးနေကြလေသည်။

သီဟနှင့်လူကြီးများရှေ့သို့ ရေနွေးကြမ်းဝိုင်းနှင့် လက်ဖက်သုပ် တို့ကို ရာအိမ်မှူးကတော်က လာချပေးသည်။ မိန်းကလေးများက သူတို့သိချင်သည့်ကိစ္စများကို ဖျာလိပ်နတ်ဝင်လာသည်နှင့် ဝိုင်းဝန်း၍ မေးမြန်းနေကြလေသည်။ မကြာမီ ဖျာလိပ်နတ် မအောင်ဖြူလည်း ထွက်သွားတော့သည်။ မိန်းကလေးများက သူတို့နှင့်မလှမ်းမကမ်းတွင် မိန်းကလေးပီသစွာ ကျုံ့ကျုံ့လေးလာ၍ထိုင်နေကြသည်။ ရာအိမ်မှူး ကတော်အဒေါ်ကြီးကလည်း စကားဝိုင်းထဲသို့ဝင်လာသည်။

သီဟကလည်း ဖျာလိပ် မအောင်ဖြူ၏ဘဝဇာတ်ကြောင်းကို သိချင်သည့်အတွက် မေးမြန်းကြည့်မိသည်။

"ကျွန်တော်က ဝတ္ထုလိုပဲ ထူးဆန်းတဲ့ကိစ္စဆို စိတ်ဝင်စားပါ ခင်ဗျာ ... ဒါကြောင့် ဖျာလိပ်နတ်မအောင်ဖြူအကြောင်းကိုသိရင် ပြော ပြပေးစေချင်ပါတယ် ... ကျွန်တော်တို့ ဒီခေတ်ကလူငယ်တွေဟာ ဒီလို



www.burmeseclassic.com

www.burmeseclassic.com



အကြောင်းကို မသိကြတာကများပါတယ် ... ဒါကြောင့် ဗဟုသုတ အဖြစ် မှတ်သားထားချင်လို့ပါအဒေါ် ... ”

သီဟာက ဖျာလိပ်နတ်မအောင်ဖြူဆိုကတည်းက အမျိုးသမီး များနှင့်သာ အဓိကပတ်သက်နေမည်ဟု သဘောပေါက်ထားသော ကြောင့် ယောကျ်ားသားများကိုမမေးဘဲ ရာအိမ်မှူးကတော်ကို မေး လိုက်ရခြင်းဖြစ်သည်။ ဤတွင် မိန်းကလေးများကလည်း ဝိုင်းဝန်း တောင်းဆိုလာကြပြန်သည်။

“ဟုတ်ပါတယ်အမေ ... သမီးတို့တစ်တွေလည်း ဖျာလိပ်နတ် မအောင်ဖြူကို ရှေးကလူတွေမေးကြလို့သာ မေးကြည့်ရတာ ဖျာလိပ် နတ်ဘဝ ဘယ်လိုရောက်လာတယ်ဆိုတာကို အတိအကျသိကြတာ မဟုတ်ဘူး ... ကောင်မတွေ ညည်းတို့ကော သိကြရဲ့လား ... ”

အပျိုခေါင်းဆောင်မိန်းမပျိုလေးက သူမ၏အမေကို ပြောပြီး တိုက်တွန်းတောင်းဆိုလိုက်သကဲ့သို့ ဤမိန်းမပျိုလေးများကိုပါ တစ် ဆက်တည်း မေးမြန်းလိုက်လေသည်။

“မသိပါဘူး မမအေးသာရယ် ... ”

“ဟုတ်တယ် ထွေးရီလည်းမသိဘူးမမ ... ”

“သမီးဆို ပိုတောင်မှ မသိသေးတယ် ... ပြောပြပါအဒေါ်နော် အဒေါ် ... ”

ဤသို့ ဝင်ရောက်ပြောဆိုလိုက်သူမိန်းကလေးက ပြည်ကော လိပ်တွင် ပညာသင်ကြားနေသည့် တတိယနှစ် မြန်မာစာအဓိက ကျောင်းသူလေး ထားထားကြည်ဖြစ်သည်။

“အေးကွယ် ... ဒီက ဗိုလ်လေးနဲ့ သမီးတို့က သိချင်တယ်ဆို ရင် အမေသိသမျှ ပြောပြပါ့မယ် ... ဒီလိုကွယ့် ... ”





“ကဲ ... ပြောကြဆိုကြပေဦး ... ဦးလေးကိစ္စရှိလို့ ပြန်လိုက်ဦး မယ် ... ဗိုလ်လေး အေးအေးဆေးဆေးသာ နားထောင်နေပေါ့ကွယ်၊ ကိုထွန်းခ မျိုးစပါးကိစ္စတွေ သွားပြီးစီစဉ်ဆော်ဩရအောင်လိုက်ခဲ့ဗျာ”

“ကောင်းပါပြီ ဥက္ကဋ္ဌကြီး”

ဥက္ကဋ္ဌကြီးနှင့် ရာအိမ်မှူးတို့နှစ်ယောက်က ကိစ္စရှိ၍ရွာထဲသို့ ပြန်ထွက်သွားကြသည်။ သီဟာကား အိမ်ရှင်အဒေါ်ကြီးပြောလာမည့် ဖျာလိပ်နတ် မအောင်ဖြူ၏အကြောင်းကို နားစွင့်နေသည်။

“သက္ကရာဇ် ၅၉၆ကနေ ၆၁၂ ခုနှစ်အထိ ပေါက္ကံပြည်မှာ ထီးနန်း စိုးစံခဲ့တဲ့ “ကျစွာမင်းကြီး”လက်ထက်ကပေါ့ကွယ်။ အောက်ပြည် အောက်ရွာတွေမှာ မြို့သုံးမြို့ကို အပိုင်စားရပြီးအုပ်ချုပ်နေတဲ့ သုံးမြို့ရှင် ဆိုတာရှိခဲ့တယ် ... ”

“ဟုတ်ကဲ့အဒေါ်”

“သုံးမြို့ရှင်ဟာ ‘သာယာဝတီ’မြို့တည်တဲ့နေရာမှာ မြို့ရိုးတိုင်ထူ မရတဲ့အတွက် ပုဏ္ဏားဖြူ၊ ပုဏ္ဏားညိုတွေကိုခေါ်ပြီး မေးမြန်းခဲ့တယ်... အဲဒီအခါမှာ ပုဏ္ဏားဖြူ၊ ပုဏ္ဏားညိုတွေက ‘အောင်’ပါတဲ့ တနင်္ဂနွေသမီး တစ်ယောက် ဖျာလိပ်ကိုပွေ့ပြီးလာလိမ့်မယ် သူ့ကိုစတေးရင် မြို့ရိုး တိုင်ထူတဲ့ကိစ္စ အောင်မြင်ပြီးစီးပါလိမ့်မယ်လို့ လျှောက်ထားခဲ့ကြတဲ့ အတွက် သုံးမြို့ရှင်ရဲ့အမိန့်တော်အရ သက်ဆိုင်ရာ အမှုထမ်းတွေက အသင့်စောင့်ဆိုင်းနေခဲ့ကြတယ် ... ”

“ဟင် ... မလွယ်ပါလား အဒေါ်ရယ် ... အဲဒီလို အယူအဆတွေ ဟာ ရှေးရှင်ဘုရင်တွေခေတ်က တကယ့်ကိုရှိခဲ့တာပေါ့နော် ... ”

“ဟုတ်တယ်သမီး ရှိခဲ့တယ် ... ကန့်စတေးတာတို့ ဆည်စတေး တာတို့တွေဟာ ရှိခဲ့တယ်ကွယ့် ... ”



www.burmeseclassic.com

www.burmeseclassic.com



"ဆက်ပြောပါဦးအဒေါ်"

"အဲဒီသုံးမြို့ရှင်မှာ 'ပညာဗလ'လို့ခေါ်တဲ့ တူတစ်ယောက်ရှိ တယ် ... သူက အမတ်ပေါ့လေ ... ပညာဗလအမတ်ဟာ မြို့ဝန်သမီး ကို မယူဘဲ သူ့ မေတ္တာရှိတဲ့သူကြီးသမီး မအောင်ဖြူကိုယူလိုက်တဲ့ အတွက် မြို့ဝန်မင်းက ပညာဗလအမတ်အပေါ် အညိုးထားပြီးတော့ 'ပညာဗလဟာ အရှင့်ကိုလုပ်ကြံပြီး တိုင်းပြည်ကိုသိမ်းဖို့ ကြံစည်နေပါ တယ် ...' ဆိုပြီး သုံးမြို့ရှင်ကို ကုန်းချောခဲ့ပြန်ရောကွယ်"

"တော်တော်ကောက်ကျစ်ယုတ်မာတဲ့ မြို့ဝန်ပါလားအဒေါ် ရယ် ..."

တက္ကသိုလ်ကျောင်းသူ ထားထားကြည်က မချင့်မရဲလေသံနှင့် ဝင်ရောက်ပြောဆိုလိုက်ခြင်းပင်ဖြစ်သည်။ ကျန်လူများက စူးစိုက်၍ နားထောင်နေကြသည်။

"သုံးမြို့ရှင်ကလည်း ကုန်းချောတဲ့စကားကို ယုံကြည်ပြီးတော့ ပညာဗလအမတ်ကိုဖမ်းလိုက်တယ် ... ဒါတင်မကသေးဘဲ ပညာဗလ ရဲ့နှမဖြစ်တဲ့"မမင်းလှ"ကို သိမ်းပိုက်ဖို့ကြံစည်ခဲ့တယ် ... မမင်းလှဟာ ဦးရီးတော်ရဲ့သိမ်းပိုက်မှုကိုမခံဘဲ အသက်ကိုအောင့်ပြီးတော့ သူ့ကိုယ် သူ အဆုံးစီရင်လိုက်တယ် ... သေတာနဲ့တစ်ပြိုင်တည်း "သုံးပန်လှနတ်" ဖြစ်သွားတယ်တဲ့ကွယ်"

"တော်တော်အကြံပက်စက်တဲ့ သုံးမြို့ရှင်ပါလားဗျာ"

"နတ်ဆိုတော့ နတ်စိမ်းပေါ့နော် ဟုတ်လားအဒေါ်"

"ဟုတ်တယ်သမီး ... အဲဒီသုံးပန်လှနတ်ဟာ အပျိုဘဝမှာ ကွယ်လွန်ခဲ့တဲ့အတွက် သမီးရည်းစားစုံတွဲတွေနေထိုင်တာကို မကြိုက် ဘူးလို့ဆိုတယ်"





ဤစကားကြားရသည့်အခါ မိန်းမပျိုလေးများက ရှက်၍ခေါင်း များကို ငုံ့ထားကြလေသည်။ အဒေါ်ကြီးက သူ့စကားကိုဆက်၍ပြော လာပြန်သည်။

"မအောင်ဖြူကလည်း သူ့ယောက်ျားကိုဖမ်းထားတယ်ဆိုတာ ကြားရလို့ တွေ့ဆိုဖို့လိုက်လာခဲ့တယ် ... အဲဒီလိုလိုက်လာတဲ့အခါမှာ ချက်ပြုတ်နေထိုင်စားသောက်ဖို့အတွက် ဒယ်အိုးကိုရွက်၊ ဖျာလိပ်ကို ပိုက်ပြီး လိုက်လာခဲ့တာတဲ့ကွယ် ..."

"ဒါဆို ပုဏ္ဏားတော်တွေဟောကိန်းနဲ့တော့ အံကိုက်နေပါရော လားအဒေါ်"

"ဟုတ်တယ် ... ဗေဒင်ဟောတာနဲ့ပတ်သက်ရင် ပုဏ္ဏားတွေ ဟာ သိပ်မှန်တယ်လူလေး ... ဗုဒ္ဓဝင်မှာ အလောင်းတော်သိဒ္ဓတ္ထမင်း သားကို ဘုရားဖြစ်မယ်လို့ လက်ညှိုးတစ်ချောင်းထောင်ပြီး ဟောခဲ့တာ ကောဏ္ဍညပုဏ္ဏားပဲမဟုတ်လား"

"ဟုတ်ကဲ့ အဲဒါကို ကြားဖူးပါတယ်ခင်ဗျာ"

"စောင့်ဆိုင်းနေတဲ့မင်းချင်းတွေကလည်း ဖမ်းဆီးပြီးတော့ မအောင်ဖြူကိုမေးတဲ့အခါ ပုဏ္ဏားတော်တွေဟောတဲ့အတိုင်း 'အောင်' ပါတဲ့ တနင်္ဂနွေသမီးဖြစ်နေတဲ့အတွက် မြို့ရိုးတိုင်ထူမဲ့တွင်းထဲထည့်ပြီး တေးလိုက်ကြတယ် ... မသေခင်မှာ မိမိလင်ယောက်ျားနဲ့ပေါင်းသင်း ပါစေလို့ ဆုတောင်းသွားတဲ့အတွက် သေတဲ့အခါ ဘီလူးမဖြစ်ပြီးတော့ ထောင်သွင်းအကျဉ်းချထားတဲ့ သူ့ယောက်ျားပညာဗလအမတ်ကို တန်ခိုးနဲ့ခေါ်ဆောင်ပြီး သူ့ပိုင်နက်နယ်မြေထဲမှာ ပေါင်းသင်းနေထိုင်ခဲ့ တယ် ... လူနဲ့ဘီလူးမ ညားရာကနေပြီး သားလေးတစ်ယောက်ဖွား ဖြစ်ခဲ့တယ်"



www.burmeseclassic.com

www.burmeseclassic.com



"တော်တော်ထူးပါလားအဒေါ် ... လူနဲ့ဘီလူးနဲ့ညားရာက သား တစ်ယောက်ရတယ်ဆိုတော့ အဲဒီကလေးကလည်း လူစွမ်းကောင်ဖြစ် မှာပဲထင်တယ် ... "

"ဟုတ်တယ် ... မိုလ်လေးထင်တာမမှားဘူးကွယ့် ... အဲဒီ ကလေးဟာ ခွန်အားဗလကြီးမားရုံမကဘဲ အရွယ်ရောက်တဲ့အခါ ခြေဖဝါးကလည်း တစ်တောင်ရှိပြီးတော့ ဆင်ကိုတောင်မှ ဖမ်းပြီး အစွယ်ချိုးနိုင်တဲ့စွမ်းရည်သတ္တိနဲ့ပြည့်စုံတယ် ... အဲဒီလူရွယ်ကို ခြေရာ တစ်တောင်မောင်မဲခေါင်လို့ခေါ်ကြတယ် ... "

"မိခင် ဖခင် ခြေရာတစ်တောင်မောင်မဲခေါင်တို့ဟာ တောထဲ မှာပဲ နေထိုင်ခဲ့ကြတာပေါ့နော် ... "

မိန်းကလေးတစ်ယောက်က မေးလာခြင်းဖြစ်သည်။

"အဲဒီလိုသာနေခဲ့မယ်ဆိုရင် အကောင်းဆုံးပေါ့သမီးရယ် ... ဒါပေမဲ့ ခြေရာတစ်တောင် မောင်မဲခေါင်ဟာ ဖခင်ကပြောပြတဲ့ အတွက် လူတွေနေတဲ့နေရာကို သွားချင်နေတဲ့အပြင် မိခင်ကလည်း ဘီလူးမကြီးမှန်းသိတဲ့အတွက် တစ်နေ့ မိခင် သစ်သီးရှာသွားတုန်းမှာ ပဲ ဖခင်ကိုထမ်းပြီး ထွက်ပြေးလာခဲ့တယ် ... မယ်တော်ဘီလူးမကြီးက လည်း သိသိချင်းလိုက်ခဲ့ပေမယ့် သူ့ပိုင်နက်နယ်မြေကို ကျော်လွန်သွား တာကြောင့် ဆက်မလိုက်နိုင်တော့ဘူး ... သားနဲ့လင်ကို တစာစာ အော်ခေါ်ရင်းနဲ့ ရင်ကွဲနာကျပြီး သေဆုံးခဲ့ရှာတယ်ကွယ် ... "

"ကျွတ် ... ကျွတ် ... ကျွတ် ... ဘီလူးမကြီးရဲ့အဖြစ်က သနား စရာကောင်းလိုက်တာအဒေါ်ရယ် ... "

"အေးဟယ် ... ခံစားရလွန်းလို့ သူ့ခမျာ ရင်ကွဲနာတောင် ကျ ပြီးသေရှာတယ် ... "





မိန်းကလေးများက မိန်းမသားခြင်း ကိုယ်ချင်းစာနာစွာဖြင့် တစ်ယောက်တစ်မျိုး ပြောဆိုနေကြလေသည်။ သီဟက သူတို့ပြော သမျှ ပြုံး၍ပင် နားထောင်နေခဲ့သည်။

"အဲ ... ဘီလူးမဘဝက သေဆုံးတဲ့အခါကျတော့မှ မအောင်ဖြူ ဖြစ်ခဲ့စဉ်က ပိုက်ပြီးယူလာခဲ့တဲ့ ဖျာလိပ်ကို စွဲလမ်းတဲ့ဥပါဒါန်ကြောင့် ဖျာလိပ်နတ်မအောင်ဖြူဆိုပြီး ဖြစ်ခဲ့တာပေါ့ပဲကွယ် ... လင်နဲ့သားကို စိတ်နာတဲ့အတွက် တင်မြှောက်ပသတဲ့အခါ ယောကျ်ားတွေလုံးဝ မကိုင်ရဘူးကွယ့် ... အမျိုးသမီးတွေသာ ကိုင်တွယ်ရတယ် ... ဖျာလိပ် နတ်ဝင်လာလို့မေးတဲ့အခါမှာလည်း ရည်မှန်းထားတဲ့သူနဲ့ဖူးစာဆုံပေါင်း သင်းရမယ်ဆိုရင် မအောင်ဖြူသခင်မကြီးက ဘယ်နှစ်ချက်ရိုက်ပြတော် မူပါလို့ မိန်းကလေးတွေကပဲ မေးကြရတယ် ... ဒါကြောင့် ဖျာလိပ်နတ် မအောင်ဖြူဟာ အမျိုးသမီးလောကမှာ ဟိုတစ်ချိန်က တော်တော်ကြီး ကို ထင်ရှားခဲ့တဲ့နတ်ပါပဲကွယ် ... "

ဖျာလိပ်နတ်မအောင်ဖြူ၏ ဘဝဇာတ်ကြောင်းကား ဤမျှနှင့် ပင် အဆုံးသတ်ခဲ့ပါလေတော့သည်။ သီဟလည်း အိမ်ရှင်အဒေါ်ကြီးနှင့် မိန်းမပျိုလေးတစ်စုကာ နှုတ်ဆက်ကာ အချိန်ကျရောက်လာပြီဖြစ် သောကြောင့် ချိန်းဆိုထားသည့်နေရာသို့ ထွက်လာခဲ့ပါတော့သည်။



www.burmeseclassic.com

www.burmeseclassic.com



## ၁၉

သီဟတစ်ယောက် ရောက်နေသည့်နေရာမှာရပ်၍ ပတ်ဝန်းကျင်ကိုလှည့်ပတ်ကြည့်ရှုလိုက်သည်။ အချိန်က ညနေလေးနာရီသာသာလောက်ပဲရှိသေးသည်။ သူရောက်နေသည့်နေရာကား သစ်တစ်ပင်တောင်ညိုတောင်ထိပ်ပေါ်တွင်ဖြစ်သည်။

သူနှင့်ချိန်းထားသည့်ပုဂ္ဂိုလ်ကြီးက သေသေချာချာပင် လာရမည့်နေရာကိုပြောပြပြီး ချိန်းဆိုထားသည့်နေရာကို မပျက်မကွက်လာရောက်ရန် မှာကြားထား၍ လာခဲ့ရခြင်းပင်။ သီဟက မည်သူမျှရှာဖွေ၍မတွေ့ဘူးဟု သတင်းကြီးနေသည့် သစ်တစ်ပင်ကို တောထဲတွင် နှံ့နှံ့စပ်စပ်လိုက်ရှာလိုက်သည်။ သည်သစ်ပင်ကို အရပ်လေးမျက်နှာဘယ်အရပ်မှပင်ကြည့်ကြည့် အခြားသစ်ပင်များထက် မြင့်မားပြီး တစ်ပင်တည်း ထိုးထွက်နေသည်ကို လူတိုင်းမြင်ကြရသည်။





သို့သော် တောင်ပေါ်တက်၍လိုက်ရှာသောအခါ မည်သို့မျှရှာ၍မရတော့ပေ ...။ ထို့ကြောင့်လည်း သစ်တစ်ပင် တောင်ညိုဟုနာမည်ကြီးနေခြင်းဖြစ်သည်။ တောင်ပေါ်မှ လှမ်း၍ကြည့်လိုက်လျှင်တောင်အောက်တွင် ရေပြင်ဖွေးဖွေးကိုမြင်နေရသည်။ အနီးရှေပြင် ဖွေးဖွေးသည်ကား "ကွန့်ချောင်းရေလှောင်တမံ"ပင် ဖြစ်သည်။ ခပ်လှမ်းလှမ်းတွင် ဟိုနားတစ်စု ဒီနားတစ်စုနှင့် ရွာစဉ်ရွာတန်းများကိုလည်း တွေ့နေရသည်။

သီဟလည်း နေမဝင်မမှောင်မီ သစ်တစ်ပင်ကိုတွေ့အောင်ရှာဖွေမှဖြစ်မည်ဟု သဘောပေါက်သည့်အတွက် တောင်ပေါ်တွင်မလျှော့သောဇွဲနှင့် လိုက်၍ရှာဖွေနေမိသည်။ ထိုစဉ်မှာပင် ယောဂီရောင်ဝတ်စုံဖြင့် တောင်ဝှေးတစ်ချောင်းကို ဆွဲကိုင်ကာ ခပ်လှမ်းလှမ်းရှိ ကျွန်းညိုနောင်ကြားမှ လျှောက်လာသည့် အဘိုးအိုတစ်ဦးကိုမြင်လိုက်ရသည်။ အဘိုးအို၏ရုပ်ရည်ကား တည်ကြည်ခန့်ညား၍ ရှိသေလေးစားဖွယ်ရာဥပဓိရုပ်မျိုးဖြစ်သည်။ မျက်နှာက အေးချမ်းသည်နှင့်အမျှ မျက်လုံးအစုံက တစ်ဘက်လူ၏အတွင်းစိတ်ကို ထိုးဖောက်သိမြင်နိုင်သည့်စွမ်းအားကို ပိုင်ဆိုင်ထားမှန်း သီဟရိပ်မိနေသည်။ အဘိုးအိုက သူ့ကိုစူးစိုက်ကြည့်ကာ စကားကို တစ်လုံးခြင်း လေးလေးမှန်မှန်ပြောလိုက်သည်။

"လူလေး ... သည်တောင်ပေါ်ကို တက်လာကာ သစ်တစ်ပင်ကို လိုက်ရှာတာမဟုတ်လားကွယ် ..."

"မှန်ပါတယ်အဘိုးခင်ဗျာ ..."

"ဒီသစ်ပင်ဟာ နတ်သစ်ပင်ဖြစ်တယ်လူလေး ... တော်ရုံတန်ရုံနှင့် မတွေ့ထိုက်ပေဘူး ... လူလေးအနေနဲ့ကတော့ ပဋ္ဌာန်းဆက်ပါသာလို့ တွေ့ခွင့်ရှိပေတယ်၊ ကိုင်း အဘိုးနောက်က လိုက်ခဲ့ပေတော့"



www.burmeseclassic.com

www.burmeseclassic.com



ကျွန်ုပ်လည်း အဘိုးအို၏စကားကြောင့် စိတ်ဓာတ်ကျနေရာမှ အားတက်သွားကာ နောက်မှလိုက်လာခဲ့လေသည်။ အဘိုးအိုက ရှေ့မှ တောင်ဝှေးကိုထောက်၍သွားနေရာမှ တစ်နေရာသို့အရောက်တွင် ရပ်လိုက်သည်။ ထိုနေရာကား အခြားနေရာများကဲ့သို့ အောက်ခြေက ရှုပ်ထွေးမနေဘဲ တလင်းပြင်ပမာ ရှင်းလင်းနေသည်ကို တွေ့လိုက်ရသည်။ ယုတ်စွအဆုံး မြက်တစ်ပင်၊ အမှိုက်တစ်စ၊ သစ်ရွက်ကြွေကလေး တစ်ရွက်ကိုသော်မျှ မတွေ့ရဘဲ တံမြက်စည်းနှင့်လှည်းထားသကဲ့သို့ ရှင်းနေပေသည်။ ပေနှစ်ဆယ်ပတ်လည်လောက်ရှိမည့်တလင်းပြင်၏ အလယ်ဗဟိုတည့်တည့်တွင်ကား လုံးပတ်ယောကျ်ားတစ်ဘက်စာမျှ ရှိမည့် သစ်ပင်ကြီးတစ်ပင်ကို တွေ့လိုက်ရသည်။

အဘိုးအိုက သူ့ကို သစ်ပင်ကြီးအား လက်ညှိုးညွှန်ပြပြီး ပြောလိုက်သည်။

"ဒီသစ်ပင်ဟာ သစ်တစ်ပင်တောင်ညို့ပေါ်က 'နတ်သစ်ပင်' ကြီးပဲဖြစ်တယ် ... ကိုင်း ... သားနဲ့တွေ့မယ့်သူ မကြာခင်ရောက်လာပါလိမ့်မယ် ... အဘိုးသွားဦးမယ်ကွယ် ... "

"ဟုတ်ကဲ့ပါအဘိုး ... "

သီဟလည်း အဘိုးအိုကို ဦးညွှတ်၍ အရိုအသေပေးလိုက်လေသည်။ အဘိုးအိုက ထွက်လာခဲ့သည့် ကျွန်ညီနောင်နှစ်ပင်ကြားသို့ပြန်လည်တိုးဝင်သွားလေသည်။ သူလည်း သစ်ပင်အောက်တွင်ထိုင်ကာ ချိန်းဆိုထားသည့်ပုဂ္ဂိုလ်ကြီးရောက်အလာကို စောင့်မျှော်နေလိုက်သည်။ သိပ်ပြီးမစောင့်လိုက်ရပေ။ နောက်မှ ခြေသံကြားရသည့်အတွက် သီဟလည်း လှည့်ကြည့်လိုက်ရာ ချိန်းဆိုထားသည့် ဦးစူးစမ်းပင်မကဘဲဦးဒီပါနှင့်မှဆိုးကြီးဆွန်ပတို့သုံးဦးစလုံးကိုတွေ့လိုက်ရလေသည်။





"မောင်သီဟ ရောက်နေတာကြာပြီလားကွယ်"

"မကြာသေးပါဘူးခင်ဗျာ ... "

"မောင်သီဟက ဘယ်ဆိုးလို့လဲ ... သစ်တစ်ပင်တောင်ညို့က နတ်သစ်ပင်ကိုတောင် တွေ့အောင်ရှာဖွေနိုင်စွမ်းရှိသကိုးကွယ့် ... "

"ကျွန်တော့်အစွမ်းကြောင့် ရှာလို့တွေ့တာမဟုတ်ပါဘူး ... ကျွန်တော်မသိတဲ့ အဘိုးအိုတစ်ဦးရဲ့ကူညီပေးမှုကြောင့်သာ တွေ့ခဲ့ရတာပါ ... "

သီဟ၏အဖြေစကားကြောင့် ဦးစူးစမ်းနှင့် ဦးဒီပါတို့က ခေါင်းများကို တဆတ်ဆတ်ညိတ်နေကြသည်။ ပြီးမှ ဦးဒီပါက ချီးကျူးစကားဆိုလာသည်။

"မောင်သီဟက ရိုးသားမှုနဲ့လည်း ပြည့်စုံပေတာကိုး ... အမှန်အတိုင်းဝန်ခံရဲခြင်းဟာ ယောကျ်ားကောင်းတစ်ယောက်မှာ ရှိသင့်ရှိထိုက်သလို မွေးမြူထားရမယ့်စိတ်ထားမျိုးလည်းဖြစ်ပေတယ်"

မှဆိုးကြီးဆွန်ပကမူ သူနှင့်မသက်ဆိုင်သည့်အလား ဘာတစ်ခွန်းမှ ဝင်မပြောဘဲ မတုန်မလှုပ်ကျောက်ရုပ်ကဲ့သို့ပင် ရပ်နေလေသည်။ ဤတွင် ဦးစူးစမ်းက မှဆိုးကြီးဆွန်ပကို လှမ်းကြည့်လိုက်ပြီး သူနှင့်မိတ်ဆက်ပေးလာသည်။

"ဆွန်ပရေ ... ဒီသူငယ်ကတော့ ... ထုံးဘိုရဲစခန်းက ဒုရဲအုပ်မောင်သီဟတဲ့ ... မောင်သီဟ သူကိုတော့ လူမမြင်ဘူးပေမဲ့ နာမည်တော့ ကြားဖူးပြီးသားဖြစ်မှာပါ ... မှဆိုးကြီးဆွန်ပဆိုတာ သူပါပဲ"

"ဟုတ်ကဲ့ ဝဏ္ဏဆီကတစ်ဆင့်သိခဲ့ရပြီးပါပြီဦးလေး ... "

"အင်း ... မောင်ဝဏ္ဏတော့ မြေအောက်ခန်းကိုရောက်သွားပြီလားကွယ် ... "



www.burmeseclassic.com

www.burmeseclassic.com



"ရောက်သွားပါပြီဆရာကြီးခင်ဗျာ ... ကျွန်တော်ကိုယ်တိုင် လိုက်ပို့လိုက်တာပါ ..."

မုဆိုးကြီးဆွန်ပက ပြောလိုက်ခြင်းဖြစ်သည်။

"ကိုင်း ... ဒါဆို မိစ္ဆာအိမ်ပြဿနာတွေအားလုံးကတော့ ဒီရက်ပိုင်းအတွင်းမှာပဲ ပြီးဆုံးတော့မှာပါ ... ကျော်ဇင်ညွန့်ကိုသတ်တဲ့ လူသတ်တရားခံနဲ့တကွ ကိစ္စအားလုံးကိုလည်း တာဝန်ရှိတဲ့ မောင်သီဟနဲ့တကွ ကျုပ်တို့အားလုံး သိသင့်သလောက်သိထားခဲ့ကြပြီးပြီ ... ဒီတော့ စီစဉ်စရာရှိတာတွေစီစဉ်ပြီးတာနဲ့ ... မိစ္ဆာစံအိမ်က အရှုပ်အရှင်းတွေကို ဖြေရှင်းကြတာပေါ့ မကောင်းဘူးလား ..."

ဦးစူးစမ်းက ဤသို့အကြံပေးလိုက်သည်နှင့် ကျန်သုံးယောက်ကလည်း သူတို့၏ ထင်မြင်ချက်များကို တင်ပြဆွေးနွေးကြလေသည်။ ထို့နောက် သီဟ ဦးဆောင်သည့် သက်ဆိုင်ရာ ပြည်သူ့ရဲတပ်ဖွဲ့နှင့် ပူးပေါင်းဆောင်ရွက်ရေးကအစ အသေးစိတ် တိုင်ပင်ဆုံးဖြတ်ပြီးသည့်နောက်တွင်ကား သစ်တစ်ပင်တောင်ညိုပေါ်တွင် အမှောင်ထုက ဖုံးလွှမ်းလာခဲ့လေပြီ။ ထို့ကြောင့် အားလုံး ကိုယ့်တာဝန်နှင့်ကိုယ် ယူကာ တောင်ပေါ်မှ တိတ်တဆိတ်ပင် ပြန်လည်ထွက်ခွာသွားခဲ့ကြသည်။

သီဟသည် သူတို့လေးယောက် တိုင်ပင်ဆွေးနွေးခဲ့ကြသည့် နတ်သစ်ပင်အောက်မှ ခြေလှမ်း အနည်းငယ်သာ လှမ်းရသေးသည်။ နောက်သို့ ပြန်လှည့်ကြည့်လိုက်သည့်အခါတွင်ကား စောစောကမှ မြင်လိုက်ရသည့် နတ်သစ်ပင်ကြီးသည် ထူးဆန်းစွာပင် ပျောက်ကွယ်သွားသည်ကို တွေ့လိုက်ရပါလေတော့သည်။

သီဟတို့လေးယောက် သစ်တစ်ပင်တောင်ညို နတ်သစ်ပင်ရင်း၌ စည်းဝေးနေသည့် အချိန်နှင့် တစ်ပြိုင်နက်တည်းမှာပင် ဦးဒိဗ္ဗ၏





မိစ္ဆာစံအိမ်အောက်ထပ်တွင်လည်း တာဝန်ပေးလိုက်သည်။ ဦးတာနောက လူတစ်ယောက်ကို ဖမ်းဆီးခေါ်ဆောင်လာခဲ့သည့် ထိုသူကား ပုသိမ်မှ နာမည်ကျော်လက်ဖွားသိမ်းဆောင်ပင် ဖြစ်သည်။

စံအိမ်အောက်ထပ်ရှိ စစ်ဆေးရေးခန်းမဆောင်ထဲတွင် ဖြစ်သည်။ မိစ္ဆာစံအိမ်၏ အောက်ထပ် ... အနောက်ဘက်တွင် သီးသန့်အဆောင်တစ်ခုရှိသည်။ ထိုအဆောင်သည်ကား နဂါးမောက်ဂိုဏ်းမှ သစ္စာဖောက်များ အကျဉ်းသားများ ဖမ်းဆီးခေါ်လာသည့်သူများကို စစ်ဆေးမေးမြန်းအပြစ်ပေးသည့် အဆောင်ပင်ဖြစ်သည်။ ယခု ... ထိုအဆောင်ထဲတွင် ဦးဒိဗ္ဗ ကိုယ်တိုင်ရောက်နေသည်။

အပြစ်ပေးဆောင်၏ ခေါင်းရင်းဘက်တွင် သုံးပေခန့်မြင့်သည့် စင်မြင့်တစ်ခုရှိ၍ စင်မြင့်သို့တက်ရန် လှေကားတိုတစ်ခုကိုလည်း စင်အောက်တွင် တပ်ဆင်ထားသည်။ စင်မြင့်ပေါ်တွင် အနက်ရောင်ဆေးသုတ်ထားသည့် ရှေးဟောင်းနောက်မှီထိုင်ခုံသုံးလုံးကိုချထား၍ ခုံမှာတစ်လုံးနှင့်တစ်လုံး အရွယ်အစားမတူညီပေ။ အလယ်မှထိုင်ခုံမှာ အကြီးမားဆုံးနှင့် အခန့်ညားဆုံးပင်ဖြစ်၍ နောက်မှီပေါ်တွင် နဂါးတစ်ကောင် အမောက်ထောင်၍ ပါးပျဉ်းခွက်ထားသည့် ဖောင်းကြွရုပ်တုကို ထွင်းထုထားသည်။

ထိုထိုင်ခုံပေါ်တွင် အနက်ရောင်လောင်းကုတ်အင်္ကျီရှည်ကြီးကို ဒူးဆစ်ဖုံးသည့်အထိ ဝတ်ဆင်ထားလျက် ခေါင်းတွင် အနက်ရောင်ခေါင်းစွပ်ကိုစွပ်ထားကာ မျက်လုံးနေရာတွင်သာ အပေါက်ပေါက်ထားသည့်လူတစ်ယောက်က ထိုင်နေသည်။ သူ့ဘေးတစ်ဘက်တစ်ချက်တွင်လည်း အနက်ရောင်ခေါင်းစွပ်များနှင့် လူနှစ်ယောက်ကထိုင်နေကြသည်။ ဘယ်ဘက်တွင်ထိုင်နေသူမှာ ခန္ဓာကိုယ်သေးသေးသွယ်သွယ်



www.burmeseclassic.com

www.burmeseclassic.com



ပိန်ပိန်ပါးပါးပုံသဏ္ဌာန်ရှိသည့်အတွက် အမျိုးသမီးတစ်ယောက်ဖြစ်ကြောင်း သိနိုင်ပေသည်။

စင်မြင့်အောက်ရှေ့တည့်တည့်တွင်ကား ထိုင်ခုံအသီးသီးနှင့် ထိုင်နေကြသည့်လူအယောက်နှစ်ဆယ်ခန့်ကို တွေ့မြင်ရပြီး သူတို့အားလုံးကား အနက်ရောင်အဝတ်အစားတို့ကို အားလုံးဝတ်ထားကြသော်လည်း ခေါင်းစွပ်ကိုမူ စွပ်မထားကြပေ။ သူတို့ကား နဂါးမောက်ဂိုဏ်းသားများပင်ဖြစ်ကြသည်။

ဂိုဏ်းသားများ၏ရှေ့ ကွန်ကရိပေါ်တွင်ကား လက်ပြန်ကြိုးတုပ်ထားသည့်လူတစ်ယောက်ကို တွေ့ရသည်။ သူ့မျက်နှာတွင် ဒဏ်ရာဒဏ်ချက်များက ပြည့်နှက်နေသည်။ ဝတ်ထားသည့်အဝတ်အစားပေါ်တွင်လည်း သွေးများပေကျံစွန်းထင်းနေသည်ကို တွေ့ရသည့်အတွက် နှိပ်စက်ခံထားရမှန်း သိသာလှသည်။ ထိုသူကား လူယုံတော်ဦးတာနောကိုယ်တိုင် ပုသိမ်မှ ဖမ်းဆီးခေါ်ဆောင်လာခဲ့သည့် လက်ပွားသိမ်းဆောင်ပဲဖြစ်သည်။

အပြစ်ပေးဆောင်တစ်ခုလုံးကား အပ်ကျသံကြားရလောက်အောင်ပင် တိတ်ဆိတ်လွန်းနေသည်။ ဤတွင် တိတ်ဆိတ်မှုကို ဖြိုခွင်းလိုက်သည့် အသံတစ်သံက ထွက်ပေါ်လာသည်။ ပြောလိုက်သည့်အသံက ခပ်အက်အက်ရုတတဖြစ်နေသည့်အတွက် တမင်ပင် အသံကိုဖျက်ပြောမှန်းသိနိုင်ပေသည်။

"အမှတ်နှစ်ခေါင်းဆောင်"

"အမိန့်ရှိပါခင်ဗျာ"

ထိုင်ခုံညာဘက်တွင် ထိုင်နေသူက ပြောလိုက်ခြင်းပင်ဖြစ်သည်။ ဂိုဏ်းခေါင်းဆောင်သုံးယောက်စလုံးသည် အပြင်လူစိမ်းများ





သူတို့မည်သူမည်ဝါဆိုသည်ကို သိမှာစိုးသည့်အတွက် ခေါင်းစွပ်နက်ကို စွပ်ထားကြသကဲ့သို့ အသံကိုလည်းဖျက်ပြီး ပြောကြခြင်းဖြစ်သည်။ သူမည်သူဆိုသည်ကို ဂိုဏ်းသားများကိုထား၍ အမှတ်နှစ်နှင့် အမှတ်သုံးပင် ယခုထိ မသိကြပေ။

အရေးကြီးမှသာ မိစ္ဆာစံအိမ်သို့ လာလေ့ရှိပြီး နောက်ကွယ်မှသာ တိတ်တဆိတ်ညွှန်ကြားတတ်ပေသည်။ သူညွှန်ကြားသည့်အတိုင်း တစ်သဝေမတိမ်း အကောင်အထည်ဖော်လုပ်ဆောင်ပေးရသည်က အမှတ်နှစ်နှင့် အမှတ်သုံးနှစ်ယောက်ပဲဖြစ်သည်။ အမှတ်နှစ်နှင့် အမှတ်သုံးတို့ကိုကား ဂိုဏ်းသားအားလုံး သိရှိကြပေသည်။ ထိုသူနှစ်ယောက်ကား ဦးဒိဗ္ဗနှင့် မြကေခိုင်တို့နှစ်ယောက်ပင်ဖြစ်သည်။

"ကျုပ်တို့လိုချင်တဲ့ ရတနာသေတ္တာ ဘယ်မှာရှိတယ်ဆိုတာကို အခုထိမသိရသေးဘူးလား ..."

"လက်ပွားသိမ်းဆောင်ဟာ အင်မတန်မှ ခေါင်းမာပါတယ် ... ခေါင်းဆောင်ကြီးခင်ဗျာ အခုထိစစ်မေးလို့မရသေးပါဘူး ..."

"ကောင်းပြီ ... နဂါးမောက်တမန်တော် ကိုတာနောအမိန့်နာခံဖို့ အသင့်ပြင်ပါ ..."

ရှေ့ဆုံးတန်းတွင်ထိုင်နေသည့် ဦးတာနောက ခေါင်းဆောင်ကြီးကိုထ၍ ဦးညွှတ်ကာ အရိုအသေပေးလိုက်သည်။

"အမိန့်နာခံရန်အသင့်ရှိကြောင်းပါခင်ဗျာ ..."

"လက်ပွားသိမ်းဆောင်ကို ခင်ဗျားကိုယ်တိုင် စစ်ဆေးပြီးပြီလား ..."

"စစ်ဆေးပြီးပါပြီခင်ဗျာ ... မသိဘူးလို့ပဲငြင်းနေပါတယ် ..."

ဤတွင် ခေါင်းဆောင်ကြီး၏အသံက ပို၍စူးရှအက်တက်တက်



www.burmeseclassic.com

www.burmeseclassic.com



ဖြစ်လာပြီး အသံကပါ ခက်ထန်လာသည်။

"ဟေ့ကောင် ... လက်ပွားသိမ်းဆောင် ... မင်းကို ငါကိုယ်တိုင် နောက်ဆုံးအကြိမ်အဖြစ်မေးမယ် ... အသတ်ခံလိုက်ရတဲ့ကျော်ဇင်ညွန့် ရဲ့ ရတနာသေတ္တာ အခုဘယ်မှာလဲဆိုတာ ပြောစမ်း ..."

"မသိဘူး ... မသိဘူးဗျာ ... ကျုပ်သိရင်လည်း ခင်ဗျားတို့ကို ပြောမပြနိုင်ဘူး ... ထွီ ... ဘာနဂါးမောက်ဂိုဏ်းလဲ ... ကျုပ်ကို တာ နောက အချိုးသတ်ပြီး ခေါ်လာတယ် ... ကျုပ်ကလည်း အရင်တုန်းက ပုသိမ်အဆက်အသွယ်ကတစ်ဆင့် ဆက်ဆံခဲ့ဖူးတော့ ယုံစားပြီးလိုက် လာခဲ့မိတယ် ... ဖွတ်ထွက်မှ တောင်ပို့မှန်းသိရတယ် ... ခင်ဗျားတို့ ခင်ဗျားတို့အားလုံးဟာ ဓာတ်တူသားခြင်းကိုစားချင်တဲ့ကောင်တွေမှန်း အခုမှပဲ သိရတော့တယ် ... ဒါကြောင့် သိရင်တောင်မှ မပြောနိုင်ဘူး မကျေနပ်ရင် သတ်ပစ်လိုက်စမ်းပါ ..."

လက်ပွားသိမ်းဆောင်၏လေသံက ခံပြင်းမှုကြောင့် မာထန်လ သလို မျက်နှာကြီးကလည်း ကြောက်စရာကောင်းလောက်အောင် ခက်ထန်တင်းမာနေသည်။ လက်ပွား၏ပမာမခန့်စကားကို ကြားလိုက် ရသည့် ခေါင်းဆောင်ကြီး၏အပေါက်ထဲမှ မြင်ရသည့် မျက်လုံးအစုံ မီးဝင်းဝင်းတောက်နေသည်။ ခေါင်းဆောင်ကြီးက သွားကြားမှထွက် လာသည့်လေသံဖြင့် ပြောဆိုလိုက်သည်။

"မင်းက တော်တော်သေချင်နေပြီကိုး ... ငါနဲ့တကွ ဂိုဏ်းကို စော်ကားတဲ့ကောင် တွေ့ကြသေးတာပေါ့ကွာ ... ဟေ့ကောင် မင်း မရှုမလှကို သေစေရမယ်ကွ ... ဟား ... ဟား ... ဟား"

ခေါင်းဆောင်ကြီးက လက်ပွားသိမ်းဆောင်ကို ကြိမ်းမောင်း သည်နှင့် အသံစူးစူးအက်အက်ကြီးဖြင့် ရယ်မောလေတော့သည်





အမှတ် နှစ်၊ သုံး ခေါင်းဆောင်နှစ်ယောက်နှင့် ဂိုဏ်းသားများက သူတို့ ၏ခေါင်းဆောင်ကြီးအကြောင်းကို ကောင်းကောင်းသိကြသည်။ ဤကဲ့ သို့ အသံနက်ကြီးဖြင့်ရယ်မောပြီဆိုပါက ရက်စက်တော့မည်ဆိုသည်ကို သိလိုက်ကြသည့်အတွက် အားလုံးငြိမ်သက်နေကြလေသည်။

"တမန်တော်ကိုတာနော ... ခင်ဗျားကိုယ်တိုင်သွားပြီး ပင့်ကူ လှောင်အိမ်ကို ဖွင့်လိုက်စမ်း ..."

"အမိန့်အတိုင်းပါခေါင်းဆောင်ကြီးခင်ဗျာ ..."

လူယုံတော်ကြီးဦးတာနော ရပ်နေရာမှ အပြစ်ပေးခန်းမဆောင် ဘေးနံရံမှ လျှို့ဝှက်ခလုတ်ကိုနှိပ်လိုက်သည်။ သည်အခါတွင် တံခါးတစ် ချပ်က ဘေးတိုက်ရွေ့လျားကာ ပွင့်သွားပြီးနောက် ဆယ်ပေပတ်လည် လောက်ရှိမည့် အခန်းတစ်ခုကို တွေ့လိုက်ရသည်။ အခန်းကား မှန်လုံ ခန်းဖြစ်သည်။

အခန်းထဲတွင်ကား ရိုးမတောနက်ကြီးများတွင်သာ တွေ့ရ တတ်သည့် တောကြီးပင့်ကူများကို မှန်လုံခန်းထဲတွင် တွေ့လိုက်ရ သည်။ စုစုပေါင်း ဆယ့်လေးငါးကောင်ခန့်ရှိ၍ ပန်းကန်ပြားဝိုင်းအရွယ် လောက်ရှိကြသည်။

"ကိုင်း ... တောကြီးပင့်ကူက မင်းရဲ့ဦးနှောက်ကိုဖောက်စားခံ ရတဲ့အရသာ ဘယ်လိုရှိမယ်ဆိုတာ သိရအောင် ဟေ့ကောင်တွေ သူ့ကို အဲဒီအခန်းထဲကို ပို့လိုက်ကြပါကွာ ... ဟား ... ဟား ... ဟား"

လက်ပွားသိမ်းဆောင်၏နားသို့ ဂိုဏ်းသားသုံးယောက် ရောက် လာပြီး ချုပ်နှောင်ကာ ပင့်ကူလှောင်အိမ်ရှိရာသို့ ခေါ်သွားကြသည်။ လက်ပွားကား အကြောက်အကန်ရုန်းတော့သည်။ သို့သော် လက် ကောခြေကော ကြိုးတုပ်ခံထားရသည့်အပြင် အင်အားချင်းက မမျှ



www.burmeseclassic.com

www.burmeseclassic.com



သည့်အတွက် ဗိုဏ်းသားများခေါ်သွားရာသို့ ရုန်းရင်းကန်ရင်းကပ ပါသွားတော့သည်။

ထို့နောက်တွင်ကား အထဲသို့ရောက်သွားသည့် လက်ပွားသိမ်း ဆောင်ကို တောကြီးပင့်ကူများက လက်တံများဖြင့် ဝိုင်းဝန်းတိုက်ခို ၍ ခေါင်းကိုဝိုင်းအုံခဲ့ကြလေတော့သည်။ မှန်လုံခန်းထဲမှ လက်ပွားသိမ်း ဆောင်၏အသံနက်ကြီးဖြင့် အော်ဟစ်လိုက်သည့်အသံသဲ့သဲ့ကို အား ပင် ကြားလိုက်ရလေတော့သည်။ မကြာမီ ပင့်ကူလှောင်အိမ်သ လည်း ပြန်ပိတ်သွားခဲ့လေပြီတည်း။

ခေါင်းဆောင်ကြီးကား လက်ပွားသိမ်းဆောင်ကို ရက်ရက် စက် အပြစ်ပေးသည့်သူမှာ သူမဟုတ်သကဲ့သို့ ထိုင်ခုံပေါ်တွင်ထိုင် သူ့ရှေ့ရှိအရှေ့ဂိုဏ်းသားအားလုံးကို သေးငယ်သောမျက်လုံးပေါက် မှ ရှုးစိုက်ကြည့်နေသည်။ အတန်ကြာမှ ခပ်အက်အက်အသံဖြင့် ပြေ လိုက်သည်။

"အားလုံးပဲနားထောင်ကြပါ ... လက်ပွားသိမ်းဆောင်ဆီ ရတနာသေတ္တာကိုမရလိုက်တဲ့အပြင် ဘာသတင်းမှမရဘူးဆို အားလုံးအသိဘဲ ... ဒီတော့ ရတနာသေတ္တာဟာ တစ်နေရာရာ တော့ ရှိကိုရှိလိမ့်မယ် ... ဆက်ပြီးတော့ စုံစမ်းကြပါ ... မြေအောက် က အကျဉ်းသားတွေဆီကကော လျှို့ဝှက်လမ်းအကြောင်းသိရပြီ အမှတ်နှစ် ... "

"မသိရသေးပါဘူး ခေါင်းဆောင်ကြီး ... "

"ဆက်ပြီးစစ်ဆေးပါ ... အမှတ်နှစ် ခင်ဗျားနဲ့အမှတ်သုံးမှာ ကြောင့် ကျုပ် ဒီလောက်အထိ သည်းခံနေတာ ဒီတော့ ကျုပ်အမိန့် မယ် ... အခုလာမယ့် လပြည့်နေ့မှာ ကျုပ်လျှို့ဝှက်လမ်း ဘယ်





တာကို သိချင်တယ် ... ဆက်ပြီးခေါင်းမာနေဦးမယ်ဆိုရင် ခင်ဗျားတို့ မျက်နှာကို ကျုပ်မထောက်နိုင်တော့ဘူး ... ထိုက်သင့်တဲ့အပြစ်ကိုပေး ဖို့ ကျုပ်ဆုံးဖြတ်လိုက်ပြီ ... ဒီတော့ ခင်ဗျားနဲ့အမှတ်သုံးတို့က အခု တစ်ပတ်အတွင်းမှာ သိအောင်စစ်ဆေးပါ ဒါကျုပ်ရဲ့နောက်ဆုံးအမိန့်ပဲ၊ ဘာပြောစရာရှိကြသေးလဲ ... "

"ဘာမှမရှိတော့ပါဘူးခင်ဗျာ ... ခေါင်းဆောင်ကြီးအမိန့်ပေးတဲ့ အတိုင်း သိအောင် ကျုပ်အစွမ်းကုန်ကြိုးစားပါ့မယ် ... "

"ကောင်းပြီ ... ဒါဆို အားလုံး ကျုပ်ပြန်ဦးမယ် ... "

နဂါးမောက်ဂိုဏ်းခေါင်းဆောင်အမှတ်တစ်က ပြောပြောဆိုဆို နောက်မှီထိုင်ခုံပေါ်မှထလိုက်သည်။ အမှတ်နှစ်သုံးနှင့်တကွ ဂိုဏ်းသား အားလုံးလည်း ထပြီး အရိုအသေပေးလိုက်ကြသည်။ ထို့နောက်တွင် ကား ခေါင်းဆောင်ကြီးသည် မိစ္ဆာစံအိမ်မှ အမှောင်ထဲသို့ တိုးဝင် ပျောက်ကွယ်သွားပါလေတော့သည်။



www.burmeseclassic.com

www.burmeseclassic.com



## ၂၀

ကျွန်ုပ်လည်း မြေအောက်ခန်းတွင် တွေ့ဆုံခဲ့ရသည့် မိန်းမချော လေးခေါ်ဆောင်ရာနောက်သို့ လိုက်လာခဲ့လေသည်။ မြေအောက်ခန်း တစ်ခုလုံးတွင် လမ်းကြောင်းတွေကများလှသကဲ့သို့ အဆောင်ဆော အခန်းခန်းတွေကိုလည်း နေရာအနှံ့တွင် တွေ့မြင်ရလေသည်။ ဤမြေ အောက်ခန်းဖွဲ့စည်းထားပုံကိုကြည့်ရုံနှင့်ပင် တည်ဆောက်ခဲ့သည ဗိသုကာပညာရှင်မှာ အဘယ်မျှတော်ကြောင်း မှန်းဆ၍သိနိုင်သည

ကျွန်ုပ်လည်း မိန်းမချောလေးနောက်သို့ လိုက်လာခဲ့ရာ တစ်နေရာအရောက်တွင် ရှေ့မှသွားနေသည့် သူမရပ်လိုက်သည် တွေ့လိုက်ရသည်။ သူမက နံရံရှိ လျှို့ဝှက်ခလုတ်တစ်ခုကို အသာဖော နှိပ်လိုက်သည်နှင့် တံခါးတစ်ချပ်က ပွင့်လာသည်ကိုတွေ့လိုက်ရသည

“လာ ... အစ်ကို ညီမနောက်က လိုက်ခဲ့ပါရှင်”



မိန်းမပျိုလေးက ရှေ့မှဦးဆောင်ကာ အခန်းထဲသို့ဝင်သွား သည်။ အခန်းထဲရောက်သည်နှင့် သူမက အသံခပ်အုပ်အုပ်ဖြင့် လှမ်း ခေါ်လိုက်သည်။

“ကြီးမေ ... ကြီးမေ ... ဖေဖေ ... မေမေတို့ ဒီမှာ ဧည့်သည် ပါလာတယ် ... ”

“အေးပါ ... သမီးလေး အင်ကြင်းရယ် ... ကြီးမေတို့အားလုံး မြင်ပါတယ်ကွယ် ... ”

ဤသို့ပြောဆိုသံနှင့် တစ်ဆက်တည်းမှာပင် ကျွန်ုပ်က အုတ်နံရံ ဟု မှတ်ထင်ထားသည့်နေရာမှ တံခါးတစ်ချပ်ပွင့်လာသည်ကို တွေ့ လိုက်ရသည်။ အခန်းထဲတွင် အသက်ငါးဆယ်ကျော်ခန့်ရှိမည့် ကျက် သရေရှိရှိ ချောမောနေဆဲသာဖြစ်သည့် အမျိုးသမီးကြီးနှင့် မတိမ်း မယိမ်းခန့်သာရှိမည့် အမျိုးသမီးကြီးတစ်ဦးကို အတူယှဉ်တွဲထိုင်နေ သည်ကို တွေ့လိုက်ရသည်။

ထိုအမျိုးသမီးကြီးနှစ်ဦးစလုံး၏ရုပ်ရည်များကိုကြည့်၍ ငယ်စဉ် က အဘယ်မျှထိ ချောမောလှပမည်ဖြစ်ကြောင်း ခန့်မှန်းသိရှိနိုင်အောင် ယခုအရွယ်ရောက်သည့်တိုင် ချောမောဆဲသာဖြစ်သည့် ရုပ်ရည်များ ကိုကြည့်၍သိနိုင်ပေသည်။ အမျိုးသမီးကြီးနှစ်ယောက်က တည်ကြည် သောမျက်နှာထားဖြင့် ကျွန်ုပ်ကိုစူးစိုက်ကြည့်နေသည်။ တောင်ဆုတ် ခန့်သာမြင့်မည့်ခုတင်ပေါ်တွင် ယှဉ်တွဲထိုင်နေကြခြင်းဖြစ်သည်။

ထိုခုတင်နှင့်အတန်ပင်ဝေးသည့်အခန်း ထောင့်ခုတင်ပေါ်တွင် လည်း ဥပဓိရုပ်ခန့်ညားး၍ အသက်ခြောက်ဆယ်ခန့်ရှိမည့်လူကြီးတစ်ဦး ကို တွေ့လိုက်ရသည်။ သူ့လက်ထဲတွင် ကြီးမားထူထဲသည့် သားရေဖုံး စာအုပ်ကြီးတစ်အုပ်ကိုကိုင်ထားပြီး စိတ်ဝင်တစားဖြင့် ဖတ်ရှုနေသည်



www.burmeseclassic.com

www.burmeseclassic.com



ကိုတွေ့လိုက်ရသည်။

"ကြီးမေ ... ဒီ ... ဒီအစ်ကိုက လျှို့ဝှက်လမ်းကနေဝင်လာတာ ရှင့် ... မေမေ ဒီအစ်ကိုက ဘိုးဘိုးဆွန်ကျဲလျှံနဲ့ပတ်သက်နေတဲ့သူပါ"

"အေးပါသမီးရယ် ... သမီးမေမေနဲ့ ကြီးမေတို့အားလုံး အဲဒါကို သိပြီးသားပါကွယ် ... ဒီသူငယ် လျှို့ဝှက်လမ်းထဲကိုဝင်လာကတည်းက သိပြီးပါပြီသမီးရယ် ..."

ဤတွင် မိန်းမပျိုလေးက တအံ့တသြနှင့်ပြန်မေးလိုက်သည်။

"ဟင် ... ဟုတ်လား ... ကြီးမေတို့အားလုံးက ဘယ်လိုလုပ်ပြီး သိတာလဲ ... သမီးတော့ မယုံပါဘူး ..."

"သမီးကလည်း မေ့နေပြီထင်တယ် ... ဒီနဂါးမောက်စံအိမ်ကြီးရဲ့ မြေပုံဟာ မေမေတို့လက်ထဲမှာရှိတယ်ဆိုတာ သမီးမေ့နေပြီထင်တယ် ... ပြီးတော့ မေမေတို့အားလုံးဟာ ဒီလျှို့ဝှက်လမ်းကိုတစ်ပတ်တစ်ခါစစ်ဆေးနေကြတာပဲကွယ် ... အရေးအကြီးဆုံးကတော့ မေမေတို့အားလုံးဟာ ဒီလျှို့ဝှက်လမ်းကဝင်လာမယ့် အဆက်အနွယ်ကို စောင့်နေကြတာပဲမဟုတ်လား ..."

"ဟုတ်သားပဲ ... သမီးမေ့သွားတာ မေမေရေ ... သမီးမေ့သွားတာ ..."

မိန်းမပျိုလေးက ကလေးဆန်စွာဖြင့် နွဲ့နွဲ့လေးနှင့် စကားဆိုလိုက်သည်။ ကျွန်ုပ်လည်း အံ့သြနေသူပင်ဖြစ်ရာ ယခုမှပင် ရှင်းသွားတော့သည်။

ကျွန်ုပ်က အမျိုးသမီးကြီးနှစ်ယောက်ကို လေးစားစွာပင် ဦးညွှတ်၍ အရိုအသေပြုလိုက်သည်။

"ကျွန်တော့်နာမည်က ဝဏ္ဏလို့ခေါ်ပါတယ် ခင်ဗျား မုဆိုးကြီး





ဆွန်ပရဲ့အကူအညီပေးမှုကြောင့် ဒီမြေအောက်ခန်းကိုရောက်လာခဲ့တာပါပဲ ..."

"အေးကွယ် ... ငါတို့ကို မြင်ရုံနဲ့ လူတော်လူကောင်းတစ်ယောက်ဆိုတာ ဒေါ်ဒေါ်တို့ယုံကြည်ပါတယ် ... ကိုဒေဝါ ... ရှင့်ရဲ့စာအုပ်ကို ဘေးချထားပြီး ဒီလိုလာခဲ့စမ်းပါဦးရှင် ... ရှင့်မှာလည်း တစ်နေ့တစ်နေ့ ဒီစာအုပ်ကြီးနဲ့ပဲ အချိန်ကုန်နေတော့တာပဲ၊ ဒီဗိသုကာကျမ်းကို ရှင်အခုလောက် လေ့လာပုံမျိုးနဲ့ဆိုရင် ဘိုးဘိုးထက်တောင်မှ တော်နေပါပြီ ..."

ဤသို့ပြောဆိုလိုက်မှပင် ဖတ်နေသည့်ကျမ်းစာအုပ်ကြီးကို စာတင်ဘေးရှိစာအုပ်စင်ပေါ်တွင် တယုတယတင်ထားလိုက်လေသည်။ ထို့နောက် ထိုလူကြီးက ကျွန်ုပ်တို့အနီးသို့ လျှောက်လာသည်။

"ငါတို့ အဒေါ်နာမည်က ဒေါ်ကြာဖြူလို့ခေါ်တယ်ကွယ့်"

ဤအမည်ကိုကြားလိုက်ရသည့်အခါတွင် ကျွန်ုပ်မှာ ထပ်၍အံ့သြမိပြန်လေသည်။ ထို့ကြောင့် ချက်ချင်းပင် ပြန်မေးလိုက်မိသည်။

"ဒေါ် ... ဒေါ်ကြာဖြူ ဟုတ်လား အဒေါ်"

"ဟုတ်ပါတယ်ကွယ် ... ဘာဖြစ်လို့မေးတာလဲကွယ်"

"ကျွန်တော်ကြားဖူးတာက ... ဒေါ်ဒေါ်ဟာ ဇာတိရပ်ဌာန်အနောက်ဘက်ကိုပြန်သွားရင်း ကားမှောက်ပြီးဆုံးတယ်လို့ ကြားရလို့ပါခင်ဗျာ ... အခုလိုတွေ့ရတော့ အံ့သြမိလို့မေးကြည့်တာပါ ..."

"အင်း ... ဒါက ဒေါ်ဒေါ်ယောက်ျား ကိုဒိဗ္ဗက မဟုတ်မမှန်အုပ်ကြီးလွှင့်တဲ့သတင်းတွေပါပဲကွယ် ... လူလေးနဲ့ထပ်ပြီးမိတ်ဆက်ပေးရဦးမယ် ... ဒီဘက်က ဒေါ်ဒေါ်ရဲ့ညီမ ကြာညိုလို့ခေါ်တယ် ... ကိုဒေဝါကတော့ ကြာညိုရဲ့ခင်ပွန်းဖြစ်ပြီး မင်းနဲ့တွေ့ခဲ့တဲ့ ဒီကလေးဟ



www.burmeseclassic.com

www.burmeseclassic.com



ကတော့ သူတို့ရဲ့တစ်ဦးတည်းသောသမီးလေးလေ ... နာမည်က တော့ အင်ကြင်းရွှေစင်လို့ခေါ်တယ် ... ကိုဒေဝါ ဦးသူငယ်ကတော့"

"ကျုပ်ကြားပါတယ် မကြာဖြူရယ် ... ငါ့တူနာမည်က ဝဏ္ဏ မဟုတ်လား၊ အထဲမှာ ရှာနိုဝင်နေပေမယ်လို့ ကျုပ်နားက အင်မတန် မှပါးတယ် ... မကြာဖြူအသိသားပဲမဟုတ်လား ... မကြာဖြူတို့ ပြော ကြဆိုကြတာတွေအားလုံးသိပါတယ်ဗျာ ... "

ဒေါ်ကြာဖြူ၏စကားမဆုံးခင်မှာပင် ဦးဒေဝါက ဖြတ်ပြော လိုက်ခြင်းဖြစ်သည်။ ဇနီးသည်၏အစ်မဖြစ်သည့်အတွက် ဒေါ်ကြာဖြူက ဝါအရကြီးသော်လည်း ဦးဒေဝါက အသက်ကြီးသောကြောင့် ကျုပ်နှင့် ပြောဆိုခြင်းပင်ဖြစ်သည်။ ကျွန်ုပ်က လာရင်းကိစ္စကိုပြောဆိုလိုက်ရ သည်။

"ကျွန်တော် အခုလာခဲ့တာက ဒီမြေအောက်ခန်းကတင်ကင် မိစ္ဆာစံအိမ်ကို စုံစမ်းဖို့လာခဲ့တာပါ ... "

ဤတွင် ဦးဒေဝါက ကျွန်ုပ်ကိုအကဲခတ်ကြည့်ပြီးမှ မေးလာပြန် သည်။

"နေပါဦးကွယ့် ... ငါ့တူက ဥပဒေဘက်တော်သား တာဝန်ရှိတဲ့ ပုဂ္ဂိုလ်...ကား ... "

မဟုတ်ပါဘူး အန်ကယ်(လ်) ... ကျွန်တော်က မိစ္ဆာစံအိမ်မှာ လမိုက်ညတွေဆို ညည်းညူအော်ဟစ်သံတွေကြားရတယ်ဆိုတဲ့လူတွေ ပြောစကားကို စိတ်ဝင်စားရာက ဒီကိစ္စထဲမှာပါဝင်ပတ်သက်ခဲ့တာပါ ကျွန်တော့်သူငယ်ချင်းသီဟကတော့ ဒီအမှုကိုကိုင်တွယ်နေတဲ့ရဲအရာရှိ ပါပဲ ... သူ့ကို ကူညီပေးတာလည်းတစ်ကြောင်းပေါ့ခင်ဗျာ ... "

ကျွန်ုပ်က ဤကဲ့သို့ အစချီလိုက်ပြီး ယခုအထိ ကျွန်ုပ်ပါဝင်ခဲ့





သမျှ အစမှအဆုံးတိုင်အောင် အားလုံးသိအောင် ရှင်းပြလိုက်လေသည်။

"အဲဒါပါပဲခင်ဗျာ ... ကျွန်တော့်စံအိမ်ထဲကို ကိုကျော်ဇင်ညွန့် အသပ်မပြောဘဲနဲ့ပတ်...က်ပြီး စုံစမ်းဖို့လာရာက ဒီမြေအောက်ခန်း ရောက်တော့မှပဲ ဦး...းတို့ဒေါ်ဒေါ်တို့နဲ့ ...ာပါ ... ဒီတော့ ကျွန်တော့်ကို စံအိမ်ပေါ်ကိုရောက်နိုင်မယ့်နည်း...ပြီ လို့ မေတ္တာရပ်ခံပါတယ် ... ဒီက ဦးလေးတို့အားလုံးကိုလည်း မြေ အောက်ခန်းကနေ ကယ်ထုတ်သွားချင်ပါတယ်ခင်ဗျာ ... "

ကျွန်ုပ်၏စကားအဆုံးတွင် သူတို့အားလုံးက တစ်ယောက် မျက်နှာတစ်ယောက် အပြန်အလှန်ပင်စိုက်ကြည့်နေကြသည်။ ပြီးမှ ဒေါ်ကြာဖြူက သက်ပြင်းတစ်ချက်ကို မသိမသာချလိုက်ရင်း ကျွန်ုပ်ကို ကြည့်ကာ စကားကို လေးလေးနက်နက်ဆိုလာသည်။

"ပါးပါး ... သိပ်ပြီး...ကိုဒီပွနဲ့ အဝို... ဖြစ်... နိုင်ပါပဲလား ... မောင်ဝဏ္ဏသိရအောင် အကြောင်းစုံကို အဒေါ်ရှင်းပြပါ့ မယ်ကွယ် ... အမှန်တော့ အဒေါ်တို့အားလုံးဟာ ကိုဒီပွရဲ့အကျဉ်းသား တွေပါပဲကွယ် ... အကျဉ်းသားတွေဆိုပေမယ့် အဒေါ်တို့ ဒီကထွက် သွားချင်ရင် အချိန်မရွေးထွက်သွားလို့ရပါတယ်ကွယ် ... "

ဤတွင်ကျွန်ုပ်က စောဒကတက်လိုက်ပြန်သည်။

"ကိုယ့်အပေါ်မကောင်းတဲ့သူကို ကိုယ်ကငဲ့ညှာစရာလိုသေးလို့ လားအဒေါ်"

ဤတွင် ဒေါ်ကြာဖြူ၏မျက်နှာကပို၍တည်ကြည်လာရုံပင်မက ဘဲ အနည်းငယ်ပင် တင်းမာလာသည်ကိုတွေ့လိုက်ရသည်။ ကျန်သုံး ယောက်စလုံးက နေရာအသီးသီးတွင်ထိုင်နေကြကာ တစ်စုံတစ်ရာကို တွေးတောနေပုံဖြင့် အငေးသို့ငေးနေသည်ကိုတွေ့လိုက်ရသည်။



www.burmeseclassic.com

www.burmeseclassic.com



"အင်း ... မောင်ဝဏ္ဏနားလည်အောင်ပြောရရင် ကိုဒီဗွဟာ အဒေါ်ရဲ့ခင်ပွန်းပါ ... ဒါပေမဲ့ ခင်ပွန်းဆိုတဲ့သံယောဇဉ်ဟာ အဒေါ်မှာ နည်းနည်းလေးမှ မရှိတော့ဘူးကွယ့် ... ဒါဆိုရင်ဘာကြောင့် မြေအောက်ခန်းထဲမှာ အကျယ်ချုပ်ဘဝနဲ့နေ နေရသလဲလို့ဆိုတော့ သူ့ရဲ့ မကောင်းမှုဒုစရိုက်လုပ်ငန်းတွေကို ဒီထက်ပိုပြီးမလုပ်နိုင်အောင်လို့ အခုလိုနေရတာပဲ ... ဒါဟာ အဓိကအချက်ပဲဖြစ်တယ် ... နောက်တစ်ချက်ကတော့ ဒီနဂါးမောက်စံအိမ်ဟာ ဒေါ်ဒေါ်တို့ ဆွေစဉ်မျိုးဆက်ပိုင်ဆိုင်တဲ့ စံအိမ်ကြီးဖြစ်တယ် ... ကိုဒီဗွနဲ့ ဘာမှမပတ်သက်ဘူး ... သူ့လိုလူယုတ်မာလက်ထဲကို ဘယ်လိုမှအပါမခံနိုင်ဘူးကွယ် ... ပြီးတော့လည်း တစ်သက်လုံးနေလာခဲ့တဲ့ ဒီစံအိမ်ကြီးကနေ ဘယ်လိုမှခွဲမသွားချင်ကြဘူးလေ ... ဒါကြောင့်မို့ ဒီမြေအောက်ခန်းထဲမှာပဲနေခဲ့ကြတာပါ ..."

ဤတွင် ကျွန်ုပ်က သိလိုသည့်အချက်ကို ထပ်၍မေးလိုက်ပြန်သည်။

"ဒါဆို အဒေါ်တို့ ဒီမြေအောက်ခန်းထဲမှာနေခဲ့ကြတာ ဘယ်လောက်ကြာပြီလဲခင်ဗျာ ..."

"တစ်သက်လုံးပဲလို့ပြောရင် မောင်ဝဏ္ဏ သိပ်ပြီးတော့များ အံ့သြနေမလားမသိဘူး ..."

"ဗျာ ... တစ်သက်လုံးဟုတ်လားဒေါ်ဒေါ်"

"ဟုတ်တယ် ... ကဲ ... ကိုဒေဝါ ရှင်က တစ်လှည့်ရှင်းပြလိုက်ပါဦး ..."

ဤတွင် အဝေးသို့ငေးမောနေသည့် ဦးဒေဝါက မရီးဖြစ်သူ၏ စကားကြောင့် ကျွန်ုပ်ဘက်သို့ မျက်နှာလှည့်လာသည်။





"မောင်ဝဏ္ဏ ဥမ္မာဒန္တီမင်းသမီးဆိုတာ ကြားဖူးရဲ့လားကွယ့်"

"ဟုတ်ကဲ့ ကြားဖူးပါတယ်ခင်ဗျာ ... သမုဒ္ဒဃောသမင်းရဲ့ မိဖုရား ပုသိမ်ဘုရင်ရဲ့သမီးတော်ကို ပြောတာမဟုတ်လား"

"ဟုတ်တယ် ... အဲဒီဥမ္မာဒန္တီမင်းသမီးပါပဲ ... သမုဒ္ဒဃောသမင်းကြီးနဲ့ ဥမ္မာဒန္တီမိဖုရားတို့ဟာ ဦးလေးတို့ရဲ့ ရှေးရှေးကမျိုးဆက်တွေဖြစ်ခဲ့ကြတယ် ... ဒီနဂါးမောက်စံအိမ်ဟာ မင်းမိဖုရားနှစ်ပါးနေထိုင်စံမြန်းတော်မူခဲ့တဲ့ နန်းတော်နဲ့ပုံစံတူအောင်ဆောက်ထားတဲ့ စံအိမ်ငယ်ပဲဖြစ်တယ် ... ဗိသုကာပညာရှင်ကြီး ဘိုးဘိုးဆွန်ကြဲလျှံကိုယ်တိုင် ဟောဟိုက စင်ပေါ်မှာတင်ထားတဲ့ လက်သမားကျမ်းကိုကြည့်ပြီး ဆောက်လုပ်ခဲ့တာဖြစ်တယ် ... ဒါကြောင့် ဦးတို့လေးယောက်စလုံးဟာ ရှေးကမိဘဘိုးဘွားဘီဘင်တွေနေခဲ့တဲ့ ဒီစံအိမ်က မခွာခဲ့ကြတာပဲကွယ် ..."

"ဟုတ်ကဲ့ သဘောပေါက်ပါပြီခင်ဗျာ ..."

"ကောင်းပြီ ... အခုအရေးကြီးတာကိုပြောပြရဦးမယ် ... ဒီဗွဆိုတဲ့ကောင်ဟာ အင်မတန်မှ လောဘရမ္မက်ကြီးတဲ့လူစားမျိုး ... အတ္တကြီးသလောက် သူ့အတွက် အကျိုးရှိမယ်ဆိုရင် ဘနဖူးတောင်မှ သိုက်တူးဖို့ဝန်မလေးတဲ့ကောင်စားမျိုးဖြစ်တယ် ... မရီးတော်ကို လက်ထပ်ခဲ့တာကလည်း မေတ္တာရှိလို့မဟုတ်ဘူး ... ဒီစံအိမ်ကြီးကို လိုချင်လို့ပဲဖြစ်တယ် ... ဒါပေမဲ့ ဒီအကြောင်းကို လွန်ပြီးမှသိခဲ့ရတာပါ ... ဒီကောင်ဟာ မင်းသားခေါင်းစွပ်ထားတဲ့ ဘီလူးဆိုတာ နောက်ပိုင်း နန်းဇာတိရုပ်ပေါ်မှပဲ သိခဲ့ရတော့တယ် ... ဒါတွေကို ဘာကြောင့် မောင်ဝဏ္ဏကို ရှင်းပြရသလဲလို့မေးရင် မင်းနဲ့လည်းပတ်သက်နေလို့ပဲဖြစ်တယ်"

ဤတွင် ကျွန်ုပ်က တအံ့တသြနှင့်ပြန်မေးလိုက်မိပြန်လေပြီ။



www.burmeseclassic.com

www.burmeseclassic.com



"ဗျာ ... ကျွန်တော်နဲ့ပတ်သက်နေလို့ ဟုဘ်လားဦးလေး"

"ဟုတ်တယ် ... ဘယ်လိုပတ်သက်နေသလဲဆိုတာ မင်းနောက်တော့သိလာပါလိမ့်မယ် ... ဒိဗ္ဗဟာ ငါတို့ကိုလျှို့ဝှက်လမ်းကြောင်းကိုပြဖို့ပြောတယ် ... ငါတို့က အသက်သာအသေခံသွားမယ် မပြဘူးလို့အပြတ်ငြင်းတော့ သူက ငါတို့ကို ဒီမြေအောက်ခန်းမှာ အကျယ်ချုပ် ချုပ်ထားတော့တာပါပဲကွာ ..."

ဤနေရာအရောက်တွင် အင်ကြင်းရွှေစင်၏မိခင် ဒေါ်ကြာညို့က ဝင်၍ရှင်းပြလာပြန်သည်။

အစ်ကိုကြီးနားလိုက်ဦး။ ကြာညို့ဆက်ပြောပြလိုက်မယ်။

"အေး ... အေး ... ညီမပဲပြောပြလိုက်ပေတော့"

ဤသို့ပြောဆိုပြီးသည့်နှင့် ဦးဒေဝါက အပြင်ဘက်သို့ လျှို့ဝှက်တံခါးကိုဖွင့်၍ ထွက်[illegible]လာသည်။ ဦးဒိဗ္ဗကြွက်[illegible]သည့်နှင့် တံခါးက [illegible]အလျောက်ပင် ပြန်ပိတ်သွား[illegible]ရသည်။ [illegible]ကြာညို့က မပြီးဆုံးသေးသည့်စကားကို ဆက်၍ပြောပြခဲ့သည်။

"ဟင်း ... ဟင်း ... ကိုဒိဗ္ဗက အပေါ်ထပ်ကိုအပိုင်စီးပြီး မြေအောက်ခန်းမှာချုပ်ထားတဲ့သဘောက ငါတို့စိတ်ဓာတ်တွေကျပြီး လျှို့ဝှက်လမ်းကိုဖွင့်ပြောလာအောင်လို့ပဲ ... ဒါပေမဲ့ သူမသိတာက ငါတို့ရဲ့ ပထမဆုံးမျိုးနွယ်ဖြစ်တဲ့ သမုဒ္ဒယောသမင်းတရားကြီးနဲ့ ဥမ္မာဒန္တီမိဖုရားတို့ကိုယ်တော်တိုင် စံအိမ်အပေါ်ထပ်မှာထက် မြေအောက်ခန်းမှာ ပိုပြီးတော့ မွေ့လျော်နှစ်ခြိုက်စွာ စံပျော်ခဲ့တယ်ဆိုတဲ့အချက်ကို သူမသိတာပဲဖြစ်တယ် ... ငါတို့လေးယောက်စလုံးကလည်း အပေါ်ထပ်မှာနေတာထက် ဒီမြေအောက်ခန်းမှာပဲ အရင်ကတည်းက အနေများခဲ့ကြတယ်ကွယ့် ... ဒါကြောင့် သူက မြေအောက်ခန်းကိုပို့လိုက်ပေမယ့်





ငါတို့အတွက်တော့ စိတ်ဆင်းရဲစရာအကြောင်းမရှိခဲ့ဘူးပေါ့ ..."

"သူက ဘာဖြစ်လို့ လျှို့ဝှက်လမ်းကို သိချင်တာလဲခင်ဗျာ"

"မကောင်းတဲ့ ဒုစရိုက်လုပ်ငန်းတွေ ပိုပြီးကျယ်ကျယ်ပြန့်ပြန့်လုပ်ဖို့ရယ် ... ပြီးတော့ ဥပဒေနဲ့မလွတ်ကင်းတဲ့ပစ္စည်းတွေ များများသိုလှောင်သိမ်းဆည်းထားနိုင်ဖို့ပေါ့ ငါတူရယ် ..."

ဤစကားကြားရသည့်အတွက် ကျန်ုပ်ကင် စဉ်းစားရမည့်အချက်များ ပို၍များပြားလာခဲ့ပြီဖြစ်သည်။ ဦးဒိဗ္ဗတွင် မည်သို့သော ဒုစရိုက်လုပ်ငန်းများ လုပ်ကိုင်နေပါသနည်း။ ဇာတ်ဟ ရှုပ်သထက်ပို၍ ရှုပ်လာပြီဖြစ်ကြောင်းကိုကား ကျွန်ုပ်သည် ယခုအခါတွင် ရိပ်မိခဲ့လေပြီ။ ဤတွင် အင်ကြင်းရွှေစင်က သူ့ကြီးဒေါ်ကိုပြောလိုက်သည်။

"ကြီးမေ ... ဦးဒိဗ္ဗနဲ့အယုတ်တမာမ မြကေခိုင်အကြောင်း အစ်ကိုသိအောင်ပြောပြလိုက်ပါ ... သမီးအပြင်ဘက်ကိုသွားပြီး အရိပ်အခြည်ကိုအကဲခတ်လိုက်ဦးမယ် ... အစ်ကို ရွှေစင်သွားဦးမယ်နော်"

"ကောင်းပါပြီညီမရယ် ..."

"မမ ... မောင်ဝဏ္ဏ စောစောသိသွားတာလည်း တစ်နည်းတော့ကောင်းပါတယ်ရှင် ... ပြောပြလိုက်ပါတော့နော်"

"ကောင်းပြီလေ ... ညီမလေးကြာညို့ကပါ ပြောစေချင်ပြီဆိုတော့လည်း မမပြောပြလိုက်ပါ့မယ် ... မောင်ဝဏ္ဏကို ဒေါ်လေး မေးကြည့်ရဦးမယ် ... မြကေခိုင်ကို မင်းဘယ်လိုမြင်သလဲကွယ်"

"ကျွန်တော် ဒီကိုရောက်တာမကြာသေးတဲ့အတွက် မြကေခိုင်အကြောင်းနဲ့ပတ်သက်လို့ ကိုကျော်ဇင်ညွန့်ရဲ့ဇနီး ဒေါ်ဒေါ်ရဲ့သမီးဆိုတာကလွဲလို့ ဘာမှမသိသေးပါဘူး ... သူနဲ့ကျွန်တော်ကလည်း တစ်ခါနှစ်ခါတွေ့ဖူးရုံ စကားပြောဖူးရုံကလွဲလို့ ရင်းနှီးမှုကလည်း မရှိသေးဘူး



www.burmeseclassic.com

www.burmeseclassic.com



မဟုတ်လား ... ”

ဤတွင် ညီအစ်မနှစ်ယောက်က ကျွန်ုပ်ကို ပြုံးစစနှင့်ကြည့်နေကြသည်ကိုတွေ့လိုက်ရသည်။ သည်အပြုံးများ၏နောက်ကွယ်တွင် အဓိပ္ပာယ်များစွာပါဝင်နေသည်ဟု ရိပ်မိသော်လည်း ... မည်သည့်အဓိပ္ပာယ်မှန်းတော့ သရုပ်ခွဲနိုင်စွမ်းမရှိသည်ကအမှန်ပင်။

“ဟုတ်တယ် ... ဒင်းဟာ အဒေါ်ရဲ့သမီးဆိုတာတော့ မှန်ပါတယ် ... ဒါပေမဲ့ မွေးစားသမီးပါကွယ် ... သူ့အပျိုပေါက်စအရွယ်ထဲက ခေါ်လာပြီး မွေးစားခဲ့တာ ... အဲဒါဟာ ဒေါ်ဒေါ်ရဲ့ မဟာအမှားပဲပေါ့လေ ... ”

“ဟင် ... ဘာဖြစ်လို့လဲအဒေါ် ... ”

“ပြောမယ်လေ ... ဇာတ်လမ်းဆုံးရင် မောင်ဝဏ္ဏအားလုံးသဘောပေါက်သွားမှာပါ ... ပထမဆုံးပြောရရင် ... မြကေနိုင်မောင်ကျော်ဇင်ညွန့်ကိုယူခဲ့တာဟာ မေတ္တာရှိလို့မဟုတ်ဘူး ... ဒုစရိုက်ကလည်း ကိုဒိဗ္ဗနဲ့သာရင်သာ သာမယ် ... နည်းနည်းလေးမလျော့ဘူးကွယ့် ... ဘာကြောင့်ယူခဲ့တာလဲလို့ဆိုတော့ မောင်ကျော်ဇင်ညွန့်မှာ ဖားကန့်ကရလာတဲ့ ရတနာတွေကို သေတ္တာနဲ့ထည့်ယူလာတယ်ဆိုတာသိလို့ လက်ထပ်ယူခဲ့တာပါပဲ ... ”

ဤစကားကြားရသည့်အခါတွင်ကား ကျွန်ုပ်သည် တစ်စုံတစ်ခုသောအကြောင်းကို သိပြီဟုထင်လိုက်လေသည်။

“ဒါ ... ဒါ ... ဒါဆို ကျော်ဇင်ညွန့်ကို သတ် ... သတ်တဲ့ လူသတ်သမားဟာ ... ”

“ဟုတ်တယ် ... မောင်ဝဏ္ဏထင်တာလုံးဝမမှားဘူး ... ကျော်ဇင်ညွန့်ကို ရက်ရက်စက်စက်သတ်ပြီး ရတနာသေတ္တာကို အပိုင်စီးခဲ့တဲ့





သူဟာ မြကေနိုင်ပဲကွယ့် ... သူသတ်တယ်ဆိုတာကို အရမ်းလျှင်အရမ်းလည်ပါတယ်ဆိုတဲ့ ကိုဒိဗ္ဗတောင်မှ မသိလိုက်ဘူး ... မြကေနိုင်ဘယ်လောက်ထိအောင် ဖျံကျပြီးလည်လွန်းသလဲဆိုရင် မနေ့ကပဲ သူ့စနက်ကြောင့် လက်ပွားသိမ်းဆောင်ဆိုတဲ့ ဒုစရိုက်သမားတစ်ယောက်သေလမ်းကိုရောက်ခဲ့ရပြီးပြီကွယ့် ... ”

“ဟင် ... ဟုတ်လား ... ဒေါ်ဒေါ်”

“ဟုတ်တာမှ သိပ်ဟုတ်တာပေါ့ကွယ် ... ပြီးတော့ ပြောရမယ်ဆိုရင် သူနဲ့ကိုဒိဗ္ဗဟာ ဖောက်ပြန်နေခဲ့တာကြာခဲ့ပြီကွယ့် ... ”

ဤစကားကို ဒေါ်ကြာဖြူက အံကလေးကိုကြိတ်ကာ ပြောလိုက်ခြင်းဖြစ်သည်။ လင်ယောကျ်ားဖြစ်သူနှင့် မွေးစားသမီးတို့ယခုကဲ့သို့ ဇာတ်လမ်းကပြခဲ့သည့်အတွက် ဒေါ်ကြာဖြူတစ်ယောက်အဘယ်မျှခံစားနေရမည်ဆိုခြင်းကို ကျွန်ုပ်စာနာနားလည်မိသည်။

သည်အချိန်မှာပင် အပြင်ဘက်သို့ထွက်သွားသည့် ဦးဒေဝါကအထဲသို့ပြန်ဝင်လာသည်။ ရောက်ရောက်ခြင်းပင် ဦးဒေဝါက ဒေါ်ကြာဖြူကို ပြောဆိုလိုက်သည်။

“ကျွန်တော် သူတို့မသိတဲ့ လျှို့ဝှက်ပေါက်ကနေ အပေါ်ထပ်ကိုတက်ပြီး သူတို့အားလုံးရဲ့အခြေအနေသွားပြီး အကဲခတ်ကြည့်ခဲ့တယ်၊ နားနဲ့မနာ ဖဝါးနဲ့သာနာပေတော့ မကြာဖြူရေ ... ဒိဗ္ဗနဲ့မြကေနိုင်တော်သလင်းဇာတ်ခင်းနေကြတာ တွေ့ခဲ့ရတယ် ... ယိုသူမရှက်မြင်သူရှက်ဆိုတဲ့စကားပုံအတိုင်းပါပဲဗျာ ... ”

ဦးဒေဝါ၏စကားကြောင့် ... ဒေါ်ကြာဖြူ၏မျက်နှာက ပိုမိုတင်းမာခက်ထန်သွားသည်ကို မြင်လိုက်ရသည်။ ကျွန်ုပ်ကား ယခုအခါတွင် ကျော်ဇင်ညွန့်ကိုသတ်သည့်တရားခံကိုသိခဲ့ရပြီဖြစ်သည့်အတွက်



www.burmeseclassic.com

www.burmeseclassic.com



လာရကျိုးနပ်ပြီဟု ဆိုနိုင်သည်။ ဒေါက်ကြာဖြူက ကျွန်ုပ်ကိုကြည့်ပြီး ပြောပြပြန်သည်။

"ကိုဒိဗ္ဗဟာ အခုဘာတွေလုပ်နေသလဲဆိုတာ ငါတူသိအောင် ပြောပြမယ် ... အခု သူဟာ အနောက်ရိုးမ(ရခိုင်ရိုးမ)တောထဲကနေ ပြီးတော့ အဖိုးတန်ကျွန်းသစ်တွေကို ခိုးထုတ်ပြီးတော့ သူ့အဆက် အသွယ်တွေကတစ်ဆင့် မလေး၊ ပီနန် စတဲ့နိုင်ငံတွေကို ပုသိမ်ပင်လယ် ထွက်ပေါက်ကနေပြီးတော့ ခိုးထုတ်နေတယ်ကွယ့် ... ပြီးတော့ စိတ်ကြွဆေးပြားတွေကို တစ်ခါပြန်ပြီးဖြန့်ဖြူးရောင်းချတယ် ... အဲဒီ လုပ်ငန်းကို သူရယ်မြကေခိုင်ရယ် တပည့်ကိုဏ်းသားတွေရယ် ပူးပေါင်း ပြီး လုပ်ဆောင်ခဲ့ကြတယ် ... "

ယခုရသည့်သတင်းကား ကျွန်ုပ်နှင့်တကွ ဥပဒေဘက်တော် သားများအတွက် အဓိကအရေးကြီးဆုံးသတင်းပင်ဖြစ်သည်။ လူသတ် မှုထက်ပို၍ကြီးလေးသည့် စီးပွားရေးသောင်းကျန်းမှုပင်ဖြစ်သည်။ ဤ သတင်းကို သီဟနှင့်သက်ဆိုင်ရာအဖွဲ့အစည်းကို အမြန်ဆုံးသတင်းပို့ နိုင်ဖို့ လိုအပ်သည်။

"ကျေးဇူးပါပဲခင်ဗျာ ... ဒီသစ်ခိုးထုတ်တဲ့ကိစ္စနဲ့ စိတ်ကြွဆေး ပြားရောင်းဝယ်တဲ့လုပ်ငန်းကို အချိန်မီတားဆီးနှိမ်နင်းနိုင်ဖို့အတွက် ကျွန်တော်သက်ဆိုင်ရာကို သတင်းပို့ဖို့လိုအပ်တဲ့အတွက် အမြန်ဆုံးပြ ချင်ပါတယ် ... "

"အေးကွယ် ... ပြန်ပါ ... ပြန်ပါ ... မတားပါဘူး"

မောင်ဝဏ္ဏကို ဦးက သစ်ခိုးထုတ်တဲ့စခန်းကို လျှို့ဝှက်လမ်းက နေ အမြန်ဆုံးလိုက်ပြပေးမယ် ... စခန်းကိုသိပြီးမှ ပြန်ရင်ပိုမကောင်း ဘူးလား ... "

"ကောင်းပါတယ်ခင်ဗျာ ... "

ဤသို့ဖြင့် ဦးဒေဝါလိုက်ပြသည့် သစ်ခိုးထုတ်နေသည့်အနောက် ရိုးမထဲမှ စခန်းကို သေချာမှတ်သားကာ ကျွန်ုပ်လည်း လျှို့ဝှက်လမ်းမှ နေ၍ အမြန်ဆုံးပြန်လာခဲ့ပါတော့သည်။



www.burmeseclassic.com

www.burmeseclassic.com



## ၂၁

ကျွန်ုပ်လည်း မိစ္ဆာစံအိမ်မြေအောက်မှနေ၍ ပြန်လာခဲ့ရာ ကျောက်မောင်းခလုတ်အနီးသို့ ရောက်လာခဲ့သည်။ ကျောက်မောင်းခလုတ်ကို အပေါ်သို့ဆွဲ၍မလိုက်သည်နှင့် တစ်ပြိုင်တည်းမှာပင် ကျောက်မောင်းခလုတ်က အောက်သို့နိမ့်ဆင်းပျောက်ကွယ်သွားပြီး ထိုနေရာတွင် လှိုဏ်လမ်းအဝင်ပေါက်ကို မြင်လိုက်ရသည်။ ကျွန်ုပ်လည်း ကျောက်လှေကားထစ်များအတိုင်း ဆင်းလာခဲ့ရာ အကွေ့တစ်ခုသို့ရောက်လာသည်။

ကျွန်ုပ်လည်း မြားပြထားသည့်ဘက်သို့ ချိုးကွေ့ပြီး ထပ်မံတွေ့ရသည့် လှေကားထစ်များအတိုင်း ဆင်းလာခဲ့သည်။ သည်စဉ်မှာ နောက်မှ ခြေသံတဖျပ်ဖျပ်ကို ကြားလိုက်ရသည့်အတွက် ထောင့်ချိုး အကွေ့နံရံတွင် ပုန်းကွယ်ပြီး စောင့်နေလိုက်သည်။ လှိုဏ်လမ်းသည် ဥမင်လိုဏ်ခေါင်းသဖွယ်ဖြစ်နေသောကြောင့် ကျွန်ုပ်ပုန်းနေသည်





နောက်မှလိုက်လာသည့်သူသည် ဘယ်နည်းနှင့်မျှ မသိနိုင်ပေ။

ခြေသံက တဖြည်းဖြည်းနှင့် ကျွန်ုပ်နှင့်အနီးဆုံးသို့ရောက်လာလေပြီ။ ထိုသူ ကျွန်ုပ်ပုန်းနေသည့်အကွေ့သို့ချိုးဝင်လိုက်သည်ကို ရိပ်ခနဲတွေ့လိုက်ရသည်နှင့် ကျွန်ုပ်လည်း လျှင်မြန်စွာပင် လက်ကိုဖမ်းဆွဲ၍ချုပ်ထားလိုက်သည်။ ကျွန်ုပ်ဖမ်းဆွဲလိုက်သည့်အတွက် ထိုသူက အရှိန်လွန်ကာ ကျွန်ုပ်၏ရင်ခွင်ထဲသို့ရောက်လာသည်။ "အို"ဟု ရေရွတ်သံနှင့်အတူ နူးညံ့သည့်အထိအတွေ့ကို ကျွန်ုပ်မှာ တစ်ပြိုင်တည်းခံစားလိုက်ရမှသာ မိန်းကလေးတစ်ယောက်ဖြစ်မှန်းသိလိုက်ရသည်။

"အို ... အစ်ကိုကလည်း အရမ်းကြီးဆွဲလိုက်တာရှင် ... ဒီမှာ ညီမသေတော့မယ်ရှင့် ... "

ကျွန်ုပ်လည်း အင်ကြင်းရွှေစင်၏ ကြည်လင်သည့်အသံလေးကို ကြားလိုက်ရမှသာ အားနာသွားပြီး ရင်ခွင်ထဲမှ သူမကိုယ်လေးကို လွှတ်ပေးလိုက်ပြီး တောင်းပန်စကားဆိုလိုက်ရသည်။

"ဆောရီးပဲ ညီမရေ ... ရန်သူထင်ပြီး ဖမ်းချုပ်မိတာပါ"

"အို ... အစ်ကိုကလည်း ဒီလှိုဏ်လမ်းကို ညီမတို့မိသားစုနဲ့ ဘိုးဘိုးရဲ့အဆက်အနွယ်တွေပဲသိကြတာ ... ဘယ်ကရန်သူက ဝင်လာနိုင်မှာလဲရှင်ရယ် ... "

"အင်း ... ဟုတ်တယ် ... အစ်ကို ရုတ်တရက်ဆိုတော့ မတွေးမိလိုက်ဘူး ညီမရယ် ... "

နေ့လယ်ခင်းဖြစ်သောကြောင့် လိုဏ်ခေါင်းထဲတွင် အလင်းရောင် လုံလောက်စွာရှိနေသည့်အတွက် သူမ၏လှပသည့်မျက်နှာလေးကို မြင်လိုက်ရသည်။ လှပသည့်မျက်နှာလေးပေါ်တွင် ရှက်သွေးရောင်များက လွှမ်းခြုံနေဆဲသာဖြစ်သည်။ သူမက ကျွန်ုပ်ကို မရဲတရဲလေးနှင့်



www.burmeseclassic.com

www.burmeseclassic.com



မျက်လွှာပင့်ကာကြည့်နေသည်။ ကျွန်ုပ်က ပြန်လည်စိုက်ကြည့်နေသည်ကိုတွေ့ရသဖြင့် "အို"ဟုရေရွတ်ကာ မျက်လွှာကိုချက်ချင်းပင် ပြန်ချသွားလေသည်။

"ညီမ ... ရွှေစင် ... ညီမ"

ကျွန်ုပ်က စိတ်ကို အတတ်နိုင်ဆုံးချုပ်တည်းထားသော်လည်း စောစောက ခံစားလိုက်ရသည့် ဆန့်ကျင်ဘက်လိုင်၏အထိအတွေ့ကြောင့် စိတ်အလျင်က ဘောင်ဘင်ခတ်နေဆဲပင်။ ကျွန်ုပ်၏နှလုံးသားတွင်လည်း သည်အသက်အရွယ်ထိ တစ်ခါမျှ မဖြစ်ပေါ်ဘူးသေးသည့် ခံစားချက်များက တောင်ကျချောင်းမှ စီးဆင်းလာသည့် ရေအလျင်နယ် အဆက်မပြတ် စီးဆင်းကြေလေပြီ။ ဤသည်ကား သူမအပေါ်တွင်ထားရှိသည့် ကျွန်ုပ်၏အချစ်များပင်ဖြစ်လေသည်။

ကျွန်ုပ်၏ခံစားချက်အပြည့်ပါသောခေါ်သံကြောင့် ရွှေစင်က ဒုတိယမ္ဘိ မျက်လုံးလေးကို ပင့်၍ကြည့်လာသည်။

"ညီမ ... ညီမ ... ညီမကို အစ်ကိုချစ်မိနေပြီကွယ်"

"အို ... အစ်ကိုရယ် ... "

သူမ၏လှပသည့်မျက်ဝန်းအစုံတွင် အချစ်၏အရိပ်အရောင်များကို တွေ့မြင်လိုက်ရသည်။ ကျွန်ုပ်တို့နှစ်ဦးစလုံးလည်း တစ်ဦးကိုတစ်ဦး စူးစိုက်ကြည့်နေမိကြပြီး နှလုံးသားက သင်ကြားပို့ချပေးလာသည့် ဘာသာစကားတို့ကို မျက်ဝန်းများမှတစ်ဆင့် ဖတ်ရှု၍ အဓိပ္ပာယ်ဖော်နေမိကြလေသည်။ ကျွန်ုပ်လည်း သူမ၏သေးသွယ်ညွတ်ပျောင်းနေသည့် ဖော့ဖယောင်းသဖွယ်လက်ကလေးများကို ညင်သာစွာပင် ဆုပ်ကိုင်လိုက်သည်။ သူမကလည်း မရုန်းခဲ့ပေ။ ကျွန်ုပ်လည်း တစ်ဆင့်တက်ကာ သူမ၏လှပကျော့ရှင်းသည့် ကိုယ်လုံးလေးကို ရင်ခွင်ထဲသို့





ဆွဲသွင်းကာ ညင်သာစွာပင် ဖက်ထားလိုက်ပါတော့သည်။ သူမက ကျွန်ုပ်၏ရင်ခွင်ထဲတွင် မျက်နှာလေးကိုဝှက်၍အပ်ထားရာမှ မော့၍ကြည့်ကာ တိုးတိုးညင်ညင်လေးဆိုလာသည်။

"အစ်ကို ... ညီမကို ချစ်ရဲ့လားဟင် ... အညှာလွယ်လိုက်တာဆိုပြီး အထင်သေးမှာ စိုးမိပါရဲ့ရှင် ... "

"ညီမရယ် ... ချစ်ခြင်းမေတ္တာဆိုတာ တကယ်ချစ်လာရင် ကိုယ့်ချစ်သူကို အထင်သေးတယ်ဆိုတာမျိုး မရှိပါဘူးကွယ် ... "

"ဝမ်းသာလိုက်တာ အစ်ကိုရယ် ... ညီမလည်း အစ်ကိုတစ်ယောက်တည်းမို့ စိတ်မချတာနဲ့လိုက်လာတာ ... အစ်ကိုသိတဲ့အတိုင်း ညီမတို့တစ်တွေဟာ ဒီစံအိမ်နဲ့မြေအောက်ခန်းကနေပြီး တစ်ဖဝါးမှတောင် ခွာဖူးတာမဟုတ်ပါဘူး ... အခုလိုက်လာတာ အစ်ကို့ကို အစ်ကို့ကို ... "

"ဆက်ပြောလေညီမ ... အစ်ကို့ကို ဘာဖြစ်လဲ"

ကျွန်ုပ်က သူမ၏တစ်ကိုယ်လုံးကို ပို၍တင်းကျပ်စွာဖက်ထားပြီးမှ မေးလိုက်သည်။

"သွား ... သိရက်သားနဲ့ မေးနေပြန်ပြီ ... အစ်ကို သိပ်ပြီးလည်တာပဲ ... ဖက်ထားတာလည်း လူတစ်ကိုယ်လုံး ကျိုးကြေမတတ်ပဲ၊ ညီမ မနေတတ်တော့ဘူး ... လွှတ်ပါဦးအစ်ကိုရယ် ... "

ကျွန်ုပ်လည်း သူမ၏လှတစ်မျက်ယဉ်တစ်ကိုယ်လုံးကို သိမ်းကျုံး၍ ဖက်ထားရာမှ ပါးပြင်နုနုလေးပေါ်သို့ မြတ်နိုးစွာဖြင့် အနမ်းမိုးများရွာသွန်းလိုက်သည်။ ပြီးမှသာ မလွှတ်ချင်လွှတ်ချင်နှင့် လွှတ်ပေးလိုက်လေသည်။ ဤသို့ဖြင့် လျှို့ဝှက်ဥမင်လိုဏ်ခေါင်းထဲတွင် သူမနှင့် ကျွန်ုပ်တို့နှစ်ဦးစလုံး၏အသည်းလွှာမြေပေါ်တွင် အချစ်ပန်းများဖူးပွင့်



www.burmeseclassic.com

www.burmeseclassic.com



ဝေဖြာခဲ့ကြလေပြီတည်း။

ကျွန်ုပ်လည်း အင်ကြင်းရွှေစင်နှင့်အတူ သီဟတို့ကို အချိန်မီ အကြောင်းကြားနိုင်ရန်အတွက် ကျွန်ုပ်၏အိမ်သို့ အမြန်ဆုံးပြန်လာခဲ့ကြပါတော့သည်။

ထိုအချိန်တွင် ကြပ်ပြိုရွာထဲရှိ ဦးဒီပါနေအိမ်တွင် ဦးရှုးစမ်း၊ ဦးဒီပါ၊ သီဟနှင့် ကျေးရွာအေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ အစုံအလင်ရောက်ရှိနေကြသည်။ သူတို့ရောက်ရှိနေကြခြင်းကား မိစ္ဆာစံအိမ်နှင့်ပတ်သက်၍ ဆွေးနွေးနေကြခြင်းဖြစ်သည်။ ဦးရှုးစမ်းက ...

"မောင်ဝဏ္ဏနဲ့ အဆက်အသွယ်မရသေးပေမယ့် အတွင်းလူကတစ်ဆင့် အကြောင်းကြားခဲ့လို့သိရတာက လာမယ့်လပြည့်နေ့ည မိစ္ဆာစံအိမ်မှာ အထူးအစည်းအဝေးရှိတယ် ... မဖြစ်မနေ အဲဒီညမှာ ဝင်ရောက်စီးနင်းဖို့ အကြောင်းကြားလာတယ် ... ဟုတ်တယ်နော် မောင်သီဟ ..."

"ဟုတ်ပါတယ်ဦးလေး ... ကျွန်တော်တို့ ရဲတပ်ဖွဲ့က အရာရှိတစ်ယောက်ကို သူတို့ဆီမှာထည့်ထားတာကြာပါပြီ၊ သူတို့ရဲ့ မကောင်းမှုဒုစရိုက်လုပ်ငန်းတွေ လုပ်ဆောင်နေတယ်ဆိုတဲ့သတင်းကို အထက်ကလူကြီးတွေ သတင်းသဲ့သဲ့ကြားသိရတဲ့အတွက် တာဝန်ရှိတဲ့လူတစ်ယောက် ဒုစရိုက်သမားအသွင်ပြောင်းပြီး မိစ္ဆာစံအိမ်ကို ပို့ထားခဲ့ပါတယ် ... မခိုင်လုံသေးလို့သာ လွှတ်ထားခဲ့ရတာပါ ... အခု အဲဒီအဆက်အသွယ်ရဲ့ လျှို့ဝှက်သတင်းပေးပို့ချက်ကြောင့် သူတို့ရဲ့လုပ်ရပ်တွေကို သိခဲ့ရပါတယ် ... ဒါကြောင့် မြို့နယ်တပ်ဖွဲ့မှူးကလည်း နိုင်လုံတဲ့သတင်းကြောင့် ဖမ်းဆီးအရေးယူဖို့ အမိန့်ပေးခဲ့ပါတယ်ခင်ဗျာ"





"ကောင်းပြီ ... မောင်သီဟရရှိတဲ့သတင်းအချက်အလက်တွေအရ ကျုပ်တို့မိစ္ဆာစံအိမ်ကို တိုက်ရိုက်ပဲဝင်ကြမလား ... ဒါမှမဟုတ် တိတ်တဆိတ်ခြေရာဖျောက်ပြီး ဝင်ကြမလားဆိုတာ စဉ်းစားကြရအောင် ... ကိုဒီပါ့သဘောက ဘယ်လိုရသလဲ ..."

"အင်း ... ကျုပ်သဘောကိုပြောရရင် တိတ်တဆိတ်ဝင်တာက ပိုကောင်းမယ်လို့ယူဆတယ် ... ဒါမှ သူတို့အားလုံး အငိုက်မိပြီးအကုန်လုံးကို အရေးယူနိုင်လိမ့်မယ် ... ဝဏ္ဏရောက်လာရင်တော့ ပိုပြီးကောင်းဟင် ... ဟိုမှာ ဟိုမှာ ဝဏ္ဏပြန်လာပြီဗျ ..."

ဦးဒီပါက သူ့စကားမဆုံးမီမှာပင် ... ခြံထဲသို့ဝင်လာသည့် မောင်ဝဏ္ဏနှင့်အတူ သူတို့တစ်ခါမှ မမြင်ဘူးသေးသည့် ချောမောလှပသည့် မိန်းကလေးတစ်ယောက်ကိုပါ မြင်လိုက်ရသည့်အတွက် ကျန်သည့်လူများကိုပြောလိုက်လေသည်။

ကျွန်ုပ်လည်း ချစ်ရသူရွှေစင်နှင့်အတူ အိမ်ထဲသို့ယှဉ်တွဲကာ ဝင်လာခဲ့ကြသည်။ ကျွန်ုပ်လည်း သီဟနှင့်အတူ အမိဌာနခရီးထွက်သွားသည့် ဦးလေးနှင့် ဦးရှုးစမ်းတို့ကိုပါ တွေ့လိုက်ရသောကြောင့် ပိုပြီးအားတက်သွားမိသည်။ ကျွန်ုပ်နှင့်ရွှေစင်လည်း လူကြီးများဝိုင်းထဲသို့ဝင်ထိုင်လိုက်ကြသည်။ ထိုင်ပြီးသည်နှင့် လူကြီးများနှင့် ရွှေစင်ကို မိတ်ဆက်ပေးလိုက်သည်။

"ဟောဒီ ကျွန်တော်နဲ့အတူပါလာသူက ဒေါ်ကြာဖြူရဲ့ညီမဖြစ်တဲ့ ဒေါ်ကြာညိုရဲ့သမီး အင်ကြင်းရွှေစင်လို့ခေါ်ပါတယ် ... ရွှေစင်ဒါက အစ်ကိုရဲ့ဦးလေး ဦးဒီပါ ... ဟိုဘက်က ဆရာကြီးဦးရှုးစမ်းတဲ့ ဒီဘက်ကတော့ ... အစ်ကိုရဲ့သူငယ်ချင်း ရဲအရာရှိ သီဟလို့ခေါ်တယ်"

"ဟုတ်ကဲ့ ... အခုလိုသိရတာ ဝမ်းသာလှပါတယ်ရှင်"



www.burmeseclassic.com

www.burmeseclassic.com



ကျွန်ုပ်က ရွှေစင်နှင့်ပုဂ္ဂိုလ်အားလုံးကို မိတ်ဆက်ပေးပြီးသည်နှင့် အဓိကအချက်ကိုပြောပြလိုက်သည်။

"သီဟ ... "

"ပြော ... သူငယ်ချင်း ... မင်းဆီကရလာမယ့်သတင်းကို ငါတို့အားလုံး စောင့်နေခဲ့ကြတာပဲ ... "

"ကိုကျော်ဇင်ညွန့်ကိုသတ်တဲ့ လူသတ်သမားဟာ တခြားသူမဟုတ်ဘူး မြကေနိုင်ပဲဖြစ်တယ် ... "

ကျွန်ုပ်၏စကားကိုကြားရသည့်အခါ ရ.ယ.က ဉက္ကဋ္ဌနှင့်အဖွဲ့ဝင်များက အံ့အားသင့်နေကြသော်လည်း ဦးလေးဦးဒီပါ၊ ဂမ္ဘီရပညာရှင်ဦးစူးစမ်းနှင့် သီဟတို့ကမူ အံ့သြဟန်မပြကြချေ။ သူတို့က အံ့သြဟန်မပြသည့်အတွက် အံ့အားသင့်မိသူကတော့ ကျွန်ုပ်ပင်ဖြစ်သည်။ ထို့ကြောင့် ကျွန်ုပ်က အလျှင်အမြန်ပင် မေးမြန်းမိလိုက်သည်။

"သီဟ ... မင်းက ဒီသတင်းကို သိပြီးပြီပေါ့ဟုတ်လား သူငယ်ချင်း ... "

"အတိအကျကတော့ အခု မင်းပြောမှပဲသိကြရတာပါ ... ဒါပေမဲ့ ဒီကိစ္စမှာ တရားခံဟာ မြကေနိုင်ပဲဖြစ်လိမ့်မယ်လို့ ငါတို့တွက်ထားပြီးသားပါကွာ ... "

ကျွန်ုပ်ကား သူတို့၏ကြိုတင်သိမြင်နိုင်စွမ်းရှိသည့် အရည်အချင်းကို လေးစားနေမိတော့သည်။ ကျွန်ုပ်လည်း ကျန်သည့်အရေးကြီးသည့်သတင်းကိုပြောပြလိုက်သည်။ သည်သတင်းကိုသိလိုက်ရသည့်အခါတွင်ကား သီဟ၏မျက်လုံးများက သားကောင်နံ့ကိုရလိုက်သည့် မုဆိုးခွေးတစ်ယောက်ကဲ့သို့ပင် စူးရှပြောင်လက်နေလေသည်။ သီဟက ကျွန်ုပ်အနားသို့ကပ်၍ တီးတိုးပြောလာသည်။ သူပြောသည့်ကိစ္စကလည်း အရေး





ကြီးသည့်အတွက် ကျွန်ုပ်လည်း ရွှေစင်ကို အိမ်တွင်ထားခဲ့ကာ ရွာထဲသို့ထွက်လာခဲ့လေသည်။

ကျွန်ုပ်လည်း ရွာထိပ်ရှိ စပါးစက်ရှေ့သို့ရောက်သည်နှင့် ဟိုဟိုသည်သည်လှမ်းကြည့်လိုက်သည်။ စပါးစက်သို့လာသည့်အခါတိုင်း ဦးပန်းအောင်ကို စက်ထဲတွင် ကုလားထိုင်တစ်လုံးနှင့်ထိုင်နေသည်ကိုတွေ့ရသော်လည်း ယခုမတွေ့သည့်အတွက် ရှာမိခြင်းဖြစ်သည်။

"ဆရာလေးက သူဌေးကိုလာရှာတာလား"

အလုပ်သမားကြီးတစ်ယောက်က ကျွန်ုပ်ကိုမေးခြင်းဖြစ် သည်။

"ဟုတ်ပါတယ် ... ဦးလေး ဦးပန်းအောင်ရှိပါသလားခင်ဗျာ"

"အေးကွယ် ... တော်တော်စောစောလေးတင်ကပဲ စပါးပွဲစားတွေ ဆန်ကုန်သည်တွေနဲ့ချိန်းထားတယ်လို့ပြောပြီး အောက်ဘက်ကိုဆင်းသွားတာပဲ ... ငါ့တူကိစ္စရှိလို့လား ... အရေးကြီးရင် သူဌေးကတော်ကိုခေါ်ပေးပါ့မယ် ... "

"အရေးမကြီးပါဘူးခင်ဗျာ ... လမ်းကြုံလို့ဝင်လာတာပါ ... သွားပါဦးမယ်ဦးလေး ... "

"အေးကွယ် ... သူဌေးပြန်လာရင် ဦးလေး တူမောင်လာတဲ့အကြောင်းပြောပြလိုက်ပါ့မယ် ... "

ကျွန်ုပ်လည်း အလုပ်သမားကြီးကိုခေါင်းညိတ်ပြပြီး စပါးစက်မှ အိမ်သို့ပြန်လာခဲ့ပါတော့သည်။ ကျွန်ုပ်လည်း အိမ်ပြန်ရောက်သည်နှင့် သီဟကိုပြောပြလိုက်သည်။ ထို့နောက်တွင်ကား ရရှိသည့်သတင်းအချက်အလက်များကိုအခြေခံ၍ လပြည့်နေ့ညတွင် မိစ္ဆာစံအိမ်သို့ ဝင်ရောက်တိုက်ခိုက်ရန် အသေးစိတ်တိုင်ပင်ဆွေးနွေးခဲ့ကြပါတော့သည်။



www.burmeseclassic.com

www.burmeseclassic.com



## ၂၂

သည်ကနေ့ညကား လပြည့်နေ့ညပင်ဖြစ်သည်။ လပြည့်နေ့ည ဖြစ်သည့်အလျောက် ကောင်းကင်အာကာယံထဲတွင် ဝိုင်းဝိုင်းစက်စက် လမင်းကြီးက ငွေကြယ်စင်များ၏အလယ်တွင် အစွမ်းကုန်ပင် အလင်းရောင်ကို ထုတ်လွှင့်လျက်ရှိသည်။

လမင်း၏ရောင်ခြည်ကြောင့် တောတောင်တစ်ခွင်လုံးသည်လည်း ရွှေရည်ဆမ်းထားသကဲ့သို့ ဝင်းဝါနေလေသည်။ ထိုအချိန်မှာပင် လူတစ်စုက လက်ပံချောက်ရှိရာသို့ ဦးတည်၍ လာနေကြသည်။ ထိုလူစုကို အသက်ကြီးကြီး ဥပဓိရုပ်ခန့်ညားသည့်လူကြီးတစ်ယောက်က ဦးဆောင်၍ လျှောက်လာခြင်းပင်ဖြစ်သည်။ ရှေ့ဆုံးမှဦးဆောင်၍ တောင်ကုန်းလေးပေါ်မှတစ်ဆင့် ချောက်ထဲသို့ ဦးဆောင်ဆင်းလာသူကား ဦးစူးစမ်းပင်ဖြစ်၍ သူ့နောက်တွင် ဦးဒီပါ၊ သီဟနှင့် ဝဏ္ဏတို့က ထက်ကြပ်မကွာ လိုက်လာခဲ့ကြသည်။





သူတို့ဦးတည်၍သွားနေသည့်နေရာကား ... လက်ပံချောက်အတွင်းတွင် နေထိုင်သည့် မုဆိုးကြီးဆွန်ပထံသို့ပင်ဖြစ်သည်။ ကျွန်ုပ်ကား လက်ပံချောက်နှင့် နီးကပ်လာသည်နှင့်အမျှ ချစ်ရသူအင်ကြင်းရွှေစင်ကို သတိရနေမိသည်။ ရွှေစင်ကား လိုက်လာသည့်နေ့ကပင်လျှင် မြေအောက်စံအိမ်သို့ ပြန်သွားခဲ့သည်။ သူမကား သူ့ကို ချစ်လွန်း၍သာ လိုက်လာခဲ့ခြင်းဖြစ်၍ မိဘနှစ်ပါး ဒေါ်ကြာဖြူနှင့် မြေအောက်စံအိမ်ကို ခွဲ၍ တစ်ခါမျှသွားခဲ့ဘူးသူ မဟုတ်ချေ။ ထို့ကြောင့်လည်း သူတို့ ပြန်ရောက်၍ မကြာမီမှာပင် အစစအရာရာ သတိထား၍ လှုပ်ရှားရန်တဖွဖွ ပြောဆိုမှာကြားပြီးသည်နှင့် မြေအောက်စံအိမ်သို့ ပြန်သွားလေတော့သည်။

ကျွန်ုပ်ကား လျှောက်လာရင်းက မည်မျှအတွေးလွန်နေဟု မဆိုနိုင်။ ပတ်ဝန်းကျင်ကို သတိမပြုနိုင်ခဲ့ချေ။ ရှေ့ဆုံးမှသွားနေသည့် ဦးစူးစမ်း၏ အသံကို ကြားရမှသာလျှင် သတိက ပြန်ဝင်လာပြီး ရှေ့သို့လှမ်းကြည့်မိလိုက်သည်။ ထိုအခါ တဲရှေ့တွင် မတ်တတ်ရပ်နေသည့် မိတ်ဆွေဟောင်းကြီး မုဆိုးကျော်ဆွန်ပကို မြင်လိုက်ရလေသည်။

ဦးစူးစမ်းကား မုဆိုးကြီးဆွန်ပနှင့် သိပြီး ရင်းနှီးပြီးသားဖြစ်သည့်အတွက် လှမ်းပြီးမေးလိုက်သည်။

“မောင်ဆွန်ပ ... အခြေအနေ ဘာထူးသေးလဲ ...”

“အခုအချိန်ထိတော့ ဘာမှမထူးခြားသေးပါဘူး ဆရာကြီး ... ဒါကလည်း ကျွန်တော့်နေရာ ပိုင်နက်ထဲမှာ ပြောတာပါ ... ဟိုမှာတော့ ထူးနေလောက်ပါပြီ ...”

မုဆိုးကြီး၏ ဟိုမှာဟု နာမ်စားသုံးလိုက်သည့်နေရာကား မိစ္ဆာစံအိမ်ဖြစ်မှန်း အားလုံးသဘောပေါက်ပြီးသားဖြစ်သည်။



www.burmeseclassic.com

www.burmeseclassic.com



"ကိုင်း … ဒါဆို ကျုပ်တို့အားလုံး မိစ္ဆာစံအိမ်မြေအောက်ခန်းကို သွားကြရင်ကောင်းမလား … အချိန်ကတော့ နည်းနည်းလေးလိုသေးတယ် … ဘယ်လိုသဘော ရလဲ မောင်သီဟ … "

"ဒါဆို ဒီလိုလုပ်ကြရင် ကောင်းမယ်ထင်တယ် ဦးလေး … "

"ဘယ်လိုများလဲကွာ … ပြောစမ်းပါဦး … "

"ကျွန်တော့်တပ်ဖွဲ့က နယ်ထိန်းဖြစ်တဲ့ ဆရာကြီးအောင်ခင်နဲ့ ဒီမှာချိန်းထားသေးတယ် … သူ့ကို မြေပုံလမ်းညွှန်ပေးပြီးတော့ သစ်ခိုးစခန်းကို ဝင်တိုက်ဖို့ တာဝန်ပေးထားတယ် … အဲ့ဒီကအခြေအနေကို သိချင်သေးတယ် … အချိန်ကလည်း သတ်မှတ်ချိန်ရောက်ဖို့ လိုသေးတယ်ဆိုတော့ ကျွန်တော်တို့အဖွဲ့ ဒီမှာပဲစောင့်နေကြမယ် … ဒါပေမဲ့ ဝဏ္ဏက မြေအောက်ခန်းထိကို ရောက်ဖူးတဲ့အပြင် အဲ့ဒီကလူတွေနဲ့ ရင်းနှီးပြီးသားဆိုတော့ သူ့ကိုအရင်ဆုံးလွှတ်လိုက်ရင်ကောင်းမယ်လို့ စဉ်းစားမိလို့ပါ … ဆရာကြီးတို့ ဘယ်လိုသဘောရပါသလဲ … "

သီဟက သူ့အယူအဆကို တင်ပြလိုက်ပြီး အားလုံး၏သဘောထားကိုပါ မေးမြန်းလိုက်သည်။ ဤတွင် ဦးဒီပါက ဝင်ပြောလိုက်သည်။

"မောင်သီဟပြောတာလည်း မဆိုးပါဘူး … ကောင်းသားပဲ"

"ဝဏ္ဏသူငယ်ချင်း … မင်းတစ်ယောက်ထဲသွားနိုင်ပါလား"

ကျွန်ုပ်ကား … ချစ်ရသူနှင့် အမြန်ဆုံးတွေ့ချင်နေသူဖြစ်သည့်အတွက် သီဟ၏စကားကို ကြားလိုက်ရသည့်အခါ ရေငတ်တုန်း ရေတွင်းထဲကျသူကဲ့သို့ပင် အကြိုက်ဖြစ်သွားတော့သည်။ ထို့ကြောင့်ပင် သီဟစကားကို အလျှင်အမြန်ပင် သဘောတူကြောင်း ပြန်ပြောလိုက်သည်။

"ကောင်းတယ် သူငယ်ချင်း … ငါသွားနိုင်မယ် … "





ကျွန်ုပ်လည်း ဤကဲ့သို့ ပြန်ပြောပြီးသည်နှင့် ချက်ချင်းပင် အရင်က လာခဲ့သည့် လမ်းအတိုင်း စမ်းရေအိုင်ငှပေါက်မှတစ်ဆင့် လှို့ဝှက်လမ်းကြောင်းအတိုင်း လာခဲ့လေသည်။ မကြာမီအတွင်းမှာပင် အထက်အုတ်လှေကားထစ်များများနှင့် အချိုးအကွေ့များကို လွန်လာခဲ့ပြီးနောက် 'ဗိသုကာပညာရှင်ကြီး ဆွန်ကြဲလှုံ'၏ အမှတ်တရရုပ်တုကြီး ထားရှိရာ အုတ်တိုက်ကလေးပေါ်သို့ ရောက်လာခဲ့သည်။

ကျွန်ုပ်လည်း ဗိသုကာပညာရှင်ဘိုးဘိုးကြီးကို ဂါရဝပြုလိုက်ပြီးနောက် အဆင်းအုတ်လှေကားထစ်များနှင့် အချိုးအကွေ့ပေါင်းများစွာကို လွန်မြောက်လာပြီး … နောက်ဆုံးတွင်ကား အရင်တစ်ခေါက်က ရောက်ခဲ့သည့် မြေအောက်ခန်းသို့ ရောက်လာခဲ့လေတော့သည်။

ကျွန်ုပ် လှို့ဝှက်လမ်းကြောင်းမှ ထွက်လျှင်ထွက်ချင်း မြင်လိုက်ရသည်က ချစ်ရသူအင်ကြင်းရွှေစင်၏မျက်နှာလှလှလေးပင်ဖြစ်သည်။ ကျွန်ုပ်ကား မြေအောက်ဥမင်လိုဏ်ခေါင်းတစ်လျှောက် ပင်ပန်းလာခဲ့သမျှ အမောပြေခဲ့ရလေပြီ။ ကျွန်ုပ်ကို မြင်မြင်ချင်းပင် သူမက ကျောက်ဖြူလမ်းကလေးအတိုင်း ပြေးလာပြီး ရင်ခွင်ထဲသို့ တိုးဝင်ကာ ကျွန်ုပ်ကို ဖက်ထားပါလေတော့သည်။ သူမ၏နှုတ်ခမ်းနှစ်လွှာမှာလည်း စကားသံတို့က ချိုမြစွာထွက်ပေါ်လာသည်။

"အစ်ကို … အစ်ကို ပြန်ရောက်လာပြန်ပြီနော် … "

"အစ်ကိုရောက်လာပါပြီ ရွှေစင်ရယ် … ပြီးတော့ ဒီနေ့ညဟာလပြည့်နေ့ဆိုတာ ရွှေစင်အသိသားပဲကွယ် … "

ကျွန်ုပ်ကလည်း သူမကို တင်းကြပ်စွာပြန်လည်ပွေ့ဖက်ထားရင်းက မျက်နှာလှလှလေးကို မြတ်နိုးစွာစိုက်ကြည့်ရင်း ပြန်လည်ပြောလိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com



"ရွှေစင် သိပါတယ် အစ်ကိုရယ် ... ဒါနဲ့ ကျန်တဲ့လူတွေကော အစ်ကိုနဲ့အတူ မပါလာဘူးလား ... ကြီးမေ၊ အမေနဲ့အဖေတို့ကလည်း စောင့်မျှော်နေကြတယ်လေ ... "

"စီစဉ်စရာတွေစီစဉ်ပြီးတာနဲ့ မှဆိုးကြီးကိုဆွန်ပန်နဲ့အတူ လာကြလိမ့်မယ်ရွှေစင် ... အစ်ကိုကသာ ဟောဒီချစ်သူလေးကို သတိရလွန်းလို့ သူတို့ကိုမစောင့်ဘဲ အရင်ဆုံးထွက်လာခဲ့တာ ... "

ကျွန်ုပ်၏စကားကြောင့် သူမ၏မျက်နှာလေးက တိမ်ညိုကင်းသည့် လမင်းကြီးပမာရွှန်းလက်သာယာနေလေသည်။ ကျွန်ုပ်လည်း အမိကလာရင်းကိစ္စကိုပင် မေ့လျော့ကာ ချစ်ရသူ၏မျက်နှာလေးကိုသာလျှင် တစိမ့်စိမ့်ကြည့်နေခဲ့မိသည်။

"အစ်ကို ... သွားကြရအောင် ... ဟိုမှာ ကြီးမေတို့အားလုံး မျှော်နေကြတယ်လေ ... "

"အင်း ... ဟုတ်သားပဲ ... သွားကြမယ်လေ"

ကျွန်ုပ်လည်း ရွှေစင်၏လက်ကိုဆွဲကာ မြေအောက်ခန်းထဲသို့ လာခဲ့သည်။ အရင်တစ်ခေါက်လာရောက်ခဲ့စဉ်တုန်းကကဲ့သို့ပင် ... အဆောင်ဆောင်အခန်းခန်းတို့ကို ဖြတ်ကျော်လာခဲ့ပြီးနောက် ရွှေစင် လျှို့ဝှက်တံခါးကိုဖွင့်၍ ဝင်လိုက်ပြီး အထဲသို့အသံစာစာလေးနှင့် လှမ်းပြောလိုက်သည်။

"ကြီးမေ ... အစ်ကိုရောက်လာပြီလေ"

သူမ၏စကားသံဆုံးသည်နှင့် တံခါးတစ်ချပ်က ဘေးသို့ပွင့်သွားသည်။ ကျွန်ုပ်တို့နှစ်ယောက်လည်း အခန်းထဲသို့ လှမ်းဝင်လိုက်ရာ အခန်းထဲတွင် ညီအစ်မနှစ်ယောက်စလုံး မျက်နှာညှိုးလေးတွေဖြင့် ခုတင်ပေါ်၌ထိုင်နေသည်ကို တွေ့လိုက်ရသည်။ အထူးသဖြင့် ရွှေစင်၏





မိခင်ဖြစ်သူ ဒေါ်ကြာညို၏မျက်နှာက ပို၍ညှိုးနေလေသည်။

"ဟင် ... ကြီးမေနဲ့မေမေတို့ ဘာဖြစ်လို့လဲဟင် ... ဖေဖေကော ဖေဖေလည်းမတွေ့ပါလား ... "

ဤသို့မေးလိုက်ကာမှပင် ဒေါ်ကြာညို ညှိုးနေသည့်မျက်နှာပေါ်တွင် မျက်ရည်စများ စီးကျလာသည်ကိုတွေ့လိုက်ရသည်။ ကျွန်ုပ်လည်း တစ်ခုခုထူးခြားနေပြီမှန်းသိလိုက်သည်။ ရွှေစင်က သူ့အမေ၏ ပခုံးကိုဖက်၍ မေးနေပြန်သည်။

"အမေ ... အမေ ... ဘယ်လိုဖြစ်လို့လဲ ... ဖေဖေကောလို့ သမီးမေးနေတာ ပြောစမ်းပါဦး မေမေရယ်"

ဤသို့ မရမကမေးတော့မှသာလျှင် ဒေါ်ကြာညိုက ရှိုက်သံစွက်၍ပြောလိုက်သည်။ ဒေါ်ကြာညို၏အသံက တုန်ရီနေသည်။

"သမီး ... သမီး ... သမီးလေးရွှေစင် ... သမီးဖေဖေကို ဟိုလူယုတ်မာကိုဒီဇွန်နဲ့ တပည့်လူဆိုးတွေဖမ်း ... ဖမ်းခေါ်သွားကြပြီသမီးရယ် ... "

"ဟင် ... အို ... ဒုက္ခပါပဲရှင် ... မေမေ အဲဒီလူယုတ်မာကြီးက ဖေဖေ့ကို ဘာဖြစ်လို့ဖမ်းသွားတာလဲဟင် ... "

"သမီးလေးရယ် ... ဘာဖြစ်လို့လဲဆိုတော့ ... လျှို့ဝှက်လမ်းကြောင်းကို မပြလို့ပဲပေါ့ကွယ် ... "

"အစ်ကို ... အစ်ကို ဖေဖေ့ကို ကယ်ပေးပါဦးရှင်"

"စိတ်အေးအေးထားပါညီမ ... ဒါနဲ့ ဘယ်တုန်းကဖမ်းသွားတာလဲခင်ဗျာ ... "

"ရွှေစင်က မင်းကိုသွားကြိုမယ်ဆိုပြီး ထွက်သွားတယ် ... သိပ်မကြာခင်မှာပဲ ဒီဇွန်နဲ့တပည့်တွေရောက်လာပြီး အဒေါ်တို့ကိုလာမေးကြ



www.burmeseclassic.com

www.burmeseclassic.com



တယ် ... သမီးအဖေက ကိုဒိဗ္ဗကို ပြင်းပြင်းထန်ထန်တုံ့ပြန်လိုက်တယ် ကွယ် ... အဲဒီမှာတင် ပိုင်းဝန်းပြီး ဖမ်းဆီးသွားကြတော့တာပါပဲကွယ်၊ တော်ပါသေးရဲ့ သမီးလေးကို သူတို့တွေမသွားလို့သာပဲ နို့မို့ဆို သမီးကို ဓားစာခံအဖြစ်ဖမ်းသွားကမှာသေချာတယ် ... ကူညီပါဦးလူလေးရယ်"

ကျွန်ုပ်လည်း သီဟတို့အဖွဲ့ ရောက်မလာခင် စွန့်စားမည်ဟု ဆုံးဖြတ်လိုက်ရလေသည်။ ထို့ကြောင့် အရေးကြီးသည့်အချက်ကို ထပ်၍မေးမြန်းကြည့်လိုက်သည်။

"အဒေါ်တို့ အပေါ်ထပ်စံအိမ်ကိုတက်တဲ့ လျှို့ဝှက်လမ်းကို တော့ သိကြပါတယ်နော် ..."

"သိပါတယ်ကွယ် ... ကိုဒိဗ္ဗတို့သိတာက ရိုးရိုးလမ်းပါကွယ် အဒေါ်တို့မိသားစုလေးယောက်သာသိတဲ့ လျှို့ဝှက်လမ်းရှိပါတယ်"

"အဲဒီလမ်း ကျွန်တော့်ကို လိုက်ပြပါလားခင်ဗျာ ..."

ဤတွင် ရွှေစင်က သူ့အမေကို အလျှင်အမြန်ပင် ဝင်ပြောလိုက် လေသည်။ သူမ၏မျက်နှာလှလှပေါ်တွင်လည်း မျက်ရည်စများနှင့် အတူ ညှိုးငယ်နေရှာသည်။

"အမေ ... အမေ ... အစ်ကို့ကိုသမီးပဲ လိုက်ပြလိုက်မယ် ကြီးမေ ... သမီးလိုက်ပို့ပါရစေနော် ..."

"ကောင်းပါပြီကွယ် ... သမီး ဒီလောက်စိတ်ထက်သန်နေရင် လည်း ကြီးမေတို့မတားတော့ပါဘူး ... ဒါပေမဲ့ လူလေးကို လျှို့ဝှက် လမ်းကိုပြပြီးတာနဲ့ သမီး ဒီကိုချက်ချင်းပြန်လာခဲ့ရမယ်ဟုတ်ပြီလား"

"ဟုတ်ကဲ့ ... သမီးချက်ချင်းပြန်လာခဲ့ပါ့မယ်"

"လူလေး ... မင်းညီမကို စောင့်ရှောက်ပါနော်"

"စိတ်ချပါခင်ဗျာ ... ကျွန်တော့်အသက်နဲ့ရင်းပြီး ရွှေစင်ကို မှ





တစ်ပေါက်မှမစွန်းရအောင် စောင့်ရှောက်ပါ့မယ်လို့ ကတိပေးပါတယ် ခင်ဗျာ ..."

"ကောင်းပါပြီကွယ် ..."

"ကျေးဇူးပါပဲလူလေးရယ် ..."

"နောက်ကအဖွဲ့ ရောက်လာရင် ကျွန်ုပ်တော် အရင်သွားနှင့်ပြီလို့ ပြောလိုက်ပါခင်ဗျာ ..."

"စိတ်ချလူလေး ... အဒေါ်တို့ပြောလိုက်ပါ့မယ်"

"လာ ... အစ်ကို ... ရွှေစင့်နောက်ကလိုက်ခဲ့ သွားကြမယ်"

ကျွန်ုပ်လည်း ရွှေစင်နောက်သို့ လိုက်လာခဲ့သည်။ မြေအောက် ခန်းကား ကျယ်ဝန်းလှသကဲ့သို့ လမ်းကြောင်းတွေကလည်း ဝက်ပါ ကဲ့သို့ပင် ရှုပ်ထွေးသည်ကို သတိထားမိလိုက်သည်။ ဤသို့ဖြင့် အနီ ရောင် ဆေးသုတ်ထားသည့် အခန်းရှေ့သို့အရောက်တွင် ရွှေစင်က ရပ် လိုက်သည်။ ထို့နောက် နံရှတွင် မသိမသာလေးချိုင့်ဝင်နေသည့်နေရာ သို့ ရွှေစင်က လက်မလေးနှင့် နှိမ်လိုက်သည်ကိုတွေ့လိုက်ရသည်။ ချက်ချင်းပင် တံခါးတစ်ချပ်ကပွင့်လာပြီးနောက် ရွှေစင်က ကျွန်ုပ်၏ လက်ကိုဆွဲကာ အခန်းထဲသို့ဝင်လိုက်သည်။

အခန်းထဲတွင်ကား အပေါ်သို့တက်သည့် ကြောင်လိမ်လှေကား များကို မြင်လိုက်ရသည်။

"အစ်ကို ဒီကြောင်လိန်လှေကားအတိုင်း တက်သွားရင် အပေါ် ဆုံးထပ်ကို အမြန်ဆုံးရောက်ပါပြီ ... ရွှေစင်အစ်ကိုနဲ့ လိုက်ခဲ့ချင်ပေမဲ့ ကြီးမေတို့ကို ကတိပေးထားပြီးနေပြီ ... သတိထားပြီး သွားပါနော်၊ ရွှေစင် အစ်ကို့အတွက် စိတ်ပူသလို ဖေဖေအတွက်လည်း အရမ်းကိုပူ နေမိပါရဲ့ အစ်ကိုရယ် ..."



www.burmeseclassic.com

www.burmeseclassic.com



"စိတ်ချပါကွယ် ... ဦးလေးကိုလည်း အစ်ကိုမရ,ရတဲ့နည်းနဲ့ ကယ်လာခဲ့ပါ့မယ် ... ကဲ ... ဒေါ်ဒေါ်တို့ စိတ်ပူနေဦးမယ် ... ရွှေစင် ပြန်တော့နော် ... "

ကျွန်ုပ်လည်း ရွှေစင်၏နဖူးလေးကို ငုံ၍ နမ်းလိုက်သည်။ ရွှေစင်ကလည်း ကျွန်ုပ်၏ပါးတစ်ဘက်ကို လှစ်ခနဲနမ်းလိုက်ပြီးနောက် တံခါးဖွင့်ကာ ပြေးထွက်သွားပါလေတော့သည်။

ဝဏ္ဏတစ်ယောက် ဦးဒေဝါကိုကယ်တင်ရန် အပေါ်ထပ်သို့ မရောက်မီ အချိန်လေးမှာပင် မိစ္ဆာစံအိမ်အောက်ထပ်တွင်လည်း ပြဿနာများ တက်နေပြီဖြစ်သည်။ အောက်ထပ်ရှိ ခန်းမထဲတွင် ဂိုဏ်းခေါင်းဆောင်ကြီးနှင့်တကွ ဒုခေါင်းဆောင် ဦးဒိဗ္ဗနှင့် တတိယခေါင်းဆောင် မြကေခိုင်အပါအဝင် ဦးတာနော အစရှိသည့် နဂါးမောက်ဂိုဏ်းသားအချို့လည်း ရှိကြသည်။ သက်ပြင်း၊ မိုက်ခဲ၊ ယက္ခ၊ ဗလ တို့လေးယောက်ကား ခန်းမအပြင်ဘက်တွင် လက်နက်ကိုယ်စီနှင့် စောင့်နေကြသည်။ ဂိုဏ်းခေါင်းဆောင်ကြီးတစ်ဦးသာ ခေါင်းစွပ်နက် စွပ်ထား၍ ဦးဒိဗ္ဗနှင့် မြကေခိုင်တို့ကမူ ဘာမျှစွပ်မထားခဲ့ကြပေ။

ထို့အပြင် ခန်းမထဲတွင် မျက်နှာနီစပ်စပ်နှင့် (တရုတ်ကပြားပုံစံပေါက်နေသည့်) အသက်လေးဆယ်ကျော် နှာခေါင်းခပ်ပြားပြားနှင့် လူနှစ်ယောက်လည်း ရောက်နေကြသည်။ ထိုနှစ်ယောက်ကားခိုးထားသည့်သစ်များနှင့် စိတ်ကြွဆေးပြားတို့ကို လာရောက်လဲလှယ်ကြသည့်သူများပင်ဖြစ်ကြသည်။

ယခု အရောင်းအဝယ်တည့်ကြပြီးဖြစ်သည်။ ယခုတစ်ခါကား အချီကြီးပင်ဖြစ်သည်။ ကျွန်းသစ်တန်ပေါင်းများစွာကို တစ်ဘက်နိုင်ငံသို့ ယူသွားကြသည့်သူများကို နဂါးမောက်ဂိုဏ်းက တာဝန်ယူ၍ သယ်





လုံးများ ခွဲသားသားများကို ပင်လယ်ဝအထိ လိုက်ပို့ပေးရမည်ဖြစ်သည်။ သစ်ဝယ်သူများထံမှ စိတ်ကြွဆေးပြားနှင့် လဲကြခြင်းပင်ဖြစ်သည်။ သစ်နှင့်လဲလှယ်၍ ရရှိသည့်တန်ဖိုးက အနည်းဆုံး သိန်းနှစ်ထောင်လောက်ရှိသည်။

သည်မှာပင် ပြဿနာက စ၍တက်လာခြင်းဖြစ်သည်။ မြကေခိုင်၏မျက်နှာပေါ်တွင် လောဘဇောများက ဖုံးမနိုင်ဖိမရ ပေါ်လွင်နေသည်။ သိန်းနှစ်ထောင်ဆိုသည်ကလည်း ... သူမအတွက် မက်မောလောက်သည့် ငွေကြေးပမာဏဖြစ်နေသည်။ သည်ဆေးပြားတွေကိုသာ တစ်ယောက်ထဲအပိုင်ရလိုက်လျှင် ရောင်း၍ရလာမည့်အကျိုးအမြတ်က သိန်းနှစ်ထောင်အထက်မှာရှိမှန်း သူမသိပြီးသားဖြစ်သည်။ ထို့ကြောင့် အကွက်ကောင်းကိုချောင်းနေလေသည်။

သည်စဉ်မှာပင် ခေါင်းဆောင်ကြီးက လူယုံတော်ကြီး ဦးတာနောကို လှမ်းခေါ်လိုက်သည်။

"တမန်တော်ကြီးကိုတာနော လာပါဦးဗျာ ... နအောင်ပွဲခံတဲ့အနေနဲ့ တစ်ခွက်လောက်မော့လိုက်ရအောင် ... တစ်ခွက်လောက်ကျုပ်ကို ထည့်ပေးစမ်းပါ ... "

ဦးတာနောက အမိန့်ကိုနာခံကာ ထိုင်ရာမှထလိုက်သည်။ မြကေခိုင်က သည်အကွက်ကို ချောင်းနေခြင်းဖြစ်သည်။ ဦးတာနောတစ်ယောက် သေနတ်ကို ခါးကြားထဲထိုးထည့်ပြီး ထလိုက်သည်နှင့် မြကေခိုင်က အခန်းထဲတွင် ထိုင်နေကြသည့် ကျားကြီးနှင့် အောင်မောင်းတို့နှစ်ယောက်ကို မျက်လုံးဖြင့် အချက်ပြလိုက်သည်။

အောင်မောင်းနှင့် ကျားကြီးဆိုသည်က သူမလက်သတ်မွေးထားသည့် လူမိုက်နှစ်ယောက်ဖြစ်သလို သူမဆော့ကစားဖက်သက်ရှိ



www.burmeseclassic.com

www.burmeseclassic.com



အရုပ်များလည်းဖြစ်ကြသည်။ သူမအချက်ပြလိုက်သည်နှင့် အောင်မောင်းနှင့် ကျားကြီးတို့က သေနတ်များကို လျှင်မြန်စွာ ထုတ်ချိန်လိုက်ပြီး ဟိန်းဟောက်လိုက်ကြလေတော့သည်။

"အားလုံးတစ်ယောက်မလှုပ်နဲ့ ... မလှုပ်နဲ့ဆို လုံးဝမလှုပ်လိုက်ပါနဲ့ ... ခေါင်းဆောင်ကြီးကော ဆရာဦးဒိဗ္ဗကော လက်မြှောက်ထားလိုက်ကြစမ်း ... ကျန်တဲ့သူတွေလည်း တစ်ယောက်မှ မျက်စိနောက်အောင် မလှုပ်နဲ့နော် ... ကျည်ဆန်က မျက်စိပါတာမဟုတ်ဘူး ဟား၊ ဟား ... ဟား ... "

ခေါင်းဆောင်ကြီးနှင့် ဦးဒိဗ္ဗတို့၏မျက်လုံးများက မီးထွက်တော့မတတ် တောက်ပြောင်နေကြသည်။ ခေါင်းဆောင်ကြီးက စူးရှအက်ကွဲသည့်လေသံနှင့် မေးလိုက်သည်။

"ဟေ့ကောင်တွေ ... မင်းတို့နှစ်ယောက်က ဘာသဘောလဲကွ၊ ဘာလဲ ... သစ္စာဖောက်တာလား ... "

ခေါင်းဆောင်ကြီး၏စကားအဆုံးတွင် မြကေခိုင်က ထိုင်နေရာမှထလိုက်ပြီး ကိုယ်လေးတသိမ့်သိမ့် တုန်ခါသည်အထိ ရယ်မောနေလေတော့သည်။

"ခစ် ... ခစ် ... ခစ် ... ဟင် ... ဟင် ... ဟင် ... ဘာသဘောတဲ့လဲ ... ဟုတ်လား ခေါင်းဆောင်ကြီး ... ဟုတ်ကဲ့ ... ပြောပါ့မယ်ရှင်၊ အခုအချိန်ကစပြီး ဒီပစ္စည်းတွေအားလုံးကို ကျွန်မကပဲ သိမ်းလိုက်ပါပြီရှင် ... ရှင်းပါတယ်နော် ... ခစ် ... ခစ် ... ခစ် ... ဟင်း ... ဟင်း ... ဟင်း ... "

အောင်မောင်းက သေနတ်နှင့်ချိန်ထားရင်းကပင် ခေါင်းဆောင်ကြီးနှင့် ဦးဒိဗ္ဗတို့၏ ခါးကြားတွင် ထိုးထားသည့် သေနတ်များကို လိုက်





ဖြုတ်ယူလိုက်သည်။

"သြော် ... လက်စသတ်တော့ ဒါတွေဟာ နင့်အကြံတွေပဲကိုး၊ ဟုတ်လား မြကေခိုင် ... မင်းက သစ္စာဖောက်တာပေါ့လေ ... "

"သြော် ... ကျားကိုက်ပါတယ်ဆိုမှ အပေါက်လေးနဲ့လားလို့ မေးနေရသေးတယ် ... ဟုတ်တယ် ... ရှင်းအောင်ပြောလိုက်မယ် ... တမန်တော်ဦးတာနောကလွဲလို့ ကျန်တဲ့လူတွေအားလုံးဟာ ကျွန်မရဲ့လူတွေချည်းပဲရှင့် ... မြကေခိုင်ဆိုတာ ပိုင်မှလုပ်တတ်တယ်ဆိုတာ သဘောပေါက်သင့်ပါပြီ ... "

ဤအချိန်တွင် ကျွန်ုပ်ကား အပေါ်ထပ်တွင် ချုပ်နှောင်ထားသည့် ဦးဒေဝါကို အခန်းတစ်ခုတွင် တွေ့ရှိ၍ ကယ်တင်ခဲ့ပြီးပြီဖြစ်သောကြောင့် သူတို့နှင့် အနီးဆုံးနေရာသို့ ရောက်နေလေပြီ။ ထို့ကြောင့် အခန်းထဲမှ ပြောသမျှစကားတို့ကို ကျွန်ုပ်အနေနှင့် အတိုင်းသားကြားနေရသည်။

ဦးဒိဗ္ဗက တောက်တစ်ချက်ကို ပြင်းစွာခေါက်လိုက်ပြီး မြကေခိုင်ကို အံကြိတ်ကြည့်ပြီး ပြောလိုက်သည်။

"တောက် ... မြွေခွေးလိုကောက်ကျစ်တဲ့ ကောင်မ ... နင့်လောက်ကောက်ကျစ်တဲ့မိန်းမမျိုး ငါ တစ်ခါမှမတွေ့ဘူးသေးဘူး ... နင့်ကို လျှော့တွက်မိတာ မှားတာပဲ ... ပြီးတော့ ... နင် ... နင်ဟာ"

"ဘာလဲ ... ကျွန်မက ရှင့်ရဲ့ဇနီးမယားဖြစ်တယ်ဆိုတာ ပြောဦးမလို့လား ... ဟား ... ဟား ... ဟား ... ရှင်ဟာ သိပ်ပြီးသနားစရာကောင်းတဲ့လူပဲ ... ကျွန်မရဲ့ ဦးနှောက်ထဲမှာသိတာက ငွေပဲရှင့် ငွေ သိရဲ့လား ... ငွေရှိမှ ချမ်းသာမယ် ... ထင်သလိုဖြစ်နိုင်မယ် ... လင်ဆိုတာ သွေးသားဆန္ဒအတွက် ဖြည့်ဆည်းပေးတာကလွဲလို့ ကျွန်မ

www.burmeseclassic.com



အတွက် ပိုပြီးတန်ဖိုးမရှိဘူးရှင့် ... ရှင်းရဲ့လား ..."

ကျွန်ုပ်သည် မြကေခိုင်၏စကားများကို ကြားရသည့်အခါတွင် ကြက်သီးများပင် ထခဲ့မိသည်။ ဤမိန်းမကား အလွန်ကြောက်စရာ ကောင်းလွန်းသည်ထက် ရွံစရာဆက်ဆုပ်စရာ ပိုကောင်းလွန်းလှသည်။ ကျွန်ုပ်လည်း ဝင်လို့မသင့်သေးသည့်အတွက် ဆက်ပြီးနားစွင့်ထားလိုက်သည်။ သည်တစ်ခါပြောလိုက်သည့် ဦးဒိဗ္ဗ၏စကားကို ကြားရသည့်အခါတွင်ကား ကျွန်ုပ်၏ဦးခေါင်းတစ်ခုလုံးသည် အိုးထိန်းစက်ပမာ သွက်သွက်ခါရမ်းသွားသည်အထိ အတုန်လှုပ်ကြီး တုန်လှုပ်မိပါတော့သည်။

"ဒါ ... ဒါ ... ဒါဆိုရင် ဟိုကောင်ဝဏ္ဏကို ဝိညာဉ်ယောင်ဟန်ဆောင်ပြီး နင့်ခန္ဓာကိုယ်ကို ပေးအပ်ခဲ့တာကလည်း သွေးသားကြောင့်ပဲပေါ့လေ ဟုတ်လား ... နင်ဟာ ငါနဲ့ညားနေတာတောင်မှ ဖောက်ပြန်တုန်းပဲဆိုတာ ငါ မသိဘူးများမှတ်နေသလား ..."

ကျွန်ုပ်ကား မြကေခိုင်ကို သတ်ပစ်ချင်သည့်စိတ်ကို အတင်းပင် ထိန်းချုပ်ထားရလေသည်။

"ဟင်း ... ဟင်း ... ဟင်း ... ခစ် ... ခစ် ... ခစ် ... ရှင်က ဒီလောက်လေးပဲသိတာကိုး ... အခုအချိန်ရောက်မှတော့ မထူးတော့ပါဘူးလေ ... ရှင်မသေခင် နားထောင်သွားစမ်းပါဦးရှင် ... ကျွန်မရဲ့ လင်အရင်းခေါက်ခေါက်ဖြစ်တဲ့ ကျော်ဇင်ညွန့်ကို ဘယ်သူသတ်တယ်လို့များ ရှင်ထင်သလဲ ..."

"ဟင် ... မင်း ... မင်း ... မင်း ..."

ဦးဒိဗ္ဗကား သည်တစ်ခါတွင်တော့ မျက်လုံးများပြူးကျယ်ထွက်လာသည်အထိ အံ့သြမိခဲ့လေပြီတည်း။ သူ့လိုလူကို မလိမ့်တစ်ပတ်လုပ်၍ လက်ပါးသိမ်းဆောင်ကို သတ်ပစ်အောင် လမ်းလွှဲပေးခဲ့သည့် မြကေ





ခိုင်၏ ကမ်းကုန်အောင် ရက်စက်ယုတ်မာမှုကိုပင် သြချယူရလေပြီတည်း။

"ဟုတ်တယ် ... ရှင်သိတာ သိပ်ပြီးနောက်ကျသွားပါပြီရှင် ... ကျွန်မဟာ ကျော်ဇင်ညွန့်ကို မျက်ကန်းလက်ထပ်ခဲ့တာ မဟုတ်ဘူး၊ သူ့မှာ ဖားကန့်က ကျောက်စိမ်းတွေထည့်လာတဲ့ ရတနာသေတ္တာပါလာမှန်းသိလို့ လက်ထပ်ခဲ့တာရှင့် ... ကျွန်မက ညင်ညင်သာသာ တောင်းပေမဲ့ သူက မပေးဘူးလေ ... ဒါကြောင့် သူ့ကို အပြတ်ရှင်းပစ်ပြီး ရတနာသေတ္တာကို ကျွန်မယူထားလိုက်တာပါပဲ ... ကိုင်း ... အခု ခေါင်းဆောင်ကြီးနဲ့ ရှင့်အလှည့်ရောက်လာပြီ ... မကျေနပ်ရင်လည်း ငရဲပြည်ရောက်မှသာ စာရင်းရှင်းကြတာပေါ့ရှင်ရယ် ... ဟင်း ... ဟင်း၊ ဟင်း ..."

ဤသို့ပြောဆိုပြီးသည်နှင့် တစ်ပြိုင်နက်တည်းမှာပင် ခေါင်းဆောင်ကြီးနှင့် ဦးဒိဗ္ဗတို့ကို ပစ်ရန်သေနတ်ကို ခါးကြားထဲမှ ဆွဲထုတ်ပြီး ချိန်းထားလိုက်သည်။ ဤတွင် သူတစ်ပါးကို ရက်ရက်စက်စက် သတ်ဖြတ်ခဲ့သည့် ခေါင်းဆောင်ကြီးကား ကိုယ့်အလှည့်ကျလာသော အခါတွင် သေရမှာကြောက်၍ မြကေခိုင်ကို တောင်းပန်နေလေတော့သည်။

"မြကေခိုင် ... ငါ့ကိုမပစ်ပါနဲ့ ... မင်းလိုချင်တာတွေကို ယူသွားပါ ... ငါ့အသက်ကိုတော့ ချမ်းသာပေးပါ ..."

သူတို့ခေါင်းဆောင်ကြီး၏ ရက်စက်သည့်စိတ်ဓာတ်ကို သိထားကြသည့် ဦးဒိဗ္ဗနှင့်တကွ ကြားရသူအားလုံးပင် အံ့အားသင့်နေကြသည်။ မြကေခိုင်က ခေါင်းဆောင်ကြီး၏ မျက်လုံးကို စူးစိုက်စွာကြည့်လိုက်ပြီး ခပ်မာမာပင် မေးလိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com



"ဘယ်လိုဖြစ်တာလဲ ခေါင်းဆောင်ကြီး ... ရှင်ဟာ ကျွန်မသိသလောက် အင်မတန်မှ ရက်စက်တဲ့လူပါ ... ရက်စက်တာမှ သွေးအေးအေးနဲ့ ရက်စက်တဲ့လူစားက အခုကြတော့ သေရမှာကြောက်နေပါလား ... သူများကို သတ်ရဲရင် သေရဲရတယ်ရှင့် ... သိရဲ့လား ... "

"ငါ ... ငါ ... ငါ ... သတ်ရဲပေမဲ့ မသေရဲဘူး မြကေခိုင် ... ငါရဲ့စည်းစိမ်ချမ်းသာတွေကို ခံစားချင်သေးတယ် ... မသေပါရစေနဲ့ကွယ် ... ကျုပ် တောင်းပန်ပါတယ် ... ကျုပ်ကို မသတ်ပါနဲ့ ... "

"ကျွတ် ... ကျွတ် ... ကျွတ် ... သနားစရာကောင်းလှချည်လားရှင် ... ဒါပေမဲ့ ရှင်တောင်းပန်လို့လည်း အလကားပါပဲ ... ကျွန်မက ရန်သူဆိုရင် အပြတ်ရှင်းရမှ ... ကျေနပ်တယ် ... ဒီတော့ ... "

သည်အချိန်မှာပင် မျှော်လင့်မထားသည့် အဖြစ်အပျက်တို့က လျှပ်တစ်ပြက်အတွင်းမှာပင် ဖြစ်ပေါ်လာတော့သည်။ ကျွန်ုပ်သည်ပင်လျှင် သူတို့ကိုလက်ရဖမ်းဆီးဖို့ မဖြစ်နိုင်သည့်အခြေအနေတွင် ထင်မှတ်မထားသည်တို့က ဖြစ်ပေါ်လာကြလေသည်။

အကြောင်းကမူ မြကေခိုင်က ပစ္စတိုသေနတ်ကို ဆန့်တန်း၍ ပစ်ရန် လက်မြှောက်လိုက်သည်နှင့် မြားတံတစ်ချောင်းက 'ဝှီး'ခနဲ မြည်သံနှင့်အတူ သူမ၏သေနတ်ကိုင်ထားသည့်လက်ကို လာရောက်ထိမှန်သွားသည့်အတွက် လက်မှသေနတ်က ကွန်ကရစ်ကြမ်းခင်းပေါ်သို့ ဒေါက်ခနဲကျသွားသည်။

တစ်ဆက်တည်းမှာပင် ...

"ဒိုင်း ... ဒိုင်း ... "

ဟူသည့် သေနတ်သံများနှင့် မြားတံများက အပြင်ဘက်မှ ပြေးဝင်လာကြသည့်သူများနှင့် အောင်မောင်းနှင့် ကျားကြီးတို့ကို ထိမှန်





သွားခဲ့ပြန်သည်။ ကျွန်ုပ်လည်း မဆိုင်းတော့ဘဲ အခန်းထဲသို့ ပြေးဝင်လာခဲ့သည်။ တစ်ပြိုင်တည်းလိုလိုပင် မျက်နှာကျက်ဘုတ်တန်းပေါ်ရှိ ထုတ်တန်းကြီးများပေါ်မှ မုဆိုးကြီးဆွန်ပ၊ သီဟ၊ ဦးစူးစမ်းနှင့် ကျွန်ုပ်၏ဦးလေး ဦးဒီပါတို့က ကြောင်များကဲ့သို့ ပေါ့ပါးစွာ ခုန်ဆင်းလာကြလေသည်။

မုဆိုးကြီးဆွန်ပ၏လက်ထဲတွင် လက်စွဲတော် ဒူးလေးကြီး ကိုင်ထားသည်၊ သီဟ၏လက်ထဲတွင်လည်း ပစ္စတိုသေနတ်ကိုင်ထားသည်ကို တွေ့လိုက်ရသည်။ သီဟက ကျွန်ုပ်ကို လှမ်းကြည့်ပြီး ... လက်မထောင်ပြလာသည်။ အားလုံးအောင်မြင်စွာ ပြီးဆုံးသွားပြီဟူသည့် အဓိပ္ပာယ်ပင်ဖြစ်သည်။

"ရာဇဝတ်ဘေးဟာ ပြေးလို့မလွတ်သလို မကောင်းမှုဆိုတာလည်း ဆိတ်ကွယ်ရာမရှိပါဘူးလေ ... ဒေါ်မြကေခိုင်ကို ကိုကျော်ဇင်ညွန့်သတ်မှုအပါအဝင် သစ်ခိုးထုတ်မှု၊ မူးယစ်ဆေးဝါးရောင်းဝယ်မှုတွေအတွက် ဖမ်းလိုက်ပါပြီ ... ကျန်တဲ့လူတွေလည်း အတူတူပါပဲ ... ထိုက်သင့်တဲ့ အပြစ်ဒဏ်ကို ခံကြရမှာပါပဲ ... "

ဤတွင် လူယုံတော်ကြီး ဦးတာနောကို သီဟက အလေးပြုလိုက်သည်ကို အားလုံးက တွေ့လိုက်ရသည့်အတွက် အံ့အားသင့်ကာ ကြည့်နေကြလေသည်။ ဤတွင် သီဟက ရှင်းပြလိုက်သည်။

"ခင်ဗျားတို့အားလုံးက ဦးတာနောလို့ သိထားကြတဲ့ ဒီပုဂ္ဂိုလ်ဟာ တကယ်တော့ အင်းစိန်စီအိုင်ဒီမှုခင်းထောက်လှမ်းရေးက ရဲအရာရှိပါပဲ ... နာမည်ရင်းကတော့ ဦးခင်မောင်တင့်လို့ခေါ်ပါတယ် ... "

ဤအချိန်မှာပင် ခန်းမဆောင်ထဲသို့ ဒေါ်ကြာဖြူ၊ ဒေါ်ကြာညို၊ ဦးဒေဝနှင့် အင်ကြင်းရွှေစင်တို့က ဝင်လာခဲ့ကြသည်။ သူတို့နောက်



www.burmeseclassic.com

www.burmeseclassic.com



တွင်ကား သက်ဆိုင်ရာရဲတပ်ဖွဲ့ဝင်များက လိုက်ပါလာကြသည်။ ထို အထဲတွင် ကြပ်ပြိုကျေးရွာ ရဲယာကဥက္ကဋ္ဌကြီးနှင့် အဖွဲ့ဝင်များလည်း လိုက်ပါလာကြသည်။

ဤတွင် သီဟက တစ်လုံးချင်းပင် ပီပီသသကြီး ပြောလိုက်သည်။

"ကဲ … နဂါးမောက်ဂိုဏ်းခေါင်းဆောင်ကြီးဦးပန်းအောင် … ခင်ဗျားရဲ့ခေါင်းစွပ်ကို ချွတ်လိုက်ပါတော့ဗျာ …"

ဤသို့ပြောလိုက်သည်နှင့်တစ်ပြိုင်နက်တည်းမှာပင် နဂါးမောက်ဂိုဏ်းခေါင်းဆောင်ကြီး၏ခေါင်းက အောက်သို့ငုံ့သွားလေသည်။ ဦးတာနော့အမည်ခံ အင်းစိန်စီအိုင်ဒီမှ ဦးခင်မောင်တင့်က အနားသို့ကပ်သွားပြီး ခေါင်းစွပ်ကိုချွတ်လိုက်ရာ ကြပ်ပြိုရွာထိပ်မှ ဆန်စက်ပိုင်ရှင် ဦးပန်းအောင်ဖြစ်နေသည်ကို တွေ့လိုက်ရလေတော့သည်။

ဦးစူးစမ်း၊ ဦးဒီပါ၊ သီဟနှင့် ဝဏ္ဏတို့ကသာ သိပြီးဖြစ်၍ မအံ့သြကြသော်လည်း ကျန်လူအားလုံးက အံ့အားသင့်နေကြလေသည်။ ဤတွင် အားလုံးကိုယ်စား သီဟကပင် ထပ်၍ ရှင်းပြလိုက်ပြန်သည်။

"နဂါးမောက်ဂိုဏ်းခေါင်းဆောင်ကြီးဟာ ဦးဒိဗ္ဗဖြစ်မယ်လို့ ထင်ထားခဲ့တာပါ … ဒါပေမဲ့ ဝဏ္ဏ ဒီနယ်မြေကိုစရောက်ပြီး မိစ္ဆာစံအိမ်က ဝိညာဉ်တွေ ညည်းညူအော်ဟစ်နေတဲ့ကိစ္စကို ဒီကျောင်းက လျှို့ဝှက်ပြီးတော့ စုံစမ်းနေတာ … အဲဒီအကြောင်းကို ရွာထိပ်က လက်ဖက်ရည်ဆိုင်က ကိုတင်ဦးက သိနေခဲ့တယ် … အမှန်ဆိုရင် သာမန်ရိုးရိုးလက်ဖက်ရည်ဆိုင်ပိုင်ရှင်တစ်ယောက်အနေနဲ့ ဘယ်လိုမှ မသိနိုင်ဘူး … အဲဒီမှာ ဝဏ္ဏက မေးကြည့်တော့ … ဦးပန်းအောင်ပြောလို့ သိရတာလို့ ပြောပြခဲ့တယ် … ဒီအကြောင်းကို ဝဏ္ဏက ကျွန်တော်ရောက်လာတဲ့





အခါ ပြောပြခဲ့တယ် … အဲဒီမှာတင် ဦးပန်းအောင်ကို သံသယဝင်ပြီးတော့ ကြိတ်ပြီးစုံစမ်းခဲ့တယ် … အဲဒီမှာ ဘာတွေ့ရသလဲဆိုတော့ မိစ္ဆာစံအိမ်မှာ အရေးကြီးတဲ့ကိစ္စဖြစ်တိုင်း ဖြစ်တိုင်း ဦးပန်းအောင် အိမ်မှာမရှိဘူးဆိုတာကို ထပ်ပြီးသိလာရပြန်တယ် … ကိုင်း … ဝဏ္ဏ ကျန်တာကို မင်းဆက်ပြီးပြောလိုက်ကွာ …"

ကျွန်ုပ်လည်း သီဟ၏တိုက်တွန်းချက်ကြောင့် အားလုံးကို ရှင်းပြလိုက်ရပြန်သည်။

"လပြည့်နေ့ညနေခင်းမှာပေါ့လေ၊ မိစ္ဆာစံအိမ်မှာ အထူးအစည်းအဝေးရှိတယ်ဆိုတာကို သီဟက ကြိုတင်ပြီး သတင်းရထားပြီးသား၊ အဲဒီသတင်းကိုပေးတဲ့သူက ဒီက ဦးတာနော့ပါပဲ … အဲဒီမှာ သီဟက အကူအညီတောင်းတာနဲ့ ကျွန်တော်ကိုယ်တိုင် ဦးပန်းအောင်အိမ်မှာ ရှိမရှိသွားပြီးစုံစမ်းခဲ့တယ် … စပါးကုန်သည် ဆန်ကုန်သည်တွေနဲ့ ထွက်သွားတယ်လို့ သိခဲ့ရတယ် … အဲဒီမှာတင် တစ်နဲ့တစ်ပေါင်းကြည့်လိုက်တဲ့အခါ နဂါးမောက်ဂိုဏ်းခေါင်းဆောင်ဟာ ဦးပန်းအောင်ဆိုတာ သိခဲ့ရတာပါပဲခင်ဗျာ …"


ထို့နောက်တွင်ကား သက်ဆိုင်ရာပုဂ္ဂိုလ်များက အားလုံးကို လက်ထိပ်ခတ်၍ ခေါ်ဆောင်သွားပါလေတော့သည်။ အပြန်တွင် မိစ္ဆာစံအိမ်ကြီး၌ ဦးဒေဝါတစ်ယောက်တည်းသာ ကျန်ခဲ့၍ ဒေါ်ကြာဖြူ၊ ဒေါ်ကြာညိုနှင့် အင်ကြင်းရွှေစင်တို့သည် ကျွန်ုပ်တို့နှင့်အတူ ရွာထဲသို့ လိုက်လာခဲ့ကြပါတော့သည်။



www.burmeseclassic.com

www.burmeseclassic.com






ဦးဒီပါ၏နေအိမ်တွင်ဖြစ်သည်။ အိမ်ရှေ့ဧည့်ခန်းထဲတွင် ဦးရှူးစမ်း၊ ဦးဒီပါ၊ သီဟနှင့် ကျွန်ုပ်တို့ ဝိုင်းဖွဲ့ကာ စကားပြောဆိုနေခဲ့ကြသည်။ စကားဝိုင်းနားသို့ ဒေါ်ကြာဖြူတို့ မိသားစုသုံးယောက်လည်း ရောက်လာခဲ့ကြသည်။ ကျွန်ုပ်က သည်အခါတွင်မှ မရှင်းသည့်အချက်တို့ကို မေးလိုက်ရလေသည်။

"ဦးလေးနဲ့ ဆရာကြီးဦးရှူးစမ်းတို့က ပျဉ်းမနား စမတောင်ကို ဂန္ဓရီခရီး ထွက်သွားကြတယ်ဆိုပြီး ဘာဖြစ်လို့ ပြန်ရောက်လာကြတာဆိုတာ ရှင်းပြပါဦး ခင်ဗျာ ..."

ဤတွင် ဦးလေးဦးဒီပါက ကျွန်ုပ်ကို ပြုံးပြုံးကြီးစိုက်ကြည့်ကာ ရယ်မောနေပါတော့သည်။

"ဟား ... ဟား ... ဟား ... ဂန္ဓရီခရီးက အစကတည်းက ထွက်မှမထွက်ကြတာဘဲကွာ ..."

ရွှေပဒေသာစာပေ



"ဗျာ ... ခရီးမထွက်ဖြစ်ကြဘူး ဟုတ်လား ဦးလေး ..."

"ဟုတ်တယ် ... ငါတ့ ... ဒီကိစ္စကို ဦးလေး ရှင်းပြမယ် ... မင်းက ... မိစ္ဆာစံအိမ်မှာ အော်ဟစ်ညည်းညူနေတဲ့အကြောင်းကို သိကတည်းက ဝိညာဉ်လို့ ယုံကြည်စွဲလမ်းခဲ့တယ် ... ပိုပြီးဆိုးတာက ဝိညာဉ်မိန်းကလေးနဲ့တွေ့ရပြီးတဲ့နောက်ပိုင်းမှာ မင်းရဲ့ယုံကြည်မှုဟာ ပိုပြီးအစွန်းရောက်လာခဲ့တယ် ..."

ဤစကားကြားရသည့်အခါတွင် ကျွန်ုပ်၏မျက်နှာကား ထူပူသွားလေသည်။

"ဦးလေးနဲ့ မင်းဦးလေးဒီပါ၊ မောင်သီဟတို့က ဒီကိစ္စကို လုံးဝအယုံအကြည်မရှိခဲ့ကြဘူး ... ဒါကြောင့် မောင်သီဟနဲ့ ဆက်သွယ်ပြီးတော့ ဒီကိစ္စကို စုံစမ်းဖော်ထုတ်ဖို့ အိမ်ကထွက်ခဲ့တာပဲကွယ် ..."

"ဟုတ်တယ် ဝဏ္ဏ ... ငါနဲ့ ဦးလေးတို့ဟာ အမြဲတမ်းအဆက်အသွယ်ရှိခဲ့ကြတယ် ... အခုလိုဖြေရှင်းနိုင်ပြီး တရားဥပဒေအရ အရေးယူနိုင်ခဲ့တာလည်း ဦးလေးတို့ရဲ့ အကူအညီကြောင့်ပဲကွ ..."

ဤတွင် ဦးရှူးစမ်းက ဆက်၍ ရှင်းပြလာပြန်သည်။

"ဝိညာဉ်မိန်းကလေးဟာမြကေနိုင်အယောင်ဆောင်ထားတယ်ဆိုတာ ဦးလေးတို့သုံးယောက်စလုံး အစောကြီးကတည်းက သိခဲ့ကြတယ် ... မင်းကို မြကေနိုင် ခေါ်သွားပြီး သစ်တစ်ပင်တောင်ညိုကဂူကြီးထဲကိုခေါ်သွားတာကိုလည်း ဦးလေးတို့သိခဲ့တာပဲ၊ မောင်သီဟက မင်းကို တည်ကြက်အဖြစ်ထားပြီး အရိပ်လိုလိုက်နေတယ်ဆိုတာတော့ ငါတို့ ရိပ်မိမှာပါ ..."

"ဟုတ်ကဲ့ ... ရိပ်မိပါတယ် ခင်ဗျာ ... ဒါဆို အသုဘချတဲ့နေ့က ကျော်ဇင်ညွန့်ဝင်ပူးတာကရော ..."

ရွှေပဒေသာစာပေ

www.burmeseclassic.com



ကျွန်ုပ်၏စကားမဆုံးမီမှာပင် ဦးစူးစမ်းက ပြုံး၍ပြောလာပြန်သည်။

"အဲဒီကိစ္စကလည်း ဒီရွာက မနီကို မင်းဦးလေးဦးဒီပါက သင်ပေးပြီးတော့ နိုင်းခဲ့တာပါပဲ ... ရည်ရွယ်ချက်ကတော့ ဦးဒိဗ္ဗနဲ့ မြကေနိုင်တို့ စိတ်ချောက်ချားအောင် စိတ်ဓာတ်စစ်ဆင်ရေးလုပ်ခဲ့တာပါပဲ ငါ့တူရေ ... အဲ့ဒီကိစ္စကိုလည်း ဦးတို့သုံးယောက်စလုံး တိုင်ပင်ပြီးတော့ လုပ်ခဲ့ကြတာလေ ... "

ဦးစူးစမ်း၏စကားအဆုံးတွင် သီဟက ဆက်၍ ရှင်းပြပြန်သည်။

"ဒါတင်မကဘူး ဝဏ္ဏ၊ ဦးလေးဦးစူးစမ်းဟာ သူတို့နှစ်ယောက်ကို ပညာပေးခဲ့သေးတယ်ကွ ... "

"ဘယ်လို ... ဘယ်လို ... ပညာပေးခဲ့တယ် ဟုတ်လား ... ဘယ်လိုပညာပေးခဲ့တယ်ဆိုတာ သိပါရစေဦးကွာ ... "

"တစ်ညမှာပေါ့ကွာ ... ဦးဒိဗ္ဗနဲ့ မြကေနိုင်တို့ ရတနာသေတ္တာကိစ္စကို ဆွေးနွေးနေကြတဲ့အချိန် ဦးလေးကလည်း စုံစမ်းဖို့ရောက်သွားတယ် ... အဲဒီမှာ ဦးလေးက သူ့ရဲ့ဂမ္ဘီရပညာနဲ့ ကျော်ဇင်ညွန့်ရဲ့ခေါင်းပြတ်ကြီးကို မြင်ရတော့ ထိတ်လန့်သွားတာများကွာ ... လိပ်ပြာလွင့်မတတ်လို့ သိရတယ်ကွ ... "

"အေးကွာ ... မကောင်းမှုကို ကျူးလွန်ထားတဲ့သူဟာ စိတ်မလုံဘူးပေါ့လေ ... နောက်ဆုံးတော့ ကိုယ့်လုပ်ရပ်က ကိုယ့်ကိုပြန်ပြီး အကျိုးပေးသွားတာပါလား ... "

ကျွန်ုပ်က မှတ်ချက်ချလိုက်ခြင်းပင်ဖြစ်သည်။ ကျွန်ုပ်၏စကားအဆုံးတွင် ဦးစူးစမ်းက ကျွန်ုပ်တို့အားလုံးကို ကြည့်၍ ပြောလိုက်လေသည်။





"တကယ်တော့ ... မိစ္ဆာစံအိမ်ဆိုတာ ဝိညာဉ်တစ္ဆေသရဲတွေ မကျွတ်မလွတ်ဘဲ ခိုအောင်းနေတဲ့စံအိမ်မဟုတ်ဘူးဆိုတာ အားလုံးအသိပါပဲ ... အမှန်တော့ ဒီအိမ်ထဲမှာနေထိုင်ကြတဲ့ ဦးဒိဗ္ဗ၊ မြကေနိုင်နဲ့ တပည့်တွေကသာ မကောင်းတဲ့ဒုစရိုက်လုပ်ငန်းတွေ ပြုလုပ်ပြီး နေထိုင်ခဲ့ကြတာဖြစ်တယ် ... ဒါကြောင့် ... ဒီရှေးဟောင်းစံအိမ်ကြီးဟာ ဝိသမလောဘသား လူမိစ္ဆာတွေနေထိုင်တဲ့ မိစ္ဆာစံအိမ်ပဲဖြစ်ပါတယ်ဗျာ"

ထို့နောက်တွင် ပန်းတောင်းမြို့နယ် ကြပ်ပြိုရွာမှအပြန် 'မြန်အောင် ကြံခင်း ရန်ကုန်' 'ကနောင်မင်းသား' အမြန်ယာဉ်ပေါ်တွင် ဘဝခရီးလက်တွဲဖော်အဖြစ် ကျွန်ုပ်၏အပါးမှ ချစ်ရသည့် 'အင်ကြင်းရွှေစင်'က မခွဲမခွာလိုက်ပါလာခဲ့ပါတော့သည်။

"သောတ္တိ တေ ဟောတု သဗ္ဗဒါ"

မင်းကံသာ



www.burmeseclassic.com